www.burmeseclassic.com

မြူး

# ခပြိစေ

ဓဒွေးဆိုး

Cover: Idea Kyaw & Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပျူး

## အပျိုစင်ဒွေးချိုး

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**
စာမူခွင့်ပြုချက်အမှတ်
၅၀၁၈၇၇၁၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၇၅၄၁၂၀၈
**ထုတ်ဝေသူ**
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
**အတွင်းမျက်နှာဖုံးပုံနှိပ်**
ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်) (မြ-၀၅၄၁၇)
အမှတ် (၂၂၅)၊ ၃၂-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
**Idea Kyaw & Wai Yan**
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
**ဖြန့်ချိရေး**
စိုးမိုးစာပေ

## အခန်း (၁)

မေးစင်းစင်းကလေးပိတ်ထားသော မျက်ဝန်းတွေကို ဒေါ်(လ်) ငုံ့လိုက်မိသည်။ အပြာနုရောင် အခန်းဆီးလိုက်ကာတွေ ကာရံထားသည့် အခန်းပြတင်းတံခါးမှန်ကို ဖောက်ထွင်းဝင်ရောက်နေသော အလင်းရောင်ဘ တောက်တောက်ပပရှိသည်။

အနည်းဆုံး မနက်ကိုးနာရီဝန်းကျင်နီးပြီဟု ဒေါ်(လ်) ခန့်မှန်းလိုက်မိသည်။

လက်သီးလေးနှစ်ဖက်ကို တင်းတင်းကလေးဆုပ်၊ လက်မြှောက်သလို ဆန့်တန်းပြီး ဒေါ်(လ်) အပျင်းကလေးဆန့်သည်။ ပြီးမှ အိစက်ညက်ညောသော မွေ့ရာပေါ်က လျှောဆင်းရပ်လိုက်၏။

စားပွဲလေးပေါ်မှ ဂျိုကာရုပ်နာရီကလေးဆီ လှမ်းကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



မနက်ကိုးနာရီထိုးဖို့ ဆယ်မိနစ်လောက်လိုပါသေးသည်။

ဒေါ်(လ်) နှုတ်ခမ်းဖူးဖူးလေးတွေ ကျေနပ်သလို ပြုံးလိုက်ရင်း အခန်းအလယ်က အလှပြင်မှန်တင်ခုံရှေ့ လျှောက်ခဲ့၏။

ကြည့်လဲ့နေသော မှန်သားပြင်ထဲမှာ မဟူရာရောင် ဆံနွယ်ကလေးတွေ ကပိုကရိုနှင့်မိန်းမပျိုလေးက ဒေါ်(လ်)ကိုပြန်စေ့စိုက်ကြည့်နေသည်။

မွေးကင်းစကပင် ပန်းနုသွေးလွှမ်းသော အသားရည်နှင့်ကော်ပတ်ရုပ်ကလေးလို လှပချစ်စရာကောင်းတာမို့ ဖေဖေက ဘေဘီဒေါ်(လ်) (Baby Doll)ဟု ချစ်စနိုးခေါ်ခဲ့၏။ နောက်ပိုင်းမှာ မေမေကလည်း ဖေဖေ့နှုတ်က ကင်ပွန်းတပ်ခေါ်လိုက်သော ထိုအမည်နာမလေးကို သဘောကျသွားခဲ့တာမို့ ဒေါ်(လ်)ရဲ့ နာမည်လေး သည်အရွယ်အထိ တွင်သွားခဲ့ခြင်းဖြစ်သည်။

အလှပြင်မှန်တင်ခုံပေါ်က ဘီးကို လှမ်းယူကာ ဒေါ်(လ်)ရဲ့ ယောင်းယောင်းဆံနွယ်တွေကို ဖြီးသင်ရှင်းလင်းလိုက်သည်။

ဆံနွယ်တွေ ပိပိရိရိ သေသေသပ်သပ်ကလေး ဖြစ်သွားတော့မှ ကြက်သွေးရောင်ပန်းပွင့် စည်းကြိုးလေးဖြင့် ထုံးဖွဲ့သည်။ ကျောလယ်ခန့်အထိရှည်သော ဆံနွယ်တွေက အခုမှ စုစုစည်းစည်းကလေး ဖြစ်သွားခဲ့သည်။

ကြည်လင်ဝင်းပနေသော မျက်နှာလေးက ဝင်းမွတ်ရှင်းသန့်နေ၏။ နှဖူးပြေပြေလေးအောက်နားဆီက ဝင်းနေသော မျက်ခုံးလေးတွေက ထူထူပိန်းပိန်းကြီးမဟုတ်ဘဲ ပြေသွယ်သွယ်လေးထင်နေတာမျိုးဖြစ်၏။

နှာတံလေးက စင်းစင်းကလေးနှင့် အဖျားပိုင်းက ချွန်မြနေတာမျိုးမဟုတ်ပါ။ ကျစ်ကျစ်လျစ်လျစ်ကလေးနဲ့ ပေါ်လွင်လှပတာဖြစ်၏။ ဆိုးဆေးတင်စရာမလိုဘဲ ပန်းသွေးရောင်နှုတ်ခမ်းကလေးက ညှို့မြာတ်တွေ အလိုလိုရှိနေတာ ဒေါ်(လ်)ရဲ့ သဘာဝကပေးသော အလှတွေဖြစ်ပါသည်။

အစက်အပျောက်ဆိုလို့ မြူတစ်မှုန်မျှတောင်မတင်သော မျက်နှာလေးက ချစ်စရာကောင်းလိုက်တာဟု မြင်သူတိုင်းချီးကျူးတတ်စမြဲ။ လှပ ဝင်းမွတ်သော မျက်နှာလေးနှင့်လိုက်ဖက်သော ခန္ဓာကိုယ် ကျစ်ကျစ်သွယ်သွယ် ပြီးတော့ မနိမ့်မမြင့် အရပ်အမောင်း၊ အားလုံးကို ပေါင်းစုလိုက်တော့ ဘေဘီဒေါ်(လ်)သည် လှပ၍ ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်ပါပဲ။

ကြည့်မှန်လေးထဲမှာ အရိပ်ထင်နေသော ကိုယ့်မျက်နှာလေးကို ကိုယ်ကြည့်ကာ ဒေါ်(လ်) ရင်ခုန်သံတွေ လှုပ်ခတ်သွားခဲ့ရသည်။

လေးနှစ် တဲ့။ လေးနှစ်ဆိုသော ကာလသည် တိုတောင်းလှသော အချိန်တော့ မဟုတ်နိုင်ပါ။ ထိုကာလ အပိုင်းအခြားက ဘယ်အရာကိုမဆို ပြောင်းလဲစေနိုင်အောင် ပြည့်စုံလုံလောက်နေတာတော့ သေချာ၏။







www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒေါ်(လ်) စိတ်ထဲမှာတော့ လေးနှစ်ဆိုတာ မနေ့တစ်နေ့ ကလိုပါပဲဟု ထင်နေမိသည်။ ဒေါ်(လ်) အသက် နှစ်ဆယ်စွန်းခဲ့သည့် တိုင် လွန်ခဲ့သည့် လေးနှစ်တာကာလကအတိုင်း ဘာမှမပြောင်းလဲ ဟု ဒေါ်(လ်) ထင်နေမိဆဲ။

ရွှေရင်ဖြန်းသစ်စမှာ ပိုင်ဆိုင်ခဲ့ဖူးသော နှလုံးသားနုနုမှ ရင်ခုန် လှုပ်ခတ်သံက အခုထက်ထိ ဒေါ်(လ်) ရင်ထဲမှာ ပဲ့တင်နေဆဲဟု ယုံသည်။

အာရုံထဲမှာ တွေးလိုက်မိရုံနှင့် ဒေါ်(လ်) ရင်ခုန်သံတွေ လတ် ဆတ်ဝေဆာလာရ၏။ ရယ်မြူးရိပ် ရောင်စဉ်ဖြာလဲ့နေတတ်သော မျက်ဝန်းနှင့် ဇုန်ပုံရိပ်ကို ဒေါ်(လ်)မြင်ယောင်လာမိသည်။

လေးနှစ်ဆိုသောကာလမှာ ဇုန့်အသွင်က ဘယ်လောက်အထိ ပြောင်းလဲသွားခဲ့ပြီလဲ။ ဓာတ်ပုံလေးတစ်ပုံဖို့တောင် မဆိုထားနှင့် စာလေး တစ်စောင်ရေးဖို့တောင် ပျင်းတတ်သော ဇုန့်အကြောင်းကို ဒေါ်(လ်) သိပါသည်။

ဒေါ်(လ်)ထက် လပိုင်းမျှသာ အသက်ကြီးသော ဇုန်သည် အင်္ဂလန်ကို ထွက်သွားခဲ့စဉ်က လူပျိုပေါက်သာသာ အရွယ်ပဲရှိသေး သည်။

နုဖတ်သန့်စင်သော မျက်နှာက ယောကျ်ားပီသပြေပြစ်သော ခန္ဓာကိုယ်နှင့် မြင့်မားသော အရပ်အမောင်းကိုပါ ပေါင်းစပ်လိုက်တော့





နီးဇုန်ဆိုသော ယောကျ်ားလေးသည် မိန်းကလေးတွေရဲ့ ရင်ခုန်သံကို ပိုင်စိုးသော ရွှေမင်းသားလေးဖြစ်ခဲ့၏။

စတိတ်ကျောင်းသားဘဝမှာကတည်းက ဇုန့်နံဘေးမှာ မိန်းက လေးသူငယ်ချင်းတွေ ဝိုင်းဝိုင်းလည်နေတတ်သည်။ အသားရည်ဝါဝင်း စိုပြေ၍ ချောမောသော ဇုန် မျက်နှာပေါ်မှာ ဘယ်တော့ကြည့်ကြည့် ကြည်နူးရိပ်တွေ ဖြာနေတတ်သော မျက်ဝန်းတွေက ရင်ခုန်စရာကောင်း သည်။

BURMESE CLASSIC .com

နှဖူးပြေပြေမှာ ဝဲကျနေသော ဆံနွယ်အခွေအလိပ်တွေက သည်း စွဲဆောင်နိုင်စွမ်းတစ်ခုဟု ဒေါ်(လ်)ထင်၏။ အထက်အောက် ညီညာသော နှုတ်ခမ်းစိုစိုတွေက ပြုံးလိုက်တိုင်း ခင်မင်ချစ်စရာကောင်း ဆလောက်အောင် စွမ်းသည်။

အထက်တန်းကျောင်းဘဝအထိ အတူနေ အတူသွား အတူကစား ရှင်သန်ခဲ့ရသော မုန်းဇုန်သည် ဒေါ်(လ်) အာရုံထဲမှာ မေ့နိုင်သော ပုံရိပ်လိုရှိခဲ့သည်။

လူပျိုပေါက်အရွယ်ကတည်းက အင်္ဂလန်ကိုထွက်သွားသော ဇုန်သည် ခုလောက်ဆို ခန့်ခန့်ညားညားနှင့် ရင့်ကျက်အရွယ်ရောက် သူတစ်ဦး ဖြစ်နေမှာ သေချာပါသည်။

သည်မှာကတည်းက မိန်းကလေးသူငယ်ချင်းတွေကော ၊ ညည်းစားမကျ သူငယ်ချင်းမကျသူတွေကော ပေါများလှသည့် ဇုန်သည်



www.burmeseclassic.com

www.burmeseclassic.com



ရေခြားမြေခြားတိုင်းပြည်မှာလည်း မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမည်မှာ သေချာ၏။

ဒေါ(လ်)အတွက်တော့ လရောင်ဆမ်းသောညမှာ ခြံထဲက စံပယ်ရုံကြီးနံဘေးမှာ ဆိုခဲ့သော ဇုန်စကားတွေကို မမေ့နိုင်ခဲ့ပါ။

"ဇုန် အဝေးကိုရောက်နေချိန်ကျရင် ဒေါ(လ်) မေ့မသွားပါနဲ့ကွာ ဒေါ(လ်)ကို စိတ်မချဘူး သိလား"

ကပ်လျက် ခြံဝင်းစည်းရိုးကို ဖြတ်ကျော်လာကာ ဒေါ(လ်)ကို လာနှုတ်ဆက်စကားတွေဆိုစဉ်က ညာတာပါတောနှင့်ချစ်စကားတွေဖွင့်ဆိုသွား၏။ ဒေါ(လ်) မယုံမရဲ ရင်တွေ တသိမ့်သိမ့်တုန်ခါနေတုန်းမှာပဲ ဇုန်ကလှစ်ခနဲ ဒေါ(လ်) နဖူးပြင်ပေါ်ကို အနမ်းတစ်ပွင့် ချွေချခဲ့သည်။

"တကယ်ကွာ ဒေါ(လ်)က သိပ်ချစ်စရာကောင်းတယ်"

"ဇုန် ဘာတွေပြောနေတာလဲ မနက်ဖြန်ပဲ ဇုန်ဟိုးအဝေးကြီးကိုသွားရတော့မှာ ဒေါ(လ်)ကို ဒုက္ခတွေမပေးပါနဲ့ ဇုန်ရယ်"

"ဇုန်သွားမှာ အပြီးအပိုင်သွားမှာမှမဟုတ်တာ ဟိုမှာ ကျောင်းတက် ပညာသင်ပြီးရင်ပြန်လာမှာလေ"

မရေရာ မသေချာသော အနာဂတ်ကို ဒေါ(လ်)ကြောက်သည်။ ပြီးတော့ ရွှေမင်းသားလေးလို ချောမောသော ဇုန်ကိုလည်းမယုံရဲပါ။

"ဇုန်ရယ် ဇုန့်မှာရည်းစားတွေအများကြီးရှိတာ ဒေါ(လ်) သိပ်





တယ်"

"အင်းလေ ရည်းစားဆိုတာ ချစ်သူမဟုတ်ဘူးလေ ဇုန်က ဒေါ(လ်)ကို ချစ်တာ သံယောဇဉ်တွေ အထပ်ထပ်နှောင်ပြီး ချစ်မိတာ မျိုးထင်တယ် ဇုန် အဝေးကြီးကိုသွားရတော့မယ်ဆိုတော့ ဒေါ(လ်)ကို စိတ်မချဘူး မကြာခင် တက္ကသိုလ်တက်ရတော့မယ့် ဒေါ(လ်)ကို တခြားယောကျ်ားတစ်ယောက်က ဦးသွားမှာ ဇုန်ကြောက်နေတယ် အဲ့ဒါ ဒေါ(လ်)ကို ချစ်လို့ပေါ့"

"ဇုန်ရယ် ဒေါ(လ်)ဘဝမှာ ဇုန်နဲ့ကိုကိုဇိုင်းကိုပဲ ခင်မင်နှောင်တွယ်ခဲ့ရတာပါ ဇုန်တို့ညီအစ်ကို ကိုပဲ ဒေါ(လ်) ခင်မင်ဖူးတာပါ"

"နောက်ထပ် ဘယ်ယောကျ်ားကိုမှ ဒေါ(လ်) မခင်မင်နဲ့ကွာ ပြီးတော့ ဇုန်ကလွဲပြီး ဘယ်သူ့ကိုမှမချစ်နဲ့ နော် အဲ့ဒီကတိကို ဒီည ကိုယ့်ကိုလက်ဆောင်အဖြစ်ပေးလိုက်နော် ဒေါ(လ်)"

ဒေါ(လ်)လက်ကလေးကိုဆုပ်ကိုင် ပခုံးလေးကို တင်းတင်းပွေ့ဖက်ထားရင်း ဇုန်တောင်းဆိုတော့ ဒေါ(လ်) ရင်ခုန်တုန်ရီလျက် ခေါင်းကလေး ညိတ်ပြခဲ့မိပါသည်။

"ဝမ်းသာလိုက်တာ ဒေါ(လ်)ရယ် ကိုယ်အကြွင်းမဲ့ ယုံလိုက်မယ်နော် ဒေါ(လ်)ဆီကိုလည်း ဘရေးမယ် ဇုန်ရဲ့စာလေးတွေ ဖတ်ပြီး ဇုန်ပြောခဲ့တာတွေကို မမေ့နဲ့နော်"

ဒေါ(လ်) ခေါင်းကလေးညိတ်ကာ ပုတ်သင်ညိုလေး ဖြစ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဒေါ်(လ်)မျက်နှာလေးကို ဇုန်တစိမ့်စိမ့်ငေးကြည့်ရင်း

“အသည်းယားစရာ ကောင်းလိုက်တာကွာ”

ဒေါ်(လ်)လက်မောင်းလေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အနမ်းပွင့်တွေ နှဖူးပေါ်ခြွေချပြန်သည်။

စံပယ်ရနံ့တွေကသင်းသင်း အနမ်းတွေကနွေးနွေး အပျိုစင်လေးဒေါ်(လ်)အတွက် ရင်တွေတလှပ်လှပ်နဲ့ လှိုက်ခါခဲ့ရတဲ့ညလေးကို မမေ့နိုင်ခဲ့ပါ။

ဇုန့်အပေါ် ဒေါ်(လ်)ယုံကြည်စွာ ကတိပေးချစ်ခဲ့မိတာ အမှားလားဟု ဒေါ်(လ်)အမြဲတမ်းတွေးဖြစ်ခဲ့ပေမယ့်

တစ်လတစ်ကြိမ်ရောက်လာတတ်သော ဇုန်ရဲ့သတိရစာလွှာလေးကြောင့် ဒေါ်(လ်) ဝမ်းသာကြည်နူးရသည်။ နောက်ပိုင်းမှာတော့ ဇုန့်ဆီက စာလွှာလေးတွေ နှစ်လတစ်ကြိမ်လောက်ပဲ ရောက်လာတတ်တော့၏။

စာရေးရမှာပျင်းသော ဇုန့်ကိုစာနာတွက်စမိပေမယ့် ဇုန့်ရဲ့ ကိုကိုဒီဇိုင်းဆီကိုတောင် စာရေးဖော်မရဟု ကြားရတော့ ဒေါ်(လ်)ဆီကို ဇုန်ပုံမှန်စာလေးတွေရေးနေတာကိုပဲ ကျေနပ်ဝမ်းသာမိရပြန်သည်။

သွေးရင်းညီအစ်ကိုဆီကိုတောင် စာရေးဖို့ပျင်းသည့်သူက ဒေါ်(လ်)ဆီကို နှစ်လတစ်စောင်လောက် ရေးဖြစ်နေတာ ကျေနပ်ဂုဏ်ယူစရာ ကောင်းသေးသည်လေ။





နှလုံးသားနုနုမှာ ပထမဆုံးပွင့်ဖူးခဲ့သော ပန်းမိုလည်း ဒေါ်(လ်) သစ္စာကြီးမားစွာနှင့်ထိန်းသိမ်းခဲ့သည်။

တက္ကသိုလ်မှာတုန်းက ဒေါ်(လ်) အချစ်ကို ရယူနိုင်ဖို့ ကြိုးစားခဲ့ကြသူတိုင်းကို ဒေါ်(လ်)မတိမ်းညွတ်ခဲ့။ နှလုံးသားက မယိမ်းယိုင်ခဲ့။

တစ်ဘဝမှာတစ်ကြိမ် ရွှေရင်သိမ်းသစ်စမှာ ပွင့်ခဲ့သော အချစ်ဦးကိုသာ ဒေါ်(လ်) တန်ဖိုးထားခဲ့မိ၏။

ဒေါ်(လ်) နှလုံးသားက မပြောင်းမလဲ တည်ရှိခဲ့ပေမယ့် အရာအားလုံးကတော့ လေးနှစ်ဆိုသော ကာလလေးမှာ ပြောင်းလဲခဲ့ပါသည်။

ဒေါ်(လ်) ပညာရေးဆုံးခန်းမတိုင်မီလေးမှာပင် ဖေဖေတိမ်းပါးခဲ့တာမို့ “ရွှေအိမ်စည်” စံအိမ်ကြီးနှင့်ဖေဖေချန်ထားရစ်ခဲ့သမျှကို ဒေါ်(လ်) အမွေဆက်ခံခွင့်ရခဲ့၏။

တကယ်ဆို ဒေါ်(လ်) ထိုမျှအထိ မျှော်လင့်မထားခဲ့မိတာ အမှန်။

“ရွှေအိမ်စည်”ရဲ့ အရှင်သခင် ဦးမျိုးမြတ်သူ ဆိုသည်က ဒေါ်(လ်)ရဲ့ ဖခင်ရင်းမဟုတ်ပါ။ ဒေါ်(လ်)ဖေဖေရဲ့ အစ်ကိုတစ်ဝမ်းကွဲတော်စပ်သူ ဒေါ်(လ်)ရဲ့ ဦးကြီးသာဖြစ်သည်။

ဒေါ်(လ်)ရှစ်နှစ်သမီးမှာ ဖေဖေနှင့်မေမေ ကားအက်စီးဒင့်တစ်ခုဖြင့်တိမ်းပါးတော့ ဖေဖေဦးမျိုးမြတ်သူက ခေါ်ယူမွေးစားကာ စောင့်ရှောက်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မရှိလူပျိုကြီး ဦးလေးရဲ့ မေတ္တာရင်ငွေ့အောက်မှာ ဒေါ်(လ်) ရှင်သန်ကြီးပြင်းခဲ့ရ၏။ ဦးမိုးမြတ်သူကိုလည်း ဒေါ်(လ်) ဖခင်ရင်းလို ချစ်ခင်ကြည်ညိုခဲ့ရသည်။

လှည်းကူးဘက်မှာ ရာဘာခြံတွေ၊ ခြံပိုင်များနှင့်အကျိုးတူစီးပွားရေးကုမ္ပဏီများမှာ အစုရှယ်ယာတွေ ထည့်ဝင်ထားသည်ဟုလောက်သာ ဒေါ်(လ်) မွေးစားဖေဖေအကြောင်းကို သိခဲ့ရသည်။

"ဒီကလေးမလေးကို ဖေဖေမွေးစားစောင့်ရှောက်ဖို့ စီစဉ်သေးတယ် သူ့မိဘတွေဖြစ်တဲ့ ဖေဖေ့ညီအစ်ကိုနှစ်ဝမ်းကွဲ ဘသစ်ဆိုတဲ့ကောင်က လောင်းကစားသမားလေ၊ ယူထားတဲ့မိန်းမကလည်း မိန်းမလည်တစ်ယောက်ပဲ ဖေဖေက သူတို့သမီးကိုမွေးစားစောင့်ရှောက်မယ်ဆိုတော့ သူတို့က တရားဝင် အမွေစားအမွေခံစာချုပ်နဲ့ မွေးစားမှခွင့်ပြုမယ်တဲ့ စေတနာကိုနားမလည်ဘဲ ဖေဖေ့ဆီက ငွေကြေးတွေကိုမျှော်လင့်နေတာမျိုးတော့ လက်မခံနိုင်ဘူး ဒါကြောင့် နိုင်အင်ကြွင်းကို ဖေဖေ ဥပက္ခာပြုခဲ့တာ သမီး"

ဖေဖေက ယတိပြတ်စိတ်ဓာတ်ခိုင်မာသူဖြစ်သည်။ ဆွေမျိုးရင်းချာဆို၍ သူ့တူမနှစ်ယောက်သာရှိပေမယ့် အမွေအားလုံးကိုဒေါ်(လ်) တစ်ယောက်တည်းအတွက် အကုန်လွှဲပေးခဲ့သည်။

သည်တော့မှပဲ ဖေဖေ့ရဲ့ပိုင်ဆိုင်မှုတွေကို ဒေါ်(လ်)အံ့သြမျက်ဝန်းတွေပြူးကာ သိခဲ့ရခြင်းဖြစ်သည်။





ဒေါ်(လ်)ဆယ်သက်ဆယ်ဘဝ သုံးမကုန်နိုင်သော အမွေဥစ္စာခနတွေကိုပိုင်ဆိုင်ခဲ့တာအတွက် အားလုံးက ဒေါ်(လ်)နှင့်ထိုက်တန်တာကြောင့်ဟုပဲ ဆိုကြပါသည်။ ကိုကိုဒီဗိုင်းကိုယ်တိုင်ကလည်း ဒေါ်(လ်)ကိုကျေနပ်ဂုဏ်ယူစွာ ချီးကျူးသလို မှန်းဇုန်ကလည်း အင်္ဂလန်မှနေ၍စာနှင့်ရေးကာ ဒေါ်(လ်)အတွက် ဝမ်းသာမိကြောင်း ပြောခဲ့သည်။

အမွေတွေနဲ့ သူဌေးမလေးဖြစ်သွားပြီမို့လည်း အရင်ကထက်ပိုစိတ်မချဟု ရေးထားသေး၏။

ဒေါ်(လ်)အဖြစ်က ဇုန့်ရဲ့စာလေးတွေကို အလွမ်းပြေဖတ်ရှုရုံမှတပါး စာပြန်ခွင့်မရှိတာမို့ ဇုန်ကိုလွမ်းသည့်အခါ ဇုန့်စာလေးတွေ အထပ်ထပ်ဖတ်ရုံမှတစ်ပါး မတတ်သာခဲ့ပါ။

ဇုန်ရဲ့ကိုကို ဒီဗိုင်းကိုမေးပြီး ဇုန်လိပ်စာတောင်းလို့ရနိုင်ပေမယ့် ဒေါ်(လ်)မဝံ့ရဲပါ။ မိန်းမသားတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာဆိုတာ ရှိသေးသည်ပဲ။

အတွေးစတွေကို ဖြတ်ကာ ဒေါ်(လ်)မှန်ရှေ့ကခွာခဲ့သည်။

ရွှေအိမ်စည် စံအိမ်တော်ကြီး၏ သုံးထပ်တိုက် ဝရန်တာကို ဒေါ်(လ်)ထွက်ခဲ့သည်။ သည်ဝရန်တာလေးက ရှုမြင်ကွင်းတွေကို ဒေါ်(လ်) သဘောကျဆုံးပါပဲ။

ကြည့်လေ ကျယ်ဝန်းလှတဲ့ ခြံကျယ်ကြီးကို အပေါ်စီးက မြင်ရသလို ဟိုးအဝေးက မြင်ကွင်းတွေကိုလည်း မြင်တွေ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့တွင်း နယ်နိမိတ်နှင့်မဝေးလှသော သည်ခြံကျယ်ကြီးက ဖေဖေ့ရဲ့ ဘိုးဘွားပိုင်ခြံကြီးဖြစ်၏။

“ဖေဖေယုံတာ တစ်ခုရှိတယ်သမီး ဘိုးဘွားအမွေအနှစ်ဆိုတာ ထိုက်တန်မှုရှိသလို ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်လည်းရှိတယ် ဒါကြောင့် ဖေဖေ့လက်ထက်မှာ ရွှေအိမ်စည်ကို ပိုပြီးထည်ဝါခန့်နား အောင် ပြုပြင်ခဲ့တာပေါ့ကွယ်”

ဖေဖေက ခြံထဲက အိမ်ကြီးကိုဖျက်ကာ သုံးထပ်တိုက်ကြီး ဆောက်သည်။ အတွင်းဧည့်ခန်းနှင့်ပရိဘောဂတွေကိုတော့ ရှေးမူလက်ရာ မပျက်ထားသည်။ ခေတ်မီအသုံးအဆောင်တွေကိုလည်း ဖြည့်ဆည်းခဲ့ သည်။

ခြံဝင်းကိုတော့ ပိုပြီးဂရုစိုက် မွမ်းမံခဲ့တာမြင်ရုံနှင့် သိနိုင်၏။

ကုန်းမို့မို့ အရှေ့ဘက်မှာ ဂန္ဓမာအဖြူ ၊ စနိုးဘောလ်နှ

အဝါရောင်ရဲလိုးကင်းတို့က အလှသွေးရောင်စုံ ဖြာဝေနေကြသည်။

မေမြို့ပန်းရောင်စုံစိုက်ခင်းကလည်း ခြံကြီးကိုကျက်သရေတ စေ၏။

နှင်းဆီပန်းရောင်စုံတွေက အိုးတွေနှင့်အစီအရီ၊ တန်ဖိုးကြီး သစ်ခွပန်းတွေကလည်း စင်နှင့်စနစ်တကျပါပဲ။

ပန်းပင်တွေနှင့် ခြံဝင်းကို စောင့်ရှောက်ဖို့အတွက် ဦးမိုး မိသားစုကို တာဝန်ယူစေခဲ့သည်။ ပန်းခင်းက ဝင်ငွေတွေနှင့် ထိုက်ထ





သော လစာငွေကို ဖြေရှင်းနိုင်အောင် စီစဉ်ထားတာဖြစ်သည်။

ပန်းခင်းတစ်ဖက်တွင် မြင်းဇောင်းကိုမြင်နိုင်သည်။ ဖေဖေဦး မြတ်သူရဲ့ ဝါသနာဟုပဲဆိုရမည်။ မြင်းကောင်းမြင်းသန့်တွေကို မွေးမြူ ထားကာ တပည့်ဦးစံမောင်ကိုစောင့်ရှောက်စေ၏။

မနက်ခင်းနှင့်ညနေခင်းအချိန်များမှာ မြင်းစီးထွက်ကာ ကျန်းမာ ရေးလေ့ကျင့်ခန်းယူတတ်သော မွေးစားဖေဖေရဲ့ ဝါသနာက ဒေါ်(လ်) ကိုပါ အရိုပ်ထင်အသက်ဝင်စေခဲ့သည်ထင်သည်။

ညနေခင်းတွေဆိုလျှင် ဒေါ်(လ်)အတွက် ဖေဖေဝယ်ပေးထား ခဲ့သော အချစ်တော် မြင်းမကလေး “တိမ်လွှာပြာ”ကို ဒေါ်(လ်)ခြံ တစ်ပတ်လှည့်စီးနေကျဖြစ်သည်။

“ဟိတ် ဒေါ်(လ်) ကိုယ့်ပိုင်နက်ကို ကြည့်လို့မဝနိုင်ဖြစ်နေတာ သို့လေ ဟုတ်လား”

အသံကြောင့် ဒေါ်(လ်)လှည့်ကြည့်တော့ နိုင်အင်ကြင်း။ ပခုံး ထိသာရှည်သော ဆံပင်အညိုတွေက ပွယောင်းယောင်းလေးပဲ ဖြစ် နေသည်။ ညိုညက်သောမျက်နှာလေးမှာ ဘာမှခြယ်သထားခြင်းမရှိ သို့ အပြာရင့်ရောင်ပန်းပွင့်ကြီးတွေနှင့် ဒီဇိုင်းထွင်ထားသော ညဝတ် ဂါဝန်ရှည်ကြီးနှင့်မို့ အခုမှအိပ်ရာကနိုးလာဟန်ရှိ၏။

“အဟင်း မမအင်ကြင်း အခုမှ နိုးတာလား” ဒေါ်(လ်)က ဆောက်ထပ်ရောက်နေပြီထင်နေတာ”



www.burmeseclassic.com

www.burmeseclassic.com



နိုင်အင်ကြင်းက ဒေါ်(လ်) ရပ်နေရာ ဝရန်တာအနီးလျှောက်လာရင်း

"ဒီနေ့ အိပ်ရာထနောက်ကျသွားတာပါ ဒေါ်(လ်)ရဲ့ မိုးလင်းကာနီးကနီးနေပေမယ် ပြန်မှေးလိုက်တာ အိပ်ပျော်သွားလို့ ကမန်းကတမ်းထခဲ့ရတယ်"

"အမလေး မမအင်ကြင်းရယ် အစောကြီးထစရာမှမလိုဘဲ ဘာမှလုပ်စရာမလိုပါဘူး မမအင်ကြင်းရဲ့ ဒေါ်ကွန်နဲ့မအေးတို့ ရှိပါတယ်"

ဒေါ်(လ်)စကားကြောင့် နိုင်အင်ကြင်း နှုတ်ခေါင်းလေးရှုံ့နှုတ်ခမ်းလေးတွန့်ကာမဲ့သည်။ ပြီးမှ

"ဒေါ်ကွန့်က အင်ကြင်းဆင်းမလာရင်ပိုကြိုက်မှာပေါ့ အဟင်း သူ့မျက်လုံးတွေက တို့ကို မကြည်ဖြူတာ အထင်အရှားလေ"

"အို မဟုတ်တာ ဒေါ်လေးကွန့်က ဘာကြောင့်မမအင်ကြင်းကို မကြည်ဖြူရမှာလဲ သူစိမ်းတွေမှမဟုတ်တာ ဒေါ်(လ်)တို့မမအင်ကြင်းတို့နဲ့ အဒေါ်တော်စပ်တဲ့ ဆွေမျိုးတွေပဲဥစ္စာ"

"ဆွေမျိုးဆိုတာ စပ်မတော်တာမျိုးပါ ဒေါ်(လ်)ရယ် တူမချင်းအတူတူ အန်ကယ်ဦးမျိုးမြတ်သူက ဒေါ်(လ်)ကိုပဲ အမွေတွေပုံပေးသွားခဲ့တာ ကြည့်ပါလား ဒေါ်ကွန့်က ရွှေအိမ်စည်ရဲ့သခင်မဒေါ်(လ်)ထက် အင်ကြင်းကို ခင်တွယ်မယ်ထင်လို့လား အဟင်း အင်ကြင်းက ဘာမှမက်မောစရာမရှိတဲ့ တူမလေဒေါ်(လ်)ရဲ့ အဟင်း ဟင်း"





ရယ်သံတွေက လှောင်ရိပ်စွက်နေသည်။ နိုင်အင်ကြင်းရင်ထဲက
ားချက်တွေကို ဒေါ်(လ်) နားလည်စာနာမိ၏။ မိဘတွေ၏ လောဘ
က်ကြီးမှုတွေကြောင့် ရွှေအိမ်စည်အိမ်ကြီးပေါ် ရောက်လုနီးမှ ဝေးခဲ့
ာဖြစ်၏။

အခုတော့ ဖခင်ရင်းကလည်း လောင်းကစားမှုနှင့်ထောင်ကျ
 ထောင်ထဲမှာပဲ သေသွားခဲ့ပြီ။ မိခင်ကလည်း သေဆုံးခဲ့၏။ သည်မှာ
 လောကထဲမှာ တစ်ဦးတည်းသော ဆွေမျိုးအစ်မဝမ်းကွဲ နိုင်အင်ကြင်း
 ဒေါ်(လ်) အိမ်ကြီးပေါ်ခေါ်တင်စောင့်ရှောက်ခဲ့ခြင်းဖြစ်သည်။

"မမအင်ကြင်းရယ် ပြီးခဲ့တဲ့အတိတ်တွေကို မေ့လိုက်ပါနော်
 ရွှေအိမ်စည်မှာ မမအင်ကြင်း မပူမပင်နေဖို့အတွက် ဒေါ်(လ်)
ခဲ့တာပါ ဒေါ်(လ်)တို့ညီအစ်မနှစ်ယောက် ပျော်ပျော်ရွှင်ရွှင်အတူ
ခ်င်လို့ပါ မမအင်ကြင်းရယ်"

ဒေါ်(လ်) လေသံလွင်လွင်လေးနှင့် ဝိုးတိုးလေးဆိုတော့
အင်ကြင်း မျက်နှာပေါ်က လှောင်ပြုံးတွေပြေလျော့သွား၏။ ဝမ်းကွဲ
အစ်မတွေမို့ထင်ရဲ့ ဒေါ်(လ်)နှင့်နိုင်အင်ကြင်းတို့အသွင်က လားလားမျှ
တာအမှန်ဖြစ်သည်။

မမနိုင်အင်ကြင်းက အသားညိုစိမ့်စိမ့်နှင့်ညို့ချောချောသူ
ည်။ မျက်ဝန်းညိုကြီးတွေက လျှို့ဝှက်မှုတွေနှင့်အမြဲတမ်းရီလဲ့နေ
၏။ ပြေပြစ်သော အရပ်အမောင်းနှင့်လိုက်ဖက်ညီသော ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



အလုအပမှာတော့ ဒေါ်(လ်)ထက်ပိုပြီး ကျစ်လျစ်လှပသည်။

နိုင်အင်ကြင်းက ကိုယ့်ရဲ့သာလွန်မှုကိုလည်း ဆင်ခြင်သိနိုင်သူပါပဲ။ လှပသော ခန္ဓာကိုယ်ကို ပေါ်လွင်စေမည့် အဝတ်အစားမျိုးကို ရွေးချယ်ဝတ်ဆင်တတ်သူဖြစ်၏။

ဒေါ်(လ်)ထက်စာလျှင် နိုင်အင်ကြင်းက ပိုပြီးခေတ်ဆန်သလို ပွင့်လင်းရဲတင်းပြီး ရဲရင့်သူဖြစ်သည်။ ဒါကြောင့်လည်း ဒေါ်လေးကွန့်က လူကြီးပီပီ အမြင်မကြည်လင်တာ ဖြစ်နိုင်သည်။

"ကဲ ဆော့ရီးဒေါ်(လ်)ရယ် အင်ကြင်းကနောက်တာပါ ဒေါ်(လ်)ကိုခင်မင်တယ် ကျေးဇူးလည်းတင်တယ် ချစ်လည်းချစ်တယ် အဲ ဒေါ်ကွန့်ကိုတော့ ကြည့်မရတာအမှန်ဘဲ အဟင်း မှန်ထဲကိုကြည့်သလိုပေါ့ ဒေါ်(လ်)ရယ် သူပြုံးရင်ကိုယ်ပြုံးမယ် သူမဲ့ရင်ကိုယ်မဲ့မယ် မဟုတ်ဘူးလား"

ဒေါ်(လ်)ဘာပြောရမှန်းမသိပါ။ ဒေါ်လေးကွန့်ဆိုတာ ဒေါ်(လ်)တို့နှစ်ဦးစလုံးရဲ့ အဒေါ်တော်စပ်သော အပျိုကြီးတစ်ကိုယ်တည်းသမားဖြစ်၏။ ကိုယ့်အိုးကိုယ့်အိမ်နှင့် မပူမပင်နေနိုင်သူပေမယ့် ဒေါ်(လ်)တစ်ယောက်တည်း အထီးကျန်နေတော့ လာနေပေးခြင်းဖြစ်သည်။

အိမ်မှုကိစ္စတွေမှာလည်း မအေးကို နိုင်နင်းစွာစေနိုင်သလို ကိုယ်တိုင်လည်း မလစ်လပ်အောင် လုပ်ဆောင်ပေးသူဖြစ်၏။

နိုင်အင်ကြင်းကို ဒေါ်(လ်)အိမ်ပေါ်ခေါ်တင်တော့ ဒေါ်လေးကွန့် သိပ်ပြီး မကြည်ဖြူပါ။

"အင်း နိုင်အင်ကြင်းက ဒေါ်လေးတူမပါပဲ ဒါပေမဲ့ မိဘတွေက ရိုက်မကောင်းတော့ ခပ်ရိုင်းရိုင်း ခပ်စွာစွာရယ် ဒါပေမဲ့ ခုချိန်မှာ တစ်ယောက်တည်းဖြစ်နေတော့ ဒေါ်လေး သမီးဆန္ဒကို မတားတော့ပါဘူးကွယ်"

ဒေါ်(လ်)ထက် ငါးနှစ်ကျော်အသက်ကြီးသော မမနိုင်အင်ကြင်းရဲ့ ထင်မြင်ယူဆချက်ကို ဒေါ်(လ်)ဘယ်လိုဝေဖန်ရမလဲ။

သည်တော့ နှုတ်ဆိတ်ငြိမ်လိုက်မိတာ အကောင်းဆုံး။

ဒေါ်(လ်)စိတ်ထဲမှာ တောင့်တမိတာ တစ်ခုပဲရှိ၏။ ရွှေအိမ်စည်အိမ်ကြီးမှာ ဒေါ်လေးကွန့်ရယ်၊ ဒေါ်(လ်)ရယ်၊ မမနိုင်အင်ကြင်းရယ် ညီညွတ်စွာ မကွဲသိုက်မပျက် နေထိုင်သွားချင်သည်။

"အင်ကြင်း ရေချိုးလိုက်ဦးမယ် ဒေါ်(လ်) ပြီးမှ ကော်ဖီဝိုင်းမှာ ဆုံကြတာပေါ့"

မမအင်ကြင်းနှုတ်ဆက်စကားလေးဆိုကာ ထွက်သွားတော့မှ ဒေါ်(လ်)လည်း ရေချိုးခန်းဘက်လှမ်းခဲ့မိ၏။

သည်အချိန်ဆို ဒေါ်လေးကွန့်တို့ မီးဖိုထဲမှာ ချက်ပြုတ်နေလောက်ပြီ။ အရင်နေ့တွေကတော့ ဒေါ်(လ်)နေ့စဉ် ခုနစ်နာရီအိပ်ရာကထတတ်ပေမယ့် မနေ့ညက ဖေဖေရှယ်ယာဝင်ထားသော ကုမ္ပဏီတွေက ပို့ပေးလာသော လချုပ်စာရင်းတွေ၊ အမြတ်ငွေတွေကို စစ်ဆေးနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာမို့ နောက်ကျနေခဲ့ခြင်းရယ်ပါ။

ဒေါ်လေးကွန့်က မိန်းကလေးတစ်ယောက် နေထွက်သည်အထ
အိပ်တတ်တာ သဘောမကျပါ။ ဒါကိုသိတာမို့ နိုင်အင်ကြြင်းက သည်
တမင်ပေအိပ်နေတတ်တာ ဆိုသည်လည်း ဒေါ်(လ်)သိနေသည်။

ဒေါ်လေးကွန့်နှင့်မမနိုင်အင်ကြြင်းကြားမှ ပြေလည်မှုကိုတေ
ဒေါ်(လ်) ဘယ်လိုမှအဖြေမရှာတတ်ပါ။

လှူကြီးပီပီ ဒေါ်လေးကွန့်က စည်းကမ်းစနစ်ရှိစေချင်၏။

မမနိုင်အင်ကြြင်းက စည်းတွေဘောင်တွေကို ဆန့်ကျင်
သူဆိုတော့ သဟဇာတ မဖြစ်တာ အဆန်းတော့ မဟုတ်ပါ။

အချိန်ကလေးကြာလာရင်တော့ သံယောဇဉ်ဆိုသော အ
အောက်မှာ နှစ်ဦးနှစ်ဖက် ပြေလည်သွားမည်ထင်ရဲ့။

ဒေါ်(လ်) ပင့်သက်မောလေးနှင့် မျှော်လင့်ရုံသာ။

■ ■ ■



## အခန်း (၂)

"မမလေး ထမင်းစားဖို့ ကြီးမေခေါ်ခိုင်းလိုက်လို့"

မအေး ညှော့ခန်းထဲအထိရောက်လာကာ ခေါ်တော့ မဂ္ဂဇင်း
များအုပ်ကို ပိတ်လိုက်ရင်း ခေါင်းကလေးညိတ်ပြလိုက်သည်။

တီဗီဇရှမှာထိုင်ကာ ဂိမ်းကစားနေသော မမအင်ကြြင်းအနီး
သို့ ဒေါ်(လ်)နွဲ့နွဲ့ကလေး လျှောက်လာခဲ့သည်။

မအေးခေါ်တာကြားပေမယ့် မမအင်ကြြင်းကစားလက်စ ဂိမ်း
ကို အာရုံမပြတ်နိုင်သေး။ ဒေါ်(လ်) မမအင်ကြြင်းအနောက်မှာရပ်ကြည့်
ရင်း

"ပြီးမှဆက်ကစားပါ မမအင်ကြြင်းရယ် ထမင်းသွားစားရ
အောင် ဒေါ်လေးကွန့် စောင့်နေလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်(လ်) သွားနှင့်ပါ ၊ အင်ကြင်းမဆာသေးလို့"

"တစ်ခါတည်း ဝင်စားလိုက်ပါ မမအင်ကြင်းရယ် ဒေါ်လေးကွန်က ထမင်းဝိုင်းမှာ လူစုံဝိုင်းဖွဲ့စားချင်တာ မမအင်ကြင်းသိရက်နဲ့"

အင်ကြင်းနှုတ်က မကျေမနပ် စုပ်တစ်ချက်သပ်ရင်း ဂိမ်းစက် ခလုတ်ကို ပိတ်ပစ်လိုက်၏။

"ဂိမ်းတွေအရမ်းမကစားနဲ့ မမအင်ကြင်းရဲ့ အာရုံကြောတွေ ထိခိုက်တတ်တယ်"

ခိုင်အင်ကြင်းပခုံးလေးကိုဖက်ရင်း ဒေါ်(လ်)ဆိုတော့ အင်ကြင် နှုတ်ခမ်းလေးမဲ့ မျက်စောင်းလေးထိုးပစ်ရင်း

"ဟုတ်ကဲ့ပါ အစ်မရယ် အစ်မစကား ညီမလေးနားထောင် ပါ့မယ်"

"အဟင်း ဟင်း မမအင်ကြင်းကလည်း ဒေါ်(လ်)ကစိုးရိမ်လို့ ပြောတာပါ တော်ကြာ တို့မမ ငယ်ငယ်လေးနဲ့ ပါဝါမျက်မှန်ထူကြီး တပ်နေရမှာစိုးလို့ အဟင်း"

ဒေါ်(လ်)က အရွှန်းလေးဖောက်ကာ ရယ်ရယ်မောမောလေး ဆိုတော့မှ ခိုင်အင်ကြင်းမျက်နှာလေး ပြုံးလာသည်။

ညီအစ်မနှစ်ယောက်သား အတူယှဉ်တွဲလျက် ထမင်းစားခန်း ထဲဝင်ခဲ့ကြတော့ ဒေါ်လေးကွန်နှင့်မအေးတို့ ထမင်းဝိုင်းအသင့်ပြင်ဆင် ပြီးလို့ စောင့်နေကြသည်။





"ဟာ ဟင်းတွေကရှယ်ပဲ ကင်ပွန်းချဉ်ရည်ဟင်းနံ့လေးက သင်းနေတာပဲ"

ဒေါ်(လ်)က စားပွဲဝိုင်းကြီးပေါ်က ဟင်းခတ်ပန်းကန်တွေကို ငေ့ဝဲကြည့်ရင်း ဝမ်းသာအားရလေးဆိုသည်။ ခိုင်အင်ကြင်းကတော့ ထိုင်ခုံမှာဝင်ထိုင်ရင်း တိတ်ဆိတ်စွာပဲ ငြိမ်သက်နေသည်။

"ဒေါ်(လ်) အစပ်မစားနိုင်တာသိလို့ ငါးပိထောင်းကို နှစ်မျိုး စီစဉ်ပေးထားတာ ဒီဘက်ကအစပ် ဟိုဘက်ပန်းကန်ထဲကအစပ်ပေါ့ ထားတယ် ကဲ စားကြ စားကြ"

ဒေါ်လေးကွန်က သည်လိုအစီအစဉ်တွေ စနစ်တကျရှိသည်။ ဒေါ်(လ်)အစပ်သိပ်မစားနိုင်တာမို့ သီးသန့်စီစဉ်ပေးသလို အစပ်ကြိုက် သော ခိုင်အင်ကြင်းအတွက်လည်း အဆင်ပြေစေအောင် စီစဉ်ခြင်းဖြစ်၏။

ဒေါ်(လ်) ဒေါ်လေးကွန်ပန်းကန်ထဲကို ကြက်အသည်းတစ်တုံး အရင်ဆုံးခပ်ထည့်ဦးချသည်။ ပြီးတော့ ခိုင်အင်ကြင်းပန်းကန်ထဲ တစ်တုံး ခပ်ထည့်သည်။

ဒါကို သုံးယောက်ထမင်းစားတိုင်း ဒေါ်(လ်)ရဲ့ ပြုနေကျ အကျင့် ကလေးပဲဖြစ်သည်။ အားလုံးထဲမှာ ကိုယ်ကအငယ်ဆုံးမို့ ဒေါ်(လ်)က ရိုသေသမှုနှင့်ဦးချပေးခြင်း ဖြစ်သည်။

ဒေါ်လေးကွန်က ပြုံးပြုံးလေးခေါင်းညိတ်ရင်း ထမင်းကိုငုံ့စား သည်။ သမီးလေးဒေါ်(လ်)ကို ဒေါ်လေးကွန် ချစ်ခင်သံယောဇဉ်ဖြစ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလို သိတတ်မှုလေးတွေကြောင့် ဖြစ်သည်။

တူမချင်းတူပေမယ့် အရိုးသားဆုံးဝန်ခံရလျှင် ဒေါ်(လ်)ကိုပဲ သူမသံယောဇဉ်ကြီး ခင်မင်မိ၏။ နိုင်အင်ကြင်းကိုတော့ စိတ်ထဲက ဟက်ဟက်ပက်ပက် မရှိလှတာအမှန်ပါ။

ဒေါ်(လ်)ရဲ့ ပြည့်စုံကြွယ်ဝမှုတွေကြောင့်ဟု နိုင်အင်ကြင်းက ထင်ချင်ထင်ပေလိမ့်မည်။ သည်ငွေကြေးဂုဏ်အရှိန်အဝါတွေကို သူမ မမက်မောပါ။ သံယောဇဉ်အနှောင်အဖွဲ့တွေ ကင်းချင်တာမို့ တစ်ယောက် တည်း အပျိုကြီးဘဝကို ရွေးခဲ့ခြင်းဖြစ်သည်။

ကိုယ့်ကျန်းမာရေးကလည်းကောင်း၏။ အိုစာနာစာအတွက် လည်း ပူစရာမရှိ။ အချိန်တန်ရင် စစ်ကိုင်းတောင်မှာတရားအားထုတ် ဖို့ ဆုံးဖြတ်ထားခဲ့၏။

ထိုစိတ်ကူးတွေအားလုံးက ဒေါ်(လ်)လေးနှင့်ဆုံလိုက်တော့ အကုန်လုံးပျက်စီးကုန်ရတော့သည်။

ရွှေအိမ်စည် အိမ်ကြီးမှာ ဒေါ်(လ်)ဆိုသော တူမလေးတစ် ယောက်တည်း အထီးကျန်စွာကျန်ခဲ့တာကို စာနာမိတာက ပထမ ဒေါ်(လ်)ကိုယ်တိုင်က သူမနှင့်အတူနေပေးဖို့ မျက်ရည်လေးဝဲကာ တောင်းပန်တာကြောင့် သူမ သံယောဇဉ်ကြီးကို ရစ်တွယ်မိတော့သည်။

တူမလေးဒေါ်(လ်) ပညာရေးဆုံးခန်းတိုင်လို့ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်လျှင်၊ ဒါမှမဟုတ် အိမ်ထောင်ရက်သားကျသွားခဲ့လျှင်





သူမဘက်က တာဝန်ကျေပြီဟု ဆုံးဖြတ်ကာ ရွှေအိမ်စည်ကို ရောက်ခဲ့၏။

နောက်တော့လည်း ဖြူစင်ရိုးသားပြီး လိမ္မာယဉ်ကျေးသော ဒေါ်(လ်)လေးကို သူမသံယောဇဉ်ပိုသွားရတော့၏။ ဒေါ်(လ်)ငယ်စဉ်တုန်း ကတော့ နှစ်ကြိမ်သုံးကြိမ်မြင်ဖူးတွေ့ဖူးသည်။ ဖြူဖြူနုနုချစ်စဖွယ်လေး မို့ သူမအလည်သွားတိုင်း မုန့်ပဲသားရည်စာတွေ ဝယ်သွားခဲ့ဖူးသည်။

ဝမ်းကွဲအစ်ကိုဖြစ်သူ နိုင်အင်ကြင်းဖခင်ကိုတော့ လောင်းက စားသမားမို့ သူမခင်ခင်မင်မင် မနေခဲ့ပါ။ ပြီးတော့ ယူထားသော မိန်းမ ကလည်း အသွင်တူစရိုက်တူဆိုတော့ မပတ်သက် မဆက်နွယ်ချင်တာ မို့ ခပ်စိမ်းစိမ်းနေခဲ့သည်။

အမေ့သွေးအပြည့်ပါသော နိုင်အင်ကြင်းကိုတော့ ဖခင်မရှိတော့ ချိန်မှာ သူမထောက်ပံ့ကူညီရင်း ဆုံဖူးသည်။ အသွင်ကော စရိုက်ကပါ နှစ်မျိုးစရာ မရှိတာမို့ သူမ သံယောဇဉ်မနွယ်ခဲ့ပါ။

အစ်ကိုမျိုးမြတ်သူက စောင့်ရှောက်မည်ဆိုသည်ကိုတောင် အမွေဥစ္စာကိုမက်မောကြသူတွေဆိုတာ ကြားထားကတည်းက သူမ ကင်းကင်းနေခဲ့တာဖြစ်သည်။

အခုတော့ နိုင်အင်ကြင်း ရွှေအိမ်စည်ကိုရောက်လာခဲ့ပြီ။

ညီအစ်ကို ခွေမျိုးသားချင်း မေတ္တာငတ်မွတ်သော ဒေါ်(လ်) လေးရဲ့ ဆန္ဒကို မဆန့်ကျင်လို၍ သူမကိုဒေါ်(လ်)လေးတိုင်ပင်တော့ ခေါင်းညိတ်ခဲ့ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်အင်ကြင်းတို့ကတော့ ရောက်ကတည်းက အချိုးမပြေတာ အထင်အရှား လိမ်မာယဉ်ကျေးမှုမရှိဘဲ ခပ်စွာစွာလေးဖြစ်သည်။

သူမဆုံးမတိုင်းလည်း နာခံလိုဟန်မပြတော့ ဘာသိဘာသာ ပဲနေလိုက်၏။ ဒေါ်(လ်)ရဲ့ အိမ်ပေါ်မှာ ခိုင်အင်ကြင်းရှိနေသ၍တော့ သူမပါရှိနေဦးမှ ဖြစ်မည်ဟု ဆင်ခြင်မိ၍ ဒေါ်လေးကွန့်ဆက်နေခြင်းပါပဲ။

ထမင်းဝိုင်းသိမ်းတော့ မအေးက အချိုပွဲတွေ စီစဉ်ပေးသည်။ နာနတ်ယို၊ ကျောက်ဖရုံယိုနှင့် ပန်းသီးစိတ်ပန်းကန်တွေ ချပေးသည်နှင့် ခိုင်အင်ကြင်းက ပန်းသီးတစ်စိတ်ကို လှစ်ခနဲ ကောက်ယူစားသည်။

ဒေါ်(လ်)လေးကတော့ သူမအရင်မနှိုက်မချင်း ဘယ်တော့မှ မနှိုက်တတ်ပါ။ သည်လို ယဉ်ကျေးသော စိတ်ဓာတ်ဖြူဖြူလေးကြောင့် ဒေါ်(လ်)ကို သူမ ခင်တွယ်နေမိခြင်းပါပဲ။

"ဒေါ်လေးကွန့် နာနတ်ယိုလေးစားလိုက်လေ ရင်ချောင်သွားတာပေါ့"

နာနတ်ယိုပန်းကန်ကို သူမရှေ့လှမ်းတိုးပေးရင်း ဒေါ်(လ်)လေးဆိုတော့ ခေါင်းညိတ်ပြရင်း အနည်းငယ်နှိုက်စားလိုက်ရ၏။

သူမ စားသောက်ပြီးမှ ဒေါ်(လ်)လေးက စပျစ်သီးလုံးလေးတွေ ဖြုတ်ကာစားနေလေသည်။

"ညနေကျရင် ဒေါ်လေး မခင်တို့အိမ်သွားမလို့ ဒေါ်(လ်)လေး လိုက်ဦးမလား"





"မလိုက်တော့ဘူး ဒေါ်လေးရဲ့ သမီးကိုကိုဇိုင်းနဲ့ သွားစရာရှိလို့"

ဒေါ်(လ်)စကားကြောင့် ပန်းသီးစိတ်ကိုစားနေသည့် ခိုင်အင်ကြင်း ဖျတ်ခနဲလှည့်ကြည့်ရင်း

"ကိုဒီဇိုင်းနဲ့အချိန်းအချက်လုပ်ထားကြတယ်ပေါ့ ဟုတ်လား ဒေါ်(လ်)"

"ဖေဖေရဲ့ လုပ်ငန်းကိစ္စတစ်ခုအတွက် တိုင်ပင်စရာရှိလို့ပါ မအင်ကြင်းရဲ့"

"အဟင်း ဟင်း အင်ကြင်းကရိုးရိုးသားသား မေးတာပါ ဒေါ်(လ်)ရဲ့"

ခိုင်အင်ကြင်းရယ်သံက လှောင်ရိပ်သမ်းနေတာမို့ ဒေါ်လေးကွန့် အကဲခတ်သလိုကြည့်မိ၏။ ရိုးရိုးသားသားဆိုသော သူ့ရဲ့မျက်ဝန်းတွေထဲကတော့ လှောင်ရိပ်လေးတွေ အရိပ်ထင်ကာ မထီတရီပြုံးနေဆဲ။

ဒေါ်(လ်)ကတော့ တကယ့်ကိုရိုးသားစွာနှင့် ဘာမှသတိထားမိပုံမရသည့်နယ်ရှိ၏။ ဒေါ်လေးကွန့်က ခပ်အေးအေးနေတတ်သူတစ်ယောက်။ ဒါပေမဲ့ ရွှေအိမ်စည်ကိုခိုင်အင်ကြင်းရောက်လာကတည်းက အရိပ်ကြည့် အကဲခတ်နေခဲ့တာကြာပြီ။

ဒေါ်(လ်)ကို ခိုင်အင်ကြင်းပြောဆိုဆက်ဆံပုံက တစ်ခါတစ်ရံမှာ တင်တင်းစီးစီးရှိလွန်း၏။ ဦးလေးဖြစ်သူရဲ့ အမွေတွေကို တစ်ပြားတစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com



မှ ခံစားခွင့်မရလိုက်ဘဲ ဒေါ်(လ်)တစ်ဦးတည်း ရရှိလိုက်တာကို ခံရခက်ခက်ဖြစ်နေတာလည်း ဖြစ်နိုင်သည်။

ဒေါ်(လ်)က ညီအစ်မတွေဆိုသော စာနာခံစားစိတ်ကလေးနှင့် အိမ်ပေါ်ခေါ်ခေါ်ပြီး အခွင့်အရေးပေးထားသည်ကို နိုင်အင်ကြွင်းဘယ်လိုတင်မြင်ယူဆ နေသည်မသိပါ။

"အင်ကြွင်း ဒေါ်(လ်)ကိုမေးရဦးမယ် အခု ဒေါ်(လ်)ရဲ့စီးပွားရေးကိစ္စတွေမှာ ဒီဇိုင်းဆိုတဲ့ ပဂ္ဂိုလ်ကဝင်ကူပေးနေတာ အင်ကြွင်းတော့ သဘောမကျဘူး"

ပန်ကန်ထဲမှပန်းသီးစိတ်ကလေးကို လှမ်းယူရင်း နိုင်အင်ကြွင်းပြောလိုက်သော စကားကြောင့် ဒေါ်လေးကွန့်မျက်မှောင်ကုပ်သွားရ၏။ ဒေါ်(လ်)ကတော့ အပြုံးရိပ်သမ်းနေသော မျက်နှာကလေးတည်သွားပြီးမှ လေသံငြိမ်ငြိမ်ကလေးနှင့် ပြန်ဖြေရသည်။

"ကိုကိုဒီဇိုင်းက ဒေါ်(လ်)အပေါ်တကယ်ကောင်းတာပါ မမအင်ကြွင်းရဲ့ ပြောရရင် ဖေဖေရှိစဉ်ကတည်းက ကိုကိုဇိုင်းအဖေနဲ့က စီးပွားဖက် ပါတနာတွေ ပြီးတော့ အိမ်နီးချင်းတွေလေ နောက်မှ ကိုကိုဇိုင်းတို့က အိမ်ပြောင်းသွားခဲ့ကြတာ ဒါပေမဲ့ ဖေဖေရှိကတည်းက ကိုကိုဇိုင်းက ဖေဖေ့ရဲ့စီးပွားရေးလုပ်ငန်းတွေကို ကူညီနေတာ အခု ဒေါ်(လ်)တစ်ယောက်တည်း ကျန်ရစ်ခဲ့ချိန်မှာ ကိုကိုဇိုင်းကူညီနေလို့ အားလုံးအဆင်ပြေနေတာ မမအင်ကြွင်းရဲ့"





"ဘာပဲဖြစ်ဖြစ် သူစိမ်းတစ်ယောက်ကို ဘယ်လောက်အထိ ခံရမှာလဲ ဒေါ်(လ်)ရယ် အင်ကြွင်းကတော့ ဘယ်သူ့ကိုမှမယုံဘူး"

"မောင်ဇိုင်းက တကယ့်ကို စိတ်ထားကောင်းရှိတဲ့သူပါကွယ်"

ဒေါ်လေးကွန့် မနေနိုင်တော့ဘဲ ဝင်ပြောသည်။ နိုင်အင်ကြွင်း၏ နှုတ်ခမ်းလေး တင်းတင်းစေ့ထားလျက်က မဲ့ပြသည်။ ဒေါ်လေးကွန့်ကိုတော့ ခွန်းတုံ့ပြန်ကာမပြောပါ။

သည်အခိုက်မှာပဲ မအေးလက်ထဲမှာ စာတစ်စောင်ကိုင်လျက်ထွက်လာ၏။

"စာပို့သမားလာတယ်မမလေး နိုင်ငံခြားကစာတဲ့"

မအေးစကားကြောင့် ဒေါ်(လ်)မျက်နှာလေး ဟန်မဆောင်နိုင်လောက်အောင် ဝင်းလက်တောက်ပသွားသည်။

မအေးကမ်းပေးသော စာလေးကို ချက်ချင်းပင်ဒေါ်(လ်) ဖောက်ဖတ်သည်။ စားပွဲတစ်ဖက်မှ စူးစမ်းသော မျက်ဝန်းများနှင့်ကြည့်နေသော နိုင်အင်ကြွင်းကိုတောင် ဒေါ်(လ်) သတိမမူနိုင်ခဲ့ပါ။

ဒေါ်ကွန့်က စပျစ်ခိုင်မှ စပျစ်သီးတစ်လုံးကို ဖြုတ်စားရင်း ဒေါ်(လ်)ကိုငေးငေးလေးကြည့်နေမိသလို လက်ထဲကပန်းသီးစိတ်ကို ချင်သတိမထားနိုင်စွာ စပ်စပ်စုစုကြည့်နေသော နိုင်အင်ကြွင်းကိုလည်း ခတ်ကြည့်နေမိဆဲ။

ဒေါ်(လ်)မျက်ဝန်းနက်လေးတွေ တောက်ပလို့ ကြည်နူးရိပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြာနေတာကို နိုင်အင်ကြွင်းမြင်ပါသည်။ နိုင်ငံခြားမှရောက်လာသည့်စာဆိုကတည်းက ဒေါ်(လ်)ရဲ့ ချစ်တဲ့သူ မုန်းဇုန်ဆိုတဲ့သူဆီက ဆိုတာလည်း တွက်မိပြီးသား။

ဒါတွေကို ဒေါ်ကွန့်မသိပေမယ့် နိုင်အင်ကြွင်းကတော့ ဒေါ်(လ်)ရင်ဖွင့်ပြောပြထား၍ သိထားပါသည်။

"ဒေါ်လေးကွန့်ရေ ဇုန်ပြန်လာတော့မယ်တဲ့"

ဒေါ်(လ်) မျက်နှာလေး အပျော်ရိပ်တွေ ရွှန်းလဲ့တောက်ပလို့ ဝမ်းသာအားရသံလေးနှင့်လှည့်ပြော၏။

"ဟုတ်လား မြန်မာပြည်ကို အလည်ပြန်လာတာလားသမီး"

ဒေါ်လေးကွန့်က မုန်းဇုန်နှင့်ဒီဇိုင်းတို့ညီအစ်ကိုကို ဟိုးအရင်ကတည်းက ခင်မင်ကျွမ်းဝင်ထားခဲ့ပြီးသားမို့ စိတ်ဝင်တစားပြန်မေး၏။ ဒေါ်(လ်) ခေါင်းကလေးကို သွက်သွက်လေးခါယမ်းပြရင်း

"မဟုတ်ဘူး ဒေါ်လေးကွန့်ရဲ့ ဇုန်ကနိုင်ငံခြားမှာနေရတာငြီးငွေ့နေပြီတဲ့ လုံးဝမနေချင်တော့ဘူးတဲ့ မြန်မာပြည်က ငါးပိနဲ့တညင်းသီးကိုလွမ်းတယ်တဲ့ အဲဟင်း ထုံးစံအတိုင်း နောက်ပြောင်ပြီးရေးထားတယ်လေ"

စာလေးကို ခေါက်သိမ်းရင်း ဒေါ်(လ်)မြူးမြူးကလေး ဆိုနေ၏။ ဒေါ်လေးကွန့်က မျက်မှောင်လေးကုပ်တည်သွားခဲ့ပြီးမှ

"အင်း မောင်ဇိုင်းကဘာပြောမယ်မသိဘူး ဟိုမှာအလုပ်အကိုင်





းအခြေတကျ ဖြစ်တာ ဘာမှမကြာသေးဘူး ပြန်လာမယ်ဆိုတော့ကြိုက်ပါ့မလားကွယ်"

"အိုး ဒေါ်လေးကွန့်ကလည်း သူ့မှာဒီညီလေးတစ်ယောက်ပဲရှိတော့တာကို ကိုကိုဇိုင်းက ဘာမကျေနပ်စရာရှိသလဲ ဇုန်သွားတာလည်းကြာလှပြီဥစ္စာ"

ဒေါ်(လ်) ကဲကဲဆတ်ဆတ်လေးပြောမိ၏။ ဇုန်နှင့်ပတ်သက်လျှင် ဒေါ်(လ်)က အမြဲတမ်း ဖေးဖေးမမ ရပ်တည်ပေးတတ်တာ ဟိုးအရင်ကတည်းကပဲ ဒေါ်လေးကွန့်သိပါသည်။

ရွှေအိမ်စည်ခြံကြီးနှင့်ကပ်လျက်ခြံမှာ ဒီဇိုင်းနှင့်မုန်းဇုန်တို့ညီအစ်ကိုနေကြစဉ်ကတည်းက ဒေါ်ကွန့် ရွှေအိမ်စည်ကို ရောက်ခဲ့တာမို့ သိသင့်သမျှလေးတွေတော့ သိထားသည်။

"အင်း ဇုန်လေးက လူငယ်ဆိုတော့ ရင့်ကျက်မှု အပိုင်းမှာမောင်ဇိုင်းနဲ့အရမ်းကွာတယ်ကွယ် သူတို့ညီအစ်ကိုနှစ်ယောက်က ရုပ်ဆင်းဆင်ပေမယ့် အသွင်ကတော့ မတူဘူး နှစ်ယောက်စလုံး လူရည်လူသန့်တွေချည်းပါပဲ ဒါပေမဲ့ မောင်ဇိုင်းကတည်တံ့တယ် အလုပ်အကိုင်စီးပွားအပိုင်းမှာလည်း သိပ်တော်တယ် အဖေလက်ထက်က မွေးမြူရေးလုပ်ငန်းတွေက မောင်ဇိုင်းလက်ထက်ရောက်မှ ပိုတိုးတက် ကျယ်ပြန့်လာတာကက်သေးပဲလေ"

ဒေါ်လေးကွန့် စကားတွေကို ဒေါ်(လ်)မငြင်းနိုင်ပါ။ ကိုကိုဇိုင်း



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်းရှိတာ ၊ ယောက်ျားဆန်ပြီး တည်ကြည်တာ အားလုံးအမှန်တွေပါပဲ။ ဒါပေမဲ့ ဇုန်အပေါ်မှာတော့ ကိုကိုငိုင်းဆက်ဆံတာ တင်းလွန်းသည်ဟု ဒေါ်(လ်)ထင်၏။

"ဒါတော့ ကိုကိုငိုင်းက ဇုန်ထက်ငါးနှစ်ကျော်ကြီးတဲ့ အစ်ကိုကြီးပဲ ဒေါ်လေးကွန့်ရယ် အစ်ကိုကြီးအဖရာတဲ့ သူ့မှာတာဝန်ရှိတာပေါ့ ဇုန်ကလူငယ်ဆန်တယ် ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ်နေတတ်တယ် ဒါကို ကိုကိုငိုင်း နားလည်သင့်တယ် ထင်တာပဲ"

သူမကိုဘယ်တုန်းကမှ ဆန့်ကျင်စကားမဆိုတတ်သော ဒေါ်(လ်)မျက်နှာလေးကို ဒေါ်လေးကွန့် အကဲခတ်သလို ကြည့်နေမိသည်။

မုန်းဇုန်အပေါ် ဒေါ်(လ်)သံယောဇဉ်က သည်မျှအထိ နှောင်တွယ်နေမည်ဟု သူမမထင်ခဲ့ပါ။ ယင်ယင်ကတည်းက နှစ်အိမ်တစ်အိမ်ရင်းနှီးနေထိုင်လာကြသူတွေ ဆိုသည့်အတိုင်း ညီအစ်ကိုနှစ်ယောက်ထဲက အငယ်မုန်းဇုန်ကိုမှ ဒေါ်(လ်)လေး ဘာလို့ပိုမိုနေတာလဲမသိ။

မောင်ငိုင်းက လူကြီးဆန်ပြီး တည်တည်နေတတ်တာမို့ပဲလား။ တကယ်ဆို မုန်းဇုန်က လေးနှစ်ကျော်မျှ ဝေးကွာနေခဲ့သည့်သူ။ မောင်ငိုင်းက နေ့စဉ်တွေ့ဆုံရင်းနှီးနေသူ။

ဒေါ်လေးကွန့် တစိမ့်စိမ့်တွေးရင်း တစ်စုံတစ်ရာကို သိမြင်လာသလိုဖြစ်လာသည်။ ထိုအတွက်လည်း ရင်ထဲမှာ လေးလေးပင်ပင်လေးဖြစ်ရသည်။





ပင့်သက်ရှိုက်ရင်း ဒေါ်ကွန့်အကြည့်လွှဲမိတော့ သူမကိုအကဲခတ်စိုက်ကြည့်နေသော ခိုင်အင်ကြင်းမျက်ဝန်းတွေနှင့် ရင်ဆိုင်တိုးမိ၏။

ဘယ်အချိန်ကတည်းက ခိုင်အင်ကြင်းတိတ်ဆိတ်စွာ အကဲခတ်နေခဲ့တာလဲ မသိပါ။ ဒေါ်(လ်)လေးကိုစကားပြောနေတာမို့ ဒေါ်ကွန့်သတိမထားမိခဲ့တာဖြစ်၏။

လက်ထဲမှာ တစ်ပိုင်းတစ်စကိုက်စားထားပြီးသော ပန်းသီးစိတ်ကိုပန်းကန်ထဲပြန်ထည့်ကာ ခိုင်အင်ကြင်း ထရပ်သည်။

"အင်ကြင်း ဂိမ်းသွားကစားဦးမယ်"

ဘယ်သူ့ကိုရည်ညွှန်းပြောသည်မသိဘဲ ပြောကာ ခိုင်အင်ကြင်းထမင်းစားခန်းထဲက ထွက်သွား၏။

ဒေါ်(လ်)ကလည်း ထိုင်ခုံမှထရပ်ရင်း

"ဒေါ်(လ်) စာကြည့်ခန်းထဲသွားလိုက်ဦးမယ်နော် ဒေါ်လေးကွန့်"

ဇာနားအဖြူလေးကွပ်ထားသော ကြက်သွေးရောင်ဘလောက်စ်အင်္ကျီလေးနှင့်အနက်ရောင်ထဘီကိုဝတ်ဆင်ထားသော ဒေါ်(လ်)သူမကိုနှုတ်ဆက်ခွင့်တောင်းပြီး ထွက်သွားတော့ ဒေါ်ကွန့်ငေးကြည့်မိနေသည်။

ဝင်းမွတ်ကြည်လင်သောအလှနှင့် ကြော့ကြော့မော့မော့ ကိုယ်ဟန်လေးကို ပိုင်ဆိုင်သော ဒေါ်(လ်)သည်ဟိုးအရင်ကလို ကလေးလေးမဟုတ်တော့ဟု ဒေါ်ကွန့်နားလည်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်(လ်)အသက် နှစ်ဆယ့်တစ်နှစ်တောင်ရှိခဲ့ပြီပဲ။ ဒါပေမဲ့ ဒေါ်ကွန့်အမြင်မှာတော့ ဒေါ်(လ်)သည် ဖြူစင်သော ချစ်စရာကလေး မလေးပမာ ရှိဆဲ။

ဒါကြောင့်လည်း ရင်ထဲမှာ ပူပူပင်ပင်လေးဖြစ်ရတာ ကိုယ်တိုင် သာအသိဆုံး။

သံယောဇဉ်ကိုကြောက်ရွံ့မိသည့် အပျိုကြီး အခုတော့ သံယောဇဉ်ဆိုတဲ့ နှောင်ကြိုးတွေထဲမှာ လှောင်ပိတ်နေခဲ့ပြီ ထင်ရဲ့။



## အခန်း (၃)

“ဒေါ်လေး ဘုရားပန်းခူးနေတာလား အင်ကြင်းခူးပေးရမလား ခင်”

ခြံထဲမှာ ဘုရားပန်းခူးနေတုန်း နိုင်အင်ကြင်းရောက်လာပြီး ပြောလိုက်တာမို့ ဒေါ်ကွန့်မော့ကြည့်ရင်း

“ရပါတယ် တူမကြီး ပြီးလုပါပြီကွယ်”

အနီရဲရဲကိုယ်ကြပ် လှိုင်းတွန့်အင်္ကျီခါးတိုလေးနှင့် နိုင်အင်ကြင်း ဆီမှ ရေမွှေးရနံ့တွေ သင်းပျံ့လွှင့်သည်။

အိမ်မှာနေရင်းအခိုက်အတန့်မှာတောင် ရုပ်ရှင်မင်းသမီးတစ် ယောက်ပမာ ဝတ်စားပြင်ဆင်နေတတ်သော နိုင်အင်ကြင်းကို ဒေါ်ကွန့် သဘောမကျမိတာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ညိုသောမျက်နှာလေးမှာ ပေါင်ဒါမှုန်မှုန်လေးတင်၍ ပန်း ရောင်နုနုဆိုးဆေးကို တင်ထားသေးသည်။

ဒေါ်(လ်)လို ကြည်ကြည်လင်လင် ရှင်းရှင်းသန့်သန့်လေး လှ တာမျိုး မဟုတ်ပေမယ့် နိုင်အင်ကြင်းသည်လည်း ညိုချောလေးေ ပါသည်။ အရုပ်အမောင်း ကိုယ်ဟန်ကျစ်လျစ်ကြော့ရှင်းမှုမှာ ဒေါ်(လ် ထက်သာသည်။

ဒါပေမဲ့ သူမ အလိုမကျတာ အလုအပကိုမြှတ်နိုးခုံမင် လွ တာပဲဖြစ်၏။ မိခင်ရင်းဖြစ်သူရဲ့ အကျင့်စရိုက်မျိုး နိုင်အင်ကြင်းထဲ ပါလာတာလားဟု ဒေါ်ကွန့်တွေးမိ၏။

တူမချင်းတူပေမယ့် ဒေါ်(လ်)လောက်မခင်တွယ် မတွယ်ေ မိတာ အဲ့ဒီအကျင့်စရိုက်တွေကို မနှစ်သက်လို့ဘဲဖြစ်သည်။

သူမ မခင်တွယ်သလို နိုင်အင်ကြင်းကလည်း သူမကို အ တစ်ယောက်လို မသတ်မှတ် မတွယ်တာတာလည်း သိပါသည်။

အခု ဘာကြောင့် သူမအနီးရောက်လာကာ မျက်နှာချိုေ လာနှုတ်ဆက်နေသည်မသိ။

နိုင်အင်ကြင်းကို ဒေါ်ကွန့်မနှစ်သက် သဘောမကျသော်လ နိုင်ထက်စီးနင်းမပြုခဲ့ဘူးပါ။ ဒေါ်(လ်)က သူမဘဝကို စာနာ၍ခေါ် သလို မိဘမဲ့တူမလေးမို့ ဒေါ်ကွန့်ညာတာ ထောက်ထားစိတ်ကေ တော့ ထားပါသည်။





အနားမှာရပ်ပြီး သူမပန်းခူးနေတာကိုကြည့်နေတာမို့ ဒေါ်ကွန့် နှုတ်ဆိတ် မနေနိုင်တော့ပါ။

"နှင်းဆီပန်းလိုချင်လို့လား တူမကြီး"

"နှင်းဆီပန်းကိုတော့ အင်ကြင်းကြိုက်တယ် ဒါပေမဲ့ အင်ကြင်း ပန်းမပန်တတ်ပါဘူး ဒေါ်လေးရဲ့အိမ်ထဲမှာနေရတာ ပျင်းလို့ဆင်းလာတာ"

"ဒေါ်(လ်)လေးမရှိဘူးကွဲ့"

"သူ့အခန်းထဲမှာရှိပါတယ် ဖုန်းဆက်နေတယ် ကိုဒီဇိုင်းဆီ ထင်တယ်"

"ဩော် မောင်ဇိုင်းဒီနေ့ လာမယ်ထင်တယ်"

"ကိုဇိုင်းက ဒေါ်(လ်)ကိုတော်တော်ကူညီတာပဲနော် ဒေါ်(လ်) ရဲ့စီးပွားရေးလုပ်ငန်းတွေကို ဘာအကျိုးအမြတ်မှမရဘဲ ကူညီနေတာဆို တော့ အတော်သဲယောဇဉ်ကြီးလို့ထင်တယ်"

နိုင်အင်ကြင်းက တအံ့တဩ မျက်ဝန်းလေးတွေနှင့် တည် တည်ကလေး မေးနေတာမို့ ဒေါ်ကွန့်မော့ကြည့်ပြီး ခေါင်းညိတ် ပြလိုက်မိသည်။

"ဟုတ်တယ်ကွဲ့ အရင်ကတည်းက ခြံချင်းကပ်ဆိုတော့ နှစ်အိမ် တစ်အိမ်ဖြစ်နေတာပေါ့ မိဘတွေကလည်း စီးပွားဘက်တွေလေ"

"သူကသိပ်တည်တယ်နော် နေပါဦးဒေါ်လေးရဲ့ သူ့ညီက သူနဲ့နည်းနည်းလေးမှ မတူဘူးလား စပ်စုတယ် မအောင့်မေ့ပါနဲ့နော်



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းသူညီကို တစ်ခါမှ မတွေ့ဘူးလို့ မေးကြည့်မိတာပါ"

နိုင်အင်ကြင်း မျက်ဝန်းလေးတွေက တကယ့်ကို ရိုးရိုးသားသား တည်ကြည်နေတာမို့ ဒေါ်လေးကွန့်လည်း လိုလားထက်သန်စွာနှင့်ရှင်းပြမိ၏။

"ညီအစ်ကိုရင်းချာတွေပဲ တူမကြီးရယ် ရုပ်တွေကတူပါတယ် အဲ အမူအကျင့်စရိုက်လေးတွေသာ မတူကြတာကွဲ့ အသက်ကလည်း ငါးနှစ်ကျော်ကွာကြတယ်လေ မောင်ဇိုင်းကတော့ တကယ်တော်တဲ့သူပါ၊ အစ်ကိုကြီးပီပီ ဖခင်ရဲ့လုပ်ငန်းတွေကို ဆက်ဦးစီးလုပ်ကိုင်တယ် သူ့ရဲ့မွေးမြူရေးခြံကြီးက တကယ့်အကျယ်ကြီးလေ နွားနွားမတွေ ဆိတ်တွေ၊ သိုးတွေမှမနည်းဘူး အခု မောင်ဇိုင်းလက်ထက်မှာ နို့ဆီလုပ်ငန်းနဲ့ အသားစည်သွပ်ဘူးလုပ်ငန်းကို ဆက်တိုးခဲ့တာ အောင်မြင်တယ်ကွဲ့"

ဒေါ်လေးကွန့်ပြောသမျှ နိုင်အင်ကြင်း ခေါင်းကလေးညိတ်ကာ နားထောင်နေရင်း

"အင်း ဒေါ်လေးပြောမှ ကိုဇိုင်းအကြောင်းသိရတယ် ဒေါ်(လ်)က ကိုဇိုင်းအကြောင်းထက် မှန်းဇုန်အကြောင်းပဲ ပြောပြတယ်"

"အင်း မှန်းဇုန်က သူနဲ့သက်တူရွယ်တူလောက်ပဲရှိတာလေ အထက်တန်းကျောင်းတုန်းက ကျောင်းသွားဖော် ကစားဖော်တွေကိုး မောင်ဇိုင်းက သူတို့နှစ်ယောက်ကို စောင့်ရှောက်ထိန်းကျောင်းခဲ့သူပေါ့"

"အင်း ဒါကြောင့် ဒေါ်(လ်)က မှန်းဇုန်ကို သံယောဇဉ်ပိုတွယ်





နေတာ ဖြစ်မယ်ထင်တယ်နော်"

နိုင်အင်ကြင်းမသိမသာ စကားလေး အစ်ထုတ်တော့ ဒေါ်လေးကွန့် နှင်းဆီပန်းရိုးကိုညှပ်တော့မည့် ကတ်ကြေးကို ပြန်ရုတ်သိမ်းရင်း

"အဲ့ဒီလိုလည်း မဟုတ်ပါဘူး ရွယ်တူဆိုတော့ ပိုပြီးခင်မင်တဲ့ သဘောပါကွယ် မောင်ဇိုင်းကိုတော့ အစ်ကိုရင်းလို တွယ်တာတယ် ထင်တယ်"

စကားကို ဂရုတစိုက်ပြောနေသော ဒေါ်လေးကွန့်ကို နိုင်အင်ကြင်းအပြုံးရိပ်ထင်သော မျက်ဝန်းတွေနှင့် ကြည့်ရင်း ရင်ထဲကကြိတ်ပြုံးမိသည်။

တော်တော်လည်း ရယ်စရာကောင်းတဲ့ ဒေါ်လေးကွန့်ပါလား။ ရွှေအိမ်စည်မှာ သူကလူကြီး အရာရာကိုသိသည်။ တတ်သည်လို့ ထင်နေခဲ့တာ တကယ်တမ်းကျ သူမသိတာတွေ ကျန်နေသေး၏။

"ဒေါ်လေးကပိုသိမှာပေါ့ အင်ကြင်းကတော့ ဒေါ်(လ်)လေးနဲ့ အခုနိုင်ငံခြားကပြန်လာတော့မယ်ဆိုတဲ့ မှန်းဇုန်တို့က ချစ်နေတယ် ထင်တာပဲ"

"အို ပေါက်ပေါက်ရှာရှာ"

ဒေါ်လေးကွန့်ပုံစံက အလန့်တကြားဖြစ်သွားတာ အထင်အရှား။ နိုင်အင်ကြင်းကို မော့ကြည့်သည့် မျက်ဝန်းတွေထဲမှာ စိုးရိမ်မှုတွေ အကြောင်း တောက်ပနေသည်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဒေါ်လေးရဲ့ မုန်းဇုန်ဆိုတဲ့ကောင်လေးက အရုပ်ဆိုးလို့လား"

နိုင်အင်ကြင်းမေးတော့မှ ဒေါ်လေးကွန့် ပျက်သွားသော မျက်နှာကို ကသောကမျောပြင်လိုက်ရင်း

"မုန်းဇုန်လေးက ခင်စရာကောင်းပါတယ် ရုပ်ကလေးက ချော ချောလှလှလေးပါပဲ မျက်နှာပွင့်တယ်လို့ ခေါ်ရမယ်ထင်တယ် အင် ဒါပေမဲ့ သူနဲ့ဒေါ်(လ်)လေး အိမ်ထောင်ပြုမှာကိုတော့ ဒေါ်လေး သဘော မတူနိုင်ပါဘူး"

"ဒါတော့ ဒေါ်လေးရယ် ဒါက ဒေါ်(လ်)ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပဲ၊ ဒေါ်လေးနဲ့အင်ကြင်းတို့က ဝင်စွက်ဖက်လို့ သင့်တော်ပါ့မလာ တားမြစ်တယ်ပဲထားဦး ဒေါ်(လ်)လက်ခံပါ့မလား"

နိုင်အင်ကြင်း ချက်ကျကျလေး တုံ့ပြန်လိုက်တော့မှ ဒေါ်လေ ကွန့် လွန်ကျွံသွားသောသူ့စကားကို သူပြန်သတိရသွားပုံနှင့် ပင့်သက်ရှိုက် သည်။ ပြီးမှ

"အင်း တူမကြီးပြောတာလည်း မှန်ပါတယ် ဒေါ်လေးကတော့ ကိုယ့်တူမလေးအတွက် ချိန်ဆပြီး ပြောမိတာပါ အိမ်ထောင်ရေးဆိုတာ မိန်းကလေးတစ်ယောက်အတွက် အရေးကြီးတယ်လေ အင်း သင် အင်ကြင်းလည်း မကြာခင် မောင်မုန်းဇုန်ကို မြင်ဖူးသိကျွမ်းတော့မှာ အဲ့ဒီကျမှ အကဲခတ်ကြည့်ပေါ့ကွယ်"





ဒေါ်လေးကွန့်စကားကြောင့် နိုင်အင်ကြင်း ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ်လေး ဖြစ်သွားရသည်။

မုန်းဇုန် တဲ့။

ဘယ်လိုယောကျ်ားမျိုးလဲ မသိ။ အစ်ကိုဖြစ်သူ ဒီဇိုင်းဆိုတဲ့ ရေခဲတုံးလို ပုဂ္ဂိုလ်ကြီးမျိုးတော့ ဟုတ်ဟန်မတူပါ။

ဒေါ်(လ်)လေးနဲ့သက်တူရွယ်တူဆိုတော့ လူငယ်လေး တစ်ယောက်ပဲ ဖြစ်မှာသေချာသည်။ ဟိတ်ကြီးဟန်ကြီးတစ်ခွဲသားနှင့် ဒီဇိုင်းလိုမဟုတ်ဘူးဆိုကတည်းက အင်ကြင်းမြင်တွေ့ချင်လှသည်။

ဒေါ်လေးကွန့်လို ပူညံ ပူညံနှင့် ဇီဇာကြောင်တတ်သော အဘွားအိုကြီးတွေကတော့ လူတစ်ယောက်ကို ပုံစံခွက်ထဲ ပစ်ထည့်ချင်ကြတာလေ။

အင်ကြင်းကတော့ မုန်းဇုန်ဆိုတဲ့ ယောကျ်ားကို အကဲခတ်ချင်ပါသေး၏။

ဒေါ်(လ်)လေးဆီကို လေးနှစ်လုံးလုံး စာလေးတွေရေးကာ ပို့ပေးနေသော ချစ်သူ မုန်းဇုန်။

ရင့်ကို အင်ကြင်း ဆုံချင်ပါပြီ ချာတိတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

စာကြည့်ခန်းထဲကအဖြတ်မှာ အင်ကြင်းမျက်လုံးတွေက မရည်ရွယ်ဘဲ အခန်းတံခါးရှေ့ ကြမ်းပြင်မှာကျနေသော စာအိတ်ကလေးကို မြင်တွေ့သွားခဲ့သည်။

အင်ကြင်းမျက်ဝန်းလေးတွေ လက်ခနဲတောက်ပသွားတာ စာအိတ်ကို ကောက်ယူလိုက်မိသည်။

ထင်သည့်အတိုင်းပါပဲ။ နိုင်ငံခြားတံဆိပ်ခေါင်းတပ် စာအိတ်ကလေး။ အထဲမှာလည်း ဒေါ်(လ်)ရင်တလုပ်လုပ်ခုန်စွာဖတ်ရှုခဲ့သည့် စာကလေးရှိနေခဲ၏။

မျက်ခုံးကလေး တွန့်ကွေးသွားကာ အင်ကြင်းစာလေးကို ဖွင့်ဖတ်လိုက်သည်။





ဝိုင်းစက်ညီညာသော လက်ရေးလေးတွေက သွက်သွက်ကလေးရေးထားပေမယ့် လှပပါသည်။ ဒေါ်(လ်)ပြောပြခဲ့သည့်အတိုင်း မှန်းဇုန် ပြန်လာမည့်အကြောင်းရေးထားတာဖြစ်၏။

ပြီးတော့ လေးနှစ်ကျော်ဝေးကွာနေသော ချစ်သူဒေါ်(လ်)ကို ပြန်မြင်တွေ့ရမှာမို့ ရင်ခုန်နေသည်တဲ့။ အင်ကြင်းစာလေးကို ခိုးကြောင်ခိုးဝှက်ဖတ်ရင်း ပြုံးလိုက်မိသည်။

ထိုအခိုက်မှာပင် ဧည့်ခန်းဆီမှ ရိပ်ခနဲမြင်လိုက်ရသော လူရိပ်ကြောင့် အင်ကြင်းစာကလေးကို စာအိတ်နှင့်လုံးချေကာဆုပ်ကိုင် ဖွက်လိုက်မိ၏။

ဧည့်ခန်းဆီမှ အင်ကြင်းရှိရာကို မားမားမတ်မတ်ရပ်ကြည့်နေသူကဒီဇိုင်းဆိုသော ပုဂ္ဂိုလ်မှန်းအင်ကြင်းသိလိုက်ပါသည်။

"ဩော် ကိုဒီဇိုင်း ရောက်နေတာကိုး"

ခိုင်အင်ကြင်းနှုတ်ကပြောရင်း ခြေလှမ်းတွေက ဧည့်ခန်းဘက်ဆီလှမ်းခဲ့သည်။

ရပ်ကြည့်နေဆဲ ဒီဇိုင်းရှေ့မှောက်မှာပဲ အင်ကြင်းလက်ထဲကလုံးချေထားမိသော စာအိတ်နှင့်စာလေးကို အခန်းထောင့်က အမှိုက်ခြင်းထဲ ပစ်ထည့်ပစ်လိုက်သည်။

မှန်းဇုန်ရဲ့စာတွေကို မြတ်မြတ်နိုးနိုးသိမ်းထားတတ်သော ဒေါ်(လ်)သိရင် နှမြောတသဖြစ်မည်လားမသိ။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ဦးလေ ကိုဒီဖိုင်း"

"ဟုတ်ကဲ့ ဒေါ်(လ်)မရှိဘူးလား နိုင်အင်ကြင်း"

နှုတ်က ဟုတ်ကဲ့ဆိုပေမယ့် ဒီဖိုင်းအသွင်က ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ခြင်းမရှိပါ။ ဒေါ်(လ်)ကိုပဲမေးနေတာမို့ အင်ကြင်းစိတ်ထဲမှာ မျက်ခနဲတော့ ဖြစ်ရ၏။

"ဒေါ်(လ်) မြင်းဇောင်းဘက်မှာထင်တယ် အသေအချာတော့ မသိဘူး အင်ကြင်းလည်း စာကြည့်ခန်းထဲဝင်နေလို့"

"ကျေးဇူးပဲ"

စကားကို ယတိပြတ်ပြောကာ ဒီဖိုင်းဧည့်ခန်းထဲက လှည့်ထွက်သွားခဲ့သည်။

တစ်ယောက်တည်း မတ်တပ်ရပ်ကျန်ရစ်ခဲ့ရင်း အင်ကြင်းနှုတ်ခမ်းပါးလေးတွေ တင်းခနဲဖြစ်သွားခဲ့၏။

မြင့်မားသော အရပ်အမောင်းနှင့် ပခုံးကားကား ရင်အုပ်ကျယ်ကျယ် ဒီဖိုင်းအသွင်က စမတ်ကျကျရှိတာ စမြင်စကတည်းက နိုင်အင်ကြင်း သတိထားမိပါသည်။

ရှပ်ပြာလက်ရှည်ကို လက်မောင်းအထိ ခေါက်တင်ပြီး ဂျင်းအနက်နှင့်တွဲဘက်ဝတ်ဆင်ထားပုံက ခန့်ညားတည်တံ့လှသည်။ ဆံပင်ကတိုတိုမို့ ရှင်းသန့်တည်သော မျက်နှာအလှကို ပေါ်လွင်စေ၏။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း အပြစ်ဆိုစရာမရှိအောင်





ချောမောသူမို့ စိမ်းမြနေအောင် ရိတ်သင်ထားသော နှုတ်ခမ်းပါးသိုင်းမွှေးများသာ ရှိလျှင် ကောင်းဘွိုင်မင်းသားနှင့်တူနေမှာသေချာသည်။

မေးရိုးတင်းတင်းကို ပေါ်လွင်အောင်စေ့ထားသော နှုတ်ခမ်းဖျားနှင့်အေးစက်တည်ငြိမ်လွန်းသော မျက်ဝန်းတွေကိုတော့ အင်ကြင်းအလိုကျခဲ့တာ စတင်ဆုံတွေ့ခဲ့စဉ်ကတည်းကဖြစ်၏။

ဒါ ဒေါ်(လ်)ရဲ့အစ်မဝမ်းကွဲဟု ဒေါ်(လ်)မိတ်ဆက်ပေးခဲ့စဉ်က သူ့အကြည့်တွေရဲ့ အေးစက်မှုကို အင်ကြင်းခံရခက်ခက်ဖြစ်ရသည်။

တော်တန်ရုံယောက်ျားတစ်ယောက်အတွက်တော့ အင်ကြင်းရဲ့ အရိပ်ကို နစ်ခါတော့ပြန်ငဲ့ကြည့်တတ်ရစမြဲ။ သူ့ကျမှ အင်ကြင်းကို အလေးမထားသလို ကြည့်တာတော့ ဒေါသဖြစ်ရသည်။

နောက်ပိုင်းမှာ ဒေါ်(လ်)ပြောပြသော သူ့အကြောင်းတချို့နှင့် သူညီမုန်းဇုန်ဆိုသော ဒေါ်(လ်)ရဲ့ချစ်သူအကြောင်းသိလိုက်ရတော့ နိုင်အင်ကြင်း မာနစိတ်လေးကို တစ်ထစ်လျှော့ခဲ့သည်။

ယောက်ျားပီသပြီး တည်တံ့သော သူ့စတိုင် သူ့အရည်အချင်းတွေက မိန်းမသားတစ်ယောက်အတွက် ရင်ခုန်စွဲမက်စရာဆိုတာ အင်ကြင်း မငြင်းဆိုနိုင်ပါ။

ဒါကြောင့်လည်း သူနှင့်ခင်မင်ခွင့်ရအောင် အင်ကြင်းကြိုးစားကြည့်မိဖူးသည်။ မာနစိတ်လေးလျှော့ကာ ကျွမ်းဝင်အောင် လုံးပမ်းကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ထိမထင်သော သူ့မျက်ဝန်းတွေက အင်ကြင်းကို သရော်ဟန် ဥပက္ခာပြုရောင်လွှဲသွားခဲ့သည်ချည်းဖြစ်သည်။

အင်ကြင်းအတွက် ပို့မိုပြီးခံရခက်စရာဖြစ်ခဲ့ရသည်က ဒီဇိုင်းဆိုသောသူရဲ့ မျက်ဝန်းထဲက အရိပ်တွေကို အကဲခတ်တတ်ခဲ့ချိန်မှာဖြစ်လေသည်။

အင်ကြင်းအပေါ်မှာဂရုမစိုက် ဥပက္ခာပြုခဲ့သော သူ့မျက်ဝန်းထဲမှ အေးစက်မှုများသည် ဒေါ်(လ်)နှင့်ဆုံတွေ့ချိန်မှာတော့ အံ့ဩစရာကောင်းလောက်အောင် အရောင်ပြောင်းသွားတတ်၏။

ယောက်ျားတစ်ယောက်ရဲ့ မျက်ဝန်းထဲက အရိပ်တွေကို အကဲခတ်တတ်ခဲ့တာ အင်ကြင်းအတွက် ခက်ခဲတဲ့ကိစ္စမှ မဟုတ်ခဲ့ဘဲလေ။

တက္ကသိုလ်မှာတုန်းက ရည်းစားတွေအများကြီးထားခဲ့၊ အချစ်ကိုကစားခဲ့ဖူးသော အတွေ့အကြုံတွေက အင်ကြင်းအတွက် ပြည့်စုံပြီးသား။ ဒီဇိုင်းဆိုသော ယောက်ျားက ဒေါ်(လ်)ကိုချစ်နေတာပဲ ဖြစ်သည်။ ဒေါ်(လ်)အပေါ် ဆက်ဆံပြုမူပုံတွေ အကြည့်တွေကို အကဲစပ်လိုက်ရုံနှင့် အင်ကြင်းသိခဲ့ပါသည်။

လောကကြီးက ရယ်စရာတော့ အကောင်းသား။

ဒီဇိုင်းငြိတွယ်နေသော ဒေါ်(လ်)နှလုံးသားက မုန်းဇုန်အတွက်ဖြစ်နေတာ ဒီဇိုင်း မသိရှာပါ။





ဒေါ်(လ်)ကလည်း ချစ်သူစကားကို နားခံတတ်သော မိန်းကလေးတစ်ယောက်ပါပဲ။ မုန်းဇုန်က အသိမပေးနဲ့ဆိုတာနဲ့ ဒီဇိုင်းကိုလည်းဖွင့်မပြော ဒေါ်လေးကွန့်ကိုလည်း အသိမပေး နေတတ်သူ။

အင်ကြင်းတော့ သူမခံစားချက်တွေကို ဖွင့်ဟဝန်ခံရင်း ပြောပြတာမို့ သိခဲ့ရခြင်းဖြစ်သည်။

အနာဂတ်ကို တွေးကြည့်ရုံနှင့် အင်ကြင်းစိတ်ထဲမှာ ဝမ်းသာကြည်နူးမိသည်။

မုန်းဇုန်နှင့်ဒေါ်(လ်)ကြားက နှောင်ကြိုးကို ဘယ်သူက ဖြတ်တောက်ပစ်နိုင်မှာတဲ့လဲ။

ဒေါ်လေးကွန့်လား။ ဒီဇိုင်းလား။

သနားစရာကောင်းလိုက်တဲ့ နှစ်ယောက်။ အဲ့ဒီနှစ်ယောက်စလုံးကို အင်ကြင်းကြည့်မရတာ အမှန်။

စိတ်တော့မကောင်းပါဘူး ကိုဒီဇိုင်း။

အင်ကြင်းကို ဥပက္ခာပြုခဲ့သလို ရှင့်နှလုံးသားကိုလည်း ဥပက္ခာပြုထားတဲ့ သူတစ်ယောက်ရှိနေအောင် ကံကြမ္မာက ဖန်တီးထားတာ။

ရှင်ဘယ်လောက်အထိ ဟန်ဆောင်ကောင်းမလဲ ဒီဇိုင်းရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"တိမ်လွှာ စား စားလေ ဟယ်" .

ဖြူဖွေးသွယ်တန်းသော လက်ချောင်းလေးတွေကို ဆန့်တ[illegible] ပြီး မြင်းမကလေး တိမ်လွှာပြာကို ကြံသကာခဲတွေ ကျွေးနေသော ဒေါ်(လ်)ကို ဦးစံမောင် ပြုံးပြုံးကြီး ကြည့်နေမိသည်။

ရွှေအိမ်စည်ရဲ့ အရှင်သခင်ကြီးမရှိတော့ပေမယ့် ဘောဘီဒေါ်(လ် ဆိုသော သမီးလေး သံယောဇဉ်ဖြင့် သူဒီခြံကြီးရဲ့ မြင်းဇောင်းမှာ ဆက် နေခြင်းဖြစ်၏။

ငယ်စဉ်ကတည်းက ဆရာကြီးဦးမျိုးမြတ်သူနှင့်အတူ မြ ဇောင်းကိုလိုက်လာတတ်သော ဒေါ်(လ်)လေးကို ဦးစံမောင် သံယော တွယ်ခဲ့ရသည်။





ဆရာကြီးမြင်းစီးနေချိန်မှာ ဒေါ်(လ်)လေးကို သူ့ကျောပေါ် ထမ်းပိုးလျက် မြင်းဇောင်းအနီးမှာချော့မော့ ထိန်းကျောင်းခဲ့ရသည်။

ထိုစဉ်တုန်းက ကလေးမလေးဒေါ်(လ်)သည် အခုတော့လည်း အပျိုကြီးဖားဖား ဖြစ်နေပြီ။

ဖြူဖြူသွယ်သွယ်လေးနှင့်ဒေါ်(လ်) ပြီးတော့ သူ့ကိုမြင်းစီးသင် ပေးဖို့ မကြာခဏပူဆာတတ်၍ သင်ပေးခဲ့ရသောဒီဇိုင်း ဂျစ်ပေပေနှင့် ဘာကိုမှအကြောက်အလန့်မရှိတတ်သော မုန်းဇုန် သူတို့လေးတွေက ဦးစံမောင်ရဲ့ မြင်းဇောင်းမှာ ကျောင်းပိတ်ရက်ဆို ရောက်လာတတ်ကြသူ တွေ။

ဦးစံမောင် အတွေးလေးတွေ ဝေနေတုန်းမှာပဲ မြင်းဇောင်းဆီကို လျှောက်လာသော လူတစ်ယောက်ကိုမြင်သည်။

မျက်မှောင်ကျုံ့ပြီး အသေအချာကြည့်မှ ဒီဇိုင်းမုန်း ဦးစံမောင် သိလိုက်တာမို့

"သမီးကို မောင်ဇိုင်းလာရှာတာထင်ရဲ့"

အဘ ဦးစံမောင်အသံကြားမှ ဒေါ်(လ်)တိမ်လွှာကို ပွတ်သပ်ပြီး ကြံသကာခဲတွေ ကျွေးနေရာက လှည့်ကြည့်မိသည်။

မြင်းဇောင်းဆီသို့ မြေဝါလမ်းလေးအတိုင်း လှမ်းတက်လာသော ကိုကိုဇိုင်းကို ဒေါ်(လ်)လှမ်းမြင်နေရသည်။ ရုပ်ပြာလက်ရည်အင်္ကျီ ဘောင်းဘီအနက်နှင့်ကိုကိုဇိုင်းအသွင်က ခန့်ညားကြည့်ကောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးစံ နေကောင်းတယ်နော်"

"အေး ကောင်းပါတယ် မောင်စိုင်းရဲ့ မင်းလည်းဦးစံဆီ မြင်းစီး ရောက်မလာတာ အတော်ကြာပြီနော်"

"အလုပ်တွေ ရှုပ်နေလို့ ဦးစံရဲ့"

"အေး အေး ဦးစံသိပါတယ်ကွ မင်းစီးပွားရေးသောင်းကျန်း နေတာ အကုန်ကြားတယ် ဟား ဟား"

"ဒေါ်(လ်) သတင်းပို့ထားတာမဟုတ်လား ဟင် ဦးစံ"

"အံမယ် ဦးစံမေးလို့ ဒေါ်(လ်)ကပြောပြပါတာနော်"

ဒေါ်(လ်) မျက်စောင်းလေးချီကာဆိုတော့ ဒီဗိုင်းအပြုံးမပျက် သော မျက်နှာနှင့် ခေါင်းညိတ်သဘောကျစွာရယ်ရင်း

"ဟုတ်ပါတယ် ကိုကိုက ဘာပြောလို့လဲ စီးပွားရေးသောင်း ကျန်းတာမဟုတ်ပါဘူး ဦးစံရာ ရှာနိုင်တဲ့အရွယ်စီးပွားရှာတာပါ အ ကျွန်တော်ထပ်တိုးချဲ့လိုက်တဲ့ နို့ဆီစက်ရုံနဲ့ အသားဘူးစက်ရုံက အဆင်ပြေပါတယ် အလုပ်ကတော့ နားချိန်မရှိအောင်ဖြစ်ကုန်တာပေ ဒီနေ့တောင် ဆန်းဒေးနားရက်မို့လေ"

"အေး အေး မင်းကတော်ပါတယ် ဒါနဲ့ မင်းညီ ဟိုကော ဂျစ်တူးကော နိုင်ငံခြားမှာအဆင်ပြေရဲ့လား"

"ပြေမှာပါ ကျွန်တော့ဆီတော့ စာမရေးဘူး ဟိုကဦးလေး တွေနဲ့တော့ ဖုန်းသတင်းအမြဲကြားပါတယ် အခု သူအလုပ်လုပ်နေ





က်ရုံက စည်သွပ်အသားဘူးစက်ရုံလေ အဲ့ဒီက အတွေ့အကြုံတွေ ရလာရင် အခုကျွန်တော်တည်ထောင်ထားတဲ့ အသားဘူးစက်ရုံက ာနဲ့ အံကိုက်ပဲပေါ့"

ဒီဗိုင်းစကားကြောင့် ဒေါ်(လ်)တွေတွေလေးဖြစ်ရသည်။ ကိုကို င်းက မုန်းဖုန်အတွက် ရည်ရွယ်စီစဉ်ထားသည့် သဘောဆိုတာ ဒေါ်(လ်)ခုမှပဲ သိတော့သည်။

"ကဲ အချိန်လေးရတုန်း ဒေါ်(လ်)နဲ့ကျွန်တော် မြင်းစီးချင်လို့ ဦးစံ"

"ဟေ အေး အေး စီးကြလေကွာ ခြံထဲမှာ မင်းစီးနေကျ သိုကြီးရှိတယ် စီးကျ ဦးစံလည်း လုပ်စရာလေးတွေ လုပ်လိုက်ဦး ယ်ဟေ့"

ဦးစံမောင် လှည့်ထွက်သွားတော့မှ ဒီဗိုင်းက ဒေါ်(လ်)ကို ည့်ကြည့်လာ၏။ တွေတွေလေးကြည့်နေသော ဒေါ်(လ်)ကိုမြင်တော့

"ဟိတ် ကောင်မလေး ဘာကြောင့်ကြည့်နေတာလဲ ဒီနေ့ င်းစီးထွက်ချင်လို့ ဆို"

ဒေါ်(လ်) ခေါင်းကလေး ညိတ်ပြမိသည်။ ဖုန်နှင့်ပတ်သက်ပြီး ဗိုင်းနှုတ်က မမျှော်လင့်သော စကားတို့ကို သိလိုက်ရတာမို့ မင်သက် ခဲ့ခြင်းရယ်ပါ။

"ကဲ ဒါဆို အဝတ်အစားသွားလဲလေကွာ မြင်းစီးမဲ့သူက ထဘီ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ ဘယ်လိုဖြစ်မှာလဲ"

ဒီဇိုင်းဆိုတော့မှ ဒေါ်(လ်)ခေါင်းကလေး ညိတ်ကာ အပြေးလေး လှည့်သွားတော့ ဒေါ်(လ်)ကိုဒီဇိုင်းမျက်တောင် တစ်ချက်မခတ်ဘဲ လှည့်ကြည့်နေမိသည်။

မြတ်နိုးချစ်စိတ်တို့ အရိပ်ထင်နေသော ဒီဇိုင်းမျက်ဝန်းထဲမှာတော့ သိမ်မွေ့သောအပြုံးတို့ အရိပ်ထင်နေဆဲရှိသည်။ ဒေါ်(လ်)သည် သူ့ထံမှအမြဲတမ်းပင် သည်လို ထွက်ပြေးနေခဲ့သည်လား။ လိုက်လေ ပြေးလေဖြင့် သူ့တစ်သက်တွင် ဒေါ်(လ်)ကို ဖမ်းဆုပ်နိုင်ပါတော့မည်လားမသိတော့ပါ။

သူ့အာရုံထဲမှာ ကလေးငယ်တစ်ဦးလို့ပဲ ထင်နေ မြင်နေမိသော ဒေါ်(လ်)ကို သူ့ရင်ထဲက စကားတွေဖွင့်ဟဖို့အတွက် ဘာကြောင့်များ တွေဝေနေခဲ့မိသည်လဲ။ အချစ်စိတ်ဆိုသည်ကလည်း အခက်သား။

ဟိုးငယ်ငယ်ကတည်းက ဒေါ်(လ်)အပေါ်သူ့ဂရုစိုက်အရိပ်တကြည့် ယုယစောင့်ရှောက်ခဲ့သလို အခုချိန်မှာလည်း ဒေါ်(လ်)ကို သူကလေးတစ်ယောက်လိုပဲ ထင်နေမြင်နေမိ၏။ တကယ်ဆို ဒေါ်(လ်) အသက်က ညီဖြစ်သူ မုန်းဇုန်နှင့်မှ ရွယ်တူလောက်ပဲရှိသည်။

အချစ်မှာအရွယ်တွေ အပိုင်းအခြားတွေမရှိကြဟု ဆိုသည့်တိုင် ဒေါ်(လ်)ကို တော့ သူကလေးငယ်တစ်ဦးလို့ပဲ မြင်မိသည်။ ဖြူစင်သော နှလုံးသားနုနုလေးကို ထိခိုက်သွားမှာလည်းစိုးပါသည်။





ဖွင့်ပြောလိုက်ကာမှ သူ့အပေါ်ဒေါ်(လ်)ရဲ့ ဆက်ဆံပြုမူပုံလေးတွေ ရှိုးတို့ရှန်းတန်းနှင့် အရောင်ပြောင်းသွားခဲ့လျှင်အခက်။

စီးပွားရေးလောကထဲမှာ အောင်မြင်မှုတစ်ခု ပိုင်ဆိုင်ရနိုင်ဖို့အတွက် သူ့အရှုံးမပေးတမ်း ကြိုးစားခဲ့ပါသည်။ ဘယ်လိုဒုက္ခ အခက်အခဲကိုမှလည်း မပူခဲ့။ မကြောက်ခဲ့။

ဒေါ်(လ်)ဆိုသော သူ့မကလေးကို ပိုင်ဆိုင်ဖို့ကြမှ ဘာမဟုတ်သောအရာလေးတွေကို အလေးထားတွက်ဆ တွေဝေနေမိသည်လဲ မသိတော့ပါ။

အတိတ်တုန်းက အရိပ်ပုံလေးတွေကို သူ့တယ်တော့မှ မမေ့နိုင်ခဲ့ပါ။

ဖေဖေဦးထွဋ်မြတ်နှင့် ဒေါ်(လ်)ရဲ့ မွေးစားဖခင် ဦးမျိုးမြတ်သူတို့ဟာ စီးပွားဖက်မိတ်ဆွေတွေဖြစ်သည်။ ခြံခြင်းကပ်လျက်နေခဲ့ကြပြီး အိမ်သူသက်ထားတွေ မရှိကြပုံချင်းလည်းတူသည်။

ဦးမျိုးမြတ်သူက နဂိုကတည်းက ဇနီးမယားမရှိတာဖြစ်ပေမယ့် သူ့ဖေဖေ့ရဲ့ဇနီး မေမေကတော့ အငယ်ကောင်မုန်းဇုန်ကို မွေးဖွားပြီး ကွယ်လွန်ခဲ့ရခြင်းဖြစ်လေသည်။

ဒေါ်(လ်)ရွှေအိမ်စည်ကိုရောက်လာတော့ ရှစ်နှစ်သမီးပဲရှိသေး၏။ ဒီဇိုင်းက ဆယ့်သုံးနှစ်သားကျော်နေပြီမို့ ကလေးဘဝကို လွန်ခဲ့ပြီဟုပဲ ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



ညီမရင်းချာ မရှိသော သူတို့ညီအစ်ကို ဒေါ်(လ်)လေးကိုခင်မင်တွယ်တာခဲ့ကြသည်။ မုန်းဇုန်က ရှယ်တူမို့ ကစားဖော်တစ်ယောက်လို တွယ်တာသလို ဒီဇိုင်းကတော့ သူတို့နှစ်ဦးကို ထိန်းကျောင်းပေးရင်း အစ်ကိုကြီးလို အရိပ်တကြည့်စောင့်ရှောက်ရတာမျိုး။

ချစ်ခင်ကြတာခြင်းတူပေမယ့် မုန်းဇုန်က ဒီဇိုင်းလောက် ဒေါ်(လ်)၏အနွံအတာကိုမခံ။ အိမ်မှာလည်း အငယ်ဆုံးပီပီ တစ်ကိုယ်ကောင်းဆန် အနိုင်ယူတတ်မှုက ဒေါ်(လ်)အပေါ်အထိ လွှမ်းမိုးချင်သည်။

အိမ်မှာအတူကစားရင်း ခြေချော်လဲကျလျှင် နေရာက မထဘဲ အော်ငိုဖို့လောက်သာ သိသော ဒေါ်(လ်)ကို မုန်းဇုန်က လက်ညှိုးထိုးကာ ဟားတိုက်ရယ်တတ်၏။

"ဟာ ဇုန် ဘာလို့ဒေါ်(လ်)လဲတာကို အော်ရယ်နေရတာလဲကွာ"

"ရယ်မှာပေါ့ ကိုကိုရ ကစားချင်တော့လည်း သူပဲ၊ လဲကျရင်လည်း အသံပြဲကြီးနဲ့အော်ငိုတာ မရပ်တော့ဘူး"

"ဟာ ဇုန်ကတော့ မလွယ်ပါလား ဒေါ်(လ်)လေး တိတ်တိတ် မငိုနဲ့တော့နော်"

"အင်း နာတယ် နာတယ် အီးဟီး"

"ဟာ ဟုတ်သားပဲ ဒေါ်(လ်)လေးတစ်တောင်ဆစ်မှာ ပွန်းသွားတာပဲ ကဲ ဥုံဖွ ဥုံဖွ"





လက်ဝါးလေးနှုတ်ခမ်းမှာ အာငွေ့ပေးပြီး သူဥုံဖွလုပ်ပေးလိုက်မှ ငိုသံလေးတိတ်သွားတတ်ခဲ့သော ကောင်မလေး။

ပါးနုနုပေါ်က မျက်ရည်စီးကြောင်းလေးတွေကို သူညင်သာဖွဖွ သုတ်ပေးမှ ကျေနပ်တတ်ခဲ့သော ကောင်မလေးအပေါ် သူမြတ်နိုးခြင်းက င်ထဲမှာတယုတရနဲ့ တွယ်ငြိခဲ့သော ချစ်ခြင်းသာဖြစ်လေသည်။

ဒေါ်(လ်)လေးရဲ့ တစ်ဦးတည်းသော အားကိုးရာဖခင် တိမ်းပါးသွားခဲ့တော့ သူပိုလို့ စာနာသနားခဲ့ရသည်။ တကယ်ဆို ဖေဖေက အန်ကယ်ဦးမျိုးမြတ်သူထက် အရင်ဦးစွာ လောကကြီးထဲက ထွက်သွားခြင်းပေမယ့် သူကအရွယ်ရောက်ခဲ့ပြီမို့ ညီလေးမုန်းဇုန်ကို တာဝန်ယူ နိုင်သည်။

ဒေါ်(လ်)လေးခမြာ မိန်းကလေးပီပီ ရင်ဆိုင်ရမည့် အားငယ်မှုတွေ ဝမ်းနည်းမှုတွေရှိမှာသေချာ၏။ စာနာစိတ်နှင့်သူ အစစအရာရာ ကူညီပေးခဲ့၏။

ဒေါ်(လ်)ကလည်း အားကိုးယုံကြည်ခဲ့၏။ ထိုယုံကြည်ကိုးစားများကြောင့်လည်း သူ့ရင်ထဲက ခံစားချက်တွေ ဖွင့်ဟနိုင်ဖို့ ပိုလို့ က်ခဲခဲ့ရသည်ထင်ရဲ့။

အတွေးတို့ မဆုံးခင်မှာပင် ရှေ့အိမ်စည်အိမ်ကြီးဘက်မှ ထွက်လာသော ဒေါ်(လ်)ပုံရိပ်လေးကို သူလှမ်းမြင်လိုက်ရသည်။

အနက်ရောင်လက်ရှည် အကြပ်လေးနှင့် အဖြူရောင်ဘောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘီရှည်ကို ဝတ်ဆင်ထားသော ဒေါ်(လ်)အသွင်က မြူးမြူးကြွကြွလေး လန်းဆန်းနေတာ မြင်ရသည်။

လျှာထိုးဦးထုပ်ဖြူလေးကို ဆောင်းထားသော ဒေါ်(လ်)မျက်နှာ ဝင်းဝင်းလေးက အပြုံးရိပ်တို့နှင့် ဝင်းပရှင်းသန့်နေ၏။

ချစ်စရာကောင်းလိုက်တဲ့ ကလေးရယ်။ အပြစ်ကင်းစင်လှတဲ့ မင်းရဲ့မျက်နှာလေးကို မြင်ရတိုင်း ကိုယ့်ရင်တွေ ချမ်းမြေ့ရတယ်။ တကယ် ပါကလေးရယ် မင်းဘဝလေးကို ဘာဝစဉ် ငြိမ်းချမ်းပျော်ရွှင်နေတာကိုပဲ မြင်ချင်တာ ကိုယ့်ရင်ထဲက ချစ်ခြင်းပဲ။

မင်းနားလည်နိုင်ပါ့မလား ဒေါ်(လ်)ရယ်။

"သွားစို့ ကိုကိုဇိုင်း"

မြင်းဇောင်းရှေ့ရောက်တော့ ဒေါ်(လ်)ရဲ့ တိမ်လွှာပြာဆိုသော မြင်းမလေးက အသင့်၊ သူစီးနေကျရွှေညိုကြီးကလည်း လည်ဆံမွေးတစ် ခါခါနှင့် မတွေ့တာကြာပြီဖြစ်သော သခင်ကိုနှုတ်ဆက်နေသည်။

တိမ်လွှာပြာပေါ် ဒေါ်(လ်)လှမ်းတက်တော့ သူဒေါ်(လ်)ရဲ့ခါး ကျဉ်ကျဉ်လေးကို ဖေးမထိန်းကာ တင်ပေးလိုက်သည်။

တိမ်လွှာပြာက အသားကျလေး ပြေးထွက်သွားသည်။ သည်တော့မှ ဒီဇိုင်း ရွှေညိုကြီးပေါ်လွှားခနဲ ခုန်တက်လိုက်၏။

ရွှေအိမ်စည် ခြံကျယ်ကြီး၏ မြောက်ဘက်တောတန်းလေးက ဒေါ်(လ်)နှင့်သူတို့နှစ်ယောက် မြင်းစီးထွက်နေကျ နေရာလေးပဲဖြစ်သည်။





စိမ်းမြမြသစ်ပင် ခြုံနွယ်လေးတွေနှင့် တောပန်းရောင်စုံလေးတွေ ပွင့်ဖူး နေသော ထိုနေရာလေးကို ဒေါ်(လ်)က သဘောကျသည်။

"ဖေဖေရှိတုန်းကဆို အဲ့ဒီတောတန်းလေးဘက်မှာ ဒေါ်(လ်)တို့ မြင်းစီးထွက်နေကျပေါ့ ကိုကိုဇိုင်းရဲ့"

ဒေါ်(လ်)က ငေးရီရီလေး လှမ်းကြည့်ရင်း သတိတရ ပြော သည်။ သူဒေါ်(လ်)နှင့်ရင်ဘောင်တန်းစီးရင်း ဒေါ်(လ်) မျက်နှာလေး ကို ငေးကြည့်မိ၏။

မဟူရာရောင်ဆံနွယ်တွေက ကျောပြင်ပေါ်မှာ ဝဲဖြာကျလျက် လျှာထိုးဦးထုပ်လေးအောက်မှာ မျက်နှာလေးက အခြေအသမလိုအပ် ဘဲ ဝင်းမွတ်နေသည်။

"ဒြော် ကိုကိုဇိုင်းကို မေးရဦးမယ်"

ဒေါ်(လ်)က သူ့ဘက်လှည့်ကြည့်ရင်း ပြောလိုက်တာမို့ သူပြုံး ပြုံးလေးမေးဆတ်လိုက်ကာ

"ဘာမေးမလို့လဲ ဒေါ်(လ်)ရဲ့ မေးလေ"

"ဒြော် အခု ကိုကိုဇိုင်းအသစ်တည်နေတဲ့ အသားဘူးစက်ရုံ ဘ ဇုန်အတွက်ရည်ရွယ်ထားတာကို ဦးစံကို ပြောလိုက်တဲ့စကားလေ"

"အင်း ဟုတ်တယ်လေ ဒေါ်(လ်)ရဲ့ ဇုန်ကို အလုပ်တစ်ခုနဲ့ ရင်နိုင်မာမာ တည်တည်တံ့တံ့ရှိစေချင်ပြီ အခု သူအလုပ်လုပ်နေတဲ့ စက်ရုံက စည်သွပ်ဘူးတွေ အသားဘူးတွေ ထုတ်လုပ်တဲ့ စက်ရုံဆိုတော



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်အတွေ့အကြုံကောင်းတွေရမှာ သေချာတယ် သူ မြန်မာပြည် ပြန်လာတဲ့ အခါကျရင် အသားဘူးစက်ရုံကို ကျွမ်းကျွမ်းကျင်ကျင် အုပ်ချုပ်နိုင်ပြီလေ"

ကိုကိုဇိုင်းက တည်တည်ငြိမ်ငြိမ်လေးဆိုသည်။ ဒေါ်(လ်) ဘာပြောရမည်မသိ။ မုန်းဇုန်က မြန်မာပြည်ကို ပြန်လာတော့မည်ဆိုတာ ကိုကိုဇိုင်း မသိသေးတာ သေချာ၏။

"သူ အဲဒီမှာ တစ်နှစ်လောက် အလုပ်လုပ်လိုက်ရင် အားလုံး အဆင်ပြေသွားမှာလို့ ကိုယ်တွက်မိတယ် ဘာပဲဖြစ်ဖြစ် အသက်အရွယ် နဲ့အတူ ရင့်ကျက်မှုလေးတော့ ရလာမှာပါ"

ကိုကိုဇိုင်း လေးလေးနက်နက်ပြောနေလေလေ ဒေါ်(လ်)ရင် ကလေး ပူရလေလေဖြစ်ရသည်။

ကိုကိုဇိုင်းရဲ့ မျှော်လင့်ချက်တွေက မုန်းဇုန်အတွက် စနစ်တကျ ရှိလှ၏။ ဒါပေမဲ့ မုန်းဇုန်က လက်ရှိအလုပ်ကထွက်ကာ မြန်မာပြည် ပြန်လာတော့မှာဆိုတော့ ကိုကိုဇိုင်း သိသွားလျှင် ဘာတွေဖြစ်လာမည် နည်း။

ကြိုတွေးမိရုံနှင့်ဒေါ်(လ်) စိတ်ညစ်နေရသည့် အဖြစ်ပါလား။

အားလုံးက သတ်မှတ်ထင်မြင်ထားကြသလို မုန်းဇုန်က မရင့်ကျက်သောသူတစ်ယောက် ဖြစ်နေပြီထင်ပါရဲ့။

"ဒေါ်(လ်)လေး ဘာတွေ တွေးနေတာလဲ"





"ရှင် ဟို အဲ ဘာမှ မတွေးပါဘူး ကိုကိုဇိုင်းရဲ့"

"ကဲ ကိုယ်တို့ တောင်တန်းအဆုံးအထိ စီးကြရအောင်နော် ပြီးရင် ခြံတစ်ပတ်စီးပြီးပြန်ကြတာပေါ့"

ဒေါ်(လ်)ခေါင်းကလေးပဲ ညိတ်ပြမိသည်။ ကြည်လင်နေသော စိတ်ကလေးကတော့ မုန်းဇုန်ကြောင့်များ ပျက်ဆီးခဲ့ရပြီထင်ပါရဲ့။ မုန်းဇုန် ပြန်လာမည်ဆိုသော သတင်းကြောင့် ဝမ်းသာခဲ့ရပေမယ့်

ကိုကိုဇိုင်းရဲ့အစီအမံတွေကို သိလိုက်ရပြန်တော့ မပျော်ရွှင်နိုင် ပါ။ သည်ကိစ္စမှာ ကိုကိုဇိုင်းဘက်က မှန်နေတာ အသေအချာ။

မုန်းဇုန်အနေနှင့် မြန်မာပြည်ပြန်လာလျှင် ရင့်ကျက်သင့်ပြီ ပေါ့။ သည်မှာ ကိုကိုဇိုင်းက အားလုံးအသင့်ဖြစ်အောင် စီစဉ်ပေးထား ခဲ့တာကိုတော့ မုန်းဇုန်နားလည်သင့်၏။

ခုချိန်မှာ ဒေါ်(လ်)ဖွင့်ပြောလို့ သင့်ပါ့မလား။ မုန်းဇုန်ကို ကိုကို ဇိုင်း သိပ်ဒေါသဖြစ်သွားမှာ သေချာသည်။

ဒေါ်(လ်) ဘယ်လိုလုပ်ရမလဲ မုန်းဇုန်ရယ်။

စိတ်ညစ်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဒါများ ဘာစိတ်ညစ်စရာရှိလို့လဲ ဒေါ်(လ်)ရဲ့ သူတို့ညီအစ်ကိုစွနဲ့ ကိုယ်နဲ့အနေသားကြီးပဲ"

"ဒီလိုတော့ပြောလို့မရဘူးလေ မမအင်ကြင်းရဲ့ ဇုန်က ဒေါ်(လ်)ရဲ့ချစ်သူ ကိုကိုဇိုင်းကလည်း အစ်ကိုကြီးဆိုလည်း ဟုတ် ကျေးဇူးရှင်ဆိုလည်း ဟုတ်တယ်လေ၊ အခု ဇုန်ဆီကစာကြောင့် သူပြန်လာမှာ ဒေါ်(လ်)သိရက်နဲ့ သိုဝှက်ထားမိတာ မကောင်းဘူးထင်တယ်"

ဒေါ်(လ်) တွေးတွေးဆဆလေးပြောတော့လည်း မှန်သည်ဟု အင်ကြင်းလက်ခံမိ၏။ ပြီးတော့ အာရုံထဲမှာ ဒီဇိုင်းမျက်နှာကို မြင်ယောင်လာမိ၏။ အေးစက်စက်မျက်ဝန်းတွေနဲ့ အရေးမထား ဂရုမစိုက်သလို ဆက်ဆံတတ်သော အမြူအမူတွေကို ဘယ်အချိန်ပြန်တွေး ကြည့်ကြည့် အင်ကြင်းနာကျင်ခံရခက်စေသည်။





ဟိတ်ဟန်ကြီးတစ်ခွဲသားနဲ့ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ ရှင့်ထင်မြင်ချက်တွေ လုပ်ရပ်တွေ ဘာမှဖြစ်မလာနိုင်တာ သိသွားရင် ရှင်ဘယ်လိုနေမလဲ ဒီဇိုင်း ။

"ဒေါ်(လ်) ဘာလုပ်သင့်သလဲ မမအင်ကြင်း ဇုန်ရဲ့ကိစ္စ ကိုကိုဇိုင်းကို အသိပေးလိုက်သင့်သလား ဟင်"

"အင်း ပေးသင့်တယ် ဒါဆို ဒေါ်(လ်) သိုဝှက်ထားရာ မရောက်တော့ဘူးပေါ့"

အင်ကြင်း တမင်ကို အကြံပေးပစ်လိုက်သည်။ မုန်းဇုန်ဆိုတဲ့ ခုတိတ်ရောက်မလာခင် ဒီဇိုင်းဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ ရှုံးရှုံးရားရှားဒေါသကို မြင်တွေ့ချင်လွန်းလို့လေ။

"အင်း ဒီမနက် ဂျမ်းတို့အိမ်သွားဖို့ ကိုကိုဇိုင်းလာခေါ်မယ်တဲ့ အဲ့တမ်းကျမှ ဒီကိစ္စကို အသိပေးလိုက်တာကောင်းမယ်"

အင်ကြင်းအကြံပေးချက်ကြောင့် ဒေါ်(လ်) ယတိပြတ်လေး ဆုံးဖြတ်လိုက်ပုံရ၏။ အင်ကြင်း ဒေါ်(လ်)ကိုမကြည့်ဘဲ ကြိတ်ပြုံးလိုက်မိသည်။

ခြံထဲက နှင်းဆီရုံတွေနားမှာ အင်ကြင်းလမ်းလျှောက်နေတုန်းမှာ ဒီဇိုင်း၏ အနက်ရောင် MARK II ကားကြီး မောင်းဝင်လာသည်။

ကွန်ကရစ်လမ်းလေးအတိုင်း မောင်းနှင်ဝင်လာသော ကားကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ဒီဇိုင်းမျက်ဝန်းတွေက အင်ကြင်းကိုမြင်တွေ့သွားခဲ့၏။ ထုံးစံအတိုင်း အေးစက်သော အကြည့်တစ်ချက် တဒင်္ဂလွင့်စင်လာပြီး ဒီဇိုင်းမျက်ဝန်းတွေ ပြန်ရုတ်သိမ်းသွားခဲ့သည်။

အင်ကြင်းနှုတ်ခမ်းပါးလေးတွေ တင်းတင်းစေ့လို့ အံလေးကြိတ်ကာ ပြုံးလိုက်မိ၏။ ဆယ်မိနစ်လောက် အကြာမှာတော့ အိမ်ထဲမှာ ယှဉ်တွဲထွက်လာသော ဒီဇိုင်းနှင့်ဒေါ်(လ်)ကို အင်ကြင်းမြင်လိုက်ရပါသည်။

ပိတောက်ခြောက်ရောင် ဝမ်းဆက်လေးနှင့် ဒေါ်(လ်)အသွင် လေးက ယဉ်ယဉ်လေးလှနေတာတော့ အမှန်။ ဒီဇိုင်းအသွင်ကလည်း အပြာနုရောင်စပို့ရှပ်လက်တိုကို အနက်ရောင်ဘောင်းဘီရှည်နှင့် တွဲဝတ် ထားတာမို့ တည်ကြည်ခန့်ငြားစွာ ကြည့်ကောင်းနေခဲ့၏။

လိုက်ဘက်ညီသော နှစ်ယောက်ဟု အင်ကြင်းစိတ်က အလို မကျပေမယ့် မှတ်ချက်ကလေးတော့ပြုမိသည်။

ညှော့ခန်းတံခါးဝအထိ လိုက်ပို့သော ဒေါ်လေးကွန့်မျက်နှာကြီး ကလည်း ပီတိတွေနဲ့ပြုံးနေလိုက်တာ အင်ကြင်းအမြင်တောင်ကပ်ချင်မိ၏

အင်ကြင်းအပေါ်မှာသာ ဒီဇိုင်းက တည်တည်ကြည်ကြည် ဆက်ဆံတတ်တာ။ အခုကျတော့လည်း ဒေါ်လေးကွန့်ကို အပြုံးရိပ်ဖျော့ နှင့်ရယ်မော နှုတ်ဆက်နေတာ အင်ကြင်းမြင်နေရသည်။

နှစ်ဦးသား ကားပေါ်တက်မောင်းထွက်သွားတဲ့အထိ ဒေါ်လေး ကွန့် အပြုံးမျက်နှာနဲ့ကြည့်နေပုံက အမြင်ကပ်စရာ ကောင်းလိုက်တာ





"မမအင်ကြင်း တာတာ့"

ကားကြီးပေါ်ကနေ လက်ကလေးမြှောက်ပြီး ဒေါ်(လ်)နှုတ်ဆက် နေတာမို့ အင်ကြင်းအပြုံးယဲ့ယဲ့နဲ့ ပြန်လက်ပြနှုတ်ဆက်လိုက်ရသည်။

ကွန်ကရစ်လမ်းကလေးအတိုင်း မောင်းထွက်သွားသော ကားကြီးကို အင်ကြင်းအားကျသလို ငေးကြည့်နေမိရင်း ရင်ထဲမှာ ခံနတိုချင်သလို ဖြစ်မိ၏။

ဘာကြောင့်များ ဒေါ်(လ်)နှင့်ယှဉ်လျှင် အင်ကြင်းအရာရာတိုင်း မှာ ရှုံးနိမ့်နေရတာလဲ မသိပါ။ ဦးမျိုးမြတ်သူရဲ့ တူမဝမ်းကွဲချင်းအတူတူ ရွှေအိမ်စည်ရဲ့ အရှင်သခင်မဘဝကို ပိုင်ဆိုင်ခွင့်ရခဲ့သူက ဘေဘီဒေါ်(လ်)။

အင်ကြင်းဘဝကတော့ မပြည့်စုံသောမိဘတွေ အရိပ်အောက် မှာ ချို့တဲ့စွာနှင့်ရှင်သန်ကြီးပြင်းခဲ့ရသည်။ ဖေဖေကလောင်းကစားမှုနှင့် ထောင်ကျကာ ထောင်ထဲမှာ ဆုံးပါးခဲ့သည်။

မေမေကလည်း အင်ကြင်းဘဝကို စောင့်ရှောက်တာဝန်ယူ နိုင်ခဲ့သော မိခင် မဟုတ်ခဲ့ပါ။

တွေးလိုက်မိတိုင်း အင်ကြင်းစိတ်မှာ ဒဏ်ရာအနာတွေက ခါးသီးသီး ပေါ်လာရ၏။

ဖေဖေမရှိတော့ ချို့တဲ့စွာနှင့်မပြီးဆုံးသေးသော ပညာရေးကို ပြီးဆုံးအောင် အင်ကြင်းကြိုးစားခဲ့ရ၏။ မေမေက အိမ်ခြံမြေပွဲစားအလုပ် ကို လုပ်သည်ဟုပဲ အင်ကြင်းသိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေနှင့်တွဲကာ ဘဝကိုရုန်းကန်နေခဲ့သည့် မေမေ့ အလုပ်ကို အင်ကြင်းသဘောမကျပေမယ့် ဘာမှမတတ်နိုင်ခဲ့ပါ။

"အရေးကြီးတာ စားဝတ်နေရေး အဆင်ပြေဖို့ပဲ မဟုတ်လား သမီးရယ် ပတ်ဝန်းကျင်ကို ဘာမှဂရုမစိုက်စမ်းပါနဲ့ မေမေတို့ စားစရာ မရှိလို့ ဘယ်သူလာကျွေးမှာလဲ အရေးကြီးတာ ကိုယ့်ဘဝအဆင်ပြေဖို့ပဲ"

မေမေ့စကားကို အင်ကြင်းလက်ခံရတော့မလိုပါဘဲ။ ဆွေမျိုး သားချင်းတွေကတောင် ဥပက္ခာပြုထားရသည့်ဘဝမှာ မေမေ့လိုမိန်းမ သားတစ်ယောက်အဖို့ အားကိုးရာဆိုသည်ကဘယ်မှာလဲ။

သူ့ပညာရေးအတွက်တော့ မေမေက လိုအပ်သော ငွေကြေး ကို ပံ့ပိုးလို့ပေးနိုင်ခဲ့ပါသည်။

မေမေတီမ်းပါးတော့ အင်ကြင်းဘွဲ့တစ်ခုပိုင်ဆိုင်ခဲ့၏။ ကျောင်း တုန်းကထားခဲ့ဖူးသော ရည်းစားတွေဆီမှ ယောက်ျားတွေရဲ့ မျက်ဝန်း တွေကိုလည်း အင်ကြင်း အကဲခတ်နိုင်ခဲ့သည်။

ဒါပေမဲ့ ယောက်ျားတစ်ယောက်ကို ဘဝပုံအပ်လောက်အောင် တော့ အင်ကြင်းမမိုက်မဲခဲ့ပါ။ အချစ်ဆိုတာထက် ဘဝမှာအရေးကြီးတာ အပူအပင်မရှိ အေးချမ်းစွာနေထိုင်နိုင်ဖို့ပဲဟု ခံယူခဲ့သည်။

အဆောင်မှာနေရင်း အင်ကြင်းဘဝရပ်တည်ဖို့အတွက် အလုပ် တစ်ခုရှာဖွေနေတုန်း ဒေါ်(လ်)ရောက်လာသည်။

ဘယ်တော့မှ ပတ်သက်ခွင့်မရှိတော့ဟု ထင်မှတ်ထားသော





ရွှေအိမ်စည်အိမ်ကြီးပေါ်ကို ဒေါ်(လ်)က လိုလိုလားလား ဖိတ်ခေါ်နေ၏။

အင်ကြင်းဘာငြင်းစရာလိုမှာလဲ။ အပူမပင် အကြောင့်အကျ မဲ့တဲ့ဘဝမှာ နေထိုင်လိုတာမို့ ခေါင်းညိတ်ခဲ့၏။

ပူပန်စရာမရှိပြည့်စုံသောဘဝကြီးမှာ အင်ကြင်းနေထိုင်ခွင့်ရခဲ့ သည်။ အဝတ်အစား၊ အစားအသောက် ဘာမှလိုလေသေးမရှိခဲ့။

ဒါပေမဲ့ ထိုအရာအားလုံးက အင်ကြင်းတစ်ဘဝလုံး ပိုင်ဆိုင် ခံစားခွင့်ရနိုင်မယ့်အရာတွေ မဟုတ်ဟု အမြဲတမ်းတွေးမိ၏။ ဒေါ်(လ်)က ကြည်ဖြူသည်ပဲထားဦး။ တစ်ချိန်မှာ သူ့စိမ်းဖက်လာလျှင် အင်ကြင်းအ တွက် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ရွှေအိမ်စည်ကဆင်းပေးရုံသာ ရှိသည်။

ဒေါ်(လ်)ရဲ့ချစ်သူ မုန်းဇုန်ကြည်ဖြူဖို့လိုသည်။ ဒေါ်(လ်)ပြောပြ ၍ ဒေါ်လေးကွန့်ပြောပြ၍ သိထားတာကလွဲရင် မုန်းဇုန်အကြောင်း အင်ကြင်း ဘာမှမသိ။ ဓာတ်ပုံလေးတောင် မမြင်ဘူးပါ။

ဒီဇိုင်းနှင့်ရုပ်ချင်းတူသည်တဲ့။ စိတ်ဓာတ်ခြင်းကတော့ လုံးဝ တူပါတဲ့။ ဒီတစ်ခုကတော့ စိတ်ချမ်းသာစရာပါပဲ။

ဒီဇိုင်းလိုလူမျိုးနှင့်ဆိုလျှင် ဘယ်လိုမှ အင်ကြင်းနှင့်မဖြစ်မှာ သေချာ၏။ မုန်းဇုန်နှင့်ဆိုလျှင်တော့ အဆင်ပြေပြေ ဆက်ဆံနေထိုင်လို့ ရနိုင်မည်ဟု အင်ကြင်းထင်သည်။

ထင်မှတ်ထားသလို ဖြစ်မလာခဲ့လျှင်ကော။



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းအတွက် အင်ကြင်းရင်မောခဲ့ရတာ ကြာခဲ့ပါပြီ။ အမှန် ဝန်ခံရလျှင် ရွှေအိမ်စည်ရဲ့ ရွှောဘုံစံဘဝကို အင်ကြင်းအစွန့်လွှတ် မခံချင်တော့ပါ။

ကံကြမ္မာက အင်ကြင်းဘက်မှာ ရှိနေခဲ့လျှင်တော့။

■ ■ ■





## အခန်း (၇)

"ဒေါ်(လ်)လေး ကားမှန်တွေ တင်ထားလိုက်ပါလား လေတိုက် တယ်"

ဖွင့်ထားသော ကားဘေးမှန်တံခါးတွေဆီမှ တိုးဝင်နေသော လေကြောင့် ဒေါ်(လ်)ဆံနွယ်လေးတွေ ဖျတ်ဖျတ်လူးခါနေတာ ကြည့်ရင်း နိုင်း ပြောသည်။

ဒေါ်(လ်)က မျက်နှာကို ရစ်ပတ်နေသော ဆံနွယ်စတွေကို လက်ချောင်းသွယ်သွယ်လေးတွေနှင့် ဖယ်ရှားသပ်တင်ရင်း ခေါင်းကို ယမ်းပြ၏။

"ဟင့်အင်း လေတိုက်တာ သဘောကျလို့ ကိုကိုဇိုင်းရဲ့"

တကယ့် ကလေးလေးတစ်ယောက်လို ဒေါ်(လ်) မြူးမြူးလေး



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာမို့ ဒီဇိုင်းပြုံးပြုံးလေးကြည့်ကာ

"ဒေါ်(လ်)အသားဝင်းဝင်းမွတ်မွတ်ကလေးတွေ ညိုကုန်မှာ မကြောက်ဘူးလား လေတိုက်ခံရရင် အသားအရည်ကိုထိခိုက်တယ် ဒေါ်(လ်)လေးရဲ့"

"ညိုပစေပေါ့ ညိုတော့ကော လှပြီးသားပဲ အဟင်း ဟင်း"

ပခုံးလေးတွန့်ကာ ဒေါ်(လ်) နောက်နောက်ပြောင်ပြောင်လေးဆိုတော့ ဒီဇိုင်းမချင့်မရဲ ကြည့်ရင်း အပြုံးမပျက် မျက်နှာနှင့်

"ဟုတ်ပါတယ် ဒေါ်(လ်)လေးက လှပြီးသားပါ ဖြူဖြူညိုညို လှပါတယ်ကွာ"

"မြှောက်မနေပါနဲ့ ကိုကိုဇိုင်းရဲ့ အခုတွေ့မှာက ဂျမ်းနော် ဒေါ်(လ်)မဟုတ်ဘူး အဟင်း ဟင်း"

"မြှောက်တာမဟုတ်ပါဘူး ဒေါ်(လ်)ရယ် တကယ့်လှလို့ပြောတာပဲ ညာလို့ရတာမှ မဟုတ်ဘဲကွ"

ဒေါ်(လ်)မျက်နှာလေး ပန်းနုရောင်သွေးလွှမ်းလျက် ခေါင်းငုံ့ပြုံးသည်။ မြတ်နိုးရှုမဝနိုင်သော မျက်နှာလေးကိုကြည့်ရင်း ဒီဇိုင်း ကားလေးကို လည်း ဂရုစိုက်မောင်းနှင်ရသည်။

တကယ့်ကို အပြစ်ကင်းစင် ငြိမ်းချမ်းသော မျက်နှာလေးပါပဲ။ ကြည်လင်ရှင်းသန့်သော မျက်ဝန်းတွေထဲမှာ ဖြူစင်သော နှလုံးသားလေး ကိုလည်း ဒီဇိုင်းမြင်နေရပါသည်။





တကယ်ဆို ဒေါ်(လ်)လေးပိုင်ဆိုင်ထားသမျှ အမွေဥစ္စာတွေက ဆယ်သက်ဆယ်ဘဝ သုံးဖြုန်းမကုန်နိုင်ပါ။ ဒါပေမဲ့ ဒေါ်(လ်)လေးက ဘာကိုမှ မက်မောဟန်မရှိ။ ဆွေမျိုးတော်စပ်သော ဒေါ်လေးကွန့်ကို မိဘအရာထားကာ အိမ်မှာခေါ်ထားသည်။

ပြီးတော့ ခိုင်အင်ကြင်းဆိုသော အစ်မဝမ်းကွဲကိုလည်း အိမ်ပေါ် ခေါ်တင်ထားပြန်၏။ ဒီတစ်ချက်ကိုတော့ ဒီဇိုင်း စိတ်ထဲက သိပ်သဘော မကျချင်ပါ။

ခိုင်အင်ကြင်းရဲ့ အပြုအမူ အနေအထိုင်တွေကြောင့်ဖြစ်သည်။ ပြီးတော့ ရိုးသားမှုမရှိသော၊ ကြာဆန်သော မျက်ဝန်းတွေကိုလည်း သူသဘောမကျတာမို့ ခပ်တည်တည်ဆက်ဆံနေခဲ့ခြင်း ဖြစ်၏။

"ကိုကိုဇိုင်း"

ဒေါ်(လ်)ခေါ်သံလေးကြောင့် သူ့အတွေးလေးတွေ ပြတ်တောက်သွားရ၏။ ကားရှေ့မြင်ကွင်းတွေကို အာရုံစိုက်ထားမိသော မျက်နှာကို ဒေါ်(လ်)ဘက်ဦးလှည့်လိုက်ရင်း

"ဘာ လဲ ဒေါ်(လ်) ပြောလေ"

"သြော် ကိုကိုဇိုင်းဆီကို ဇုန်စာရေးသေးလားလို့ပါ"

"ဇုန်လား ဘယ်တုန်းက စာရေးဖူးလို့လဲ။ ဒီကောင်က ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲ ထင်ပါရဲ့ ဖုန်းမဆက် စာမရေးဘဲ အဆက်အသွယ် ပြတ်ထားတာကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒီဗိုင်းအသွင်က ဘာမှသိထားပုံမရသလို တည်တည်ငြိမ်ငြိမ်လေးပဲပြောနေ၏။ ဒေါ်(လ်)ခုံးဖြတ်ထားခဲ့ပြီးသည့်အတိုင်း အမှန်ကိုတော့ အသိပေးဖို့ အားယူလိုက်၏။

"ဟို တစ်နေ့ကတော့ ဒေါ်(လ်)ဆီကို ဇုန်စာတစ်စောင် ထည့်လိုက်တယ် ကိုကိုဗိုင်း"

ဒေါ်(လ်)စကားကြောင့် ဒီဗိုင်းမျက်ဝန်းတွေ တအံ့တသြဖြစ်သွားခဲ့တာအထင်အရှား။ မုန်းဇုန် အင်္ဂလန်ကိုရောက်နေခဲ့သည့် လေးနှစ်လုံးလုံးမှာ ဒေါ်(လ်)ဆီကို တစ်လတန်သည် နှစ်လတန်သည် စာတစ်စောင်ပုံမှန်ရောက်နေခဲ့တာကိုသာ ကိုကိုဗိုင်းသိခဲ့လျှင် ဘယ်လောက်အံ့သြမည်မသိ။

အခုတောင် တအံ့တသြ မျက်မှောင်ကုပ်ကြည့်နေတာမို့ ဒေါ်(လ်)လိပ်ပြာမလုံဖြစ်ရကာ မျက်ဝန်းတွေ မခုံမိရင်တောင် ရှောင်တိမ်းမိသည်။

"ဒေါ်(လ်)လေးဆီကို စာရေးတယ် ထူးထူးခြားခြားပါလား ဘာစိတ်ကူးတွေပေါက်ပြီး ရေးလိုက်တာလဲ မသိဘူး"

"ဒေါ်(လ်)က ကိုကိုဗိုင်းဆီလည်း ရေးတယ်ထင်နေတာ ဟိုလေ စာထဲမှာ သူမြန်မာပြည်ပြန်လာတော့မယ်လို့ ရေးထားတယ်"

"ဘာပြောတယ်"

ဟန်မဆောင်နိုင်လောက်အောင် အံ့သြရေရွတ်သံနှင့်အတူ





ဒီဗိုင်းကားဘာရိတ်ကိုပါ ဖိနင်းရပ်ပစ်လိုက်တာမို့ ဒေါ်(လ်)ခန္ဓာကိုယ်လေး ရှေ့ထိုးနောက်ငင် ယိုင်ထိုးသွားခဲ့သည်။

သတိနှင့်ကားတံခါးကို လှမ်းကိုင်ထားတာမို့ တော်ပါသေး၏။ နို့မို့ ဒေါ်(လ်)မျက်နှာလေးနှင့်ကားဒက်ရ်ှဘုတ် မိတ်ဆက်ထိခိုက်မိမှာ သေချာသည်။

"ဟာ ဆောရီးဒေါ်(လ်) ထိမသွားပါဘူးနော် ဆောရီးကွာ ကိုယ်တောင်းပန်ပါတယ် ဇုန်အကြောင်း မထင်မှတ်ဘဲ ကြားလိုက်လို့ ဆောရီးနော်"

ဒီဗိုင်း ကသောကမျော ကမန်းကတမ်းနှင့် တောင်းပန်သည်။ ဒေါ်(လ်)လည်း ထိတ်လန့်နေသော စိတ်ကလေးကို ဖြေဖျောက်ထိန်းသိက်ရင်း

"ရပါတယ်ကိုကိုဗိုင်းရဲ့ ဒေါ်(လ်)ဘာမှမထိပါဘူး လန့်သွားရုံပါ"

"ဆောရီးကွာ ဒီကောင်ဇုန် ဘာကြောင့်ပြန်လာမှာလဲ တကယ်ဆိမ်း ပြန်လာမယ်ဆိုရင်လည်း ဟိုမှာရှိတဲ့ ဦးလေးတွေကို အသိပေးမှာပေါ့ ပြီးတော့ ကိုယ့်ကိုလည်းလှမ်းဖုန်းဆက် တိုင်ပင်သင့်တယ်"

ဒေါသရိပ်တို့ဖြင့် ရဲရဲနီမြန်းလာသော ဒီဗိုင်းကို မျက်မှောင်ကုပ်ကြည့်ရင်း ဒေါ်(လ်)ဘာမှ ဝေဖန်ချက်မပေးမိပါ။ ဒီဗိုင်းမျက်နှာကတော့ အလိုမကျစိတ်ဖြင့် ခေါင်းကို ခါရမ်းရင်း

"လုံးဝမဟုတ်သေးဘူး ဒီကောင်ဗရုတ်ကျလိုက်တာပဲ ဒီကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝပြန်မလာသင့်ဘူး"

"သူ ဟိုမှာမပျော်လို့ထင်တယ် စာထဲမှာရေးထားတာတော့ မြန်မာပြည်ကို လွမ်းတယ်တဲ့"

"ဒီကောင် အဲ့ဒီလို ထင်ရာလျှောက်လုပ်တာကိုပဲ ကိုယ်မကြိုက်တာ"

ဒေါသရိပ်မပြေသေးသော ဒီဇိုင်းမျက်ဝန်းတွေကို ငေးကြည့်ရင်း ဒေါ်(လ်) စိတ်ထဲကလည်း အလိုမကျသလိုဖြစ်လာရ၏။ မှန်းဆနိုင်မည့်ကိစ္စမှာ ကိုကိုဇိုင်း စိတ်ဆိုးမှာတော့သိပါသည်။ ဒါပေမဲ့ ညီအစ်ကိုရင်းချာတွေပဲ ဒီလောက်အထိတော့ ခါးခါးသီးသီး ဖြစ်မနေသင့်ဟု ထင်၏။

"သူ ကလေးမဟုတ်တော့ပါဘူး ကိုကိုဇိုင်းရယ် ရင့်ကျက်နေပြီ အရွယ်ရောက်နေပါပြီ စဉ်းစားဆင်ခြင်နိုင်တဲ့ အသိလည်းရှိနေပြီလို့ ဒေါ်(လ်) ထင်တယ်"

ဒေါ်(လ်)စကားသံလေးတွေက လိုသည်ထက်ပိုကျယ်သွားတာတော့ သေချာ၏။ ဒီဇိုင်းသတိထားမိမှာမလွဲ။ ဒေါ်(လ်)ကိုလှမ်းကြည့်ရင်း ဒီဇိုင်း တဒင်္ဂတော့ တည်ငြိမ်နေ၏။

ထိုတခဏလေးမှာပဲ သူ့ဒေါသတွေ ပြန်ထိန်းသိမ်းလိုက်ပုံပေါ်၏။ ပင့်သက်တစ်ချက်ရှိုက်ရင်း သွေးရောင်လွှမ်းနေသော မျက်နှာကနဂိုအတိုင်း ပြန်ဝင်းပတည်ငြိမ်လာခဲ့၏။





"သူ အရွယ်ရောက်ပြီ လူကြီးတစ်ယောက်ဖြစ်ပြီဆိုတာ ကိုယ်လက်ခံတယ် ဒေါ်(လ်) ဒါပေမဲ့ လူကြီးဖြစ်ဖို့ဆိုတာ တာဝန်ယူတတ်မှုဆိုတာပါမှ ပြည့်စုံတယ် အသက်သာကြီးလာတယ် အသိမရှိရင် လူကြီးမဖြစ်နိုင်ဘူးလေ"

"ကိုကိုဇိုင်းကတော်ပါတယ် ဒါပေမဲ့ ဇုန်ကတော့ ငါးနှစ်ကျော်ကွာတဲ့ ညီတစ်ယောက်ပဲ ကိုကိုဇိုင်းလောက် ဘယ်သိ ဘယ်တတ်ပါ့မလဲ"

ဒေါ်(လ်)လေသံကရွဲ့တဲ့တဲ့လေးနှင့် မကျေနပ်သည့်အသွင်ပေါက်နေတာမို့ ဒီဇိုင်းစူးစူးစိုက်စိုက်လေးကြည့်ရင်း

"ဒေါ်(လ်)ကိုယ့်ကို မကျေမနပ်ဖြစ်နေတာလားဟင်"

လေသံတည်ငြိမ်ငြိမ်လေးနှင့် ဒီဇိုင်းဆိုနေတာကြည့်ရင်း ဒေါ်(လ်) ကိုယ့်စိတ်ကိုကိုယ် ပြန်ထိန်းရသည်။

"ဟင့်အင်း ဒီသဘောမဟုတ်ပါဘူး ဒါပေမဲ့ ဇုန့်အပေါ် ကိုကိုဇိုင်းဘက်က သိပ်စိမ်းကားလွန်းတယ်ထင်လို့ ဝင်ပြောမိတာပါ"

"ကိုယ်က ဇုန့်အပေါ်စိမ်းကားတယ် ဟုတ်လား"

ဒီဇိုင်းသံယောင်လိုက်ကာ ထပ်မေး၏။ ဒေါ်(လ်)မျက်နက်ဝန်းလေးတွေ ပင့်ကြည့်ရင်း ဖြေရှင်းမိသည်။

"ဒေါ်(လ်) ထင်တာလေ သူနဲ့ကိုကိုဇိုင်းက ဒေါ်(လ်)ရဲ့ အစ်ကိုတွေပါပဲ ဒေါ်(လ်)သံယောဇဉ်အရှိဆုံးသူတွေပေါ့ ဇုန်နိုင်ငံခြားတိုင်းပြည်



www.burmeseclassic.com

www.burmeseclassic.com



မှာ အကြာကြီးသွားနေမယ်ဆိုတော့ ဒေါ်(လ်) တကယ်စိတ်မကောင်းဘူးသိလား အတူနေ အတူကစားခဲ့ဘူးတဲ့သူဆိုတော့ သတိရတယ် သံယောဇဉ်ကြီးခဲ့တယ် အခုပြန်လာမယ်ဆိုတာလည်း ဝမ်းသာမိတယ် ကိုကိုဇုန်က ကိုယ့်ညီလေးကို အကြာကြီးခွဲနေရက်တာ သံယောဇဉ်နည်းလို့ပေါ့"

ဒေါ်(လ်)စကားလေးဆုံးတော့ ဒီဇိုင်းမျက်နှာလေး တည်ငြိမ်စွာနှင့်ပဲ လေသံအေးအေးနှင့် ဖြေရှင်းပါသည်။

"ဒေါ်(လ်)အဲ့ဒီလိုထင်နေတာကိုး ကိုယ့်မှာညီတစ်ယောက်ပဲရှိတယ် အဲ့ဒီညီလေးအတွက်လည်း စိတ်ကူးတွေ ရည်ရွယ်ချက်တွေထားခဲ့တာပေါ့ ဒေါ်(လ်)ရယ် ဒါပေမဲ့ ဇုန်ဆိုးခဲ့တယ် ဒေါ်(လ်)သိပါတယ် ဒီကောင်က ပျော့ပျော့လေးနဲ့ထင်ရာစိုင်းချင်တာမျိုး ဆယ်တန်းအောင်ပြီး ဖြစ်ခဲ့တဲ့ကိစ္စပဲကြည့်"

"အဲ့ဒါ ဒေါ်(လ်)သိပါတယ် သူတို့နှစ်ယောက်က သူငယ်ချင်းတွေပဲ မထင်မှတ်တဲ့ အခြေအနေတွေကြောင့် ဖြစ်ခဲ့တာပါ"

"ထားပါတော့ ကိုယ်ပြောနေတာ အဲ့ဒီကိစ္စရဲ့အဖြစ်မှန် အခြေအနေတွေ မဟုတ်ပါဘူး သူဘာကိုမှ အလေးအနက်မထားတတ်တဲ့စိတ်ကြောင့်ဖြစ်ခဲ့တာဆိုတာတော့ ငြင်းမရဘူးလေ"

ကိုကိုဇိုင်းစကားကို ဒေါ်(လ်)မငြင်းတော့ပါ။ ထိုအဖြစ်အပျက်တွေကို ဒေါ်(လ်)ပြန်လည်း မတွေးချင်။ မသိချင်တော့တာ အမှန်။





"အဲ့ဒီလို ဒီကောင်ရှုပ်တတ်တာတွေကြောင့် မြန်မာပြည်နဲ့အဝေးဆုံးကို ကိုယ်ပို့လိုက်တာ ဟိုကဦးလေးကလည်း ဇုန်ကိုသူ့ဆီလွှတ်ဖို့ပြောတယ် အသက်ငါးနှစ်ပဲကွာတဲ့ ကိုယ့်စကားထက်စာရင် ဦးလေးစကားကို သူအလေးထားမယ်ယူဆပြီး ကိုယ်ပို့ပေးလိုက်တာ အခု ဒီမှာလည်း သူပြန်လာရင် အားလုံးအသင့်ဖြစ်အောင် ကိုယ်စီစဉ်ကြိုးစားပေးနေတာ ဒေါ်(လ်)အမြင်ပဲ ဒီကောင့်ကိုလည်း ဦးလေးက အသိပေးထားမှာသေချာတယ် ဒါနဲ့တောင် သူ့အလုပ်ဝင်တာ သုံးလမပြည့်သေးဘူး ပြန်လာမယ်ဆိုတော့ ကိုယ်ဒေါသဖြစ်ရတာပေါ့"

ဒီဇိုင်းဘက်က ကြည့်တော့လည်း မှန်ကန်နေတာမို့ ဒေါ်(လ်)ဖြေရှင်းနိုင်ဘဲ ပင့်သက်လေးကိုပဲ ချမိပြန်၏။

ဒီဇိုင်းက ဒေါ်(လ်)မျက်နှာလေးကို စိုက်ကြည့်နေရင်းက

"ဒေါ်(လ်)လေးက ဇုန့်ကိုသံယောဇဉ်နဲ့စာနာပေးတာကို ကိုယ်နားလည်နိုင်ပါတယ်ကွာ ဘာပဲဖြစ်ဖြစ် ဇုန်ပြန်လာမယ်ဆိုတဲ့ ကိစ္စသေချာလား၊ မသေချာလားသိရအောင် ဦးလေးဆီကဖုန်းတော့ ကိုယ်စောင့်နားထောင်ရမှာပေါ့"

စာထဲမှာတော့ ဇုန်မြန်မာပြည်ကို အပြီးပြန်လာမည်ဟု ဒေါ်(လ်)သိထား၏။ ကိုကိုဇိုင်းကို ထပ်ပြောလိုက်လျှင် ဇုန့်အပေါ်ပိုလို့ ဒေါသတွေဆင့်ကဲဦးမှာလား။

ဇုန်ကို ကိုကိုဇိုင်း ဒေါသတွေသင့်နေတာတော့ ဒေါ်(လ်) မမြင်



www.burmeseclassic.com

www.burmeseclassic.com



မကြားချင်ပါ။ ဒါကြောင့်လည်း ရေငုံနှုတ်ပိတ်နေလိုက်သည်။

"ကဲ ဇုန်ကိစ္စထားလိုက်တော့ ဒေါ်(လ်)လေး စိတ်လည်းမညစ် ပါနဲ့တော့ကွာ ကိုယ်တို့ ဒေါ်ဂျမ်းဖိတ်ကျွေးတဲ့ မုန့်ဟင်းခါးကိုပဲ ပျော်ပျော် ရွှင်ရွှင် သွားစားရအောင်နော်"

ဒီဇိုင်းက အပြုံးလေးတွေနှင့် ပေါ့ပေါ့ပါးပါးပြောသည်။

ဒေါ်(လ်)ခေါင်းကလေးညိတ်ကာ နွေးနွေးလေး ပြုံးပြလိုက် ပေမယ့် ရင်ထဲမှာတော့ လေးလေးပင်ပင်လေးဖြစ်နေသည်။

တကယ်ဆို ဇုန်က ကိုကိုဇိုင်းမသိအောင် ဒေါ်(လ်)ဆီ စာလေ တွေ ရေးပို့ပေးနေခဲ့တာ ဖြစ်သည်။

အခု ဒေါ်(လ်)ဖွင့်ပြောလိုက်မိတာ မှားသွားခဲ့ပြီလားမသိ ဒေါ်(လ်) ဇုန့်အပေါ်မှာ အမှားတစ်ခု ကျူးလွန်လိုက်မိသလို ခံစားနေ သည်။

ဒေါ်(လ်)အတွေးတွေဖြင့် ငေးငေးရီရီလေး လိုက်ခဲ့ရင်းနှင့်ပင် ကားလေးက ဒေါ်ဂျမ်းတို့ စိုက်ပျိုးရေးခြံလေးထဲသို့ ရောက်ခဲ့တော့၏

ကားသံကြားကတည်းက မနီမိုးထရံကာနှစ်ထပ်ခြံတံရှ အိမ်ကြီးထဲက ပြေးထွက်လာသော မိန်းကလေးတစ်ယောက်ကို မြင် သည်။

ဒေါ်ဂျမ်း၏ သမီး မတာ ဖြစ်၏။

အသားကဖြူဖြူ ပုပုဝဝကရင်အင်္ကျီအပြာလေး ဝတ်ဆင်ထာ



သော မတာ၏ဖြူဖွေးဝိုင်းစက်သော မျက်နှာလေးကို နှစ်လိုဖွယ်ပြုံးရွှင် နေခဲ့သည်။

အသက်သည်သုံးနှစ်အရွယ်ပေမယ့် မတာကအရွယ်နှင့်မလိုက် အောင်ထွားသည်။ ကရင်အမျိုးသမီးမို့ မိခင်ဖြစ်သူ ဒေါ်ဂျမ်းလိုပဲ မျက်နှာ ချိုပြီး အသားကဖြူဖွေး၏။

"မမ ဒေါ်(လ်) နေကောင်းတယ်နော်"

စကားသံဝဲဝဲနှင့် ကားပေါ်က ဒေါ်(လ်)ကို မတာ လှမ်းနှုတ် ဆက်၏။ သည်တော့မှ ဒေါ်(လ်)မျက်နှာလေး အပြုံးရိပ်တို့ ယှက်သမ်း သွားရင်း မတာကို ပြန်နှုတ်ဆက်ရ၏။

"ကောင်းတာပေါ့ မတာရဲ့ ဂျမ်းကော"

"ရှိတယ် အမိုးက ကိုကြီးဇိုင်းကြိုပြောထားလို့ မမဒေါ်(လ်) လာမှန်း သိနေတယ်လေ မမဒေါ်(လ်)တို့စားဖို့ မုန့်ဟင်းခါးချက်နေ တယ်"

မတာ၏ ဖော်ရွေသော အပြုံးလေးတွေကြောင့် ဒေါ်(လ်)ဇုန်နှင့် ကိုကိုဇိုင်းတို့ ကိစ္စတွေမေ့ကာ ပျော်ပျော်ရွှင်ရွှင်လေးဖြစ်သွားရ၏။

ဒေါ်ဂျမ်းဆိုတာ ဟိုစဉ်က ဒီဇိုင်းတို့အိမ်မှာ ထမင်းဟင်းချက် အိမ်မှုကိစ္စတွေ တာဝန်ယူထားသောသူ ဖြစ်၏။ နောက်ပိုင်းမှာ ဒီဇိုင်း တို့မွေးမြူရေးခြံမှာ အလုပ်လုပ်သော ဦးသက်ညွှန့်နှင့်အိမ်ထောင်ကျ သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းတို့ဖေဖေတိမ်းပါးပြီးတော့ ဒေါ်ဂျမ်းလည်း အလုပ်ကထွက်ကာသွားခဲ့၏။ ဦးသက်ညွန့်ကတော့ အခုချိန်ထိ ဒီဇိုင်းရဲ့လုပ်ငန်းတွေမှာ လူယုံတော်တစ်ဦးအဖြစ် ရှိနေခဲ့သည်။

"ဝေး မောင်ဇိုင်းတို့ရောက်လာပြီလား ဒေါ်(လ်)လေးလည်းပါတယ် လာကြ လာကြ"

အသံတွေကြား၍ထင်၏။ ဒေါ်ဂျမ်း အောက်ထပ်ရှိ မီးဖိုခန်းထဲက ထွက်လာကာ အပြုံးနှင့်ကြိုဆို၏။

"မုန့်ဟင်းခါးနံ့ကမွှေးနေတာပဲ ဂျမ်းလက်ရာစားချင်လို့ ကိုကိုဇိုင်းနဲ့ လိုက်ခဲ့တာဂျမ်းရဲ့"

ဒေါ်(လ်)မြူးမြူးလေးဆိုတော့ ဒေါ်ဂျမ်း ပါးစုံကြီးတွေထင်းအောင်ပြုံးရင်း သဘောကျစွာ ခေါင်းညိတ်သည်။

"ဒေါ်ဂျမ်းလက်ရာကိုတော့ ကိုယ်တို့လည်း မမေ့နိုင်သေး ဒေါ်(လ်)လေးရေ ဒါကြောင့် ဦးလေးသက်ကိုမှာပြီး ဒေါ်ဂျမ်းကို ဟင်းချ ယူလာခိုင်းရတာပေါ့ အခုလည်း ဒေါ်ဂျမ်းလက်ရာ မုန့်ဟင်းခါးစားချင် မှာလိုက်တာ ဒေါ်(လ်)ကြိုက်မှာ ကိုယ်သိတာပေါ့"

ကားသော့ကို လက်ထဲမှာကိုင်ရင်း ဒီဇိုင်းရောက်လာကာ အပြ ရိပ်တွေနှင့်ပြောသည်။ သူ့မျက်နှာပေါ်မှာလည်း စောစောက ကားပေ ကိစ္စတွေကို မေ့လျော့ထားပုံပါပဲ။

ဟိုးငယ်ငယ်ကတည်းက ဒေါ်ဂျမ်းလက်ရာ မုန့်ဟင်းခါး





ဒေါ်(လ်)သိပ်ကြိုက်ခဲ့တာမို့ အခု ကိုကိုဇိုင်းလာခေါ်တော့ မငြင်းနိုင်ဘဲ လိုက်ခဲ့ခြင်းဖြစ်၏။

ဒေါ်ဂျမ်းလက်ရာတွေက ဒေါ်(လ်)စွဲမက်ခဲ့သော လက်ရာတွေမို့လည်း ဒီဇိုင်းက စိစဉ်တိုင်ပင်ထားခဲ့တာမှန်း ဒေါ်(လ်)သိနေသည်။

ဒေါ်(လ်)ငယ်စဉ်က ကိုကိုဇိုင်းတို့အိမ်မှာ ဒေါ်ဂျမ်းချက်သမျှ ဟင်းကို စားခဲ့ဖူးတာမေ့မရနိုင်ခဲ့ပါ။

"ကဲ ကဲထိုင်ကြ သမီးရေ သင်ဖြူးဖျာလေးချပေး စားပွဲခုံလည်း ခင်း မုန့်ဟင်းခါးက ကျက်နေပြီ ပူပူလေးစားလိုက်ကြနော်"

ဒေါ်ဂျမ်းနှုတ်ကလည်းပြော လက်ကလည်း လိပ်ထောင်ထားသော သင်ဖြူးဖျာကိုဖြဲယူသည်။ မတာကလည်း မီးဖိုခန်းထဲက သစ်သား စားပွဲဝိုင်းကလေးကို သွားယူလာသည်။

သင်ဖြူးဖျာခင်းထားသော ကွပ်ပျစ်ပေါ်မှာ ဒေါ်(လ်)နှင့်ဒီဇိုင်း ဝင်ထိုင်လိုက်မိကြသည်။ ပြင်ဆင်ထားသော မုန့်ပွဲနှစ်ပန်းကန်နှင့် အငွေ့ ထောင်းထောင်းမုန့်ဟင်းခါး ဟင်းရည်ပန်းကန်ကို ဒေါ်ဂျမ်းယူလာ၏။

"အဝစားကြနော် ဂျမ်း အများကြီးချက်ထားတာ ဒေါ်(လ်)လေး အပြန်ကျရင် အိမ်အတွက်ပါယူသွား"

"တော်ပါပြီ ဂျမ်းရဲ့ ဒီမှာပဲအဝစားသွားပါ့မယ်"

"ဒေါ်(လ်)လေးက အဝစားသွားလေ ဒေါ်(လ်)အဒေါ်ဒေါ်ကွန့် ဒေါ်(လ်)အစ်မတို့အတွက် ယူသွားဖို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျမ်းရဲ့စေတနာကို ဒေါ်(လ်)သိပါသည်။ စိတ်ထားကောင်းသလို စေတနာလည်းကောင်းသော ဂျမ်းကတော့ ဒေါ်(လ်)တို့အနီးမှာထိုင်ကာ လိုအပ်သမျှ ထည့်ပေးရင်း ကြည်နူးကျေနပ်နေလေသည်။

"မောင်ဇိုင်း ထည့်လေ"

"တော်ပြီ ဒေါ်ဂျမ်းရဲ့ ဝပါပြီ"

"ဇိုင်းက အစားနည်းတာ ဂျမ်းသိတယ် ဒေါ်(လ်)လေးက မုန့်ဟင်းခါးကြိုက်တယ် ထည့်စား ဒီမှာ ဘဲဥပြုတ်လေးတွေ စိတ်ထားတယ် ထည့်စား"

နှုတ်ကလည်းပြော ပန်းကန်ထဲမှာ အခွံခွာပြီး စိပ်ထားသော ဘဲဥပြုတ်ကို ဒေါ်ဂျမ်းက ခပ်ထည့်ပေးပြန်သည်။

"တော် တော်ပြီဂျမ်း ဒီထက်စားရင် ဗိုက်လေးပြီး ထလို့ရမှာတောင် မဟုတ်ဘူး အဟင်း ဟင်း"

"အဝအပြဲသာစားပါ မမဒေါ်(လ်)ရဲ့ မထနိုင်ရင် ကိုကိုဇိုင်း ပွေ့ချီသွားပေါ့ နော်"

မတာက ကလေးပီပီ ပြောချင်တာပြော၏။ ဒေါ်(လ်)ရှက်ရှက်နှင့် ရယ်မိသလို ဒီဇိုင်းမျက်နှာမှာလည်း အပြုံးနွေးနွေးနှင့်မတာကို ကြည့်နေ၏။

"အင်း ဇိုင်းနဲ့ဒေါ်(လ်)ကိုမြင်တော့ ဇုန်လေးကို သတိရမိသား သူကလည်း မုန့်ဟင်းခါးဆို သိပ်ကြိုက်တာ"





ဒေါ်ဂျမ်းစကားကြောင့် ဒေါ်(လ်)မျက်နှာလေးတည်သွားကာ ငင်းကလည်း ဒေါ်(လ်)ကိုလှမ်းကြည့်သည်။

"မောင်ဇိုင်း ဇုန်လေး သတင်းကော ဘာထူးခြားသလဲ ဟိုမှာ ထုပ်လုပ်နေတယ်ဆိုတာ အဆင်ပြေရဲ့လား"

"ဇုန်အကြောင်းမမေးနဲ့တော့ ဒေါ်ဂျမ်းရေ ဒီကောင် မြန်မာပြည် ပြန်လာဦးမယ်တဲ့"

"ဟင် ဟုတ်လား ဘယ်တော့ပြန်လာမှာလဲ အလည်ပဲလား"

"ဘာမှမသိရဘူး ဒီကောင်က ကျွန်တော့ဆီ စာတောင်ရေးတာ တ်ဘူး အခုတောင် ဒေါ်(လ်)ဆီကို ဘာစိတ်ကူးပေါက်ပြီး ရေးလိုက်တယ်မသိဘူး အဲ့ဒီစာထဲမှာပါလာတာတဲ့"

ဒီဇိုင်းစကားကြောင့် ဂျမ်းအကြည့်တွေ ဒေါ်(လ်)ဆီရောက်၏။ (လ်)လိပ်ပြာမလုံစွာ ဂျမ်းကိုမော့ကြည့်လိုက်ရင်း ဖြေရှင်းရသည်။

"ဟုတ်တယ်ဂျမ်းရဲ့ ဇုန်က သူ့စိတ်ကူးရှိရင်ရှိသလို စာတော့ တတ်ပါတယ် အခုရေးလိုက်တဲ့ စာထဲမှာ သူပြန်လာမယ်လို့ပါတယ်"

"အင်း ဇုန်ကလေးလည်း မငယ်တော့ပါဘူး လူပျိုကြီးဖားဖား နေရောပေါ့ သူပြန်လာမှ ဂျမ်းရဲ့လက်ရာတွေ သတိရသေးလား ဦးမယ်"

"ဇုန်ပြန်လာရင် ဒေါ်ဂျမ်းစိတ်ကြိုက် ချက်ကျွေးဖို့သာပြင်ထား သော့ ဒီကောင်က ဒေါ်ဂျမ်းလက်ရာတွေ သိပ်ကြိုက်တဲ့ကောင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ"

"မောင်ဗိုင်းပြောတာပါကွယ် အင်္ဂလန်က ပြန်လာတဲ့ သူ
တော့ အတော်ပြောင်းလဲနေပြီလားမသိ အချဉ်အစပ် ဟင်းလျာ
ခံတွင်းတွေ့ချင်မှ တွေ့မှာပေါ့ ပြောင်းလဲလာမလာတော့ တွေ့မှပဲ သိ
ပေါ့ဝေ့"

ဒေါ်ဂျမ်းစကားကြောင့် ဒေါ်(လ်)တွေတွေလေး ဖြစ်ရသည်
ဇုန်တကယ်ပဲ ပြောင်းလဲသွားခဲ့ပြီလား။ ဒေါ်(လ်)အပေါ်မှာတော့ မပြော
လဲနိုင်ဟု ထင်သည်။

တွေးမိရုံနှင့် ဒေါ်(လ်)ရင်ခုန်လှုပ်ခတ်ရ၏။

ဇုန်နှင့်ပတ်သက်လျှင် ဒေါ်(လ်)နှလုံးသားက နုပျိုလတ်ဆ
နေမြဲပါပဲ။

ဇုန့်ဘက်ကသာ ဘာတွေပြောင်းလဲနေမည်မသိ။

■ ■ ■



## အခန်း (၈)

"ဘာရယ် မှန်းဇုန်ပြန်လာမယ် ဟုတ်ရဲ့လားမိန်းမရယ်"

"သြော် မဟုတ်ဘဲ မောင်ဗိုင်းပြောပါ့မလား မနက်က အိမ်မှာ
င်းခါးလာစားကြရင်း ပြောသွားတာ နေပါဦး မောင်ဗိုင်းရှင့်ကို
မပြောဘူးလား"

ဇနီးသည်စကားကြောင့် ဦးသက်ညွန့်ခေါင်းကို ခါယမ်းပြသည်။
ကောင် မှန်းဇုန် ပြန်လာမှာကို သူတကယ်မသိ။ မောင်ဗိုင်းက
မပြောခဲ့ပါ။

"ငါ တကယ်မသိဘူးဟ အဲ ညနေက မောင်ဗိုင်းနဲ့ ခြံထဲမှာ
တွေ့လိုက်ရတယ် သူနဲ့ အလုပ်ကိစ္စတွေပဲ ပြောဖြစ်ခဲ့ကြတာ"

"မောင်ဗိုင်းပြောဖို့ မေ့နေလို့ထင်တယ် ပြောရရင် သူ့ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ ဒေါ်(လ်)လေးဆီကို စာရောက်လာလို့ သိရတာပါ"

"ဘာရယ် မဂျမ်း မုန်းဇုန်က ဒေါ်(လ်)လေးဆီ စာရေးတ ဟုတ်လား"

"ဟုတ်တယ် မနက်ကပဲ ဒေါ်(လ်)လေးနှုတ်ကပြောပြသွား သူ့အစ်ကိုကို စာမရေးပေမယ့် ဒေါ်(လ်)လေးဆီတော့ ဇုန်က စာပုံ ရေးပုံပဲ"

ဦးသက်ညွန့်မျက်မှောင်ကုပ်ကာ တွေတွေကြီး စဉ်းစားနေ သည့်ညီအစ်ကိုနှင့်ဒေါ်(လ်)လေးဆိုတာ မျက်စိအောက်မှာပဲ ရှင် လူလားမြောက်ခဲ့ကြသူတွေလေ။

"ကျွန်မတောင် အံ့သြသွားမိတယ် ဒေါ်(လ်)လေးဆီကို မုန်း က စာရေးတယ် အစ်ကိုကိုတော့ ဘာမှ အဆက်အသွယ်မလုပ်ဘူး

"ဒါတော့ကွာ မောင်ဇိုင်းကို စိတ်ဆိုးနေလို့ ဖြစ်မှာပေါ့ သူ အင်္ဂလန်ကို သွားချင်ခဲ့တာမဟုတ်ဘူး မောင်ဇိုင်းက ဟိုမှာရှိတဲ့ ဦး တွေနဲ့ စီစဉ်တိုင်ပင်ပြီး ပို့ခဲ့တာဆိုတော့ မကျေနပ်လို့ဖြစ်မှာပေါ့"

"အစ်ကိုကြီး ဇိုင်းတို့ညီအစ်ကိုက ရန်ဖြစ်ထားကြလို့လား

မိဘနှစ်ဦးစကားတွေကို အဝတ်တွေခေါက်နေရာမှ နား နေသည့် မတာက ဝင်မေးသည်။

"အင်း သမီးကငယ်သေးတော့ ဘာမှမမှတ်မိဘူးထင် အင်းလေ အဲ့ဒီတုန်းက သမီးအသက်ကိုးနှစ်တောင်မပြည့်သေး





ဒီလို သမီးရဲ့ မောင်ဇိုင်းတို့ညီအစ်ကိုမှာ မောင်ဇိုင်းကလူကြီးဆန်တယ် ဆော်တယ်ဆိုရမယ် ဇုန်ကတော့ အငယ်ပီပီဆိုးချင်တယ် အဖေမရှိတော့ ပိုပြီးဆိုးလာတယ် ထင်ရာစိုင်းတတ်တဲ့ အကျင့်ကြောင့် ပြဿနာဖြစ်ပြီး အင်္ဂလန်သွားဖို့ ဖြစ်လာတာပေါ့"

ပွင့်လင်းရိုးသားသော ဒေါ်ဂျမ်းကတော့ သမီးဖြစ်သူကို သူမ သိသမျှ ပြောပြနေခဲ့သည်။

ဦးသက်ညွန့်ကတော့ ပက်လက်ကုလားထိုင်မှာထိုင်ကာ ဆေးပေါ့လိပ်ဖွာရှိုက်ရင်း ဒီဇိုင်းတို့ ညီအစ်ကိုအကြောင်း ပြန်တွေးနေမိ၏။

ဖခင်ဆုံးပါးတော့ မောင်ဇိုင်းက မိသားစုတာဝန်ကို လွှဲပြောင်း ယူနိုင်လောက်အောင် ရင့်ကျက်နေခဲ့တာ သူမှတ်မိ၏။ မုန်းဇုန်ကတော့ သိုငယ်တစ်ဦးဟူသော အခွင့်အရေးကို အပြည့်အဝယူခဲ့သည်။

ဘာမှအပူအပင်မရှိတဲ့ နေထိုင်နိုင်ခဲ့သည်။ အစ်ကိုဖြစ်သူ ဒီဇိုင်း ကတော့ ဖခင်ဖြစ်သူ ချန်ထားရစ်ခဲ့သော မွေးမြူရေးခြံကို လူယုံတော် များနှင့်ဆက်ပြီး ဦးဆောင်တာဝန်ယူခဲ့၏။

တိုးတက်အောင်ကြိုးစားခဲ့သည်။ ဒေါ်(လ်)တို့နှင့်ကပ်လျက်ခြံ ကြီးကိုရောင်းချကာ မွေးမြူရေးခြံကြီးထဲမှာပဲ တိုက်ဆောက်လုပ်ကာ နေထိုင်သည်။

နို့ဆီစက်ရုံကို တိုးချဲ့တည်ထောင်သည်။ စိတ်ကူးစိတ်သန်း ကောင်းပြီး အရည်အချင်းရှိသော ဒီဇိုင်း၏ စီးပွားရေးလုပ်ငန်းများက



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်အောင်မြင်ခဲ့လေသည်။

ထိုအချိန်မှာပဲ အထက်တန်းစာမေးပွဲနောက်ဆုံးရက်မှာ မုန်းဇုန် ပြဿနာတက်ခဲ့လေသည်။

စာမေးပွဲနောက်ဆုံးရက် သူငယ်ချင်းများနှင့်အလည်လွန်ကာ အိမ်မပြန်ရဲသော ပန်းဝတ်ရည်ဆိုသော မိန်းကလေးတစ်ယောက် မုန်းဇုန်နှင့်အတူ အိမ်ကိုပါလာသည်။ အချိန်က ညဆယ်နာရီကျော်ပြီမို့ မိန်းကလေးအတွက် မသင့်တော်သော အခြေအနေတစ်ခုဖြစ်သည်။

"မင်း တော်တော် မိုက်မဲတဲ့ကောင်ပဲ ဇုန် အခုမှမင်းတို့ အသက်အရွယ်တွေက ဆယ့်ရှစ်နှစ်တောင်မပြည့်သေးဘူး"

"ဟာ ကိုကို ဘာတွေပြောနေတာလဲ ဝတ်ရည်နဲ့ကျွန်တော်က သူငယ်ချင်းတွေပါ ပွင့်ပွင့်လင်းလင်း ပြောရရင် ဝတ်ရည်က သူ့ရည်းစားနောက်လိုက်ပြေးဖို့ စီစဉ်ထားတာ ကျွန်တော်က ကူညီခဲ့တာ အခု ဟိုကောင် ဗညားက ချိန်းထားတဲ့နေရာကို ရောက်မလာဘူး ဝတ်ရည်က အိမ်မပြန်ရဲတော့ ကျွန်တော် ဒီကိုခေါ်လာခဲ့တာ ဒါပဲ"

"ဘာကွ မင်းစဉ်းစားဉာဏ်မရှိဘူးလား ဇုန် မိန်းကလေးတစ်ယောက်ကို မင်းအိမ်အထိ ခေါ်လာတယ် အချိန်ကိုလည်း ကြည့်ဦး မိန်းကလေးရှင်ဘက်က ဘယ်လိုထင်မလဲ"

"ဟာဗျာ ထင်ချင်သလိုထင် ကျွန်တော်တို့နှစ်ယောက်က ရိုးသားတယ်"





"ဟုတ်ပါတယ် ကိုကိုကြီးရယ် ခုကိစ္စမှာ မုန်းဇုန်နဲ့ ဘာမှမဆိုင်ပါဘူး ဝတ်ရည်ရဲ့ ပြဿနာပါ ဝတ်ရည်ချစ်သူက ဝတ်ရည်ကို ချိန်းဆိုပြီးမှ ရောက်မလာတာပါ အိမ်မှာဝတ်ရည်စာရေးခဲ့တော့ မပြန်ရဲတော့ဘူး"

"မင်းတို့တွေ ဘယ်လောက်ပဲ ရိုးသားတယ်ပြောပြော ဒီအချိန် ဒီအိမ်မှာ မင်းပါလာပြီဆိုကတည်းက ပတ်ဝန်းကျင်က ဘယ်လိုသတ်မှတ်မလဲ အရေးကြီးတာ မိန်းကလေးဖြစ်တဲ့ မင်းဘက်ကအရှုံးတွေချည်းပဲ အခု မင်းတို့ ဘာဆက်လုပ်မလဲ ပြောကြ"

"ဒါတော့ ကျွန်တော်လည်း မသိဘူး ဝတ်ရည်မိဘတွေကို အကျိုးအကြောင်းပြောပြပြီး မနက်ကျ ပြန်ပို့ပေးမယ် ဒီည ဝတ်ရည်ကို ဒေါ်ဂျမ်းနဲ့ အိပ်ဖို့ခေါ်လာတာ"

"ဟေ့ကောင် မုန်းဇုန် မင်းထင်ရာလျှောက်လုပ်လို့ မရဘူးကွ နေဦး ဒီကိစ္စ ငါရှင်းပေးမယ်"

ညတွင်းချင်းပင် ဒီဇိုင်း ဝတ်ရည်မိဘတွေ အိမ်သွားတွေ့တော့ ဦးသက်ညွှန့်ပါ အဖော်လိုက်သွားခဲ့ရသည်။

အခြေအနေတွေကိုရှင်းပြတော့ ပန်းဝတ်ရည်မိဘနှစ်ပါးမှာ မျက်စိမျက်နှာပျက်ကုန်၏။

"အခု ကျုပ်သမီးက မောင်မုန်းဇုန်ရဲ့ အိမ်မှာပေါ့ ကျုပ်ကသမီးသား သူငယ်ချင်းတွေ အိမ်အနှံ့မှန်းဆက်ကြည့်ပြီးပြီ ကျုပ်မိန်းမကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှ မိတ်ဆွေတွေအိမ် လိုက်ရှာမေးတယ် အားလုံးသိဂုဏ်မရအောင် ရှုပ်ထွေးကုန်ပြီ ကျုပ်သမီးလေး သိက္ခာကိုလည်း ထည့်တွက်ပေးပါဦး မောင်ဇိုင်းရယ်"

"ဟာ ကျွန်တော် နားလည်ပါတယ် အန်ကယ်" အခုကိစ္စမှာလည်း ကျွန်တော့ညီဘက်က တာဝန်အပြည့်ယူမှာပါ အန်ကယ်တို့ စိတ်တိုင်းကျဖြစ်စေရပါ့မယ် အခုတော့ ကလေးတွေအသက်ကလည်း ငယ်သေးတယ် ပညာရေးမှာလည်း တစ်ပိုင်းတစ်စတွေမို့ ကျွန်တော်တို့ လူကြီးတွေ ဘာလုပ်ကြမလဲ လာတိုင်ပင်တာပါ ဝတ်ရည်ကိုတော့ အိမ်ကဒေါ်ဂျမ်းနဲ့အတူ ထားခဲ့ပါတယ်ခင်ဗျာ"

ပန်းဝတ်ရည်မိဘတွေနှင့် မောင်ဇိုင်းတို့ဆွေးနွေးကြရင်း နားလည်မှုတစ်ခု ရခဲ့သည်။

လတ်တလောမှာတော့ ပန်းဝတ်ရည်ကို သူတို့မိဘတွေက ပြန်လက်ခံထားကြမည်။ လွန်ကျူးသွားခဲ့သော ကိစ္စအတွက်တော့ မုန်းဂုန်က တာဝန်ယူရမည်ဖြစ်သည်။

"ဟာ လုံးဝအဓိပ္ပာယ်မရှိတာဘဲ ကိုကိုရာ ဝတ်ရည်ကို ကျွန်တော် ဘာကြောင့်ယူရမှာလဲ"

"မင်း ဒီလို တာဝန်မဲ့စကားမပြောနဲ့ဂုန် ဟိုတက်ကမိန်းကလေးတကယ်လည်း မင်းနဲ့လည်းတစ်ချိန်လုံးရှိနေခဲ့တာ မင်းရှောင်ရှားလို့ မိန်းကလေးရဲ့ သိက္ခာတရား မိန်းကလေးရဲ့မိဘတွေရဲ့ သိက္ခာ အားလုံး





ကို မင်းပြန်ငဲ့ကွက်သင့်တယ်"

"ကျွန်တော့ဘက်က နစ်နာမှုကိုကျတော့ ဘာပြောမလဲ ဝတ်ရည်ကို ကျွန်တော် ကူညီခဲ့တာ"

"မင်းကူညီတာ မင်းနဲ့ဝတ်ရည်ပဲသိတဲ့ကိစ္စ မင်းအနေနဲ့ ဘာပဲလုပ်လုပ် ဆင်ခြင်တုံတရားလေးနဲ့ လုပ်သင့်တယ် ခုချိန်မှာတော့ အားလုံးရဲ့သိက္ခာတရားအတွက် မင်းတာဝန်ယူရလိမ့်မယ် ဂုန်"

မုန်းဂုန် အံကိုတင်းတင်းကြိတ်ရင်း မျက်မှောင်ကြီးကုပ်လို့ ငြိမ်သက်နေခဲ့လေသည်။

ဝတ်ရည်၏မိဘများနှင့် ဒိဇိုင်းတို့နှစ်ဦးနှစ်ဖက် စီစဉ်နေခဲ့ကြချိန်တွေမှာပဲ အခြေအနေတစ်ခုက ပြောင်းလဲသွားခဲ့လေသည်။

ဝတ်ရည်တစ်ယောက် ဗညားဆိုသော သူချစ်သူနောက် ခိုးရာလိုက်သွားခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့် မုန်းဂုန်နှင့်ဝတ်ရည်တို့၏ စေ့စပ်ပွဲမှာ စီစဉ်နေဆဲကာလမှာပင် ပျက်သုန်းသွားခဲ့ရသည်။

"ကိုကို စီစဉ်ဖြေရှင်းပေးတဲ့အတိုင်းသာ ကျွန်တော်ခံရရင် မိန်းမရနေပြီ ဟား ဟား အခုတော့ ပြဿနာကရှင်းသွားပြီပေါ့"

"အေး ပြဿနာကရှင်းသွားတာမှန်ပေမယ့် ဝတ်ရည်ရဲ့မိဘတွေကတော့ တော်တော်ကြီးအရှက်ရသွားခဲ့တယ် ဂုန် သူတို့တွေ အိမ်ရောင်းပြီး အဝေးကိုပြောင်းဖို့ စီစဉ်နေကြတယ်"

"အဲ့ဒါ ကျွန်တော်နဲ့မဆိုင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မဆင်မခြင်လုပ်ခဲ့တဲ့ကိစ္စက ငါတော်တော်ခေါင်းပူခဲ့ရတယ် ဇုန် အခု မင်းအတွက်ငါအကောင်းဆုံးစီစဉ်ထားတယ် မင်းအန်ကယ် ဦးလွင်အောင်တို့ရှိတဲ့ အင်္ဂလန်ကိုသွားရမယ် ဇုန်"

"ဟာ ကျွန်တော်က အင်္ဂလန်ကို ဘာသွားလုပ်ရမှာလဲ ကိုကို ကျွန်တော့်ပညာရေးမှ မဆုံးသေးတာ"

"အေး အန်ကယ်ဦးလွင်အောင်က မင်းကို အင်္ဂလန်ပို့လိုက်ဖို့ ကိုကို့ကို လှမ်းမှာတယ် မင်းဟိုမှာ ကျောင်းတက်ရမယ် အားလုံးစီစဉ်ထားတယ် ဇုန်"

"ဟာ ကျွန်တော် ဘာမှမသိရဘူးလား ဘာမှရွေးချယ်ခွင့်မရှိဘူးလား"

"မင်းရွေးချယ်ခွင့်မရှိဘူးဇုန် မင်းအနာဂတ်အတွက် ကိုကိုနဲ့ အန်ကယ်လွင်တို့ အကောင်းဆုံးစီစဉ်ခဲ့တာ"

"ကျွန်တော့် အနာဂတ်ကို ကိုကိုပုံသွင်းဖို့ကြိုးစားနေတာလား"

"ကိုကို့ စေတနာကို မင်းတစ်နေ့နားလည်လာမှာပါ ဇုန်"

"စေတနာ ဟုတ်လား ကိုကို ဝတ်ရည်ကိစ္စမှာတောင် ကျွန်တော့ကို အိမ်ထောင်ချပေးဖို့ စီစဉ်ခဲ့တာကကော စေတနာတဲ့လား ရယ်စရာကောင်းတယ် ကိုကို မုန်းဇုန်ဆိုတဲ့ကောင်ကို ဘယ်သူမှ ပုံစံသွင်းချုပ်ကိုင်လို့ကို မရဘူးဆိုတာ ကိုကိုစောင့်ကြည့်လိုက်စမ်းပါ"

မုန်းဇုန်နှုတ်ကဆိုခဲ့သော စကားများကို ထိုစဉ်က ဦးသက်ညွန့်





နားဖြင့်ဆတ်ဆတ်ကြားခဲ့ရခြင်းဖြစ်သည်။

သည်နောက်ပိုင်းမှာတော့ မုန်းဇုန် အင်္ဂလန်ကို ထွက်သွားခဲ့သည်။ လေးနှစ်ကျော်ဆိုသော ကာလမှာ မုန်းဇုန်ရင့်ကျက်နေခဲ့ပြီဟု သူယုံခဲ့သည်။

ဒီဇိုင်းကလည်း မုန်းဇုန်ပြန်ရောက်လာလျှင် အားလုံးအသင့်ဖြစ်စေဖို့အတွက် အားလုံးစီမံကြိုးစားနေခဲ့တာ သူအသိဆုံး။

နို့ဆီလုပ်ငန်းကလည်း အောင်မြင်ဇနေ၏။ အသားဘူးလုပ်ငန်းကလည်း အောင်မြင်တိုးတက်စပြုနေသည်။ ရည်မှန်းချက်ကြီးကြီးနှင့် မုန်းဇုန်ရောက်လာလျှင် ဦးဆောင်ကွပ်ကဲနိုင်အောင် မောင်ဇိုင်းစီစဉ်နေခဲ့ခြင်းပင်ဖြစ်၏။

"ကိုသက်ညွန့် ဘာတွေများစဉ်းစားနေတာလဲ"

သူ့ပခုံးကို ဆုပ်ကိုင်ရင်းဆိုလာသော ဇနီးသည်အသံကြားမှ သူအတွေးလှိုင်းတွေထဲက လန့်နိုးအသိဝင်လာသည်။

"အေးကွာ ဖိုးဇုန်ပြန်လာမယ်ဆိုလို့ စဉ်းစားရင်းအတွေးလွန်သွားတာ"

"အင်း လေးနှစ်ကျော်ဆိုတော့ မုန်းဇုန်လည်း ရင့်ကျက်လာမယ်လို့ ကျွန်မထင်တာပဲ"

"အေး အဲ့ဒီလို ရင့်ကျက်လာရင်တော့ ကောင်းပါတယ် မောင်ဇိုင်းက သူ့ညီဖိုးဇုန်အတွက် အားလုံးစီစဉ်ပေးထားတာ သူ့ဟာ



www.burmeseclassic.com

www.burmeseclassic.com



အားကိုးလောက်မယ် ဆိုရင်တော့ ကောင်းတာပေါ့ကွာ"

ဦးသက်ညွန့်လေးလေးပင်ပင်နှင့်ပဲ မှတ်ချက်ပြုမိသည်။

မုန်းဇုန်နှင့်ပတ်သက်ပြီးတော့ ယတိပြတ်တော့ သူမပြောရဲပါ။ ဒီချာတိတ်က ခန့်မှန်းရခက်လောက်အောင် ဆိုးခဲ့တာ သူ့အသိဆုံးပေါ့။

အားလုံးမျှော်လင့်ထားသလိုသာ မုန်းဇုန်ပြောင်းလဲ ရင့်ကျက်လာခဲ့လျှင်တော့ ။

■ ■ ■

## အခန်း (၉)

အင်ကြင်းကားစက်ရှိန်ကို သာသာလေး တိုးမြှင့်လိုက်သည်။ မ်းမတစ်လျှောက် ကားအသွားအလာရှင်းနေတာမို့ လွတ်လပ်သည်။

ဒေါ်(လ်)ဇ်ပါရာဒိုကားကြီးက သစ်လွင်သည်။ စက်သံကလည်း ငြိမ့်ကလေးဖြစ်၏။ အပြင်ထွက်တာနည်းလှသော ဒေါ်(လ်)ကတော့ ည်ကားသစ်ကြီးကို မစီးဘဲ ဂိုထောင်ထဲမှာ ပစ်ထားတာကများသည်။

ဒေါ်(လ်)အပြင်သွားတာကလည်း ဒီဇိုင်းရောက်လာမှ ထွက် က်တာမို့ ဒီဇိုင်းမှာပါလာသော MARK II ကားတစ်စီးနှင့်သွားတာက ဥ်လိုလိုဖြစ်၏။ ဒါကြောင့် ဒေါ်(လ်)ရဲ့ကားကို အင်ကြင်းအလိုရှိတိုင်း ယ်တကူယူစီးနိုင်ခြင်းဖြစ်သည်။

ရွှေအိမ်စည်မှာ ကားသုံးစီးရှိသည်။ ယခု ပါရာဒိုကားပြာကြီး





www.burmeseclassic.com

www.burmeseclassic.com



အပြင် ဒိုင်နိုင်းစီးသော MARK II ကားတစ်စီးနှင့် အမိုးပွင့်ပြိုင်ကား ကလေးဖြစ်သည်။

ဒေါ်(လ်)က ဘာကိုမှ မက်မက်မောမောမရှိတာမို့ ရှိသည့်ကား သုံးစီးစလုံးကို အင်ကြင်းနှစ်သက်ရာ အချိန်မရွေးယူစီးနိုင်ခွင့်ရှိပါသည်

တစ်မျိုးစီးရတာရိုးလျှင် နောက်တစ်စီး စီးခွင့်ရနေသော အင်ကြင်းကိုတော့ ဒေါ်လေးကွန့် မျက်စိစပါးမွေး စူးနေမှာသေချာပါသည် ဒါပေမဲ့ ဒေါ်(လ်)ကိုယ်တိုင်ကြည်ဖြူနေတော့ ဒေါ်ကွန့်ဘာမှမဆိုနိုင်ပါ

ရွှေအိမ်စည်ခြံကြီးက ထည်ဝါပေမယ့် ခမ်းနားပြည့်စုံပေမယ့် အင်ကြင်း အိမ်ကြီးထဲမှာချည်း နေရတာကိုတော့ ငြီးငွေ့လှ၏။

ဒါကြောင့်လည်း သုံးလေးရက်တစ်ခါတော့ အင်ကြင်းအပြင် အကြောင်းပြ ထွက်တတ်စမြဲ။

သည်နေ့လည်း မြို့ထဲထွက်ကာ ရှော့ပင်းနှ်ထွက်ချင်တာ ပါရာဒိုကားကို ဒေါ်(လ်)ဆီက တောင်းယူခဲ့ခြင်းဖြစ်သည်။

"အင်ကြင်း ညနေမှ ပြန်ရောက်မယ်နော်ဒေါ်(လ်) သူငယ်ချင်း တစ်ယောက်နဲ့ ချိန်းထားလို့"

"ရပါတယ် မမအင်ကြင်းရဲ့ အရမ်းမိုးမချုပ်နဲ့နော် မမအင်ကြင်း တစ်ယောက်တည်းမို့ ပြောတာပါ"

ဒေါ်(လ်)က စိုးရိမ်စိတ်ကလေးနှင့်ပြောတာမှန်းအင်ကြင်းသိ သည်။ ဒေါ်(လ်)ရဲ့ ဖြူစင်သော စိတ်ဓာတ်ကလေးကိုတော့ အင်ကြင်း





သိနေပြီးခဲ့ပြီ။

အပြင်ထွက်လျှင် ညနေစောင်းမှပြန်တတ်သော အင်ကြင်း ကတော့ ဒေါ်(လ်)ပြောလျှင်ခေါင်းကလေးညိတ်၊ ပြီးလျှင်တော့ ကိုယ့်စိတ် တိုင်းကျ လုပ်ချင်တာပဲလုပ်သည်။

တစ်နေကုန် သွားချင်တာသွားမည်။ စားချင်တာစားမည်။ ဝယ်ချင်တာ ဝယ်မည်။ ပြီးလျှင် ကျောင်းတုန်းက အပေါင်းအသင်း တွေနှင့် အချိန်ဖြုန်းဖို့ စိတ်ကူးထားသည်။

သိန်းထောင်ချီတန်ကားကြီးနှင့် တစ်ခါလာတစ်စီးပြောင်းစီး တတ်သော အင်ကြင်းကို သူငယ်ချင်းတွေက အံ့သြနေခဲ့၏။

"တို့ ဦးလေး တစ်ယောက်ရဲ့ အမွေတွေကို ညီမတစ်ယောက် နဲ့အတူ ရလိုက်တယ်လေ အဟင်း တရားဝင်တော့ ခွဲဝေမယူရသေး ဘူး တို့ညီမလေးက အေးအေးဆေးဆေးပါ အခု အမွေဆိုင်အိမ်ကြီး မှာ အတူနေကြတယ်"

ကြွားကြွားဝါဝါလေးပဲ အင်ကြင်းလိမ်ညာထားခဲ့တာကို ဘယ်သူမှ မယုံမရှိခဲ့။ သူတို့ယုံလောက်အောင်လည်း အင်ကြင်းက သုံးနိုင်ဖြုန်းနိုင်သည်ကိုး။

ဒေါ်(လ်)က အင်ကြင်းအသုံးလိုသည်ဆိုလျှင် တစ်ချက်မညီး ဘဲ ကိုက်နှင့်ဘဏ်ကချက်လက်မှတ်မှာ စိတ်ကြိုက်ထုတ်ယူ သုံးနိုင်အောင် စီစဉ်ပေးထား၏။



www.burmeseclassic.com

www.burmeseclassic.com



အပူအပင်ကင်းသော ဘဝကို ပိုင်ဆိုင်နေရတော့လည်း အင်ကြင်းဇီဘဝကြီးကို စွန့်လွှတ်ဆုံးရှုံးရမှာ ကြောက်လာမိသည်။

လက်ရှိဘဝလေးမှာ ခိုအောင်းနေထိုင်ရင်း အချိန်တန်လျှင် တော့ ပြည့်စုံသော ဘဝတစ်ခုကို ပိုင်ဆိုင်ဖို့အတွက် အင်ကြင်းအိပ်မက် လေးတွေ မက်ခဲ့ဖူးသည်။

တခြားနည်းလမ်းကတော့ အင်ကြင်းမှာမရှိပါ။ ရွှေအိမ်စည် ရဲ့အရိပ်မှာနေထိုင်ရင်း ငွေကြေးဥစ္စာမနဲ ပြည့်စုံသော ယောကျ်ားတစ် ယောက်နှင့်နီးစပ်နိုင်ဖို့ပဲဖြစ်သည်။

ဒီလိုင်းဆိုသော ပုဂ္ဂိုလ်ကိုတော့ အင်ကြင်း သဘောကျပါသည် ဒါပေမဲ့ သည်ပုဂ္ဂိုလ်ရဲ့ စိတ်အာရုံက ရွှေ... ...ပွင့်နေတော့အခက် နောက်ထပ် အင်ကြင်းရှာဖွေမိသော ယော... ...တွေကလည်း မှန်းချက် နှင့်သိပ်မကိုက်လှပါ။ အင်ကြင်းရဲ့ ပိုင်ဆိုင်မှုတွေကို မက်မောပြီး ချဉ်းကပ် လာကြသူတွေ ဖြစ်တတ်သေးသည်။

ရွှေအိမ်စည် ဆိုတာ အင်ကြင်းနှင့်ဘာမှမပတ်သက်မှန်းသိ တော့ အသာနောက်ဆုတ်လစ်ကုန်သည်။ ရယ်စရာတော့ အကောင်း သား။

အင်ကြင်းအတွေးနှင့်ယဲ့ယဲ့ပြုံးရင်း လမ်းချိုးကွေ့တစ်ခု ကားလေးကို ချိုးကွေ့လိုက်သည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် အင်ကြင်းမျက်ခုံးလေးတွေ





ကျုံ့သွားခဲ့သည်။

အင်ကြင်းရဲ့ကားကို လုမ်းတားနေသော လူရွယ်တစ်ဦး၊ ကြည့်ရတာ ကားပျက်နေပုံပါပဲ။

နို့စိမ်းရောင်တောက်ပနေသော အော်တာရှပ်ကိုကြယ်သီးဖြုတ် လျက် ဂျင်းပင်နံဘောင်းဘီအနက်အပြင်ထုတ်ဝတ်ဆင်ထား၏။ အတွင်းက အနက်ရောင်တီရှပ်ရင်ဘတ်မှာ ဒီဇိုင်းဆန်းဆန်း စတောကာ ရုပ်ပုံနှင့် ထင်းနေသည်။

လမ်းဘေးမကျတကျမှာ ရပ်ထားသော ထိုလူရွယ်၏ကားလေး က ဝိုဝိုနီမ့်နီမ့် YARZAR JEEP ကားလေးဖြစ်သည်။

အင်ကြင်း... ...လူရွယ်၏ ကားနံဘေးမှာပဲ ထိုးရပ် လိုက်၏။ ကားထဲက ...လှမ်းကြည့်သော အင်ကြင်းကိုမြင်တော့ လူရွယ်မျက်ဝန်းတွေ စိတ်ပျက်သွားသလို မျက်မှောင်ကျုံ့သွားသည်။

အင်ကြင်း ကားတစ်ခါးကိုဖွင့်ဆင်းရင်း လူရွယ်ရှိရာသို့ တန်း တန်းမတ်မတ် လျှောက်ခဲ့မိ၏။

စူးရှတောက်ပသော မျက်ဝန်းအစုံက အင်ကြင်းတစ်ကိုယ် လုံးကို တခဏလေးအတွင်းမှာ အကဲခတ်ကြည့်လိုက်တာကိုတော့ အင်ကြင်းကောင်းကောင်းသိပါသည်။

စတိုင်ကတော့မိသည်။ ဂုတ်ထောက်ဆံနွယ်တွေက နီညို ရောင်သမ်းနေ၏။ နှဖူးကိုလှန်ဖြီးသင်ထားသည့်တိုင် ခွေခွေလိပ်လိပ်



www.burmeseclassic.com

www.burmeseclassic.com



ဆံနွယ်တချို့က နဖူးပြေပြေလေးပေါ်ဝဲကျနေပုံက မဒို့တရိုအသွင်ဆောင်နေ၏။

ဝင်းမွတ်ရှင်းသန့်နေသော မျက်နှာပေါ်မှ မျက်ခုံး မျက်လုံး နှာတံ၊ နှုတ်ခမ်းတွေက ဘာတစ်ခုမှအပြစ်ဆိုစရာမရှိအောင် ချောမော အပြစ်ကင်းစင်ပါသည်။

ကြည့်ရတာ ခေတ်လူငယ်တစ်ဦးပါပဲ။ အသက်အရွယ်က အင်ကြင်းထက်ငယ်ရွယ်မှာ သေချာသည်။

"ယူ တို့ကားကို လှမ်းတားလိုက်တာနော်"

တိတ်ဆိတ်နေလွန်းသောသူ့ကို သတိပေးသလိုနှင့် အင်ကြင်း လှုပ်နှိုးလိုက်မှ လူရွယ်အသိဝင်လာသလိုနှုတ်ခမ်းရဲရဲလေးတွေ လှုပ်ခတ်ပြီးသည်။ နှစ်လိုဖွယ်အပြုံးက မျက်ဝန်းတွေထဲအထိ ရောင်စဉ်ဖြာလဲ့စေသည်ဟု အင်ကြင်းမှတ်ချက်ပြုမိသည်။

"ဆောရီး မမ ကျွန်တော့်ကားဘီးပေါက်သွားလို့ အကူအညီတောင်းဖို့တားလိုက်တာပါ ကျွန်တော်က ယောကျ်ားလေးတစ်ယောက်မောင်းလာတဲ့ ကားထင်လိုက်မိလို့ပါ"

"ဘာလဲ တို့ကမိန်းမသားတစ်ယောက်ဖြစ်နေလို့ အကူအညီမလိုတော့ဘူးလို့ ယူဆိုလိုတာလား"

အင်ကြင်း မျက်မှောင်လေးကျုံ့ကာဆိုတော့မှ သူ ကသော ကမျောနှင့်လက်ကာပြရင်းတောင်းပန်ရှာသည်။





"ဟာ မဟုတ်ပါဘူး မမ မိန်းမသားတစ်ယောက်ကို အကူအညီတောင်းရမှာ အားနာမိလို့ပါဗျာ တကယ်ပါ"

အပြစ်ကင်းစင်သော မျက်ဝန်းတွေထဲမှာ သူ့စကားအတွက် အားနာခြင်းတို့အရိပ်ထင်နေတာ အင်ကြင်းမြင်ပါသည်၊ ချာတိတ်အသွင်နှင့်စတိုင်ကတော့ ရင်ခုန်ချင်စရာတော့ အကောင်းသား။

"ရပါပြီကွာ တို့နားလည်တယ် ဒီနေရာက ကားပြတ်တယ် ခင်းအတွက် အကူအညီလိုအပ်မှာပါ ဘာလဲ ကားဘီးပေါက်သွားတာ ထင်တယ်"

"ဟုတ်တယ် မမ ကားဘီးပေါက်သွားတာပါ ကားဘီးအပို သည်းနောက်မှာပါတယ် မပါတာက ကားထောက်ဖို့ ဂျိုက် လေ မမ်ဆီမှာပါခဲ့ရင် ခဏလောက်ငှားစေချင်ပါတယ်"

လေသံမှာ ခယတောင်းပန်မှုနှင့် သိမ်မွေ့ခြင်းတို့ရောစွက်နေသည်။ အင်ကြင်းချာတိတ်မျက်နှာနုနုလေးကို ကြည့်ရင်းခင်မင်သွားမိတာ အမှန်။

"တို့ ကူညီနိုင်ပါတယ် ကားနောက်ခန်းထဲမှာ ဂျိုက်ပါတယ် သို့အပ်ရင် ဂွတွေကော အစုံအလင်ရှိလိမ့်မယ်ထင်တယ်"

"ဟာ ကျေးဇူးတင်ပါတယ်မမ ကျွန်တော့်ကားထဲမှာ ဂွစုံတော့ ပါတယ် အရေးကြီးတဲ့ ဂျိုက်မပါတာ"

အင်ကြင်းနွေးနွေးကလေးပြုံးရင်း ကားနောက်ခန်းသော့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပေးလိုက်တော့ ချာတိတ်က ကိုယ်တိုင်ပဲ တံခါးကိုဖွင့်သည်။

ဂျိုက်ကိုလှမ်းယူရင်း အင်ကြင်းကို အားဘုံ့အားနာမျက်ဝန် တွေနှင့်ချာတိတ်လှည့်ကြည့်ပြီး

"ကျွန်တော့်ကြောင့် မမ အခက်အခဲဖြစ်နေမလားဟင် မ သွားစရာနောက်ကျနေမလား"

အင်ကြင်းလက်ကနာရီကို တစ်ချက်ငုံ့ကြည့်ရင်း တွေ လေး စဉ်းစားသလို တဒင်္ဂတော့ ငြိမ်နေလိုက်သည်။ ပြီးမှ

"ရပါတယ်လေ မင်းကားဘီးလဲပါ တို့စောင့်ပါ့မယ်"

"ဒါဆိုရင် ခဏလေးနော်မမ အလွန်ဆုံး ဆယ်မိနစ်ပေါ့"

ချာတိတ်ပြောပြောဆိုဆို အပေါ်ကရှပ်အင်္ကျီကို ချွတ်ကာကာ ထဲကိုယ်သွင်း၏။ အောက်ခံတီရှပ်က ပခုံးအထိသာ ရှိသောချိုင်းပြ တီရှပ်မို့ ကျစ်လျစ်သန်မာသော ချာတိတ်ခန္ဓာကိုယ်အလှကို အင်ကြင် တွေ့လိုက်ရသည်။

ဝါဝင်းနေသော အသားရောင်နှင့်ကျစ်လျစ်သော ကိုယ်ဟ အချိုးအဆစ်က လိုက်ဖက်ပါသည်။

သူ့ရဲ့ဂျစ်ကားနောက်မှာ အပိုပါလာသော စပယ်ယာဘီး ဖြုတ်ယူနေတာကြည့်ရင်း အင်ကြင်းသူ့လှုပ်ရှားမှုတွေကို မမိုတ်မသ အကဲခတ်နေမိ၏။

ကားဘီးကို ဖြုတ်ကာ သူကလိမ့်သယ်၏။ အင်ကြင်းကားတံခ





ကိုမှီရပ်နေရာမှ

"တို့ ကူညီပေးရဦးမလား"

"ဟာ မလုပ်ပါနဲ့ဗျာ မမအဝတ်အစား လုလုပပတွေ ပေကျံ ကုန်ပါ့မယ် ကျွန်တော်တစ်ယောက်တည်း နိုင်ပါတယ် မမရဲ့"

ချာတိတ်ခပ်သွက်သွက်ကလေး လုပ်ကိုင်နေသည်။ ပေါက်သွား သော ကားဘီးကိုဖြုတ်ထုတ်ဖို့အတွက် ဂျိုက်ကိုထောက်သည်။

သားရည်အိတ်ပြားထဲက ဂွစုံကို ထုတ်ကာ ကားဘီးက မူလီ တွေကို ဖြုတ်၏။

ရပ်စောင့်ပေးနေသော အင်ကြင်းကိုလည်း သူစကားတွေ ပြောနေသည်။ အင်ကြင်းကိုအားနာလှတာကြောင့် ထင်သည်။

"ကားက ကျွန်တော့်သူငယ်ချင်းကားဗျ အရေးကြီးလို့ ငှားစီး လာကာမှ ကားဘီးကပေါက်သွားရတယ်ဗျာ"

"ဘာလဲ သူတစ်ပါးကား ငှားစီးပြီး ရှိုးထုတ်လာရင်းအရှက် ကွဲတာလား"

အင်ကြင်းစကားကြောင့် ချာတိတ်သဘောကျသလို ရယ်သည်။ ပြီးမှ အင်ကြင်းကိုမော့ကြည့်ရင်း

"ဟုတ်တယ် ကိုယ်ပိုင်ကား စတိုင်ထုတ်လာရင်း မိန်းမချော လေးတွေ ပိုးမလို့လေ မမရှေ့မှောက်ကျမှ အရှက်ကွဲတော့တာပဲ ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်အရွှန်းစကားကြောင့် အင်ကြင်းပြုံးမိသည်။ တစ်ချိန်တည်းမှာပဲ ချာတိတ်အသွင်ကို အကဲခတ်ကြည့်မိ၏။ ကြည့်ရတာ ပေါ့ပါးပါး လူပျော်လူရွှင်လေး ဖြစ်ဟန်တူသည်။

စီးလာသော ဂျစ်ပုလေးကတောင် သူငယ်ချင်းကားဟု ဝန်တာဆိုနေမှတော့ အင်ကြင်းမျှော်လင့်ရည်ရွယ်သော အရည်အချင်းတော့ ဒီချာတိတ်မှာ မရှိတာ သေချာလောက်သည်။

ဒါပေမဲ့ ချောမောသန့်ရှင်းသော ရုပ်သွင်နှင့်ပို့မြစ်တက်ကြသော အသွင်စတိုင်ကတော့ သဘောကျစရာကောင်းသည်။ သည်ချာတိတ်နှင့်တဒင်္ဂလေးစကားပြောနေချိန်လေးကပင် အင်ကြင်းအတွက် ပျော်ရွှင်ကြည်နူးစရာကောင်းနေ၏။

"ကိုင်း ပြီးသွားပြီမမ ကျွန်တော်ပြောတဲ့အတိုင်း ဆယ်မိနစ်ကို နှစ်မိနစ်လေးပဲ စွန်းတယ်နော်"

"မဆိုးပါဘူး မင်းကတော်သားပဲ ကားမက္ကနစ်တစ်ယောက်ထိ စွမ်းတယ် အဟောင်း ဟင်း"

ချာတိတ်မျက်နှာလေးရဲ့ ပန်းလေးကျူးရင်း ခေါင်းကိုခါရမ်းသည်

"အဲ့ဒီလောက် ပင်ပင်ပန်းပန်းနဲ့ ပေကျံနေတဲ့အလုပ်ကြီးတော မလုပ်ပါရစေနဲ့ဗျာ အဲ တစ်ခုတော့ရှိတယ် မမရဲ့ ကားပျက်ရင်တော ပြင်ပေးတတ်ချင်ပါတယ် ဘီးပေါက်တာလောက်ကတော့ ရပါတယ် အဟွန်း"





အသွင်နှင့်စတိုင်ကတော့ မင်းသားရုံးလောက်ပါသည်။ ကားပေါ်က တစ်ရှူးထုပ်ကိုလှမ်းယူကာ လူ့ရှပ်ကပေကျံနေသော လက်တွေကို သုတ်နေသည်။

ချွေးစိုစိုစွန်းထင်းနေသော မျက်နှာနုနုလေးနှင့်မြင့်မားသော အရပ်အမောင်း ကျစ်လျစ်သောကိုယ်ဟန် အားလုံးက စွဲဆောင်ညှို့ယူနိုင်စွမ်းရှိသည်။

ဂျိုက်ကို အင်ကြင်းကားနောက်ခန်းထဲ ထည့်ပေးပြီးတော့ အပြုံးငုပ်သမ်းနေသော မျက်ဝန်းတွေနှင့် ချာတိတ် အင်ကြင်းရှေ့မှာလာရပ်ရင်း

"မမရဲ့ ကျေးဇူးတွေအတွက် ဆပ်ခွင့်ကြုံချင်ပါသေးတယ် မမရဲ့ နာမည်သိခွင့်ရမလားဟင် ကျွန်တော့နာမည်က ရဲသွေးပါ"

ရဲသွေးဆိုသော သူ့အမည်ကိုတော့ အင်ကြင်းစိတ်အာရုံထဲမှာ ကမ္ပည်းတင်မှတ်ထားလိုက်မိ၏။ အင်ကြင်းအမည်ကိုနားစွင့်နေသောသူ့မျက်ဝန်းတွေထဲကို အင်ကြင်းငေးစိုက်ကြည့်ရင်း ပြုံးလိုက်မိသည်။

"တို့နာမည်က ချစ်ပန်းနီ တဲ့"

"ချစ်ပန်းနီ နာမည်ကလှသလို လူကလည်း ငေးလောက်တဲ့ မမချစ်ကို ကျွန်တော် မှတ်ထားပါ့မယ်ဗျာ ကဲ အရေးကြီးကိစ္စလေးရှိလို့ ခွင့်ပြုပါဦးနော် မမချစ်"

"ကောင်းပါပြီ ရဲသွေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်အပြုံးလေးနှင့်ချာတိတ် ကားပေါ်လှမ်းတက်သည်။ အင်ကြင်းလည်း ကားပေါ်တက်ကာ စက်နှိုးလိုက်၏။

ကားလေးနှစ်စီးက ပြိုင်တူမောင်းထွက်၏။ ဒါပေမဲ့ ဆန့်ကျင်ဘက် အရပ်တွေဆီသို့ပဲ ဖြစ်သည်။

အင်ကြင်းပေါ့ပေါ့ပါးပါးလေး အသံထွက်အောင်ရယ်လိုက်မိ၏။

ချာတိတ်ကတော့ အင်ကြင်းစကားကို ယုံကြည်သွားပုံပါ... နာမည်ကို အမှန်ပြောရလောက်အောင် ချာတိတ်နဲ့အင်ကြင်းကြားမှာ ခင်မင်ကျွမ်းဝင်မှု ကြီးခဲ့ကြတာမှ မဟုတ်ဘဲလေ။ ပြီးတော့

ယောကျ်ားတစ်ယောက်ကို လှပရင်ခုန်စရာတစ်ခုလောက်... တွယ်ငြိရလောက်အောင်လည်း အင်ကြင်းက အပျိုစင်အရိုင်းလေး... မဟုတ်တော့တာဘဲ။

ရဲသွေး တဲ့။

ပြန်ဆုံခဲ့ရင်တောင် တို့ဦးနှောက်က လက်ခံနိုင်လောက်... အခြေအနေတစ်ခု မင်းမှာမရှိနိုင်ဘူးဆိုတာ မင်းစကားတွေက သက်သေ... ခံနေတာပဲ ချာတိတ်ရယ်။

အချစ်ဆိုတာ အပျင်းပြေဝါးရတဲ့ ပီကေတစ်ခုလိုပဲ ဆို... မင်းလေး သိနိုင်ပါ့မလားကွယ်။

■ ■ ■



## အခန်း (၁၀)

ခြံထဲက ခုံတန်းလေးမှာ ဒေါ်(လ်)တစ်ကိုယ်တည်း ထိုင်နေမိသည်။ နေလည်ခင်းဆိုတော့လည်း ပျင်းရိစရာကောင်းလွန်းသည်။

မနက်က မမအင်ကြင်းနှင့်လိုက်သွားခဲ့လျှင် အကောင်သားဟု နောင်တရမိ၏။ မမအင်ကြင်းက အိမ်မှာနေရတာ ပျင်းသည်ဆိုကာ ခုတလော အပြင်ကို နေ့စဉ်ထွက်နေတာ ဒေါ်(လ်)သတိထားမိသည်။

သည်လိုနေ့လယ်ခင်းတွေဆိုလျှင် ရွှေအိမ်စည်က ပိုလို့တောင် ပျင်းရိစရာကောင်းလှသည်။ ဒေါ်လေးကွန့်က နေ့လည်ခင်း တရေးတမော အိပ်တတ်သူပီပီ အခန်းထဲမှာ အိပ်နေသည်။

မအေးက အဝတ်အစားတွေကို မီးပူတိုက်နေသည်။ ဒေါ်(လ်) တစ်ယောက်တည်းမို့ ခြံထဲဆင်းကာ ထိုင်နေမိခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်(လ်)အတွက် ကိုကိုဇိုင်းအားလပ်သည့် တနင်္ဂနွေရက် ကလေးများသည်ပဲ အပြင်ထွက်လည်ပတ်စရာရှိ၏။ ဒါတောင် ကိုကို ဇိုင်းက အပတ်စဉ်တိုင်းအားလပ်တတ်သူမဟုတ်ပါ။

နို့ဆီစက်ရုံနှင့်အသားဘူးစက်ရုံကို လွှန်းထိုးပြေးလွှားနေသူ ဖြစ်၏။ မွေးမြူရေးခြံက ဦးသက်ညွှန့်ရှိတာမို့ စိတ်ချလက်ချ ရှိနိုင်သည် ဆိုရသည့်တိုင် အရေးကြီးကိစ္စတွေအတွက် ညနေခင်းတိုင်းတော့ ကိုကို ဇိုင်းသွားရတတ်ပါသေးသည်။

ဒေါ်(လ်)အတွက် ရသမျှအချိန်လေးတွေကို လုကာ ကိုကို ဇိုင်းကရောက်လာတတ်၏။ နှစ်ဦးမြင်းစီးထွက်ရင်ထွက်။ မြင်းစီးရတာ ပျင်းလာလျှင် တခြားစိတ်အပြောင်းအလဲ ကိစ္စတွေကို ကိုကိုဇိုင်းက စီစဉ်တတ်၏။

ဟိုအပတ်ကပဲ ဒေါ်ဂျမ်းတို့အိမ်မှာ မုန့်ဟင်းခါးလုပ်စားဖို့ အစီ အစဉ်ကို ကိုကိုဇိုင်း စီစဉ်ပေးခဲ့ခြင်းဖြစ်လေသည်။

ကိုကိုဇိုင်းအကြောင်းတွေးမိတော့ ဒေါ်(လ်)အတွေးထဲကို ဇိုး အကြောင်းက ဝင်ရောက်လာရပြန်၏။

မနေ့က ကိုကိုဇိုင်းထံက ဖုန်းဝင်လာသည်။ ဒေါ်(လ်)ထံ ဇိုန်ရေးလိုက်သော စာထဲမှ ကိစ္စပဲဖြစ်သည်။

"ဒေါ်(လ်)ကိုရေးလိုက်တဲ့အတိုင်းပါ ဒီကောင်ပြန်လာတော့ အသေအချာပဲ သူလုပ်နေတဲ့စက်ရုံကတစ်လတောင်မခံဘဲသူ့သဘော





သူထွက်လာတာတဲ့ ပြန်မယ့်ကိစ္စကိုလည်း ဦးလေးတွေကို မတိုင်ပင်ဘဲ သူ့သဘောနဲ့သူစီစဉ်တာတဲ့ ဦးလေးကလည်း ဇိုန်ကို မနိုင်တော့ဘူးတဲ့"

ကိုကိုဇိုင်း စကားတွေကို ဒေါ်(လ်) နားထောင်ရုံသက်သက် လေး နှင့်ပဲ ငြိမ်သက်နေခဲ့ပါသည်။

ဇိုန့်အပေါ် ကိုကိုဇိုင်းဒေါသတွေ ပွားနေမှာကိုလည်း ဒေါ်(လ်) တွေးမိပါ၏။ ကိုကိုဇိုင်းဒေါသထွက်ရလောက်အောင်လည်း ဇိုန့်ဘက်က ဘွန်ခဲ့သည်ဆိုတာ ဒေါ်(လ်)လက်ခံပါသည်။

ဒါပေမဲ့ ကိုကိုဇိုင်းကတော့ ဘာကြောင့် တင်းမာလွန်းခဲ့ရတာ ။ ဒေါ်(လ်)စဉ်းစားမိကာ မကျေမနပ်ကလေး ဖြစ်ရခြင်းဖြစ်၏။

ကိုကိုဇိုင်းသည် တခြားသူတွေအပေါ်မှာတော့ စာနာထောက် ားနားလည်ပေးတတ်သူဖြစ်သည်။ သူ့ရဲ့အလုပ်သမားတွေအပေါ်မှာ တော့ ဒေါ်(လ်)အပေါ်မှာ အမြဲတမ်းပြေလျော့ ဆက်ဆံတတ်သူဖြစ် ည်။

ညီအရင်းဖြစ်သည့် မုန်းဇိုန်အပေါ်မှာတော့ သိပ်တင်းမာ လွန်း သည်။

ဇိုန့်ဘက်က မှားခဲ့သည်ဆိုဦးတော့ ထိုစဉ်က ဇိုန်အသက် ယ်ကျော်သက်အရွယ်မျှသာဖြစ်သည်။ ပြီးတော့ ပန်းဝတ်ရည်နှင့်ကိစ္စ တာလည်း ဇိုန်ဘက်က သူငယ်ချင်းအပေါ် ကူညီရာမှ ဖြစ်ခဲ့သော နာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အပြစ်လို့မြင်ကာ အင်လန်ရှိသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဇုန်ဘက်ကလည်း မကျေနပ်လှတာကို ဇုန့်ဆီကရောက်လာတတ်သော စာတွေထဲမှာ ဒေါ်(လ်)မြင်သိနားလည်နိုင်ခဲ့ပါသည်။

ဒေါ်(လ်)ရင်ထဲက အတောင့်တဆုံးဆန္ဒကတော့ ကိုကိုဗိုင်းနှင့် ဇုန်တို့ညီအစ်ကိုကြားမှာ ပြေလည်မှုတစ်ခု ရစေချင်ပါ၏။

ဒါပေမဲ့ အခု ဇုန်ပြန်လာသည့်ကိစ္စကတော့ နှစ်ဦးကြားမှ ပြဿနာကို ငြိမ်းအေးစေမှာ မဟုတ်ဟု ဒေါ်(လ်)သိနေသည်။

ဒီကြားထဲမှာ ဒေါ်(လ်)နှင့် ဇုန်တို့ ချစ်ကြိုက်နေသည့် ကိစ္စကိုသာ ကိုကိုဗိုင်းသိသွားခဲ့လျှင်

"အိုး အမေ့"

ဒေါ်(လ်)အတွေးတွေ အရှိန်တက်နေတုန်း အနောက်ကနေ မျက်လုံးတွေ လက်နစ်ဖက်နှင့်ဖိပိတ်လာသူကြောင့် အလန့်တကြား လေး ရေရွတ်၏။

ဒီလိုနောက်ပြောင်တတ်သူဆိုလို့ ဘယ်သူရှိနိုင်မှာလဲ။

"မမ အင်ကြင်း"

"မဟုတ်ဘူး မှားတယ်"

အသံက ယောကျ်ားအသံမို့ ဒေါ်(လ်)အံ့သြသွားရ၏။ ကိုကိုဗိုင်းတော့မဟုတ်နိုင်ပါ။ ကိုကိုဗိုင်းဆိုတာ ဒီလိုနောက်ပြောင်တတ်သူ မဟုတ်ဘဲ။





"ဘယ်သူလဲမှန်အောင် ဖြေနော်"

အသံကိုဖျက်ကာ ခပ်သြသြပြောသော ယောကျ်ားတစ်ယောက် အသံကို ဒေါ်(လ်)ကြားရသည်။ ဒါပေမဲ့ ဘယ်သူဆိုတာ မခန့်မှန်းတတ် ပါ။

"ဟင့်အင်း ဒေါ်(လ်) မသိဘူး ဘယ်သူလဲ ဟင်"

ဒေါ်(လ်)ကြောက်လန့်စိတ်ကလေးဝင်လာရကာ မျက်ဝန်းတွေကို အုပ်ကိုင်ထားသော လက်တွေကို ဖယ်ဖို့ကြိုးစားမိပြန်သည်။

"သိပ်ညံ့ဖျင်းတဲ့ ကောင်မလေးပဲ"

"အိုး"

အနားတိုးကပ်ပြောသံနှင့်အတူ ဒေါ်(လ်)ပါးပြင်မှာ နွေးခနဲ သပ္ပထွက်သက်တစ်ခု ရှရှလေး ခံစားလိုက်ရသည်။

ဒေါ်(လ်) အလန့်တကြားနှင့် လှည့်ကြည့်မိတော့ မားမား ရပ်ကြည့်နေသော ဇုန် ။

"ဇုန် ဇုန် နော်"

ဒေါ်(လ်) အံ့သြလွန်းလို့ ဝမ်းသာအားရ ဟစ်အော်မိသည်။ ဘောင်းလေးနောက်မှာ မားမားရပ်ကြည့်နေသော မုန်းဇုန် မျက်နှာချော မှာက အပြုံးရိပ်တွေနှင့် ရှင်းသန့်လို့နေသည်။

အပြုံးရိပ်တွေ မျက်ဝန်းတွေထဲအထိ ပြာလဲ့တောက်ပနေသော အရင်တုန်းက ဇုန်အတိုင်းမပြောင်းလဲခဲ့ပါ။ ဝင်းမွတ်ရှင်းသန့်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကလည်း ပိုမိုဖြူနုဝင်းပလာသည်လင်၏။

"ဒေါ်(လ်)"

နှုတ်ခမ်းလေးတွေလှုပ်ခတ်ကာ ဇုန်ခေါ်သည်။ ဒေါ်(လ်)ထိုင်ခုံ
က ထရပ်ရင်း ဇုန်မျက်နှာကို အံ့ဩမှုတွေ မပြေနိုင်သေးဘဲ စိုက်ကြည့်
နေမိသဲ။

"လူဆိုးတစ်ယောက်ကို တွေ့ရလို့ ဒေါ်(လ်)အရမ်းအံ့ဩ
နေတယ်ပေါ့လေ"

"အိုး လူဆိုး မဟုတ်တာ ဇုန့်ကိုလူဆိုးတစ်ယောက်လို့ ဒေါ်(လ်
ဘယ်တုန်းကမှ မထင်ခဲ့ဘူး ပြန်လာမှာသိပေမယ့် ဆိုင်းမဆင့် မှုံမဆ
ရောက်ချလာလို့ ဝမ်းသာနေတာ အံ့ဩနေတာ တကယ်"

"ဒေါ်(လ်)ရယ်"

ဇုန့်လက်တွေက ဒေါ်(လ်)လက်ဖဝါးလေးတွေကို ဆုပ်ကိုင်
မရပ်သိမ်းသေးသော အကြည့်တွေကလည်း စူးရှလင်းပစွာ။

ဇုန်ရဲ့ ရွှန်းပသော အကြည့်တွေထဲမှာ ဒေါ်(လ်)စက္ကန့်
များစွာ နှစ်မျောပျော်ဝင်နေရင်းမှ သတိဝင်လာကာ ဆုပ်ကိုင်ထား
လက်ကလေးတွေကို ရုန်းထွက်မိသည်။

"ဒေါ်(လ်)ရယ် လေးနှစ်လုံးလုံး တမ်းတခဲ့ရတဲ့ ဒေါ်(လ်)မျ
လေးကို အားရအောင်ကြည့်ပါရစေဦးကွာ တကယ်ပါပဲ ဒေါ်(လ်
အပျိုကြီးလုံးလုံး ဖြစ်နေပြီနော်"

"အိုး ဇုန်ကလည်း"

ဒေါ်(လ်)မျက်နှာလေး ရဲရဲနီမြန်းသွားကာ ခေါင်းကိုငုံ့မိ၏။ ဇုန်
နှုတ်ဖျားက ချီးကျူးစကားကတော့ ဒေါ်(လ်)ကို ကျေနပ်ကြည်နူးစေတာ
ထည်း အသေအချာ။

မုန်းဇုန်ကတော့ မျက်စိရှေ့မှောက်မှာ ထင်ထင်ရှားရှား မြင်
တွေ့နေရသော ဒေါ်(လ်)အလှကို တအံ့တဩ ရွှန်းရွှန်းစားစား ငေးကြည့်
သို့။

လွန်ခဲ့သော လေးနှစ်ခန့်က ချစ်သူလေး ဒေါ်(လ်)သည်
ာလေးဆန်ပြီး ဖြူဖြူနုနုလေးနှင့် ချစ်စရာကောင်းတာမို့ သူ အင်္ဂလန်
သွားခါနီးမှာ မနေနိုင်မထိုင်နိုင်ကာ ချစ်စကားဆိုခဲ့မိခြင်းဖြစ်သည်။

အခုတော့ ဒေါ်(လ်)၏အလှသည် ပြည့်ဝပြည့်စုံနေသော
န်းလေးတစ်ပွင့်လိုရှိခဲ့ပြီ။ သူ့အာရုံထဲမှာ အတွေးဖြင့် ပုံဖော်ထားမိသည်
ာက် ဒေါ်(လ်)သည် လှပလွန်းနေခဲ့သည်။

သည်လိုမုန်းသိလျှင် သူမြန်မာပြည်ကို ခြေချလိုက်မိကတည်း
ာ အရောက်ပြေးလာကာ အမောပြေအောင်ကြည့်မိမှာပါ။

"ဇုန် ကိုကိုဇိုင်းဆီ ရောက်ခဲ့ပြီးပြီလား ဟင်"

ဒေါ်(လ်)မျက်နက်ဝန်းလေးတွေပင့်ကာ သူ့ကိုမော့ကြည့်ပြီး
မေးသည်။ ဇုန်မျက်နှာပေါ်က အပြုံးရိပ်တွေ တဒင်္ဂတည်သွားခဲ့ပြီးမှ
န်ခေါင်းကို ခါယမ်းပြသည်။

www.burmeseclassic.com



"ဟင့်အင်း မြန်မာပြည်ကိုပြန်ရောက် ရောက်ချင်း သူငယ်ချင်းတစ်ယောက်အိမ်သွားနေတာ ဒီနေ့ဆို နှစ်ရက်ရှိပြီပေါ့"

ဒေါ်(လ်)မျက်ဝန်းလေးတွေ အံ့ဩမှုကြောင့် ဝိုင်းစက်လျက် ဇုန်ကို မယုံနိုင်သလိုမော့ကြည့်၏။

ဇုန်မြန်မာပြည်ကိုပြန်ရောက်တာ နှစ်ရက်တောင်ရှိပြီတဲ့။ အဲဒီနှစ်ရက်လုံးလုံး ဇုန်သူငယ်ချင်းအိမ်မှာ နေ နေသည်တဲ့လား။ ဒေါ်(လ်)မှာတော့ ဇုန့်ထံကစာရောက်လာကတည်းက မျှော်လင့်နေခဲ့လိုက်ရတာ

"ဇုန်ရယ် ဒါနဲ့တောင် ဒေါ်(လ်)ဆီကို အရင်ဆုံးရောက်အောင်မလာဘူးနော်"

"အဲ့ဒီအတွက် ဒေါ်(လ်)ကိုတောင်းပန်ပါတယ်ကွာ ကိုယ်ဒီကိုရောက်တော့ ကိုကိုနဲ့ ဘယ်လိုရင်ဆိုင်ရမလဲတွေးပြီး အတော်ခေါင်းစားနေတယ် အဲ့ဒါကြောင့် သူငယ်ချင်းအိမ် သွားခိုနေတာ အခု ဒေါ်(လ်)ဆီကိုအရင်ဆုံးလာခဲ့တာလေ"

မျက်ဝန်းကြည်လဲ့လဲ့လေးတွေမှာ အပြုံးရိပ်လွှမ်းကာ ဇုန်ကိုပြန်တော့လည်း ဒေါ်(လ်)ကျေနပ်ရပြန်၏။

"ဒေါ်(လ်)ကဇုန့် စာရကတည်းက ကိုကိုဇိုင်းကို အသိပေးထားခဲ့တာ"

"ဟောဗျာ ဒေါ်(လ်)က ကိုကို့ကို ပြောထားလိုက်ပြီလား ကိုယ်က ကိုကို့ကို ကြိုမသိစေချင်လို့ အသိမပေးဘူး ပြီးတော့ ဘာ





အဆက်အသွယ်မလုပ်ဘဲ တမင်နေတာ"

"အဲ့ဒါတော့ ဇုန်မှားတယ်လို့ ဒေါ်(လ်)ထင်တယ်"

"ဇုန်မှားတယ် ဟုတ်လား ကိုယ်ဘာမှားခဲ့လို့လဲ ကိုယ့်ကို ကိုကိုက မြန်မာပြည်နဲ့အဝေးဆုံးပို့ဖို့ စီစဉ်ခဲ့တာလေ"

"ဇုန်ရယ် အဲ့ဒါ ဇုန့်အတွက် အကောင်းဆုံးစေတနာနဲ့ ကိုကိုဇိုင်း စီစဉ်ခဲ့တာပါ"

ဒေါ်(လ်)စကားကို ဇုန်မထိတရီအပြုံးလေးနှင့် ခေါင်းခါသည်။ ပြီးမှ နဖူးပေါ်ကဆံနွယ်တွေကို သပ်တင်ရင်း မရယ်ချင် ရယ်ချင်ရယ်သည်။

"အဟင်း ဟင်း လူတစ်ယောက်ကို ပုံစံခွက်ထဲ ထည့်ပစ်တာတဲ့ လူတွေကို ကိုယ်မုန်းတယ် ဒေါ်(လ်) လက်မခံနိုင်ဘူး ကိုကိုက ကိုယ့်ထက်ကြီးတဲ့ အစ်ကို အဲ့ဒီတုန်းက ကိုယ်အသက်ငယ်သေးတယ် သူ့စကားကို လွန်ဆန်ခွင့်မရှိလို့ ကိုယ်ထွက်သွားခဲ့ရတာပါ"

"ဇုန်ရယ် ဘာပဲဖြစ်ဖြစ် အဲ့ဒါ ဇုန့်အတွက်ကောင်းတာပဲလေ ကိုကိုဇိုင်းက ဇုန်ပြန်လာရင် အားလုံးအသင့်နဲ့အတည်တကျဖြစ်အောင် စီစဉ်ထားတယ်"

"ကျွတ်"

ဇုန် ပခုံးတွန့်ပုပ်သပ်ရင်း ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းသည်၊ ဘဖိတ်ဖိတ်လက်နေသော မျက်ဝန်းတွေထဲမှာ အရိပ်ထင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



နာကျည်းခါးသီးမှုတွေဟု ဒေါ်(လ်)သိနေသည်။

"ဘာလဲ အသားဘူးစက်ရုံတည်ထားတဲ့ ကိစ္စလား ဟိုမှာ ကိုယ့်ကိုစည်သွပ်ဘူးစက်ရုံမှာ အလုပ်ဝင်ခိုင်း သူကဒီမှာ စက်ရုံတည် ကိုယ်ပြန်လာတာနဲ့ သူ့စက်ရုံမှာဝင်ခိုင်းမယ် ဒါ သူ့စီမံကိန်းတွေလေ အဲ့ဒါကိုသိလို့ ကိုယ်ဟိုမှာအလုပ်ကထွက်ပြီး ဒီကိုပြန်လာဖို့ ဆုံးဖြတ်လိုက်တာပဲ ဒေါ်(လ်)"

"ဟင်"

"ဟုတ်တယ် ဒေါ်(လ်) သူ့ရဲ့ပုံစံခွက်ထဲမှာ ကိုယ်ဘယ်တော့မှမရှင်သန်ချင်ပါဘူး"

ဒေါ်(လ်) ရင်ထဲမှာ တုန်တုန်ယင်ယင်လေး ဖြစ်သွားရသည် အထိ ချောက်ချားသွားခဲ့ရပါသည်။ ကိုကိုဇိုင်းအပေါ်မှာ ဖုန့် ဘက်က ဒီလောက် အထိတောင် နာကျည်းလွန်းနေမှန်း ဒေါ်(လ်)မသိခဲ့ မထင်မှတ်ခဲ့ပါ။

"ကဲပါ ဒေါ်(လ်)ရယ် ခုချိန်မှာကိုကို့အကြောင်းတွေ မပြောနဲ့တော့ ဒေါ်(လ်)ရဲ့အကြောင်းပဲ ပြောရအောင်နော်"

ဒေါ်သလွှိုင်းသင့်နေသော ဖုန့်မျက်ဝန်းတွေထဲမှာ ချက်ချင်းပင် အပြုံးရိပ်တို့ ဝေ့သီလာသည်။ ထိုမျက်ဝန်းတွေနှင့်ပဲ လွန်ခဲ့သော လေးနှစ်ကျော်က ဒေါ်(လ်)ရဲ့ နှလုံးသားနနကို ဖုန့်သိမ်းပိုက်ခဲ့တာဖြစ်သည်။

"ထိုင်စမ်းပါဦး ဒေါ်(လ်)ရယ် ဒေါ်(လ်)ရဲ့ အလှတွေကို တစ်ဝ





စိမ့်ကြည့်ပါရစေဦး"

ဒေါ်(လ်)လက်ကို ပိုင်စိုးပိုင်နင်းဆွဲကာ ဖုန့်ကထိုင်စေသည်။ ခုံတန်းလေးက ခပ်သေးသေးမို့ ဒေါ်(လ်)နှင့်ဖုန့်တို့ ယှဉ်ထိုင်လိုက်တော့ တစ်ယောက်နှင့်တစ်ယောက်နီးနီးကပ်ကပ် ဖြစ်နေခဲ့ကြလေသည်။

ဖုန့်ဆိုတာ ဒေါ်(လ်)ရဲ့ ငယ်ပေါင်းကြီးဖော်တစ်ဦး၊ ချစ်သူရည်းစားတစ်ယောက်ဆိုပေမယ့် ဒေါ်(လ်)အခုလို ပူးပူးကပ်ကပ်ကြီး မနေတတ်ပါ။ တကယ်ဆို ဖုန့်နှင့်ဒေါ်(လ်)တို့ ချစ်သူရည်းစားအဖြစ် အသိအမှတ်ပြုခဲ့ကြတာ ဖုန့်အင်္ဂလန်ကို မသွားခင် တစ်ရက်ကမှ ဖြစ်သည်။

ကျန်လေးနှစ်လုံးလုံးမှာ ဒေါ်(လ်)နှင့်ဖုန့် ဆက်နွယ်ပတ်သက်မှုဆိုတာ ဖုန့်ထံမှ တစ်လတစ်ခါ နှစ်လတစ်ခါ ရောက်လာသော စာလေးများသာဖြစ်၏။

"ဒေါ်(လ်)ရယ် တကယ်ပဲ ကိုယ်ဖြင့် ဒေါ်(လ်)ဒီလောက်ထွားပြီး လှလာလိမ့်မယ်လို့ မထင်ထားဘူးကွာ"

မချင့်မရဲ ခိုးကျူးစကားနှင့်အတူ ဖုန့်ဒေါ်(လ်)လက်တွေကို ဆုပ်ကိုင်လာ၏။ ဒေါ်(လ်) မရုန်းသာဘဲ ရင်တွေ တလှပ်လှပ်ခုန်လာရသည်။

ဖုန့်လက်တွေက ဒေါ်(လ်)ပခုံးသားလေးဆီ ထွေးပွေ့လာတော့ ဒေါ်(လ်) မနေတတ်တော့ဘဲ ရှန်းကန်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်(လ်) ဘာဖြစ်လို့လဲဟင်"

"ဒေါ်(လ်) မနေတတ်ဘူး ဇုန်"

"ဟာကွာ ချစ်သူတွေပဲဥစ္စာ ပြီးတော့ ဟိုတုန်းကလို ကိုယ်တို့ ဆယ်ကျော်သက်အရွယ်လေးတွေ မဟုတ်တော့ပါဘူးကွ"

"ဒါကြောင့် သိက္ခာတရားနဲ့ ဆင်ခြင်ရမယ်လို့ ဒေါ်(လ်) သိနေတာပေါ့ ဇုန် အိမ်ထဲမှာ ဒေါ်လေးကွန့်ရှိတယ် သူမြင်တွေ့သွားရင် မကောင်းဘူး"

ဒေါ်(လ်)စကားကြောင့် ဇုန်မျက်မှောင်လေးကုပ်ရင်း ပခုံး ဆုပ်ကိုင်ထားသည့် လက်တွေပြေလျော့ကျသွားခဲ့သည်။

ပင့်သက်မောတစ်ချက် ဇုန့်နှုတ်ကပေါ်ထွက်လာတော့ ဒေါ်(လ် မော့ကြည့်မိသည်။ ဇုန့်မျက်ဝန်းအစုံထဲမှ တောက်ပရွှန်းလဲ့မှုတွေ ပျောက် ဆုံးနေပါလား။

"ဒေါ်(လ်)ရယ် လေးနှစ်ကျော်ဆိုတဲ့ ကာလကြီးက အရာရာ ပြောင်းလဲနိုင်တာ ကိုယ်မေ့သွားတယ် ဒေါ်(လ်)အတော်ပြောင်းလဲနေပြီ ရွှေအိမ်စည်အိမ်ကြီးရဲ့ အရှင်သခင်မလေး အန်ကယ်ဦးမျိုးမြတ်သူ စည်းစိမ်အမွေတွေကို ပိုင်ဆိုင်ခံစားခွင့်ရတဲ့ သူဌေးမလေးဖြစ်နေပြီကိ"

"အိုး ဇုန်စကားတွေက ဘာတွေလဲ ဒေါ်(လ်)ပြောတာ အဓိပ္ပာယ်မဟုတ်ဘူး"

"မသိဘူးလေကွာ မုန်းဇုန်ဆိုတဲ့ကောင်က လူပေလူတေ ဝင်ငွေ တစ်ပြားမှ မရှာနိုင်သေးတဲ့ကောင် ကိုကိုနဲ့ယှဉ်ရင်တောင်"





"ဇုန် တော်တော့ ဘာတွေပြောနေတာလဲ ဇုန့်ကိုဒေါ်(လ်) သစ္စာရှိရှိ ချစ်ခဲ့တာပါ မျှော်လင့်နေခဲ့တာပါ ဒေါ်(လ်)နှလုံးသားက တစ်ခါ ပဲချစ်ခဲ့ဖူးတယ် အဲ့ဒီချစ်သူကိုလည်း တစ်ဘဝလုံးအထိ ရည်ရွယ်ခဲ့ ဘာပါဇုန်ရယ်"

ဒေါ်(လ်)မျက်ရည်လေးရစ်ဝိုင်းကာ ဖြေရှင်းမိ၏။ ဇုန့်မျက်ဝန်း တွေထဲမှာ ကြည်နူးရိပ်ဖြင့် ရောင်စဉ်တွေ တောက်ပဖြာလဲ့လာသည်။

"ဆောရီး ဒေါ်(လ်)ရယ် ကိုယ့်စကားတွေမှားသွားတယ် အဲ့ဒါ ဒေါ်(လ်)ကိုချစ်လို့ဆိုတာ ယုံပါ"

ဒေါ်(လ်)လက်ဖဝါးလေးကို မချင့်မရဲဆုပ်ကိုင် ဖျစ်ညှစ်ပြီး ဇုန်ဆိုတော့ ဒေါ်(လ်)နှလုံးသားတို့ အရည်ပျော်ရပြန်သည်။

"ခွင့်လွှတ်ပါတယ် ဇုန် ကဲ လာ အိမ်ထဲဝင်ရအောင်နော် ဒေါ်လေးကွန့်နဲ့ ဇုန့်လိုက်တွေ့လိုက်ဦး"

"ဒေါ်လေးကွန့်ဆိုတာ အရင်က ဒေါ်(လ်)တို့အိမ်ကို မကြာ ခဏ လာလည်တတ်တဲ့ အန်ကယ်ဦးမျိုးမြတ်သူရဲ့ ညီမနှစ်ဝမ်းကွဲ အပျိုကြီးမဟုတ်လား"

"ဟုတ်တယ် ဇုန် ဖေဖေမရှိတော့ ဒေါ်လေးကွန့်ကို လာနေ ပေးဖို့ .ဒေါ်(လ်)ပဲခေါ်ထားခဲ့တာလေ အဲ မမခိုင်အင်ကြင်းလည်း ရွှေအိမ်စည်မှာ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်အင်ကြင်း ဆိုတာ ဘယ်သူလဲဒေါ်(လ်)ရဲ့"

"ဒေါ်(လ်)ရဲ့အစ်မ ဝမ်းကွဲတစ်ယောက်ပဲ နောက်မှ သူ့အကြောင်းပြောပြမယ် အခုလောလောဆယ်လည်း သူမရှိသေးဘူး အပြင်သွားတယ် ညနေမှပြန်ရောက်လိမ့်မယ်ထင်တယ်"

ဇုန်ခေါင်းညိတ်ပြကာ ထိုင်ခုံလေးက ထရပ်သည်။ အရင်က အရပ်ကမြင့်မြင့်မားမားနှင့်ပိန်သွယ်သွယ် ဇုံသည် အခုတော့ ကျစ်လစ် တောင့်တင်းသော ခန္ဓာကိုယ်နှင့်ပိုလို့ ချောမော ခန့်ညားလာသည်ဟု ဒေါ်(လ်) မှတ်ချက်ပြုမိ၏။

နှစ်ဦးသား ဧည့်ခန်းထဲလှမ်းအဝင်မှာပင် အခန်းထဲကထွက် လာသော ဒေါ်လေးကွန့်နှင့်ရင်ဆိုင်တိုးမိကြ၏။

"ဒေါ်လေးကွန့် ဒါဘယ်သူလဲ ကြည့်စမ်းပါဦး"

ရွှေကိုင်းမျက်မှန်ထဲက ဒေါ်လေးကွန့် မျက်ဝန်းတွေက မုန်း ကို အကဲခတ်သလို စိုက်ကြည့်သည်။ ပြီးမှ အံ့ဩမင်သက်သော အရိ တွေသမ်းကာ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။

"ဒေါ်လေးကွန့် ကျွန်တော့်ကို မှတ်မိပါတယ်နော်"

"မင်း ဇုန် မောင်ဇုန်မဟုတ်လား"

"ဟုတ်တာပေါ့ ဒေါ်လေးကွန့်ရဲ့ ဇုန့်ကိုဒေါ်လေးမှတ်မိသား"

ဒေါ်(လ်)အရယ်မျက်နှာလေးနှင့် မြူးမြူးကလေးဝင်ပြော ဒေါ်(လ်)မျက်နှာလေးပေါ်မှာ သည်လောက်ထိ ပျော်ရွှင်ကြည်နူးသော





အရိပ်တွေကို ဒေါ်ကွန့်မမြင်ဘူးခဲ့ပါ။

ဇုန့်ပြန်ရောက်လာသည့်အတွက် ဒေါ်(လ်)အပျော်လွန်နေတာ သေချာ၏။ ပြီးပေါ့ ဒေါ်(လ်)ရဲ့ တောက်ပဝင်းလက်နေသော မျက်ဝန်း တွေ

ဒေါ်ကွန့်ရင်ထဲ ထိတ်ခနဲ စိုးရိမ်စိတ်ကလေးတိုးလာရ၏။ ဒေါ်(လ်)နှင့်ဇုန်တို့ကြားမှာ နှောင်တွယ်မှု သံယောဇဉ်က ရှိးသားဖြူစင် ပါရဲ့လား။

"ကဲ ထိုင်ပါဦး ဇုန်ရဲ့ မတ်တပ်ကြီး"

ဒေါ်(လ်)စကားကြားမှ ဒေါ်ကွန့် ဇုန်ကိုနှုတ်ဆက်ဖို့ သတိရမိ ကာ

"ဟုတ်သားပဲ မောင်ဇုန် ထိုင်ဦးလေကွယ် မင်းတို့ညီအစ်ကိုက ရုပ်ချင်းဆင်ကြတာပဲ ဒေါ်လေး ဘာလို့မမှတ်မိရမှာလဲ မင်းတကယ် ထွားပြီး လူကြီးဖြစ်လာတာပဲ"

"လေးနှစ်တောင်ကြာပြီပဲ ဒေါ်လေးကွန့်ရဲ့ အဟွန်း"

"အေးကွယ် အချိန်တွေကကြာခဲ့ပြီပဲ ဒါနဲ့ မောင်ဇုန် မြန်မာ ပြည်ကို အလည်ပြန်လာတာလား အပြီးပြန်လာတာလား"

"အပြီးပြန်လာခဲ့တာပါ ဒေါ်လေးကွန့်"

"အေး အေး ကောင်းပါတယ်ကွယ် မောင်ဇိုင်းအတွက် တစ်အားတိုးတာပေါ့ မင်းတို့ညီအစ်ကို နှစ်ယောက်ပေါင်းလိုက်ရင် လက်ရုံ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေပိုပြီး တိုးတက်လာမှာ သေချာတယ်"

ဒေါ်လေးကွန့် စကားကြောင့် ဇုန်နှုတ်ခမ်းစေ့လျက် ပြုံးနေသည်။ ထိုအပြုံးရဲ့ အဓိပ္ပာယ်ကိုသိနေသော ဒေါ်(လ်)က အခြေအနေကို ဝင်ထိန်းသည့်သဘောနှင့် ကြားက စကားစဝင်ဖြတ်ရ၏။

"ဩော် ဇုန် ဘာသောက်မလဲ အအေးလား အပူလား တစ်ခုခု သောက်လေ"

ဒေါ်(လ်)စကားကြောင့် ဇုန့်နှုတ်က ကိုကိုဇိုင်း နှင့်ပတ်သက်သော စကားတွေ ဘာမှထွက်မလာနိုင်ဘဲ ဒေါ်(လ်) ကိုငဲ့ကြည့်ရင်း

"မသောက်တော့ဘူး ဒေါ်(လ်) ဒီမလာခင်မှာဘဲ သူငယ်ချင်းနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်လို့လေ ကိုယ်ပြန်မယ် ကိုကိုနဲ့တွေ့ချင်ပြီ"

"မောင်ဇိုင်းနဲ့မတွေ့ရသေးဘူးလားကွဲ့"

"ဟင့်အင်း ဒေါ်(လ်)ဆီကို အရင်ဆုံးတန်းလာခဲ့တာ ဒေါ်လေးကွန့်ရဲ့ ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး နောက်မှ အေးအေးဆေးဆေး ဆုံကြတာပေါ့နော်"

ကိုကိုဇိုင်းနှင့်ပတ်သက်တာတွေကို ဆက်မကြားချင်လို့ပဲလားတော့ မသိပါ။ ဇုန်စကားဖြတ်ကာ ဒေါ်လေးကွန့်ကို နှုတ်ဆက်၏။

"အေး အေး နောက်လည်းလာလည်ဦးပေါ့ မောင်ဇိုင်းက အမြဲအိမ်ကိုရောက်တတ်ပါတယ်"

"ဟုတ်ကဲ့ ဒေါ်လေးကွန့်"





ဇုန်နှုတ်ဆက်တော့ ဒေါ်(လ်)လည်း အတူထရပ်ရင်း

"ဒေါ်(လ်)ခြံဝအထိ လိုက်ပို့လိုက်ဦးမယ် ဒေါ်လေးကွန့်"

ညှော်ခန်းကထွက်ကာ ကွန်ကရစ်လမ်းလေးအတိုင်း ခြံတံခါးဆီလျှောက်ခဲ့တော့ တိတ်ဆိတ်နေသော ဒေါ်(လ်)ကိုငဲ့ကြည့်ကာ မေးလာ၏။

"ဒေါ်(လ်) ကိုကိုဒီကို အမြဲလာတတ်သလားဟင်"

"အလုပ်အားရက်တိုင်း လာတယ်ဇုန် ကျန်တဲ့ရက်တွေမှာ သူမလာရင်တောင် ဖုန်းတော့ အဆက်အသွယ်ရှိတယ် ဒေါ်(လ်)ရဲ့ ကုမ္ပဏီရှယ်ယာကိစ္စတွေကို ကိုကိုဇိုင်းပဲ ကူညီနေတာလေ ဇုန်ရဲ့"

ဇုန်မျက်မှောင်လေးတွန့်ထားလျက်က တွေတွေလေး တွေးနေ၏။ ဇုန်ဘာတွေတွေးနေတာလဲ ဒေါ်(လ်)မခန့်မှန်းတတ်ခဲ့ပါ။

"ဒေါ်(လ်)"

ခြံတံခါးဝရောက်ခါနီး ပုဏ္ဏားရိပ်ပင်တွေနားရောက်တော့ ဇုန်ခြေလှမ်းတို့ကိုရပ်ပြီးခေါ်သည်။

"ဘာလဲ ဇုန် ဘာပြောမလို့လဲ"

ဒေါ်(လ်)လည်း ရပ်တန့်ကာ ဇုန်ကိုမော့ကြည့်ရင်းမေးမိသည်။

ဇုန်နှုတ်က စကားသံတွေ ချက်ချင်းထွက်မလာပါ။ ဒေါ်(လ်)ကို ငေးငေးလေးစိုက်ကြည့်နေတာမို့ ဒေါ်(လ်)ရင်တွေ တလှပ်လှပ်ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်(လ်) ကိုယ့်အပေါ် သစ္စာရှိရှိ စောင့်နေသေးတဲ့အတွက် သိပ်ကို ကျေးဇူးတင်ပါတယ်"

"ဇုန်ရယ် အချစ်ဆိုတာ ဇုန်နဲ့ပဲဒေါ်(လ်) ခံစားပိုင်ဆိုင်ခဲ့ဖူးတာပါ"

ဝင်းပဖြာလဲ့သွားသော မျက်ဝန်းတွေကို ဒေါ်(လ်)ငေးရီရီလေး စိုက်ကြည့်နေမိ၏။ ဇုန်ရဲ့ ဒီမျက်ဝန်းတွေအောက်မှာပဲ ဒေါ်(လ်)ရင်ခုန်သံတွေ မြန်ဆန်ခဲ့ရတာပါ။

ကြာခဲ့ပေမယ့် မနေ့တစ်နေ့ကလိုပဲ ဒေါ်(လ်)ရင်တွေ ခုန်လာသည်။

ဖျတ်ခနဲ ဇုန့်လက်တွေက ဒေါ်(လ်)လက်ကလေးကို ဆုပ်ကိုင်မယူ၏။ ပြီးတော့ လက်ဖမိုးနုနုပေါ် အနမ်းပွင့်လေးခွေချသည်။

ဒေါ်(လ်)မျက်နှာလေး ပန်းနုသွေးလွှမ်းလျက် ငြင်းဆန်ဖို့ အင်အားတို့ ကင်းမဲ့နေခဲ့သည်။

"ဇုန်သွားမယ် ဒေါ်(လ်) မနက်ဖြန်ကျ ဇုန်လာခဲ့ဦးမယ်နော်"

ဒေါ်(လ်) ခေါင်းကလေး ညိတ်ကာ မင်သက်ကျန်ရစ်ခဲ့ရသည်။

တရွေ့ရွေ့ကျောခိုင်းသွားသော ဇုန်ကျောပြင်ကို ငေးမောရင်း ဒေါ်(လ်)ရင်ထဲမှာ တသိမ့်သိမ့်ကြည်နူးလှိုင်းခတ်နေဆဲ။

ဇုန်ရယ်။ နှစ်ဦးကြားမှာ ရင်ခုန်သံတွေ နသစ်နေသေးတာ ဒေါ်(လ်)အတွက်သေချာလှပါတယ်။





ဇုန်မျက်ဝန်းတွေထဲက အချစ်ရောင်စဉ်တွေ ဟိုစဉ်တုန်းကလိုပဲ ကြည်လဲ့နေတုန်းပဲလို့ ဒေါ်(လ်) ယုံကြည်လိုက်ပါပြီ။

ဒေါ်(လ်)တို့ ဘယ်တော့မှ ပြန်မဝေးကြေးနော်။

ဒီတစ်ခါ ဝေးရရင်တော့ ဒေါ်(လ်)လွမ်းတဲ့စိတ်နဲ့ ရှူးလိမ့်မယ် ဆင်ပါရဲ့။

◼ ◼ ◼



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အငယ်ကတည်းက မြင်နေရသော မြင်ကွင်းကြောင့် ဇုန်မျက်ဝန်းတွေ အံ့သြမင်သက်မှုဖြင့် ငေးမောကြည့်နေမိတာ အတန်ကြာသည်။ လွန်ခဲ့သော လေးနှစ်က ဖေဖေပိုင်ဆိုင်သော မွေးမြူရေးခြံကြီးကို သူအကြိမ်ကြိမ်ရောက်ဖူးပါသည်။

ဝါးစည်းရိုးအကာအရံနှင့် အတွင်းမှာ နွားတင်းကုပ်တွေကလည်း ခနိမိုး ထရံကာတဲကြီးတွေဖြစ်သည်။

ယခုသူမြင်နေရသည့် မြင်ကွင်းတွေနှင့် ဘယ်လိုမှမတူညီသော မြင်ကွင်းပုံရိပ်တွေက အတိတ်မှာကျန်ခဲ့ပြီထင်ရဲ့။

မွေးမြူရေးခြံကြီး၏ စည်းရိုးတွေက ခိုင်ခံသော အုတ်တိုင်နှင့် သွပ်ဆူးကြိုးစည်းရိုးဝင်းကြီး ဖြစ်နေသည်။ အတွင်းမှာလည်း အ





ရ သစ်ပင်တွေ ညီညာစိတန်းလျက်။

နွားတင်းကုပ်တွေက အုတ်ကြွပ်ပြားရှည်ကြီးတွေ မိုးထား၏။ အကာအရံကလည်း ပျဉ်ချပ်တွေဖြစ်ကာ ခန့်ခန့်ထည်ထည် ခိုင်ခိုင်မာမာ အဆောက်အဦးတွေပဲဖြစ်သည်။

ခြံဝင်းထဲမှာ စိတန်းရပ်ထားသော ထရပ်ကားကြီး၏ အရှေ့ဘက်မှာတော့ သစ်လွင်တောက်ပသော နှစ်ထပ်တိုက်အိမ်ကြီးတစ်လုံး ခန့်ငြားစွာရှိနေ၏။

ငေးကြည့်နေရင်းနှင့် ဇုန်မယုံနိုင်စွာဖြစ်နေရတာလည်း အမှန်။ လေးနှစ်ဆိုသော ကာလလေးမှာ ကိုကို့စီးပွားရေးက ဒီလောက်အထိ တိုးတက်အောင်မြင်လာခဲ့သည်တဲ့လား။

အင်္ဂလန်မှာ သူရှိနေစဉ်ကာလတွေမှာ ကိုကို့သတင်း ကိုကို့အကြောင်းကို စိတ်မဝင်စားခဲ့ပါ။ စုံစမ်းခြင်းလည်း မရှိခဲ့။

အန်ကယ် ဦးလွင်အောင် ပြောပြမှသာ ကိုကို့အကြောင်း သိရ၏။

"မောင်ငိုင်းက တကယ်တော်တဲ့ကောင်ကွ သူ့လက်ထက်မှာ မွေးမြူရေးခြံကြီးက အတော်တိုးတက်နေပြီ တကယ်စိတ်ကူးကောင်းတဲ့ကောင် အိမ်နဲ့ခြံကိုရောင်းပြီး နို့ချက်စက်ရုံတည်နေတာလည်း အောင်မြင်မှာသေချာတယ်"

ဒေါ်(လ်)တို့နှင့်ခြံချင်းကပ်လျက်ရှိသည့် နေအိမ်ကို ရောင်းချပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်ဟု ကြားစဉ်က သူကိုကို့ကို ပိုလို့စိတ်နာရ၏။ သူ့ကို အဝေးပို့ထားကာ သူလုပ်ချင်တာတွေ လုပ်နေခဲ့ခြင်းဟု ထင်ခဲ့မိသည်။

မိဘအမွေအနှစ် ဥစ္စာဓနတွေကို စိတ်တိုင်းကျဖြုန်းလှယ်နေသည်ဟု သတ်မှတ်ထားခဲ့မိသည်။

နောက်ပိုင်းမှာ အသားဘူးတွေ ထုတ်လုပ်မည့် စက်ရုံတည်သည်ဆိုတော့ သူပိုလို့စိတ်နာရ၏။ အင်္ဂလန်မှာ သူ့ကိုစည်သွပ်ဘူးစက်ရုံ၌ အလုပ်လုပ်ခိုင်းတာ ကိုကိုရဲ့ စက်ရုံအတွက် စေခိုင်းဖို့ဟု တွက်မိ၏။

ဒါကြောင့်လည်း သူချက်ချင်း စက်ရုံက ထွက်ကာ မြန်မာပြည်ပြန်ဖို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကိုကိုရဲ့ စီမံကိန်းချ အသုံးချမှုကိုမခံဟု ဆုံးဖြတ်ထားခဲ့တာကြောင့် ဖြစ်သည်။

အခု သူလက်ရှိမြင်နေရသော အောင်မြင်မှုက ကြောက်ခမန်းလိလိ ပါပဲ။

ထည်ဝါလှသော ခြံကြီးထဲကို သူလှမ်းဝင်ဖို့တောင် ရှုံ့တွန့်တွန့်ဖြစ်နေရ၏။ နောက်ဆုံးမှ ဒါ ဖေဖေရဲ့ပိုင်ဆိုင်မှု သူနှင့်လည်းသက်ဆိုင်သည်ဟု တွေးကာ လှမ်းဝင်ခဲ့၏။

"ဖိုးဇုန် ဖိုး ဇုန် မင်း မင်းဖိုးဇုန်မဟုတ်လား"

နားထဲမှာ တရင်းတနှီး ကျွမ်းဝင်နေသော နှုတ်ဆက်ခေါ်သံကြောင့် သူလှည့်ကြည့်မိတော့ ဦးသက်ညွန့်။





"ဟာ ဦးလေးသက်"

"ဖိုးဇုန် မင်းတကယ်ပြန်လာပြီပေါ့ မင်းသတင်းကို ငါကြားကြားထားတာကွ ကြည့်စမ်း ထွားလာလိုက်တာ အသားတွေကဝင်းပြီး ပိုချောလာတာကိုးကွ ဟား ဟား"

ဦးသက်ညွန့်က သူ့ပခုံးကို ဝမ်းသာအားရ ပုတ်ရင်း စေ့စေ့ငုံငုံကြည့်ကာ ဆိုနေသည်။ သူ ဦးသက်ညွန့်ကိုပြုံးကြည့်လိုက်ရင်း

"ဒေါ်ဂျမ်းကော နေကောင်းရဲ့လား မိတာကော ဘယ်အရွယ်ရောက်ပြီလဲ ဦးလေးသက်"

"မဂျမ်းက ကျန်းကျန်းမာမာပါပဲကွ သမီး မိတာက အခုအပျိုပေါက်ဖြစ်ပြီပေါ့ မင်းကို အားလုံးသတိရပါတယ်ကွာ မောင်ဇိုင်းနဲ့ဒေါ်(လ်)လေးတို့ အိမ်ကိုလာလည်တိုင်း မင်းကို သတိရကြတယ် မင်းအကြောင်းပြောဖြစ်ကြပါတယ် ဖိုးဇုန်ရဲ့"

"ဗျာ ကိုကိုနဲ့ဒေါ်(လ်)က ဦးလေးသက်တို့ အိမ်လာကြတယ်လား"

"တစ်ပတ်တစ်ခါ ဒါမှမဟုတ် နှစ်ပတ်တစ်ခါလောက် ပုံမှန်ရောက်ကြတယ်လေ မဂျမ်းချက်ပြုတ်ကျွေးတဲ့ ဟင်းကိုလာစားကြတာဟိုတလောက မုန့်ဟင်းခါးချက်စားကြလို့ မင်းကိုသတိရနေကြသေးတယ်"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဟန်မပျက်ပြုံးရင်း ခေါင်းညိတ်ပြလိုက်ရသည်။ ကိုကိုနှင့် ဒေါ်(လ်)က ဒေါ်ဂျမ်းအိမ်ကို အလည်ရောက်တတ်ကြသည်တဲ့။

သူ့စိတ်ထဲကတော့ တင်းခနဲ ခံစားလိုက်ရ၏။ ဒါပေမဲ့လည်း ဟန်မပျက်အပြုံးတို့ကို သူပြုံးရင်း

"ကိုကို အိမ်မှာရှိမယ်ထင်တယ်"

"အေး အေး မောင်ဗိုင်းရှိတယ် မင်းကံကောင်းတယ် သူက အလုပ်နဲ့ပိနေတာများတယ် ဒီနေ့ ရှားရှားပါးပါး နားရက်ရလို့ ရှိနေတာကဲ သွားလိုက်"

ဦးသက်ညွှန့်ကို နှုတ်ဆက်ကာ သူနှစ်ထပ်တိုက်ကြီးဆီ လှမ်းခဲ့၏။

မွေးမြူရေးခြံဝင်းထဲမှာ အိမ်ဆောက်ထားတာပေမယ့် ကိုကိုက တသီးတသန့်လေးဖြစ်အောင် စီစဉ်ထားမှန်း သူသိလိုက်သည်။

ပုံဏ္ဍားရိပ်စည်းရိုးလေးတွေက ညီညီညာညာ။ အိမ်ကြီးရှေ့မျက်နှာစာမှာ အလှပန်းတွေ အရိပ်ရသစ်ပင်တွေ ဝေဝေဆာဆာမို့ အေးမြလှ၏။ ဆင်ဝင်အောက်အထိ ဖောက်ထားသော ကွန်ကရစ်လမ်းလေးအတိုင်း သူလှမ်းခဲ့သည်။

စေ့ပိတ်ထားသော သံဘာဂျာ တံခါးအတွင်းမှာ ခမ်းနားသော ဧည့်ခန်းဆောင်ကို သူမြင်ရနေသည်။

ဧည့်ခန်း ဆိုဖာထိုင်ခုံကြီးတွေမှာ ဘယ်သူမှရှိမနေပါ။





"ဝုတ် ဝုတ် ဝေါင်း"

ဘယ်က ဘယ်လို ပြေးထွက်လာသည်မသိသော အယ်ဇေး...င်းခွေးကြီးတစ်ကောင်က ရူးရူးဝါးဝါး ထိုးဟောင်လိုက်တာမို့ ဇုန်ထိတ်...န့်သွားရ၏။ ဧည့်ခန်းတံခါးကို ဖွင့်မည့်လက်တွေကရုတ်ကာ ဆုတ်...နဲ့ရှောင်မိသည်။

"ဝေါင်း ဝေါင်း"

အသံကြီးက ကျယ်လောင်သလို ခန္ဓာကိုယ်ကြီးသန်မာသော ...ညိုရောင်ခွေးကြီး။ တံခါးသာ ပိတ်မထားလျှင် သူ့ကို အရိုးတခြား ...သားတစ်စဖြစ်အောင် ကိုက်ခဲပစ်မည်လားမသိ။

"ဟော့ကောင်ကြီး ကျားဗိုလ်"

ကိုကို့ အသံကိုအရင်ဆုံး ကြားရ၏။ မာန်ဖီနေသော ခွေးကြီး...မြီးရမ်းခါကာ ဟောင်သံချက်ချင်း ရပ်သွားသည်။

ခဏအကြာမှာ ဧည့်ခန်းထဲသို့ ထွက်လာသော ကိုကို့ကို...မြင်လိုက်ရ၏။

သူ့ကို မြင်လိုက်တော့ ကိုကို့မျက်ဝန်းတွေ အံ့ဩစွာနှင့်ခြေလှမ်း...တွေတောင်တုံ့သွားတာ သူသတိထားမိ၏။ ချိုင်းပြတ်စွပ်ကျယ်ဖြူလွလွ...နှင့် ကချင်ပုဆိုးကွက်ကို ဝတ်ဆင်ထားသော ကိုကိုသည် သူ့အမြင်...ရဲ့မှာ ဟိုတုန်းကလိုပဲ မပြောင်းလဲသေးပါ။

"ကိုကို့ ကြိုဆိုမှုက နွေးထွေးလိုက်တာဗျာ နှလုံးရောဂါရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဆို တစ်ခါတည်း လန့်သေသွားလောက်တယ်”

“ဆေးရုံ အိမ်မှာက လူမရှိတာများတော့ ကျားဗိုလ်ကို အစေခံ အဖြစ် ထားခဲ့ရတာကွ ကဲ- ဝင် ဝင်ခဲ့ဗုန်”

သံပန်းတံခါးကို ကိုကိုဆွဲဖွင့်ပေးသည်။ သူအခန်းထဲ လှမ်းမဝင် သေးဘဲ ကိုကို့နံဘေးမှ လျှာတန်းလန်းနှင့်ရပ်နေသော ခွေးကြီးကို လှမ်း ကြည့်ရင်း

“ကိုကို့ ခွေးကြီးကို အရင်မောင်းထုတ်လိုက်စမ်းပါဗျာ”

“ဒီကောင်ကြီးက လိမ္မာပါတယ်ကွ ကဲ ကျားဗိုလ် အဝေးသွား နေစမ်းပါကွာ”

ခွေးကြီးခေါင်းကို ဖတ်ခနဲပုတ်ကာ ကိုကိုပြောတော့ နားလည် သလို အမြီးလေးလှုပ်ယမ်းပြီး အခန်းထောင့်မှာ သွားခွေလှဲနေ၏ သည်တော့မှပဲ သူဧည့်ခန်းထဲ လှမ်းဝင်ခဲ့သည်။

လွယ်ထားသော ကျောပိုးအိတ်ကို ပစ်ချကာ ဆိုဖာထိုင်ခုံ သူခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

“နေပါဦး ဗုန် မင်းပြန်လာမယ်ဆိုတာ ကိုကို့ကို ဘာ အရင်ကြိုမတိုင်ပင်ရတာလဲ”

သူ့ကို စူးစူးစိုက်စိုက်ကြည့်ကာ အပြစ်တင်သံနှင့်ကိုကိုပြော သူသိပြီးဖြစ်သည်။

“ကိုကို အံ့ဩသွားစေချင်လို့ပေါ့ဗျာ”





လေးလေးနက်နက်မရှိလှသော သူ့အပြောကြောင့် ကိုကို မျက်မှောင်ကုပ်သွားတာကို မြင်ပေမယ့် သူမမြင်သလိုရှောင်လွှဲပြီး အခန်း ထောင့်က ကျားဗိုလ်ကို လှမ်းကြည့်ပြီး

“ဟေ့ ကျားဗိုလ် ဘယ်လိုလဲ ငါကလူဆိုးမို့ မင်းကလက်မခံ ချင်သလို ကြည့်နေတာလားကွ”

ကိုကို့ကို တစ်ချက်မကြည့်ဘဲ သူ ကျားဗိုလ်ကို စကားပြော နေတော့ ကိုကိုနှုတ်ဆိတ်နေ၏။

“ကြည့်စမ်း ကိုကို့ကောင်ကြီးက အမြီးတောင် တစ်ချက်မလှုပ် ဘူး ကျွန်တော့်ကို လက်မခံချင်ဘူးနဲ့တူတယ်ဗျ”

ကိုကို့ဆီက တုံ့ပြန်သံမကြားရပါ။ ဗုန်ဖျတ်ခနဲ လှည့်ကြည့်တော့ ကိုကိုသူ့ကို စူးစူးစိုက်စိုက်ကြည့်နေတုန်း ဖြစ်သည်။

“ကျွန်တော် ဒေါ်(လ်)ဆီကို အရင်ဆုံးဝင်ခဲ့တယ်”

ပွင့်ထားသော ကိုကိုမျက်ခုံးတွေ ပင့်တက်သွား၏။ သူ ကိုကို့ မျက်နှာဆီမှ အကြည့်တွေကို မရုတ်သိမ်းသေးဘဲ ထပ်ပြော၏။

“ဒေါ်(လ်) သိပ်လှလာတယ် ကိုကိုရာ အရင်ကလို မဟုတ် တော့ဘူးနော်”

“လေးနှစ်ဆိုတဲ့ ကာလက အရာရာကို ပြောင်းလဲစေနိုင်တယ် လေ ဒေါ်(လ်)လည်း လူကြီးဖြစ်လာပြီ ကိုကိုလည်း ပိုရင့်ကျက်လာပြီ ရက်သင့်တဲ့ တိုးတက်မှုတွေရနေပြီ မင်းကကော ဘာထူးခြားလာသလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဇွန်ကိုစူးစိုက်ကြည့်ကာ ကိုကိုမေးတော့ ဇွန်နှုတ်ခမ်းတွန့်ပြု ရင်း ပခုံးတစ်ချက်တွန့်သည်။

နဖူးပေါ်ဝဲကျနေသည့် ဆံနွယ်တွေကို တစ်ချက်ပင့်သပ်တ ပေမယ့် ဆံပင်ခွေလိပ်တွေက နဂိုအတိုင်း ပြန်ဝဲကျလာမြဲ။

"ကျွန်တော် ဘာထူးခြားလာသလဲဆိုတာ ကိုကို အသိ ဖြစ်သင့်တယ်"

"ဘာရယ် မင်းစကားက ဘာလဲဇွန်"

"ကျွန်တော့ကို ကိုကိုပဲ အင်္ဂလန်ပို့ခဲ့တာလေ ကျွန်တေ အတွက်သင့်တော်မယ်ထင်လို့ ကိုကိုစီမံခဲ့တာပဲ အခုတော့ ဘာ ထူးခြားမလာဘူးထင်တာပဲ"

"ဇွန် မင်း ငါ့ကိုရိနေတာလား မင်းအတွက် ငါမှာ ရည်ရွ ချက်တွေနဲ့ ဒီမှာအစီအစဉ်တွေဆွဲခဲ့တယ် အားစိုက်ခဲ့တယ် မင်းအ ထွက်ခဲ့တဲ့ စက်ရုံကြီးက အတွေ့အကြုံတွေနဲ့ ကိုကို့ရဲ့ အသားစည်သ စက်ရုံမှာ မင်းဦးဆောင်နိုင်ဖို့ ရည်ရွယ်ခဲ့တာကွ"

"အဲ့ဒါ ကိုကို့ စီမံကိန်းလား ဆောရီးပဲ ကိုကို ကျွန်တေ ဘာမှမသိဘူး ကိုကို ဘာမှလည်းမပြောခဲ့ဘူး ပြောခဲ့ရင်လည်း ကျွန်တေ စိတ်ဝင်စားမှာ မဟုတ်ဘူး"

"ဟင်"

"ဟုတ်တယ် ကျွန်တော့ အနာဂတ်ကို ကျွန်တော့ဘာသာ





ထုဆစ်ချင်တယ် ကိုကို့ရဲ့ ပုံစံခွက်ထဲမှာ ကျွန်တော်ဘယ်လိုမှ ပုံပေါ် လာမှာမဟုတ်ဘူး ကျွန်တော်ဝန်ခံတယ် ကိုကို့လောက် ကျွန်တော် မတော်ဘူး"

"မဟုတ်သေးဘူး ဇွန်"

"ကျွန်တော် တောင်းပန်ပါတယ် ကိုကို ကျွန်တော် သိပ်ပင်ပန်း နေပြီ နားပါရစေဦး ကျွန်တော်မြန်မာပြည်ကို အပြီးပြန်လာခဲ့တာပါ ကိုကိုနဲ့ နေ့စဉ်ဆုံတွေ့နေတော့မှာပဲ အချိန်တွေ အများကြီးပါကိုကိုရာ"

ဆိုဖာ ထိုင်ခုံနောက်မှီမှာ သူ့ခွေခေါက်ထိုင်ရင်းဆိုတော့ ကိုကို ပင့်သက်ရှိုက်ကာ ခေါင်းညိတ်သည်။

"ကောင်းပြီလေ မင်းပြန်လာရင် အဆင်ပြေအောင် မင်းအတွက် အခန်းကို ကိုကိုစီစဉ်ခိုင်းထားပြီးသားပါ ကဲ မင်းနားချင်ရင် ကိုကို လိုက်ပို့ပေးမယ်"

"သင့်ခ်ယူပဲ ကိုကို"

သူကြမ်းပေါ်ပစ်ချထားသော ကျောပိုးအိတ်ကို ကောက်ယူရင်း ထရပ်၏။ ကိုကို ထိုင်ခုံက ထရပ်ပြီး ရှေ့ကဦးဆောင်လှမ်းသည်။

သူ့အတွက်စီစဉ်ထားသော အခန်းရှေ့ရောက်တော့ ကိုကို ခြေလှမ်းတို့ ရပ်တန့်သွားကာ

"ဒါ မင်းအခန်းပဲ ဇွန် အိမ်မှာ ကိုကိုတစ်ယောက်တည်းဆို တော့ အိမ်ဖော် မထားဘူးကွ ကိုကိုထမင်းစားရင်တောင် ဒေါ်ဂျမ်း



www.burmeseclassic.com

www.burmeseclassic.com



ချက်နိုင်းပြီး ချိုင့်ဆွဲစားတာ အလုပ်ကိစ္စနဲ့ အပြင်ထွက်ရင် အပြင်မှာ စားတယ် ဒါပေမဲ့ အခု ဇုန်ရောက်လာပြီဆိုတော့ လိုအပ်တာ စီစဉ် ရမှာပေါ့ကွာ ကဲ မင်းနားချင်နားတော့ ရေချိုးခန်းက ညာဘက်မှာရှိ တယ်"

"အိုကေ ကိုကို လောလောဆယ် ကျွန်တော် အိပ်ရေးဝ အိပ်ပစ်လိုက်ချင်လို့"

ဇုန်ဆိုပြီး အခန်းတံခါးဖွင့်ကာ ဝင်ခဲ့သည်။

သေသေသပ်သပ် ပြင်ဆင်ပေးထားသော အခန်းထဲမှာ အိပ်ရာ ကအသင့်။ အဝတ်ဗီရို စားပွဲခုံလေးကအစ အခန်းထဲမှာရှိနေသည်။

သူ အဝတ်ဗီရိုကြီးကို ဆွဲဖွင့်ကြည့်တော့ အထဲမှာ အသင့် စက်စက် အကျီနှင့်ပုဆိုးတွေက အထပ်လိုက်ပါပဲ။

ဒီလိုဆိုတော့လည်း ကိုကိုရဲ့ ကြိုဆိုမှုအတွက် ဇုန်ကျေနပ် သွားရ၏။ ခရီးဆောင်အိတ်ကို ပစ်ချပြီး ခုတင်ပေါ် ပစ်လှဲပစ်လိုက်၏။

မျက်ဝန်းတွေက ချက်ချင်းအိပ်မပျော်ပါ။

အာရုံထဲ တိုးဝင်လာတာ ဒေါ်(လ်)ရဲ့ ပုံရိပ်ကလေး။

နဖတ်ဝင်းမွတ်၍ ချစ်စရာကောင်းသော ဒေါ်(လ်)သည် အရုပ် စင်လေးလို တင့်တယ်လှပစွာ ကြိုလင့်နေတာတော့ သူ့အတွက် ဇာ အကောင်းဆုံးသော ဆုလာဒ်တစ်ခုပါပဲ။

ရိုးသားခြင်းဖြင့် ကြည်လဲ့နေသော ဒေါ်(လ်)ရဲ့ မျက်ဝန်းနက်





နက်လေးတွေထဲမှာ ဟိုးအရင်ကလိုပဲ နိုင်ကျည်သော သံယောဇဉ်တွေ ကို သူမြင်တွေ့ခဲ့ရ၏။

လေးနှစ်ဆိုတာ အရာရာကိုပြောင်းလဲစေခဲ့ပေမယ့် ဒေါ်(လ်) ရဲ့ နှလုံးသားထဲက ချစ်ခြင်းသံယောဇဉ်တို့က မပြောင်းလဲသေးပါ။

ပြောင်းလဲခြင်းများက ကိုကို့ရဲ့အောင်မြင်နေသော စီးပွားရေး အခြေအနေ။ ပြီးတော့ ဒေါ်(လ်)ရဲ့ ဘဝလေးဖြစ်သည်။

ရွှေအိမ်စည်ရဲ့ အရှင်သခင်မလေး ဒေါ်(လ်)သည် ပြည့်စုံခြင်း အတိဖြင့် ရွှေဘုံစံမင်းသမီးလေး ဖြစ်နေခဲ့သည်။

အခြေအနေအားလုံးသည် သူ့အတွက်တော့ လှပခြင်းတွေ အတိနှင့်ကြိုဆိုနေခဲ့ခြင်းဟု သူနားလည်နေသည်။

မြတ်နိုးစရာကောင်းလှသော ဒေါ်(လ်)ကိုတော့ သူအဆုံးရှုံး မခံနိုင်ပါ။

ပန်းလေးတစ်ပွင့်လို လှပလာသော ဒေါ်(လ်)သည် သာမည တောပန်းပွင့်လေးမဟုတ်။ တော်ဝင်သဇင်ပန်းလေးဖြစ်သည်။

ဒါကို ကိုကိုလည်း သိမှာသေချာ၏။

သူ့အတွက် အခါမနှောင်းမီ ပြန်ရောက်ရှိလာခဲ့ခြင်းကပဲ ကံကောင်းသည်ဟု ဆိုရမည်။

ဒေါ်(လ်)လေးကို ကိုကို့လက်ထဲတော့ အပ်မခံနိုင်ပါ။

သစ္စာတရား၊ သံယောဇဉ်နှင့် တည်ကြည်သော ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံသော အရာမှန်သမျှ ဒေါ်(လ်)မှာရှိနေသည်။

ဘယ်လိုနည်းနှင့်မှ ဒေါ်(လ်)ကို သူဆုံးရှုံးမခံနိုင်ပါ။

ဒေါ်(လ်)ကို ပိုင်ဆိုင်လိုသည်ဟု သူဆိုမိလျှင်ကော ကိုကိုက ထိုက်တန်ပါသည်ဟု လက်ခုပ်တီးမည်လား။

သူ မထင်ပါ။

ကိုကို့ မျက်ဝန်းတွေထဲက အသံမဲ့သော စကားတွေကို သူ ကြားခဲ့ပြီးပြီ။

ဆောရီးပဲ ကိုကို။ ဒေါ်(လ်)ကိုတော့ ကျွန်တော် အဆုံးရှုံး မခံနိုင်ဘူး။

■ ■ ■



## အခန်း (၁၂)

ဇုန်ပြောပြနေသမျှ နားထောင်ရင်း ဒေါ်(လ်)အံ့ဩမိသလို ဝမ်းသာနေမိတာလည်း အမှန်။

ဒေါ်(လ်)တွေးကြောက်နေမိသည်က ကိုကိုဋိုင်းနှင့်ဇုန်တို့ မပြေလည်ကြမှာကို ဖြစ်သည်။

အခုတော့ ဇုန့်အတွက် ကိုကိုဋိုင်းရဲ့ ကြိုးဆိုမှုက ကျေနပ်စရာကောင်း၏။ သွေးရင်းညီဆိုတော့ ကိုကိုဋိုင်း မချစ်ဘဲ မနေနိုင်။ သံယောဇဉ်နှင့်ချစ်ခြင်းတို့ သိုဝှက်ထားခဲ့တာပဲ ဖြစ်မည်။

"အင်း ဒေါ်(လ်)ကြားရတာ စိတ်ချမ်းသာပါတယ် ဇုန်ရယ် ဒေါ်(လ်)က ကိုကိုဋိုင်းနဲ့ဇုန် အဆင်မပြေမှာကို စိုးရိမ်နေတာ"

"ဘာလို့ အဆင်မပြေရမှာလဲ ကိုယ်ပြန်လာတာ သူ့အရိပ်ခို



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဒါ ကိုယ်နဲ့လည်းဆိုင်တယ် ဖေဖေရဲ့ သွေးရင်းချာတွေပဲဟာ"

"ကိုကိုဖိုင်းက တကယ်တော်တာတော့ အမှန်ပဲ ဇုန် ဇုန်တို့ ဖေဖေ လက်ထက်ကထက် တိုးတက်လာအောင် သူ အချိန်တိုလေးမှာ ကြိုးစားနိုင်ခဲ့တာ သက်သေပဲ"

"ဖေဖေ မျိုးစေ့ချခဲ့လို့ အပင်ပေါက် အသီးသီးလာတာပါကွာ ကိုယ်တော့ အထင်မကြီးပါဘူး"

"ဒီလိုတော့ မပြောနဲ့လေ ကိုကိုဖိုင်းအရည်အချင်းကို ထင်ထင်ရှားရှား မြင်နိုင်တာပဲ ဇုန် ပြီးတော့ ဇုန့်အတွက်တော့ ကိုကိုဖိုင်းက စီမံပေးထားတာ"

"ဘာလဲ သူတည်ထောင်ထားတဲ့ အသားဘူး စက်ရုံကိုစွလား"

"ဟုတ်တယ်လေ ဇုန့်အတွက် ကိုကိုဖိုင်း စီစဥ်ထားတာ ဒေါ်(လ်)ကိုပြောပြဖူးတယ်"

"ဇုန် ပြောပြီးပြီလေ သူ့ပုံစံချပေးတဲ့ ပုံစံခွက်ထဲမှာ ကိုယ်မရှင်သန်ပါဘူးလို့"

"မဟုတ်တာ ဇုန်ရယ် ကိုကိုဖိုင်း စေတနာကို နားလည်စမ်းပါ"

ဒေါ်(လ်)စကားကို ဇုန် ခါးခါးသီးသီး ခေါင်းခါငြင်းရင်း

"ကဲပါ ဒေါ်(လ်)ရယ် ကိုကို့ကိစ္စတွေ ထားလိုက်စမ်းပါ အခု ဒေါ်(လ်)အကြောင်းတွေကိုပဲ ကိုယ်သိချင်တယ် ပြောချင်တယ်"

"ဒေါ်(လ်)အကြောင်း ဇုန်ဘာသိချင်တာလဲ"





"ဒေါ်(လ်)အကြောင်း ဇုန်သိသင့်သလောက် သိထားပါတယ် အခု ရွှေအိမ်စည်အိမ်ကြီးနဲ့ ဦးမျိုးမြတ်သူရဲ့ ပိုင်ဆိုင်မှုအားလုံးကို ဒေါ်(လ်) တစ်ဦးတည်း ပိုင်ဆိုင်ခွင့်ရခဲ့တာမဟုတ်လား"

"အင်း ဟုတ်တယ်လေ ဖေဖေက ဒေါ်(လ်)ကို တရားဝင်လွှဲပေးခဲ့တာပါ ဘာဖြစ်လို့လဲ ဇုန်ရဲ့"

"ရွှေအိမ်စည်က ဒေါ်(လ်)ရဲ့ ခြံကြီးဖြစ်နေပြီလေ ဒါပေမဲ့ ဒေါ်လေးကွန့်အပြင် ဟိုတစ်နေ့က ဒေါ်(လ်)ပြောတဲ့ ဒေါ်(လ်)ရဲ့ အစ်မဝမ်းကွဲဆိုတာပါ အိမ်ကြီးပေါ်ရောက်နေတယ်ဆိုလို့"

ဇုန်ရည်ညွှန်းတာ မမအင်ကြင်းကိုဟု ဒေါ်(လ်)နားလည်လိုက်သည်။ ဇုန်နှင့်စတွေ့သည့်နေ့က မပြောဖြစ်ခဲ့သော မမအင်ကြင်းအကြောင်းကို ဇုန်နားလည်သိရှိအောင် ဒေါ်(လ်)ရှင်းပြသည်။

ဒေါ်(လ်)လိုပဲ ဖေဖေဦးမျိုးမြတ်သူရဲ့ တူမတစ်ယောက်ဖြစ်ခဲ့ပေမယ့် ဦးလေးဖြစ်သူရဲ့ အမွေတွေကိုခံစားခွင့်မရရှာသော မမအင်ကြင်း။ ပြီးတော့ မိဘနှစ်ပါးစလုံးတိမ်းပါးခဲ့ပြီး တစ်ကောင်ကြွက် အထီးကျန်ဖြစ်နေသော မမအင်ကြင်းအကြောင်းကို ဒေါ်(လ်)ပြောပြနေတော့ ဇုန်ငြိမ်သက်စွာပဲ နားထောင်နေခဲ့၏။

"မမအင်ကြင်းဘဝက တကယ်သနားဖို့ကောင်းပါတယ် ဇုန် ဒါကြောင့် ဒေါ်(လ်)မမအင်ကြင်းကို ခေါ်ထားခဲ့တာ မမအင်ကြင်းက ဒေါ်(လ်)ရဲ့ စာရင်းယောတွေကိုလည်း ကူညီပေးတယ် ဘဏ်မှာ ငွေအပ်



www.burmeseclassic.com

www.burmeseclassic.com



ငွေထုတ်ကိစ္စတွေကိုလည်း ကူညီပေးပါတယ်"

"အင်း ဟုတ်ပါပြီ ဇုန်မေးချင်တာက သူ့ကိုဒေါ်(လ်)က ဘယ်အချိန်ကာလ တစ်ခုအထိ စောင့်ရှောက်ကူညီပေးမှာလဲ"

ဇုန့်မေးခွန်းကြောင့် ဒေါ်(လ်)မျက်မှောင်ကလေး ကုပ်ကာကြည့်မိ၏။ ဇုန်က ဒေါ်(လ်)အဖြေကို တည်တည်လေး စေးစိုက်နားထောင်နေသည်။

"ဒါတော့ ဒေါ်(လ်)မပြောတတ်သေးဘူး မမအင်ကြင်းသာ အမြဲတမ်း နေနိုင်မယ်ဆိုရင် ဒေါ်(လ်)တစ်သက်လုံး ရွှေအိမ်စည်မှာ ခေါ်ထားမှာပေါ့"

ဒေါ်(လ်)ရင်ထဲက ဆန္ဒအရင်းခံအတိုင်းဖြေမိတာပါ။ ဇုန်ကတော့ မျက်မှောင်လေးကုပ်ကာ ရှုတည်တည်လေးကြည့်သည်။

"မဟုတ်သေးဘူးထင်တယ် ဒေါ်(လ်) ရှိသမျှ ဝမ်းကွဲတွေ ဆွေမျိုးတွေကို ဒေါ်(လ်)က တစ်သက်လုံး အိမ်ပေါ်ခေါ်တင်ကျွေးထားတော့မှာလား"

"အင်းလေ ဒေါ်(လ်)အတွက် ဘာမှ အပမ်းကြီးတဲ့ကိစ္စမှ မဟုတ်ဘဲ အခု ဒေါ်လေးကွန့်လို လူကြီးတစ်ယောက်ရှိနေတာ ဒေါ်(လ်)အတွက် နေထိုင်ရတာ တင့်တင့်တယ်တယ်ရှိတယ် မမအင်ကြင်းရှိတော့ တိုင်ပင်ဖော်တိုင်ပင်ဖက် အဖော်ရတယ်လေ"

ဒေါ်(လ်)မျက်နှာလေးက ကြည်နူးရိပ်တို့ယှက်ဖြာလဲ့ကာ ဆိုနေ





တာမို့ ဇုန်ငေးကြည့်ရင်း ပင့်သက်ရှိုက်မိသည်။

ဒေါ်(လ်)သည် သူထင်ထားသည်ထက်တောင် ဖြူစင်ရိုးသားလွန်းပါလားဟုလည်း ဇုန်တွေးလိုက်မိ၏။

"အင်း ဒေါ်(လ်)မှာ နောက်ထပ် တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ ဆွေမျိုးတွေ မရှိတော့ဘူးလားဟင်"

ဇုန့်အမေးကြောင့် ဒေါ်(လ်)မျက်လုံးလေးတွေ ထောင့်ကပ်ပြီး ခေါင်းကလေးကိုခါယမ်းသည်။

"ဟင့်အင်း ဒေါ်လေးကွန့်နဲ့ မမအင်ကြင်းတို့ပဲရှိတာ ဘာဖြစ်လို့လဲ ဇုန်"

"ဩော် ရှိရင် စာရင်းဇယားလုပ်ခိုင်းမလို့ပါ ရွှေအိမ်စည်မှာ စည်စည်ကားကား ဖြစ်သွားအောင် ဇုန်ကိုယ်တိုင် မြန်မာပြည်ပတ်ရှာပြီး အရောက်ခေါ်လာပေးမလို့လေ"

"အဟင်း ဟင်း ဇုန်ကပြောရေ့မယ် တစ်ခါတလေကျ ဇုန်ပြောသလို ဒေါ်(လ်)မှာ ညီအစ်ကို မောင်နှမတွေ အများကြီးရှိရင် သိပ်ကောင်းမှာပဲနော် သိပ်ပျော်စရာကောင်းမှာ သိလား"

တမ်းတမ်းတတလေးဆိုနေသည့် ဒေါ်(လ်)ကိုကြည့်ကာ ဇုန်ဘာကယ်ပဲ စိတ်ညစ်သွားမိ၏။ တကယ့်ကို တုံး အ လိုက်တာလွန်ပါရော။ ပြောလို့ ပြောမှန်းလည်းမသိပါလား။

"ညီအစ်ကို မောင်နှမတွေရှိတာ ကောင်းတယ်လို့ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ မထင်ဘူး အဆိုးဆုံးက ကိုယ့်ထက်အသက်ကြီးတဲ့ အစ်ကို
အစ်မတွေက အဆိုးဆုံးပဲ ကိုကို့ကိုပဲကြည့်လေ ကိုယ့်ဘဝကို ခြယ်လှယ်
ချင်နေတာ"

"ဇုန့်ထင်မြင်ချက်ကို ဒေါ်(လ်)တော့ လက်မခံဘူး ဘာပဲဖြ
ဖြစ် ကိုကိုဝိုင်းကို ဒေါ်(လ်)အရင်က အထင်လွဲခဲ့ဲ့တယ် ဇုန်ကို တင်းမ
လွန်းတယ်ထင်ပြီးတော့လေ"

"တကယ်လည်း ကိုယ့်ကိုယ့ သူစိမ်းဆန်ဆန်ရှိခဲ့တာပဲ ဒေါ်(လ်
ရဲ့"

"ဟင့်အင်း လုံးဝမှားတယ် သူ ဇုန့်ကိုညီတစ်ယောက်လိုချ
တာ သိပ်သေချာပါတယ် အပြည့်အဝတာဝန်ယူတယ် ဇုန့်အနာဂ
အတွက်တောင် ကိုကိုဝိုင်းဘက်က ထည့်တွက်ထားတာလေ နောက်
ဇုန်ပြန်လာမယ်ဆိုတာ ဒေါ်(လ်)ပြောမှသိရပေမယ့် ဇုန်ပြန်လာရင် အဆ
ပြေအောင်တော့ သူမှာ အစီအစဉ်တွေ ကြိုတင်ပြင်ဆင်ထားခဲ့တာ

"နေပါဦးဒေါ်(လ်) ဒေါ်(လ်)က ကိုကို့ဘက်က ရှေ့နေလို
နေတာလား"

"ဒီသဘောမဟုတ်ပါဘူး ဇုန်ရယ် ဒေါ်(လ်)ဆန္ဒအရင်းခံ
ကိုကိုဝိုင်းနဲ့ဇုန်တို့ ညီအစ်ကို ပြေလည်ငြိမ်းချမ်းစေချင်တယ်"

ဇုန်ပခုံးလေးတွန့်ပြီး ခေါင်းကိုခါသည်။ ပြီးမှ ဒေါ်(လ်)ကိုေ
ကြည့်ရင်း





"ကိုယ့်အတွက် အဲ့ဒါ အရေးမကြီးဘူး ကိုယ့်အနာဂတ်ကို
ကိုယ့်ဘာသာပဲ တည်ဆောက်မယ် အခု ကိုယ်မြန်မာပြည်ပြန်လာတာ
ဒေါ်(လ်)တစ်ယောက်တည်းအတွက်ကြောင့်ပဲ"

ဇုန့်စကားကြောင့် ဒေါ်(လ်)ရင်ထဲမှာ ကြည်ကြည်နူးနူးလေး
လှိုက်ခုန်ရသည်။ အမှန်ဆိုလျှင် ဇုန်အဝေးတစ်နေရာကနေ ရောက်နေ
သည့် လေးနှစ်တာကာလလုံးလုံးမှာ ဇုန့်ရဲ့အချစ်ကို ယုံကြည်ဖို့ဆိုသည်က
အိပ်မက်တစ်ခုကို မဝံ့မရဲ မက်နေရသလိုရှိခဲ့သည်။

အထက်တန်းကျောင်းသားဘဝမှာကတည်းက ရည်းစားတွေ
ထည်လဲတွဲခဲ့သော ဇုန်ရဲ့အချစ်ကို ဒေါ်(လ်)ကြားသိခွင့်ရခဲ့တာ ယုံနိုင်
စရာမရှိပါ။ ပြီးတော့ ဇုန်သည် အဝေးကို ထွက်သွားခဲ့သည်။

မြန်မာပြည်မှာတုန်းကတောင် မိန်းကလေးတွေနှင့် ပတ်သက်
လျှင် ယုံရခက်သော မှန်းဇုန်တစ်ယောက် ရှေခြားမြေခြားရဲ့ ယဉ်ကျေး
မှုနှင့်ဆိုလျှင် ဘယ်လိုမှ အကြွင်းမဲ့ယုံကြည်လို့ မရနိုင်ဟု ဒေါ်(လ်)
တွေးမိခဲ့ဖူးပါသည်။

ဒါပေမဲ့ တကယ်တမ်းကျတော့ ဒေါ်(လ်)ဆီကိုဇုန်ရဲ့စာလေး
တွေ ပုံမှန်ရောက်လာခဲ့တာမို့ ဒေါ်(လ်)ပျော်ရွှင်ရသည်။ ကြည်နူးခဲ့ရ၏။
ဇုန်ရဲ့ အချစ်ကိုလည်း အသိအမှတ်ပြုလာခဲ့မိသည်။

"ဘာတွေ တွေးနေတာလဲ ဒေါ်(လ်)ရဲ့"

"ဟင် ဘာမှမတွေးပါဘူး ဇုန်စကားကြားလို့ ဇုန်ဆီကရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ စာလေးတွေကို ပြန်စဉ်းစားနေတာ"

"မြန်မာပြည်မှာ ဘယ်သူ့ကိုမှ လွမ်းစရာမရှိပေမယ့် ဒေါ်(လ်)

တဲ့ ချစ်သူသူငယ်ချင်းလေးကို ဇုန် အရမ်းလွမ်းခဲ့တာပါ"

"ဇုန် ရယ်"

အပြုံးရိပ်တို့ တဖိတ်ဖိတ်တောက်ပမှုနှင့်ညှို့ယူစွမ်းသော

အကြည့်တွေထဲမှာ ဒေါ်(လ်)အသိမဲ့စွာ နစ်မျောသွားခဲ့ရ၏။

ဒေါ်(လ်)ပခုံးလေးကို သူလှမ်းဆုပ်ကိုင်တော့ ဒေါ်(လ်)

ကိုယ်လေး သူ့ရင်ခွင်ထဲ မှီနွဲ့ကျလာခဲ့သည်။

"ဒေါ်(လ်)ရယ် ဒေါ်(လ်)ကို ကိုယ်လက်ထပ်ချင်ပြီ"

"ဇုန်ရယ် အဲ့ဒီအတွက် ဇုန့်မှာ ဘာတွေပြင်ဆင်ထားခဲ့ပြီး

လဲဟင် အိမ်ထောင်တစ်ခုတည်ထောင်ပြီဆိုရင် တည်တည်ငြိမ်ငြိမ်

လူရှိသေ ရှင်ရှိသေ တစ်ခုတော့ရှိသင့်တယ်"

"ဘာလဲ ဒေါ်(လ်)က ဇုန့်ကို ကိုကို့လို လူတစ်ယောက်အဖြ

မျှော်လင့်နေတာလား"

"အဲ့ဒီလို မပြောပါနဲ့ ဇုန် ဇုန့်ကိုဒေါ်(လ်)ချစ်တာ အဲ့ဒီအ

တွေနဲ့ မသတ်ဆိုင်ပေမယ့် မိသားစုရယ်လို့ဖြစ်လာရင် ဇုန်က အ

မိသားစုအတွက် ဂုဏ်ရှိတဲ့သူ တစ်ယောက်ဖြစ်အောင်တော့ ကြိုး

သင့်တယ်"

"အဟွန်း ဒေါ်(လ်)ရယ် သုံးမကုန်နိုင်အောင် ကျိကျိတ





ချမ်းသာတဲ့ သူဌေးမလေးရဲ့ ခင်ပွန်း လင်တစ်ယောက်အတွက် ဘာတွေ

များ ထပ်ပြီးလိုအပ်ဦးမှာမို့လဲ"

ရင်ခွင်ထဲမှ ဒေါ်(လ်)သူ့ကို မော့ကြည့်၏။ သူရယ်ကျဲကျဲနှင့်

အပြုံးရိပ်မပြယ်သေးသော မျက်ဝန်းတွေနှင့် ဒေါ်(လ်)ကို ပြန်ငုံ့ကြည့်ရင်း

"နောက်တာပါ ဒေါ်(လ်)ရယ် ရွှေအိမ်စည်စံအိမ်ကြီးရဲ့ သခင်မ

လေးကို ပိုင်ဆိုင်ခွင့်ရတဲ့ ယောကျ်ားတစ်ယောက်နဲ့ ထိုက်တန်အောင်

ဇုန်အလုပ်လုပ်မှာပေါ့နော်"

ရွှန်းလဲ့လဲ့ အကြည့်တွေကို ဒေါ်(လ်)ရင်ခုန်လှုပ်ခတ်စွာနှင့်

မော့ကြည့်နေမိဆဲ။

ဇုန်ရဲ့ မျက်လုံး လေး ဒေါ်(လ်)မျက်နှာဆီ ကိုင်းညွတ်ကျလာတော့

ဒေါ်(လ်)ရင်လှိုက်ဖိုစွာ မျက်ဝန်းလေးတွေ မှိတ်ပစ်လိုက်မိသည်။

အနမ်းတို့က နှုတ်ခမ်းပြင်မှာ နွေးနွေး။

"ဒေါ်(လ်)ရယ် ချစ်စရာကောင်းလိုက်တာ"

တိုးညှင်းညင်သာသော ဇုန့်လေသံတိုးတိုးကလည်း စွဲဆောင်

နိုင်စွမ်းအပြည့်နှင့် ဒေါ်(လ်)ရင်ခုန်သံတွေကို တိုး၍အခုန်မြန်ဆန်စေ၏။

နှုတ်ခမ်းပြင်ပေါ်က ဝင်သက်ထွက်သက် ပူနွေးနွေးလေးက နှာတံ

အထက်မှအောက်ဆီသို့ ရွေ့လျားကာ စီးဆင်းသွားသော အထိ အတွေ့ကို

ဒေါ်(လ်)မျက်လုံးတွေ မှိတ်ထားလျက်က ခံစားသိနေသည်။

ဆင်ဝင်အောက်ကို ထိုးရပ်လာသော ကားစက်သံက ဒေါ်(လ်)



www.burmeseclassic.com

www.burmeseclassic.com



အသိစိတ်အာရုံကို ဖျတ်ခနဲလှုပ်နှိုးသွားစေသလို ဇုန်ဦးခေါင်းကိုလည်း ပြန်လည်ထောင်မတ်သွားစေသည်။

နှစ်ဦးစလုံး သတိနှင့် ဆင်ခြင်လိုက်မိ၏။ ဇုန့်ရင်ခွင်ထဲမှ ရုန်း ထွက်ကာ ဒေါ်(လ်)ညှော်ခန်းရှေ့ ဆင်ဝင်အောက်ကိုလှမ်းကြည့်လိုက် သည်။

ကားတံခါးဖွင့်ဆင်းလာသူက မမအင်ကြင်းပါပဲ။ အဖြူနှင့် အနက်အစင်းကျားတီရှပ်အကြပ်လေးနှင့် အညိုရောင်လုံချည်စကပ် တင်းတင်းရင်းရင်းလေး ဝတ်ဆင်ထားသော မမအင်ကြင်းမျက်ဝန်း တွေကလည်း ဧည့်ခန်းထဲကဒေါ်(လ်)တို့ကိုအခုမှ မြင်တွေ့သွားသည် ခြေလှမ်းတို့ တုံ့ဆိုင်းဆိုင်းဖြစ်သွားကြသည်။

"ဟော မမအင်ကြင်းပြန်လာပြီ အတော်ပဲ ဇုန်နဲ့မိတ်ဆက်ပေး မယ်"

ဒေါ်(လ်)ဝမ်းသာအားရလေးဆိုကာ ဆိုဖာထိုင်ခုံကထရပ်သည် ဧည့်ခန်းတံခါးအတိုင်း တစ်လှမ်းချင်းလှမ်းလျှောက်ဝင်လာသော နိုင်အင်ကြင်းကို မုန်းဇုန်လှမ်းကြည့်ရင်း မျက်လုံးတွေ ပြူးကျယ်သွား သည်။

ဒေါ်(လ်)က နိုင်အင်ကြင်းဆီ သွက်သွက်လေးလှမ်းလျှောက် သွားပြီး လက်မောင်းကို ခိုတွဲလိုက်ရင်း

"မမအင်ကြင်းကို ဇုန်နဲ့ မိတ်ဆက်ပေးချင်လို့"





ဆိုဖာထိုင်ခုံအထက်မှာ မတ်မတ်လေးရပ်ထိုင်နေသော လူရွယ် ဆီ အင်ကြင်းဒေါ်(လ်)ကိုကျော်ကာ လှမ်းကြည့်မိ၏။

မျက်ခုံးတန်းတန်းလေး ပင့်တက်ကာ အင်ကြင်းနှုတ်ခမ်းထူထူ ပြည့်ပြည့်လေးတွေ ပွင့်ဟသွားခဲ့သည်။

ရဲသွေး။

အင်ကြင်းနှုတ်ဖျားလေးလှုပ်ကာ ရေရွတ်လိုက်မိခြင်းသာဖြစ်၏။ သူ့ရင်ထဲမှာလည်း အင်ကြင်းအမည်ကို ရေရွတ်နေမည်လားမသိ။

"မမအင်ကြင်း သူကဇုန်လေ ကိုကိုဇိုင်းရဲ့ ညီ မုန်းဇုန် မနေ့ ကမှ အင်္ဂလန်က ပြန်လာတဲ့သူပေါ့"

အင်ကြင်းအံ့သြသွားသည့်စိတ်ကို အချိန်မီချုပ်ထိန်းလိုက်ရင်း ဒေါ်(လ်)ကို ခေါင်းကလေးညိတ်ပြမိ၏။ ဒေါ်(လ်)ကမုန်းဇုန်ဆိုသော ချာတိတ်ရှိရာ ထိုင်ခုံတွေဆီအထိ အင်ကြင်းလက်မောင်းလေးကို တွဲ ခေါ်လာရင်း

"ဇုန် ဒါ ဒေါ်(လ်)ပြောတဲ့ မမနိုင်အင်ကြင်းပေါ့"

မုန်းဇုန်ဆိုသော ချာတိတ်ကလည်း ဟန်ဆောင်ကောင်းပါ သည်။ နှုတ်ခမ်းလေးတွေ အပြုံးရိပ်လက်ဖြာသွားရင်း ထိုင်ခုံက ထရပ်၏။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် မမနိုင်အင်ကြင်း"

"ဝမ်းသာပါတယ် မုန်းဇုန် ဒေါ်(လ်)ပြောပြလို့ မုန်းဇုန်နာမည် ကို ရင်းနှီးနေတာ ကြာပြီ လူကိုတော့ အခုမှပဲမြင်ဖူးတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းစကားကြောင့် မုန်းဇုန် သဘောကျသလိုရယ်လိုက်၏။ မုန်းဇုန်၏ရယ်သံတွေကို အင်ကြင်းနှင့်မုန်းဇုန်တို့ နှစ်ဦးပဲ နားလည်နိုင်ပါလိမ့်မည်"

ရိုးသားဖြူစင်၍ ဘာမှမသိရှာသော ဒေါ်(လ်)ကတော့ ဘာမသိညာမသိ ပြုံးလို့လိုက်ရယ်နေသေး၏။

"ဒေါ်(လ်)ရဲ့ အစ်မမို့ထင်တယ် ဒေါ်(လ်)နဲ့ရုပ်ချင်းမတူပေမယ့် အလှချင်းကတော့ တူပါတယ်ဗျာ"

"အင်ကြင်းတို့က ညီမရင်းချာတွေ မဟုတ်ဘူး ချာတိတ်ရဲ့ ရုပ်ချင်းမတူသလို စိတ်ချင်းလည်းကွဲပြားနိုင်တယ်လေ အဟင်း မင်းနဲ့ ကိုဒီဇိုင်းကတော့ ရုပ်ချင်းတူပါတယ် စိတ်ချင်းတော့ မတူညီဘူးထင်တာဘဲ အဟင်း ဟင်း"

"မမအင်ကြင်း စကားမှန်ပါတယ် ညီအစ်ကိုရင်းချာတွေပေမယ့် မတူညီနိုင်တာတွေ အများကြီးဗျ ဥပမာတစ်ခုပြောရရင် ကိုကိုက သိပ်တော်တယ် အရည်အချင်းရှိတဲ့သူလို့ လူတိုင်း ချီးကျူးမဆုံးဘူး အဟင်း ဇုန်ကတော့ ဆန့်ကျင်ဘက်ပဲလေ ကိုကို့လိုပဲ ဂုဏ်ပုဒ်တွေတော့ ပိုင်ဆိုင်တယ် မတူညီတဲ့ဂုဏ်ပုဒ်ပေါ့ အရမ်းဆိုးတဲ့ကောင် လူပေလူဂျစ် မုန်းဇုန်ပေါ့ဗျာ"

ဇုန်က အရွှန်းလေးစွက်ကာဆိုတော့ ဒေါ်(လ်)ကော မမအင်ကြင်းပါ သဘောကျစွာ ရယ်မောမိကြသည်။





"ကဲ ဒေါ်(လ်)ရေ မမ အဝတ်အစားလဲဦးမယ် ချာတိတ် ာက်မှုဆုံကြတာပေါ့"

"ကောင်းပါပြီ မမအင်ကြင်း တစ်ခုတော့ တောင်းပန်ပါရစေ ာတိတ်လို့မခေါ်ပါနဲ့ဗျာ အားလုံးက ကျွန်တော့်ကို ရင့်ကျက်တဲ့ လူကြီး ာစ်ယောက်လိုမြင်နေကြပြီဗျ မမအင်ကြင်းလည်း သူတို့မြင်သလို ာင်မြင်ပေးပါလား အဟွန်း"

ဇုန်က အရယ်အပြုံးမပျက် မြူးမြူးလေးပြော၏။ အင်ကြင်း ာတ်ခမ်းလေးတွန့်ကာ ပြုံးလိုက်ရင်း

"ကောင်းပါပြီ ဦးမုန်းဇုန်"

"ဟာ အဲ့ဒီလောက်ကြီး မရင့်ကျက်လိုက်ပါနဲ့ဦး ဇုန်ဆိုရင် ကေပါတယ် မမအင်ကြင်းရဲ့"

"ဟုတ်ပါပြီကွာ ကဲ ခွင့်ပြုပါဦး ဆုံကြဦးမှာပါ"

နှုတ်ဆက်စကားလေးနှင့် နိမိတ်ဖတ်စကားဆိုသွားသော ်အင်ကြင်းကို ဇုန်ပြုံးရိပ်လွှမ်းသော မျက်ဝန်းတွေနှင့် လိုက်ငေးကြည့် ၏။

ကံကြမ္မာက အဆန်းသား။ ချစ်ပန်းနီဟု သူသိထားခဲ့သော အင်ကြင်းက ဒေါ်(လ်)ရဲ့ အစ်မဖြစ်နေခဲ့သည်ပဲ။

ဒေါ်(လ်)လို ဖြူဖြူနုနုလှပသော အလှမဟုတ်ပေမယ့် မမ င်ကြင်းကလည်း ညိုချောချောကာ ရင်ခုန်စရာကောင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ရင့်ကျက်တာတော့ ဇနိသိလိုက်ပါပြီ။

ရဲသွေးဆိုတဲ့ကောင်ကိုလည်း မမအင်ကြင်း ဘယ်လိုယူဆ သတ်မှတ်သွားခဲ့မည် မသိပါ။

တွေ့တော့ တွေ့ကြပြီပေါ့။

ဇနိနှုတ်ခမ်းပေါ်က အပြုံးတွေကို နားမလည်နိုင်သော ဒေါ်(လ်) ကတော့ ကြည်ကြည်နူးနူးလေးပဲ ပြုံးနေရှာပါသည်။

ဇနိနဲ့ မမအင်ကြင်းကြားက ရင်းနှီးကျွမ်းဝင်မှုအတွက် ဒေါ်(လ်) ကျေနပ်ပျော်နေတာ ထင်ပါရဲ့။

■ ■ ■



## အခန်း (၁၃)

ခြံဝင်းထဲက ရောင်စုံပန်းခင်းထဲမှာ ပန်းတွေက ရောင်စုံသွေးဖြင့် လှပပွင့်ဖူးနေကြသည်။

ဘုရားပန်းတင်ဖို့အတွက် ပန်းတွေကို ဒေါ်(လ်)ကိုယ်တိုင် ခူးဖို့ ခြံထဲဆင်းခဲ့ခြင်းဖြစ်သည်။ အသွေးအရောင်ကော အပွင့်နှင့်ညှာတံပါ လှပသည့် ပန်းတွေကို ဒေါ်(လ်)ကတ်ကြေးဖြင့် ညှပ်ကာ ခြင်းလေးထဲ တစ်ပွင့်ချင်းထည့်ခူးနေပေမယ့် စိတ်အာရုံက မကြည်လင်လှပါ။

သည်လို ဆောင်းရာသီကာလမှာ ရွှေအိမ်စည်ခြံကြီးက အလှပဆုံးဟု ဒေါ်(လ်)အမြဲထင်ခဲ့သည်။ နှင်းမှုန်ဖွဲဖွဲကြားမှာ ရောင်စုံပန်းခင်းကြီးနှင့် ခြံဝင်းထဲဆင်းလာတိုင်း ဒေါ်(လ်)စိတ်တွေ လန်းဆန်းသွားစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဒေါ်(လ်)စိတ်ကလေးတွေ ညစ်ညူးနေသည်။

ဘာကြောင့်လဲဆိုသော အဖြေကို ဒေါ်(လ်)ကိုယ်တိုင်ပဲ သိပါ၏။ အာရုံထဲမှာ ဇုန်မျက်နှာကို မြင်ယောင်လာ၏။

ရောက်စက နေ့စဉ်လိုလို ဒေါ်(လ်)အိမ်လေးကို ရောက်လာတတ်သော ဇုန်သည် နောက်ပိုင်းမှာ အလာကျဲလာ၏။ သုံးလေးရက် တစ်ကြိမ်တောင် အချိန်မမှန်ချင်ပါ။ ဒေါ်(လ်)ကို အမြန်ဆုံး လက်ထပ်ချင်သည်ဟု ကိုယ်တိုင်ဆိုခဲ့သော စကားကိုပင် ဇုန်မေ့ထားရက်သည်လား မသိ။

ဘာကြောင့်မှန်း ဒေါ်(လ်) မစဉ်းစားတတ်ပါ။ အိမ်ထောင်တစ်ခု တည်ထောင်မည်ဆိုလျှင် နိုင်နိုင်မာမာ အလုပ်တစ်ခုလုပ်ဖို့ ဒေါ်(လ်) ပြောခဲ့တာကိုပဲ ဇုန်စိတ်ဆိုးသွားခဲ့တာကြောင့်လား။

ဒါလည်း မဖြစ်နိုင်။ ဇုန့်အကြောင်း ဒေါ်(လ်)ကောင်းကောင်း သိသည်။ မကျေနပ်ချက်ကို ဇုန်က မျိုသိပ်ထားတတ်သူမဟုတ်ပါ။ နှုတ်က မျိုသိပ်ထားသည်ဆိုဦးတော့ ဇုန်မျက်ဝန်းတွေက မမျိုသိပ်တတ်ပါ။

ဒေါ်(လ်)ကို လက်ထပ်ချင်လှပါသည် ဟုဆိုပြီးကာမှ ထို အကြောင်းကို ပြန်လို့တောင် စကားမစတော့သော ဇုန်ကို ဒေါ်(လ်) နားမလည်နိုင်ဖြစ်ရသည်။

ပြီးတော့ ထိုကိစ္စနှင့်ပတ်သက်ပြီး ဒေါ်(လ်)မှာ တိုင်ပင်စရာ





ဆိုလို့ မမအင်ကြွင်းပဲရှိသည်။ ခက်သည်က မမအင်ကြွင်းသည်လည်း ယ်ရက်တွေမှာ အိမ်မှာ မကပ်အောင်ရှိနေသည်။

နေ့ဝဉ်အကြောင်းပြု အပြင်ထွက်သည်။ ပြန်ရောက်လာတော့ ညနေစောင်းနေပြီ။ တစ်နေကုန် ဘာတွေပင်ပန်းလာသည်မသိ။ ရေမိုး ပြီး အခန်းထဲဝင်အိပ်လိုက်တာများတာမို့ ဒေါ်(လ်)အလိုက်တသိနှင့် ကာစကားမှ မပြောနိုင်တော့ပါ။

ဒေါ်(လ်)စိတ်ထဲမှာ ခံစားမိသည်က မမအင်ကြွင်းသည် ဒေါ်(လ်)အပေါ် အရင်ကလို မဟုတ်ဘဲ ခပ်စိမ်းစိမ်းဖြစ်နေသည် ထင် ၏။

ဒေါ်(လ်)နောက်ထပ် သတိထားမိသည့် အချက်က ဒေါ်လေး ကွန့်၏ အကြည့်များဖြစ်သည်။ ဒေါ်လေးကွန့်၏ အကြည့်တွေထဲမှာ အခုတလော ဒေါ်(လ်)ကို စိုးရိမ်ပူပန်စိတ်တွေ လွှမ်းခြုံနေတတ်သည် ထင်မိ၏။

ဒေါ်(လ်)အတွက် ရွှေအိမ်စည် သည် ယခင်ကလို ကြည်နူး ပျော်ရွှင်စရာ မကောင်းတော့ဘဲ ပျင်းရိစရာကောင်းနေသည်ဟု ထင်နေ သည်။ ဒေါ်လေးကွန့်နှင့် မမအင်ကြွင်းတို့ အရင်လို အတူရှိနေပေမယ့် ဒေါ်(လ်)တစ်ယောက်တည်း အထီးကျန်သလို ခံစားနေခဲ့ရသည်။

ပန်းခြင်းကလေးထဲမှာ ခူးပြီးသွားသော ပန်းတွေပြည့်လာတော့ ဒေါ်(လ်)အိမ်ထဲ ပြန်ဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းထဲက သောစင်ကလေးမှာ ဒေါ်(လ်)ပန်းတွေကို ရေဆေး သန့်စင်ပြီး ပန်းတွေကို လှပဝေဆာအောင် ထိုးစိုက်နေလိုက်၏။

စိတ်အာရုံက အလှပန်းအိုးမှာ ပန်းတွေအလှဆင်နေပေမယ့် ဒေါ်(လ်) ဇုန်ကိုပြန်သတိရလာပြန်သည်။ ဇုန်ဒီနေ့ ရောက်လာရင် ကောင်းမည်။

"ညောင်"

မီးဖိုစင်ပေါ်မှာ ခွေအိပ်နေသော ဒေါ်(လ်)အချစ်တော် ကြောင် ကလေးရွှေဝါ အမြီးထောင်ပြီး ရုတ်တရက် ထအော်တာမို့ ဒေါ်(လ်) ထိတ်ခနဲတုန်သွားရ၏။ လွှားခနဲ ခုန်ချသွားသော ရွှေဝါရဲ့ ဦးတည်ရာကို ဒေါ်(လ်)လိုက်ကြည့်မိတော့မှ

"ဟင် ကိုကိုဇိုင်း"

ရင်တုန်မပြေသေးဘဲ လှိုက်မောသံလေးနှင့် ဒေါ်(လ်) ဆိုမိ၏။ မီးဖိုခန်းတံခါးဝအထိ အသံမပေးဘဲ ဝင်လာသော ကိုကိုဇိုင်းခြေအစုံ ကို ရွှေဝါက ကိုယ်နှင့်ပွတ်သပ်နှုတ်ဆက်နေသည်။

"လန့်လိုက်တာ ကိုကိုဇိုင်းရယ် အသံမပေး ဘာမပေးနဲ့"

"ညှော်ခန်းထဲမှာ ဘယ်သူမှမရှိဘူး မီးဖိုခန်းထဲမှာ တစ်ယောက် ယောက်ရှိမှာပဲတွေးပြီး လျှောက်ခဲ့တာဒေါ်(လ်)ရဲ့ သိပ်လန့်သွားသလား"

"ကိုယ့်အတွေးနဲ့ကိုယ်ဆိုတော့ ကိုကိုဇိုင်းရောက်နေမှန်း မသိဘူး ရွှေဝါအော်လိုက်တော့ လန့်သွားတာပေါ့"





"ဆောရီး ဒေါ်(လ်)ရယ် ကိုယ့်အိမ်ထဲမှာတောင်ကိုယ် လန့် နေရသလား နေပါဦး ဒေါ်လေးကွန့်ကော"

"ဒေါ်လေးကွန့် မိတ်ဆွေ တစ်ယောက် နေမကောင်းလို့တဲ့ လူနာမေးသွားတယ် ကိုကိုဇိုင်းရဲ့"

"ဒေါ်(လ်)ရဲ့ အစ်မ ခိုင်အင်ကြင်းကော"

"မမအင်ကြင်း မနက်ကပဲ ထွက်သွားပြီ သူလည်း အိမ်မှာ ချည်း နေနေရတာ ပျင်းလာပြီထင်တယ် နေ့တိုင်း အပြင်ထွက်နေတာ ကိုကိုဇိုင်းရဲ့"

"ဒါဆို အိမ်မှာ ဒေါ်(လ်)တစ်ယောက်တည်းပေါ့"

"မအေးရှိပါတယ် ရေချိုးခန်းထဲမှာ အဝတ်လျှော်နေလား မသိဘူး"

ဒေါ်(လ်)ရှင်းပြရင်း အလှပန်းအိုးတွေ ပြင်ဆင်ပြီးသွားပြီမို့ လက်ကရေတွေကို သုတ်နေတာ ဒီဇိုင်းရပ်ကြည့်နေမိ၏။

"ကဲ ကိုကိုဇိုင်း လာလေ ညှော်ခန်းထဲမှာ ထိုင်ဦး ဒေါ်(လ်) စားစရာတစ်ခုခုယူလာခဲ့မယ် အပူလား အအေးလား"

"နေပါစေကွာ ကိုယ်ဘာမှမသောက်ပါဘူး"

"အို့ မဟုတ်တာ ကော်ဖီလေးတော့ သောက်ပါ ကော်ဖီ ပူပူလေး ဒေါ်(လ်)ဖျော်ခဲ့မယ်"

"ကဲ ဒါဆို ပန်းအိုးတွေ ကိုယ့်ကိုပေးလိုက် ညှော်ခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



အလုပန်းအိုးတွေ မဟုတ်လား ကိုယ်ယူသွားလိုက်မယ်"

ပန်းတွေ အလှဆင်ပြီးသော ဖန်ပန်းအိုးနှစ်လုံးကို ဒိုင

လှမ်းယူပြီး ဧည့်ခန်းဘက်ထွက်ခဲ့သည်။

ဧည့်ခန်းစားပွဲမှာ အလှပန်းအိုးနှစ်လုံးကို ဒိုင်း နေသားတက

ဖြစ်အောင် ချထားပေးပြီးမှ ပြတင်းတံခါးဆီ လှမ်း ာည်။

မှန်ချပ်တွေဖွင့်ထားသော ပြတင်းတံခါးမှ နှင်းရနံ့သင်းသေ

လေကို သူရှူရှိုက်ခံစားရသည်။ ရွှေအိမ်စည်ခြံကြီးတွင်းမှ တိတ်ဆိ

သော မြင်ကွင်းတွေကိုလည်း သူငေးကြည့်နေမိသည်။

ဆိတ်ငြိမ်ရပ်ကွက်မို့ ခြံကျယ်ကြီးတွေက လမ်းမဆီမှာ မြင်ကွ

တွေကို မမြင်နိုင်အောင် အလှမ်းဝေးစေသည်။ ပြီးတော့ ဒေါ်(လ်)

ရွှေအိမ်စည်နှင့်ခြံခြင်းကပ်လျက်ဖြစ်သော ခြံကလည်း ပိုင်ရှင်တွေ မ

ထိုင်သော ခြံလွတ်ကြီးဖြစ်နေ၏။ အရင်က ဒိုင်းတို့ နေထိုင်ခဲ့သေ

ထိုခြံကြီးကိုဝယ်သူက မနေထိုင်ဘဲ သည်အတိုင်းထားကာ တစ

တစ်ခါ လောက် လာရောက်ပြုပြင်ပေးသည်ဟုတော့ ဒိုင်းသိထားသ

"ကိုကိုဒိုင်း ဘာတွေကြည့်နေတာလဲ"

ဒေါ်(လ်)အသံကြောင့် သူလှည့်ကြည့်သည်။ ကော်ဖီဘမ်

ကိုင်ကာဝင်လာသော ဒေါ်(လ်)ကိုမြင်မှ ဒိုင်း ဧည့်ခန်းဆိုဖာထိ

တွေဆီ ပြန်လျှောက်လာရင်း

"ခြံထဲကိုကြည့်ပြီး စဉ်းစားနေမိလို့ပါ ဒီနေရာက လူနေ





ပေမယ့် ခြံတွေက တသီးတသန့်နဲ့ ထီးထီးကြီးဖြစ်နေသလားလို့"

"အဟင်း ကိုကိုဒိုင်းပြောမှ ဒေါ်(လ်)ကြောက်သွားတယ် ဒါပေမဲ့ ဒီနေရာမှာ လူဆိုး လူမိုက်တွေ မရှိပါဘူး ခြံစောင့်ကြီးလည်းရှိတယ် ပြီးတော့ မြင်းဇောင်းမှာ ဦးလေးစံတို့လည်း ရှိပါတယ် ကိုကိုဒိုင်းရဲ့"

"သူတို့အိမ်တွေက ဒေါ်(လ်)တို့ အိမ်ကြီးနဲ့ အလှမ်းဝေးလွန်းတယ် ဘာပဲဖြစ်ဖြစ် ခြံလုံအောင် ခွေးလေးတစ်ကောင်လောက် မွေးထားဖို့ကောင်းတယ် ကိုယ့်အိမ်မှာ ကျားဗိုလ်ရဲ့ သားသမီးလေးကောင် ပေါက်နေတယ် ဒေါ်(လ်)လိုချင်ရင် တစ်ကောင်လောက်ယူထားပေါ့"

"ဟယ် ဟုတ်လား ကျားဗိုလ်ရဲ့ သားတွေဆို ယူချင်တယ် ကျားဗိုလ်လို အရောင်အသွေးစိုစိုလေးနဲ့ ချစ်စရာကောင်းမှာပဲ"

"ဒေါ်(လ်)ယူချင်ရင် ကိုယ်ပေးပါ့မယ်"

"ယူမှာပေါ့ ကိုကိုဒိုင်းရဲ့ ကဲ ကော်ဖီတွေ သောက်လိုက်ပါဦး ကိုကိုဒိုင်း အေးကုန်မယ် ကိတ်မုန့်တွေလည်း စားနော်"

သူ့ရှေ့ကို ကော်ဖီတစ်ခွက်ကမ်းပေးရင်း ဒေါ်(လ်)ရွှင်ရွှင်မြူးမြူးလေး ဆိုနေ၏။ ဒေါ်(လ်)ကိုယ်တိုင်ဖျော်ပေးသည့် ကော်ဖီလေးကို ဒိုင်း အရသာခံသောက်ရင်း ဒေါ်(လ်)မျက်နှာလေးကို အကဲခတ်ကြည့်မိ၏။

အခြယ်အသကင်းစင်သော မျက်နှာလေးက ဘယ်တော့ ကြည့်ကြည့် ဝင်းမွတ်ကြည်လင်အောင်လှပသော ဒေါ်(လ်) ။

ရင်ထဲက မြတ်နိုးချစ်ရသော သူကလေးကို ကောင်ယူ



www.burmeseclassic.com

www.burmeseclassic.com



ပွဲချိန်ကျော လောကကြီးရဲ့ အဆိုးအကောင်း ကင်းဝေးသော ဘုံဗိမ္မာန်လေးဆီသို့ သူခေါ်ဆောင်သွားချင်ပါသည်။

သူအကဲခတ်ကြည့်နေဆဲမှာ ဒေါ်(လ်)မျက်နှာလေး ညှိုးသွားတာ သတိထားမိတာမို့ သူ မျက်မှောင်ကုပ်သွားရသည်။

"ကိုကိုဇိုင်းကို မေးရဦးမယ် ဇုန်ဘာတွေလုပ်နေသလဲဟင် အိမ်ဘက်ကို ရောက်မလာတာ လေးရက်ရှိပြီ"

ဒေါ်(လ်)စကားကြောင့် ဒီဇိုင်းအံ့ဩသွားမိသည်။ မုန်းဇုန်ရွှေအိမ်စည်ကို နေ့စဉ်ရောက်သည်ဟုပဲ သူထင်မှတ်ထားခဲ့မိသည် အခုတော့ မရောက်တာ လေးရက်တောင်တဲ့။

"အဟင်း ဇုန် အလုပ်လုပ်နေပြီလားလို့ ဒေါ်(လ်)ထင်နေတာ ကိုကိုဇိုင်းရဲ့"

ဒေါ်(လ်)အရယ်လေး စွက်ကာမေးပေမယ့် ဒေါ်(လ်)မျက်နှာပေါ်မှာ ဇုန်နှင့်ပတ်သက်သည့် ခံစားချက်တို့ လျှို့ဝှက်စွာရှိနေမည်ဟု သူထင်နေ၏။

"မုန်းဇုန် ဘာမှမလုပ်ပါဘူး အိမ်မှာလည်း ပူအောင်နေတာ ကောင်မဟုတ်ဘူးလေ ဒီကောင်နေ့တိုင်း အပြင်ထွက်သွားတာပဲ တစ်နေ့ တစ်လေ ကိုယ်ပြန်ရောက်တာတောင် ပြန်မရောက်သေးဘူး"

သူ့စကားကြောင့် ဒေါ်(လ်)မျက်နှာလေး ညှိုးသွားတာ သူ သတိထားမိပါသည်။ အပြုံးရိပ်တွေ ချက်ချင်းပျောက်ဆုံးရလောက်အောင်





ဒေါ်(လ်)ဘာကြောင့်ခံစားသွားခဲ့ရတာလဲ။

စိုးရိမ်ပူပန်စိတ်တွေ သူ့ရင်ထဲမှာ ဒီရေတွေလို တရိပ်ရိပ်တိုးလာ၏။

"သူ့ သူငယ်ချင်းတွေဆီများ သွားလည်ပတ်နေသလား မသိဘူးနော်"

ဒေါ်(လ်)တွေတွေလေးပြော၏။ ဒေါ်(လ်)ထင်မြင်ချက်ကို သူ မထောက်ခံ မဝေဖန်ဘဲ နှုတ်ဆိတ်လို့ ငြိမ်သက်နေလိုက်၏။

သူငေးစိုက်အကဲခတ်ကြည့်နေတာကို သတိထားမိသွားသော ဒေါ်(လ်)မျက်တောင်လေး ပုတ်ခတ်ကာ ပျောက်ဆုံးနေသော အပြုံးတွေကို ပြန်တပ်ဆင်ဖို့ ကြိုးစားနေတာလည်း သူသိပါသည်။

ဟန်မဆောင်တတ်တဲ့ ကောင်မလေး။

အခုတော့ ဘာကြောင့်များ ဟန်ဆောင်ဖို့ ကြိုးစားနေတာလဲ မသိပါ။

"ဩော် ကိုကိုဇိုင်း မုန့်တွေစားဦးလေ"

ဒေါ်(လ်) ရှောင်တိမ်းဖို့ကြိုးစားနေတာ သူသိသည်။ သူ ပင့်သက်လေးချကာ ခေါင်းကိုခါရမ်းလိုက်ရင်း

"ဒေါ်(လ်)ကို ကိုယ်ပြောစရာရှိတယ် မော်ဘီဘက်က ဒေါ်(လ်)ရဲ့ ခြံကြီးကို ဝယ်မယ့်သူက စိတ်ဝင်စားတယ် အဲ့ဒါ ဒေါ်(လ်) ရဲ့ဆန္ဒသိချင်လို့ ကိုယ်လာမေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"မော်ဘီဘက်ကခြံ ဟုတ်လား ဒေါ်(လ်)မရောက်တာတောင် အတော်ကြာနေပြီ ရောင်းသင့် မရောင်းသင့် ကိုကိုဇိုင်းပဲ ဆုံးဖြတ်ပေးပါလား"

ဒေါ်(လ်)တောင်းတောင်းပန်ပန်ကလေး ဆိုရှာသည်။ ဒေါ်(လ်) ၏စီးပွားရေးကိစ္စနှင့်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စမှန်သမျှကို ဒီဇိုင်းပဲ အမြဲတမ်း ကူညီပေးခဲ့တာဖြစ်သည်။

အခုလည်း ခြံကိစ္စအတွက် ဒေါ်(လ်)ဒီလိုပဲ သူ့ကိုအကူအညီ တောင်းလာမှာကို သူသိသည်။

"မနက်ဖြန်ကျရင် အဲ့ဒီခြံကို ဒေါ်(လ်)နဲ့ကိုယ်သွားကြည့်ကြ မယ်လေ ဘာလုပ်သင့်သလဲဆိုတာ တိုင်ပင်ရင်းပေါ့ အဲ့ဒါ ဒေါ်(လ်) လိုက်နိုင်မှာလား"

"ဒေါ်(လ်)က ဘာမလိုက်နိုင်စရာရှိမလဲ ကိုကိုဇိုင်းသာ အားမလားဟင် ကိုကိုဇိုင်းမှာ အလုပ်တွေ တစ်ပုံတစ်ပင်ကြီးနဲ့မို့ပါ"

"အားပါတယ်ကွာ အင်း ကိုယ်လည်း အလုပ်တွေ မနားတမ်း လုပ်နေရတာ စိတ်ပင်ပန်းလှပြီ ပြီးတော့ ကိုယ်ရည်မှန်းထားသလို ဖြစ်မလာတာလည်း စိတ်ထဲမှာအလိုမကျဘူး"

"ကိုကိုဇိုင်းဘာတွေ စိတ်ညစ်နေလို့လဲဟင်"

"အလုပ်ကိစ္စတွေက အဆင်ပြေပါတယ် တစ်ခုပဲ မှန်းဇုန် ကိစ္စပေါ့"





မှန်းဇုန်ဆိုသော အမည်ကြားသည်နှင့် ဒေါ်(လ်)မျက်နှာလေး ပျောက်ကာ တည်သွားတာမို့ သူဆက်မပြောချင်ပါ။

"ဇုန် ကိစ္စဘာဖြစ်လို့လဲဟင် ကိုကိုဇိုင်း"

"အင်း ဘာမှတော့ မဟုတ်ဘူး ဒါပေမဲ့ ကိုယ်က ဇုန်အနာဂတ် ရည်မှန်းချက်တွေ အများကြီးထားခဲ့တာ အချိန်တန်ရင် သူ့မှာ ကိုက်အနေတန် စီးပွားရေးလုပ်ငန်းနဲ့ အတည်တကျ ဖြစ်စေချင် သူတက်က တာဝန်ယူ လက်လွှဲနိုင်ပြီဆိုရင် ကိုကိုဇိုင်းက အားလုံး ထိုက်မှာ"

"အင်း ကိုကိုဇိုင်း အတွက်ကကော"

"ကိုယ့်အတွက် ဘာမှမလိုပါဘူး အေးအေးချမ်းချမ်း နေချင် တယ်"

"ဟင် ကိုကိုဇိုင်းကလည်း တစ်နေ့ကျရင် ကိုကိုဇိုင်းအိမ်ထောင် ကျနေတာပဲ"

ဒေါ်(လ်)က မျက်နက်ဝန်းလေးပင့်ကာ ကြည့်ရင်းဆိုသည်။ တွေက အသက်မဲ့စွာနှင့် အရိပ်ထင်လာရင်း

"အင်း အိမ်ထောင်ရေးကို ကိုယ်မစဉ်းစားဖြစ်မှာ သေချာတယ် )လေး"

"ဒါဆို ကိုကိုဇိုင်းက လူပျိုကြီးဘဝနဲ့ အရိုးထုတ်မှာလား"

"အင်း အဲ့ဒီအခြေအနေဖြစ်ဖို့ ရာခိုင်နှုန်းက ရှစ်ဆယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီလော"

"အံမယ် ကိုကိုဇိုင်းစကားတွေက ပဟေဠိဆန်လိုက်တာ ဒေါ်(လ်)တော့ မယုံပါဘူး အခုမှ ကိုကိုဇိုင်း အသက်သုံးဆယ်စွန်းလေ ပဲ ရှိသေးတာ ကိုကိုဇိုင်းရဲ့ မျိုးဆက်တွေတော့ လောကကြီးထဲမှာ သင့်ပါတယ်"

"ဇုန်ရဲ့ သွေးသားတွေကလည်း ကိုယ့်ရဲ့ မျိုးဆက်ပဲပေ ဒေါ်(လ်)ရယ်"

ဒီဇိုင်းဆိုတော့ ဒေါ်(လ်)မျက်နှာလေး ရှက်သွေးလွှမ်းသွားတာ အထင်အရှားပါပဲ။ ချက်ချင်းနှုတ်ဆိတ်ကာ အကြည့်လွှဲရှောင်တိမ်းသွား ပုံက ဟန်မဆောင်နိုင်လောက်အောင်ဖြစ်သည်။

"ကဲ ဒေါ်(လ်) ကိုယ်ပြန်မယ် မနက်ဖြန် မနက်ကိုးနာရီလောက် ကိုယ်လာခေါ်မယ်နော်"

"ဟုတ်ကဲ့ ကိုကိုဇိုင်း"

ညှော်ခန်းဝအထိ ဒေါ်(လ်)လိုက်ပို့သည်။ သူကားပေါ်တက် မောင်းထွက်လာခဲ့တော့ ဒေါ်(လ်)တံခါးဝမှာရပ်လို့ ကျန်ခဲ့ရာ၏။

အပြန်လမ်းတစ်လျှောက်လုံး သူစိတ်တွေမောရ၏။ ဒေါ်(လ်)နှ ဇုန်ကြားမှ ရင်းနှီးကျွမ်းဝင်မှုကို သူသတိထားမိတာ ဇုန်ပြန်မရောက်ခ ရက်ပိုင်းကလေးကဖြစ်သည်။

မြန်မာပြည်ပြန်လာမည်ဆိုသော ဇုန်က ဒေါ်(လ်)ဆီကိုစာရေ





ခဲ့၏။ အသိပေးအကြောင်းကြားတာလောက်တော့ မဖြစ်နိုင်။ စာထဲမှာ ဆိုထက်အရေးကြီးတာတွေ ပါနိုင်သေးသည်။

ပြီးတော့ ဒေါ်(လ်)ကလည်း ဇုန်အကြောင်းပြောတိုင်း ဇုန်ဘက် က သက်သေလေးလိုက်တတ်တာတွေ ဇုန်ပြန်ရောက်တော့ ဒေါ်(လ်) ဆီအရင်ဆုံးသွားခဲ့တာတွေ တစေ့စေ့တွေးမှ တရေးရေး ထင်ရှားလာ သည်။

ဇုန်နဲ့ဒေါ်(လ်) ချစ်သူတွေ ဖြစ်နေသည်လား။

ဒါဆိုရင်တော့ သူ့ရင်ထဲက စိတ်ကူးယဉ် အိပ်မက်လေးကို မေ့ပစ်လိုက်ဖို့သာ ရှိတော့သည်။ ဒေါ်(လ်)စိတ်ချမ်းသာမည်ဆို သူစွန့် ရမည်လေ။

ဇုန်ဘက်ကိုတော့ သူ သံသယရှိချင်၏။ ဒေါ်(လ်)ကို ဇုန် ကကယ်ရည်စူးတာမှ ဟုတ်ပါရဲ့လား။

ဇုန်ဘက်က သံယောဇဉ်နှင့် တကယ်ပိုင်ဆိုင်မြတ်နိုးခဲ့တာ ဆိုရင်တော့ ရာဇဝင်ထဲက ညီတော်လက္ခဏာရဲ့ နှလုံးထုံးမှုဖို့ သူ ဆုံးဖြတ်ပြီးခဲ့ပြီ။

ဇုန်နဲ့ဒေါ်(လ်)အတွက် သူ့ဘက်က ပေးဆပ်ခြင်းတွေနဲ့သာ ရှင်သန်ခဲ့တာပဲလေ။ အချစ်ဆိုတာ ပိုင်ဆိုင်ခွင့်ရမှ မဟုတ်ပါဘူး။

အရိပ်တကြည့် မြတ်နိုးစွာနဲ့ ဖြူစင်စွာလည်း ချစ်နေလို့ ရနိုင် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဒေါ်(လ်)သိပါစေတော့။

■ ■ ■



## အခန်း (၁၄)

ဆင်ဝင်အောက်ကို ကားကလေး ထိုးရပ်လာတော့ ဒီဇိုင်း သတင်းစာဖတ်နေရာမှ ခေါင်းမော့ကြည့်မိသည်။

မုန်းဇုန်ပါပဲ။ ကားတံခါးဖွင့်ဆင်းပြီး တံခါးကို ဂျိမ်းခနဲပိတ်သည်။ ညာလက်ကလေးကတံမှကွင်းထဲ လက်ညှိုးလျှိုကာ လှည့်ပတ်ဝေ့ကစားနေသလို နှုတ်ဖျားကလည်း သီချင်းသံကလေး ညည်းညူနေ၏။

မနက်ရှစ်နာရီလောက်ကတည်းက မုန်းဇုန်ထွက်သွားခဲ့တာ အခု ငါးနာရီထိုးလုပြီ။ သူတောင် ဒေါ်(လ်)တို့အိမ်က ပြန်ခဲ့ပြီး နို့ချက် စက်ရုံဝင်သည်။ လေးနာရီထိုးတော့ အိမ်ပြန်ရောက်ကာ ရေမိုးချိုး ထမင်းဝိုင်းမှာ တစ်ယောက်တည်း။

မုန်းဇုန်ပြန်ရောက်လာကတည်းက ထမင်းချက်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဂုားသည်။ အိမ်မှာက ယောကျ်ားသားတွေချည်းမို့ ထမင်းချက် မိန်းကလေးကို ညအိပ်ညနေတော့ သူမဂုားခဲ့ပါ။

မနက်စောစောလာ ချက်ပြုတ်စားသောက်ပြီးလျှင် အဝတ်အစားလျှော်ဖွပ် အိမ်မှုကိစ္စ သန့်ရှင်းရေးပြီးတော့ ညနေပြန် အားလုံးအဆင်ပြေအောင် သူစီစဉ်ပေးထားခဲ့သည်။

ဒါပေမဲ့ မုန်းဇုန်ဆိုသည့်ကောင်က အိမ်မှာ ပုံမှန်ထမင်းစားသည်မဟုတ်ပါ။ အခုပဲကြည့်လေ၊ သုံးလေးရက်လုံးလုံး အိမ်မှာ ထမင်းမစားဘဲ နေတာမို့ ချက်ထားသမျှ ဟင်းတွေ ထမင်းတွေ မနက်ဆိုအကုန် အမှိုက်ဖြစ်ကုန်ရသည်။

ဧည့်ခန်းထဲမှာ သူ့ကိုမြင်တော့ ဇုန်ကိုယ်ရှိန်တန့်သွားရင်း လှမ်းနှုတ်ဆက်သေး၏။

“ကိုကို ပြန်ရောက်နေပြီလား”

“အေး- လေးနာရီလောက်ကတည်းက ရောက်တာ မင်းမနက်ကတည်းက ထွက်သွားတာ အခုမှ ပြန်လာသလား ဘယ်တွေသွားနေတာလဲ ဇုန်”

ဇိုင်းနှုတ်မှ ဆက်တိုက်ထွက်ကြလာသော မေးခွန်းတွေအတွက် ဇုန်ချက်ချင်း အဖြေမပေးသေးဘဲ ကားသော့ကို သွားချိတ်နေသေး၏

ပြီးမှ ဇိုင်းကိုလှည့်ကြည့်ရင်း တည်တည်ငြိမ်ငြိမ်လေးပဲဖြေသည်။





“မနက်က ဒေါ်(လ်)ဆီဝင်သည်။ နေ့လည်ထမင်း ဒေါ်(လ်)တို့အိမ်မှာ စားတယ် နေ့လည်ပိုင်းကျွန်တော် သူငယ်ချင်းတစ်ယောက်အိမ်ဝင်တယ် ဒီကောင်နဲ့စကားကောင်းရင်းနောက်ကျသွားတာပါ”

စထွက်လာကတည်းက မုသားစကားတွေဟု ဇိုင်းချက်ချင်းသိလိုက်ပါသည်။

ဒေါ်(လ်)အိမ် မနက်သွားသည်။ ထမင်းတောင် စားခဲ့သေးသတဲ့။ ဇုန်ဘာကြောင့် လိမ်တာလဲ မသိ။

“ကိုကို မေးချင်တာ ပြီးပြီဆိုရင် ဇုန်ရေချိုးလိုက်ချင်လို့”

“ခဏလေး ထိုင်ပါဦး ဇုန် မေးစရာလေးကျန်နေသေးလို့”

ဇုန်ပခုံးတစ်ချက်တွန့်ပြီး ထိုင်ခုံမှာဝင်ထိုင်သည်။ အပြာနုရောင်တီရှပ်ဝတ်ထားသော ခန္ဓာကိုယ်ကို လျော့တိလျော့ရဲထိုင်နေပုံက စိတ်ပေါ့ပါသလိုပါ။

နဖူးပေါ်ဝဲကျနေသော ဆံပင်တွေကို ညာလက်နှင့်သပ်တင်ပြီး ဇိုင်းကိုငေးစိုက်ကြည့်နေပြန်သည်။

ဇိုင်း ဇုန့်မျက်ဝန်းတွေထဲက စူးစူးနစ်နစ်ပြန်ကြည့်လိုက်ရင်း

“ကိုကို မနက်က ဒေါ်(လ်)အိမ်ရောက်ခဲ့တယ် ဇုန်”

ဇုန် မျက်ဝန်းတွေတည်သွားကာ မျက်ခုံးနှစ်ဖက်တွန့်သွား၏။ နောက်မှီထိုင်နေသော ခန္ဓာကိုယ်ကို ဆတ်ခနဲမတ်ပြီး သူ့ကိုပြန်စူးစိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း မျက်တောင်မခတ်ဘဲ ကမင်ပြန်ကြည့်နေလိုက် ဇနန်မျက်နှာပေါ်က ပြောင်းလဲမှုတွေကိုပဲ တိတ်ဆိတ်စွာ အကဲခတ် နေလိုက်ဆဲ။

"ကိုကိုက ဒေါ်(လ်)ဆီ ဘာကိစ္စရှိလို့သွားတာလဲ"

"ဒေါ်(လ်)အိမ်က ကိုကို ဟိုကတည်းက သွားနေ ပြီးတော့ ဒေါ်(လ်)ရဲ့ လုပ်ငန်းကိစ္စတွေနဲ့ ပတ်သက်သမျှ ကိုကို ပေးနေခဲ့တာ မနက်ကလည်း ခြံကိစ္စတစ်ခု ပြောစရာရှိလို့ ရော တာ"

ဝိုင်းတည်တည်ငြိမ်ငြိမ်ပဲ ပြောသည်။ ဇနန်ရဲ့အကဲခတ် တွေက အတန်ကြာသည်အထိ ရုပ်သိမ်းမသွားခဲ့ပါ။

"ဒေါ်(လ်)မင်းကိုတောင် မေးနေတယ်ဇနန် မင်းသူ့ဆီ လာတာ လေးရက်ရှိပြီတဲ့"

ဒီတစ်ခါတော့ ဇနန် သူ့မျက်ဝန်းတွေကို ရင်မဆိုင် လားမသိ။ ဖျတ်ခနဲ အကြည့်လွှဲသွားရင်း ခေါင်းညိတ်သည်။

"ဟုတ်တယ် ကျွန်တော် ဒီရက်တွေမှာ ဒေါ်(လ်)ဆီ ဖြစ်ဘူး"

"နေပါဦးဇနန် မင်းစောစောကပြောတော့ ဒေါ်(လ်) တယ်ဆို မင်းဘာတွေလုပ်နေတာလဲ ဘယ်တွေသွားနေတာ"

"ကျွန်တော် အလုပ်တစ်ခုလုပ်ဖို့ ကြိုးစားနေတာ"





"ဘာရယ်"

"ဟုတ်တယ် မကြာခင်မှာ ကျွန်တော် ဒေါ်(လ်)နဲ့လက်ထပ် ဖြစ်လိမ့်မယ် အဲ့ဒီအတွက် အလုပ်တစ်ခုရှာနေတာပါ"

ဝိုင်း မယုံနိုင်အောင် မျက်ဝန်းတွေ ပြူးကျယ်သွားရ၏။ ဇနန့်နှုတ် ဖျားက ထွက်လာသည့်စကားတွေက ဟုတ်မှ ဟုတ်ရဲ့လားမသိ။

"ဒေါ်(လ်) ဒေါ်(လ်)နဲ့ မင်းက ဘယ်လို"

"ဒေါ်(လ်)နဲ့ကျွန်တော် ချစ်နေခဲ့တာ ကျွန်တော် အင်္ဂလန် မသွားခင်ကတည်းကပါ ကိုကို"

"ဟင်"

"အင်္ဂလန်မှာ ကျွန်တော်ရှိနေတုန်းကလည်း ဒေါ်(လ်)ဆီ စာ အဆက်အသွယ်အမြဲရှိခဲ့တယ် အခု ကျွန်တော်ဒီကို ပြန်လာတာ ဒေါ်(လ်)ကို လက်ထပ်ဖို့ပဲ ကိုကို"

ဝိုင်း ဘာစကားမှ မဆိုနိုင်အောင် မင်သက်ကြောင်တွေ နေမိ တုန်းပါပဲ။ သူ့စိတ်ထဲမှာ စိုးရိမ်နေခဲ့မိသော အခြေအနေက တကယ် ဖြစ်နေခဲ့တာပါလား။

ဇနန်နဲ့ ဒေါ်(လ်) ချစ်သူတွေတဲ့။ ဇနန်အင်္ဂလန် မသွားခင်ကတည်း က သူတို့နှစ်ယောက်ချစ်နေခဲ့ကြတာ ဆိုခြင်းက ပိုလို့တုန်လှုပ်အံ့ဩ စေသည်။

ထိုစဥ်တုန်းက သူတို့နှစ်ဦးအသက်က ဆယ်ကျော်သက်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပဲ ရှိဦးမှာ။ သူဘာမှ မရိပ်မိခဲ့ပါလား။ ဒေါ်(လ်)ကလည်း နှုတ်လုံခြုံလိုက်တာ ဇုန်ဆီက စာပုံမှန်လာနေခဲ့တာတောင် သူ့ကိုမပြောပြခဲ့ပါလား။

"ကျွန်တော် ဒေါ်(လ်)နဲ့ လက်ထပ်နိုင်အောင် စီစဉ်နေတယ် ကိုကို နောက်ပိုင်းကျရင် ဒေါ်(လ်)ရဲ့ လုပ်ငန်းကိစ္စမှာ ကိုကိုတာဝန်ယူ အချိန်ကုန်စရာမလိုတော့ပါဘူး ကျွန်တော် ဒေါ်(လ်)တစ်ဘဝလုံးကို တာဝန်ယူနိုင်တယ်"

"ဒီအကြောင်းတွေကို ကိုကိုအခုမှသိတယ် ဇုန် ဒေါ်(လ်)နဲ့ မင်း ချစ်သူတွေတဲ့လား မင်းဒေါ်(လ်)ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

ဇိုင်းစကားကြောင့် ဇုန်နှုတ်ခမ်းမှာ အပြုံးရိပ်တွေ ပြန်ယှက်သမ်းလာသည်။ ထိုအပြုံးတို့ ဖြာလဲ့သော မျက်ဝန်းပြာလဲ့လဲ့တွေနှင့် ဇိုင်းကို ဇုန်ကြည့်ကာ ခေါင်းညိတ်သည်။

"ဒေါ်(လ်)ကို ကျွန်တော်လက်ထပ်မှာပေါ့ဗျာ အဲ့ဒီအတွက် ကိုကို သဘောတူ ကြည်ဖြူရဲ့လား"

"မင်းတို့နှစ်ယောက်စလုံး ဆုံးဖြတ်ချက်တူညီ အဆင်ပြေရင် ကိုကို ဘာလို့သဘောမတူရမှာလဲ ဇုန် ဒေါ်(လ်)ကလည်း ကိုကို့ညီမလေးတစ်ယောက်ပဲ"

ဇုန် ဟက်ခနဲ သဘောကျသလို ရယ်သည်။ ပြီးမှ အရယ်မပြယ်သော အသံနှင့်

"ကိုကို သဘောမတူလည်း ဒေါ်(လ်)ကို ကျွန်တော် လက်ထပ်မှာပါ ဘယ်ဘက်ကကြည့်ကြည့် ဒေါ်(လ်)က ငြင်းပယ်ဖို့ ခြွင်းချက်မရှိတဲ့သူဆိုတာတော့ ကိုကို လက်ခံရမှာပဲလေ"

"ကိုကို မင်းနဲ့ဒေါ်(လ်)ကို သဘောတူပါတယ် ဇုန် ကိုကို့ဘက်က ဘာမှငြင်းစရာမရှိတဲ့ ကိစ္စပဲ မင်းကို ကိုကို့ဘက်က အစ်ကိုတစ်ယောက်တာဝန်အပြည့်နဲ့ စီစဉ်ပေးမှာပါဇုန်"

သူ့စကားအဆုံးမှာ ဇုန်ထိုင်ခုံက ထရပ်သည်။ သူမော့ကြည့်တော့ ဇုန့်အကြည့်တွေထဲမှာ လှိုက်ပွက်မှုတွေ ပျော်ဝင်နေသည် ထင်မိ၏။

ဇုန်နှုတ်ဖျားကတော့ ဘာတုံ့ပြန်စကားမှ မကြားရပါ။

"ဪ ဇုန် မနက်ကျရင် ကိုကိုနဲ့ဒေါ်(လ်) မော်ဘီဘက်က ခြံကိစ္စ သွားစရာရှိတယ် မင်းကိုကိုနဲ့ ဒေါ်(လ်)ဆီ တစ်ခါတည်းလိုက်ခဲ့မလား"

"မနက်ကျရင် ကျွန်တော် သွားစရာရှိသေးတယ် ကိုကို ဒေါ်(လ်)ကိုပြောလိုက်ပါ ကျွန်တော် နောက်ရက်တွေမှ လာခဲ့မယ်လို့"

သူ တစ်စုံတစ်ရာပြောဖို့ ပြင်မိသေး၏။ ဒါပေမဲ့ ဇုန်က သူ့ကိုကျောခိုင်းကာ အခန်းထဲဝင်သွားခဲ့ပြီမို့ ဘာမှပြောခွင့်မရလိုက်ခဲ့ဘဲ ဧည့်ခန်းထိုင်ခုံပေါ်မှာ သူ သက်မဲ့အရုပ်တစ်ရုပ်လို ကျန်ရစ်ခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ခြံထဲကို ကားမောင်းဝင်လာကတည်းက ငုန်မျက်ဝန်းတွေက ခြံထဲကို ဝေ့ဝဲကြည့်ခဲ့ပြီးဖြစ်သည်။

ဆင်ဝင်အောက်မှာ သူ့ရဲ့ ပါဂျဲရိုးကားကို ထိုးရပ်လိုက်တော့ ညှော့ခန်းတံခါးမှာရပ်နေသော မအေးကို မြင်လိုက်ရသည်။

"ဩော် ကိုကိုလေး မမလေးဒေါ်(လ်) မရှိဘူးရှင့်"

"ဟုတ်လား ဘယ်သွားသလဲ မအေး"

မနေ့ကတည်းက ဒေါ်(လ်)နှင့်ကိုကိုထို့ မော်ဘီဘက်က ခြံကို သွားကြမှာ သူသိပြီးဖြစ်နေပေမယ့် မသိဟန်ဆောင်ကာ မေးမိ၏။

"မနက်ကပဲ ကိုကိုကြီး လာခေါ်သွားတယ်လေ ဘယ်လဲတော့ မအေးလည်းမသိဘူးရှင့် ကြီးကြီးကွန့်ကတော့ အပြင်ခဏထွက်သွား





မအေးစကားကြောင့် ငုန်မျက်ဝန်းတွေ ရွှန်းလဲ့တောက်ပသွား

လေးကွန့်လည်း မရှိဘူးဆိုတာကြောင့် ဖြစ်သည်။

"မအေးနဲ့ မမခိုင်ပဲရှိတာ ဝင်လေ ကိုကိုလေး ဘာသောက်

င် မအေးသွားယူလိုက်မယ်"

"အအေးတစ်ဗူးပဲ လုပ်ခဲ့တော့ မအေး"

မအေး ခေါင်းကလေးညိတ်ကာ ထွက်သွားသည်။ ငုန်ထိုင်ခုံ

ိုင်ဖြစ်တဲ ရုပ်နေမိဆဲ။ တစ်အိမ်လုံးမှာ မိအေးနှင့် မမအင်ကြင်း

နခဲ့တာ၊ သူရောက်နေတာကို မမအင်ကြင်း မသိဘူးတဲ့လား။

ငုန်မျက်မှောင်လေး ကုပ်ကာ ငေးနေရင်းမှ စောင့်ကြည့်သည်။

ကြင်းကို အရိပ်လေးတောင် မတွေ့ မြင်ရပါ။

"ဟင် ကိုကိုလေး ထိုင်လေ မတ်တပ်ကြီးပါလား"

မိအေး ပြန်ရောက်လာကာ ပြောမှ ငုန်သတိရကာ ထိုင်ခုံ

လိုက်၏။ မိအေးက အအေးလင်ပန်းလေးကို သူ့ရှေ့ချပေးရင်း

ာသော အအေးဘူးနှင့်မုန့်ပန်းကန်လေးကို ချပေးသည်။

ငုန် အအေးဘူးကို ဖောက်လိုက်ရင်း မိအေးကို မကြည့်ဘဲ

၏။

"မမအင်ကြင်းကော မတွေ့ပါလား မိအေးရဲ့"

"ခြံထဲက ရေကူးကန်မှာ ရေကူးနေတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ငုန်မျက်ဝန်းတွေ ဝင်းခနဲလက်ဖြာသွားတာကို မအေး မမြင် လိုက်ပါ။ ဖွင့်ဖောက်ထားပြီးသော အအေးဘူးကို တငုံမော့သောက်ရင် ငုန်ထိုင်ရာက ထရပ်လိုက်သည်။

"မိအေး လုပ်စရာရှိတာ ဆက်လုပ်လေ ငါ ဒေါ်(လ်)ပြန်လာ တဲ့အထိ စောင့်မှာ ခြံထဲမှာပဲ ဆင်းနေလိုက်မယ်"

"ဟုတ်ကဲ့ ကိုကိုလေး မိအေး အဝတ်တွေလျှော်လိုက်ဦးမယ်"

"အိုကေ လုပ် လုပ် မိအေး"

မိအေးကိုပြောပြီး သူခြံထဲဆင်းခဲ့သည်။ ကားအနီးမှာရပ်ရင်း လက်ထဲက အချိုရည်ဘူးကို သူမျှင်းသောက်နေလိုက်၏။

မိအေး မုန့်ဘမ်းကိုပြန်သိမ်းပြီး ဝင်သွားတာမြင်သည်။ အအေးဘူးကုန်သွားသည်အထိ ပြန်ထွက်လာတာ မမြင်ရတော့ပါ။

သည်တော့မှ လက်ထဲကဘူးခွံကို ငုန်မြက်ခင်ပြင်ပေါ်လွှင့်ပစ် လိုက်၏။ ပြီးတော့ ခြေလှမ်းတွေက ခြံညာဘက်လေးရှိ ရေကူးကန် သို့ လှမ်းခဲ့မိ၏။

ကြည်လင်ပြာလဲ့သော ရေပြင်ပေါ်မှာ အနီရဲရဲ ရေကူးဝတ် လေးနှင့်အင်ကြင်း လွတ်လွတ်လပ်လပ်ရေကူးနေသည်။

ငုန် ကန်အုတ်ဘောင်အထိ လှမ်းလျှောက်လာရင်း ကန် ပြင်ထဲက ခိုင်အင်ကြင်းကို တစိမ့်စိမ့်ကြည့်နေမိ၏။

ငုန်ကို မမြင်တာဘဲလား ။ တမင်ပဲ မမြင်ဟန်ဆောင်သ





ခြင်းလားတော့ မသိပါ။ ငြိမ့်ငြိမ့်မျောမျောကလေး ရေပေါ်မှာ ကိုယ်ဖော့လို့ မျက်ဝန်းအစုံကို မှေးမှိတ်ထားသည်။

ကောင်းတာပေါ့ ငုန်အားမနာစတမ်းကြည့်ခွင့်ရသည့် အခွင့် အရေးကို ပြည့်ဝစွာပဲ ယူပစ်လိုက်၏။

ခေါင်းက ဆံပင်တွေကို ရေမစိုအောင် အုပ်ဆောင်းထား သော ခေါင်းဆောင်းဦးထုပ်လေးကလည်း အနီရောင်၊ ရေကူးဝတ်စုံလေး ကလည်းအနီရောင်၊ နုတ်သမီးလေးတစ်ပါးလို ကြည့်ကောင်းသည်။

ဖျတ်ခနဲ မမအင်ကြင်းမျက်လုံးလေးတွေ ပွင့်လာသည်။ ကန် ဘောင်မှာ လက်ပိုက်ရပ်ကြည့်နေသော ငုန်ကိုမြင်တော့ မျက်နက်ဝန်း လေးတွေ ဝိုင်းစက်ပြီး အံ့ဩဟန်ပြုသည်။

ပြီးမှ ကန်ဘောင်မှာ လှေကားငယ်လေးဆီသို့ ကူးခတ်လာ သည်။

ငုန် နုတ်ခမ်းလေးတွန့်ကွေးပြုံးရင်း ဒရင်ဘက်ပေါ်မှာတင်ထား သော အပြာရောင်မျက်နှာသုတ်ပဝါကြီးကို အလိုက်တသိ လှမ်းယူလိုက် ၏။

လှေကားငယ်လေးအတိုင်း ကန်ဘောင်ပေါ်ကို လှမ်းတက်လာ သောအချိုးအဆစ် ကျနလှပသည့် အလှတွေကို တဒင်္ဂလေးပဲ ခံစား ခွင့်ရလိုက်ပါသည်။

သူ့ထံသို့လက်ကမ်းကာ အင်ကြင်းကခြုံလွှာကို တောင်းသည်မို့



www.burmeseclassic.com

www.burmeseclassic.com



သူလှမ်းပေးလိုက်ရ၏။

"ဘယ်တုန်းကရောက်နေတာလဲ ဇုန်"

"အခုလေးတင်ရောက်တာပါ မမအင်ကြင်းရေကူးနေတယ်လို့ မိအေးပြောလို့ လာခဲ့တာ"

ဇုန့်စကားကြောင့် အင်ကြင်းမျက်ဝန်းညိုကြီးတွေ စူးစူးရဲရဲစိုက်ကြည့်၏။ ပြီးမှ ခြုံလွှာကို ခန္ဓာကိုယ်မှာ ရစ်ပတ်ရင်း ဒရင်းဘက်ဆီလှမ်းသွား၏။

မလုံတလုံခြုံလွှာက မမအင်ကြင်း၏ ညိုညက်သော အသားနုလေးတွေကို လုံခြုံအောင် မစွမ်းသာပါ။

ဇုန် ပင့်သက်ခိုးတစ်ချက်ရှိုက်ရင်း

"မမအင်ကြင်း ရေကူးနေတာ ရပ်ကြည့်နေမိတဲ့အတွက် တောင်းပန်ပါတယ်နော်"

"အဲ့ဒါက မမအတွက်ပြဿနာ မဟုတ်ပါဘူး ဒါပေမဲ့ မင်း ဒေါ်(လ်)ဆီလာတာမဟုတ်လား ဒေါ်(လ်)သာ မင်းနဲ့မမကို ဒီလိုပုံစံမျိုး နဲ့ မြင်တွေ့သွားရင် အထင်လွဲသွားနိုင်တယ် ဇုန်"

ဒရင်းဘက်လေးမှာထိုင်ချရင်း မမအင်ကြင်းဆိုတော့ သူ့အပြုံး ရိပ်တွေမပြယ်သေးသော မျက်နှာနှင့်

"ဇုန် အဲ့ဒီလောက် မတုံးအပါဘူး မမရယ် ဒေါ်(လ်) ဒီမနက် ကတည်းက ကိုကိုနဲ့ မော်ဘီခြံကိုထွက်သွားတယ် နေ့လယ်ခင်းလောက်





မှ ပြန်ရောက်မယ်ထင်တယ်"

"ဩော် မင်းသိနေတယ်ပေါ့"

"သိတာပေါ့ ကိုကိုကိုယ်တိုင်ပြောတာ ကျွန်တော့်ကိုခေါ်သေးတယ် ကိစ္စရှိလို့ မလိုက်ချင်ဘူးငြင်းလိုက်တာလေ"

"ဒေါ်(လ်)မရှိမှ ရွှေအိမ်စည်ကို မင်းဘာလို့ရောက်လာတာလဲ ဇုန်"

ခေါင်းစွပ်ဦးထုပ်လေးကို ဆွဲချွတ်ပြီး ဆံနွယ်ညိုတွေကို ခါထုတ်ရင်း မမအင်ကြင်းမေးသည်။

အညိုရောင်ဆံနွယ်တွေကြားမှာ ညိုညက်သော မျက်နှာလေးက စွဲမက်စရာကောင်းမှန်း ဇုန် မှတ်ချက်ပြုမိ၏။

ဘာကြောင့်မှန်းမသိ။ မထင်မှတ်ဘဲ စတွေ့စဉ်ကတည်းက မမအင်ကြင်းအလှမှာ သူပျော်ဝင်ခဲ့ရသည်။ ရဲရင့်ပွင့်လင်းသော မမအင်ကြင်းရဲ့ ဆက်ဆံမှုတွေကိုလည်း သာယာခဲ့မိ၏။

"မမ မေးတာဖြေပါဦး ဇုန်"

"မမအင်ကြင်းနဲ့တွေ့ချင်လို့ တမင်လာခဲ့တာပေါ့ဗျာ"

မမအင်ကြင်းရဲ့မျက်ဝန်းတွေ သူ့ဆီဝဲလွင့်လာ၏။ ထိုမျက်ဝန်းတွေကို သူရှောင်လွှဲမပစ်ဘဲ စူးစိုက်ကြည့်နေမိပြန်သည်။

"ဇုန် မင်းက ရဲသွေးမဟုတ်သလို မမကလည်း ချစ်ပန်းနီ မဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ မမချစ်ပန်းနီဆိုတာ မမအင်ကြင်းပဲလေ"

"မင်းနဲ့ဒေါ(လ်)ဆိုတာ မကြာခင် လက်ထပ်ကြတော့မယ့် သူတွေဆိုတာ မင်းမေ့ထားပေမယ့် မမသိထားတယ် ဇုန်"

ဇုန်မျက်နှာပေါ်က အပြုံးရိပ်တွေ ပြယ်လွင့်သွားရင်း မျက်နှာ ကလေးတည်သွားခဲ့သည်။ သို့ပေမယ့် ဇုန် မမအင်ကြင်းကို တည်ငြိမ် လေးနက်စွာ စိုက်ကြည့်လိုက်ရင်း

"အခု ကျွန်တော်လာတာ မမအင်ကြင်းနဲ့တွေ့ချင်လို့ပါ မမနဲ့ ကျွန်တော် စကားတွေ ပြောချင်တယ် စတွေ့တုန်းက မမကူညီခဲ့သလို အခုလည်း ကျွန်တော့ကိုကူညီပါ ကျွန်တော်နဲ့အပြင်ခဏလောက် လိုက်ခဲ့ပါနော်"

ကြည်လင်တောက်ပသော မျက်ဝန်းတွေနှင့်စိုက်ကြည့်ရင်း ဇုန် တောင်းတောင်းပန်ပန်လေးဆိုသည်။

အဖြူရောင်တီရှပ်အင်္ကျီပေါ်မှာ အပြာနုရောင်ရှပ်လက်ရှည်ကို အပြင်ထုတ်ဝတ်ဆင်ထားသော ဇုန့်စတိုင်က တကယ့် လူငယ်လေးတစ် ယောက်ရဲ့ လွတ်လပ်မှုစတိုင်နှင့်ဖြစ်သည်။ မီးခိုးရောင်ဂျင်းဘောင်းဘီ ထဲ လက်နှစ်ဖက်နှိုက်ကာ ရပ်နေပုံက အင်ကြင်းမျက်ဝန်းထဲမှာ ကြည့်ကောင်းနေပြန်၏။

"မမ ကူညီမယ်မဟုတ်လား အဝတ်အစားလဲပြီးထွက်ခဲ့လေ ရေစိုကြီးနဲ့ကြာကြာထိုင်မနေပါနဲ့"





စိုးရိမ်ပူပန်ကောနင့်ဆိုတော့ အင်ကြင်းစိတ်ထဲမှာ ကျေနပ်မိ သလိုလို ခံစားရပြန်သည်။ ဇုန့်တောင်းဆိုမှုအတွက် ငြင်းပယ်လိုစိတ် ကိုကလည်း အလျဉ်းမရှိခဲ့တာမို့

"ကောင်းပြီ ဇုန် မင်းလမ်းထိပ်ကစောင့် မမ ဆယ်မိနစ်အတွင်း ထွက်ခဲ့မယ် ဟုတ်ပြီလား"

ဝင်းလဲ့တောက်ပသွားသော မျက်ဝန်းတွေနှင့် ဇုန်ခေါင်းကလေး ညိတ်သည်။ အင်ကြင်းနောက်ဖေးတံခါးပေါက်ဆီလှမ်းခဲ့တော့ ဇုန်လှမ်း ငေးရပ်ကြည့်နေဦးမှာလည်း စိတ်ကသိနေသည်။

တကယ့်ကို ရဲတင်းတဲ့ ချာတိတ်ပါလား။ ဒီဇိုင်းဆိုတဲ့ ပုဂ္ဂိုလ် နဲ့တော့ တကယ့်ကို ခြားနားသည်။

အင်ကြင်းကို ရဲသွေးဟု လိမ်ညာခဲ့သော မှန်းဇုန်နှင့်ပြန်ဆုံ ချိန်မှာ အင်ကြင်းအံ့ဩစိုးထိတ်သွားခဲ့မိသေး၏။ ဟန်မပျက် အင်ကြင်း ဟန်ဆောင်ခဲ့သလို မှန်းဇုန်ကလည်း ဟန်ဆောင်ကောင်းတဲ့ သူပါပဲ။

ဒေါ(လ်)ဆီရောက်လာတိုင်း အင်ကြင်းကိုခိုးကြည့်တတ်သော မျက်ဝန်းတွေကို သတိထားမိသည်။

မဖြစ်သင့် မပတ်သက်သင့်မှန်းသိပေမယ့် အင်ကြင်းဘာ ကြောင့်များရောင်တိမ်းဖို့ အကြိုးစားမိတာလည်း မသိပါ။ ဘာပဲဖြစ်ဖြစ် မှန်းဇုန်ဆိုသော ချာတိတ်ကို အင်ကြင်းပတ်သက်ဆက်နွယ်ချင်နေတာ တော့ အမှန်။


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်(လ်)နှင့်ပတ်သက်သူတစ်ဦးဟု စိတ်ကသိထားပေမယ့်လည်း မှန်းရှန်ဆိုတာ ဒီဇိုင်းရဲ့ ညီဟု သိလိုက်ရချိန်မှာ အင်ကြင်း စိတ်ဝင်စားခဲ့မိ၏။

အင်ကြင်းအပေါ် ဥ...ာပြုခဲ့သော ဒီဇိုင်းဆိုသည့်ပုဂ္ဂိုလ်ရဲ့ညီက အင်ကြင်းကို ဒေါ်(လ်)ရဲ့အစ်မတစ်ယောက်မှန်းသိရက်နဲ့ ဆက်နွယ်ချင်လာတာ ဘာကြောင့်လဲဟု အင်ကြင်းသိချင်သည်။

ဒီကောင်လေး ဒေါ်(လ်)ကိုချစ်တယ်ဆိုတာ တကယ်မှ ဟုတ်ပါ့ရဲ့လား တွေးစရာကောင်းသည်။

ဘယ်လိုနည်းနဲ့ပဲတွက်တွက် အရှုံးတော့မရှိနိုင်ပါ။

ယောကျ်ားတစ်ယောက်ကို အင်ကြင်းကောင်းကောင်း ချုပ်ထိန်းနိုင်ပါသည်။ မှန်းရှန်ဆိုတဲ့ ချာတိတ်လောက်ကတော့ စာမဖွဲ့။

နောက်ဖေးတံခါးပေါက်မှ အင်ကြင်းအိမ်ထဲရောက်ခဲ့တော့ အခန်းထဲမဝင်ခင်မှာဘဲ ညှော်ခန်းဆီက ဒေါ်လေးကွန့်အသံကိုကြားရ၏။

"ပြန်တော့မလို့လား မောင်ရှန် ဒေါ်(လ်)ကိုစောင့်မလို့ဆို"

"မစောင့်တော့ဘူး ဒေါ်လေးကွန့် အရေးကြီးကိစ္စလေးရှိလို့ နောက်ရက်တွေမှပဲ ကျွန်တော်လာတော့မယ် ခွင့်ပြုပါဦး"

အပြင်မှပြန်လာသော ဒေါ်လေးကွန့်နှင့်မှန်းရှန် ထိပ်တိုက်ဆုံကြတာထင်သည်။ မှန်းရှန်ကလည်း လည်ပါသည်။ နှုတ်ဆက်ပြီး ကားပေါ်တက်သွားတာ အင်ကြင်း မြင်လိုက်သည်။





လှစ်ခနဲ အခန်းထဲပြေးဝင်ကာ အင်ကြင်း ရေစိုအဝတ်အစားတွေ လဲလိုက်ရသည်။

မှန်ရှေ့မှာ ပြင်ဆင်အဝတ်အစားလဲပြီးတော့ ဆယ်မိနစ်တော့ ကျော်လွန်သွားမှာ သေချာ၏။ ကိစ္စတော့ မရှိပါ။ အင်ကြင်းထွက်မလာခင်း မှန်းရှန်စောင့်နေမှာကို ယုံသည်။

အခန်းအပြင်ထွက်တော့ ဒေါ်လေးကွန့်နှင့်ထိပ်တိုက်တိုး၏။

"အင်ကြင်း ဘယ်သွားမလို့လဲ"

"ကိစ္စလေးတစ်ခုရှိလို့ ဒေါ်လေးကွန့် စောစောပြန်ခဲ့မှာပါ"

စကားအမြန်ဖြတ်ကာ အင်ကြင်းထွက်ခဲ့သည်။ ဒီနေ့အပြင်မထွက်တော့ဘူးဟု ခုနဖြတ်ကာ ဂိုထောင်ထဲကတောင် မထုတ်ထားသော ကားကိုမောင်းပြီးထုတ်သည်။

ဆင်ဝင်အောက်က ကားလေးကို ဖြတ်အမောင်းမှာ ညှော်ခန်းထဲက စပ်စပ်စုစုကြည့်နေသော ဒေါ်လေးကွန့်မျက်ဝန်းများကို မြင်လိုက်ရသေး၏။

အဲ့ဒါတွေကြောင့် ဒေါ်လေးကွန့်ကို အင်ကြင်းမုန်းတာ။

အမြဲတမ်း သံသယမျက်ဝန်းတွေနဲ့ အင်ကြင်းကိုစောင့်ကြည့်တာ ရောက်ကတည်းကဖြစ်သည်။

ရှန်နှင့်အင်ကြင်းကိစ္စတွေသာသိရင် ဒေါ်(လ်)ကိုအတို့အထောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး အင်ကြင်းကို ရွှေအိမ်စည်က နှင်ချမှာသေချာ၏။

ဘာပဲဖြစ်ဖြစ် အင်ကြင်းသတိတော့ ထားရမည်။

လမ်းထိပ်ရောက်တော့ ဇုန်ရဲ့ပါရာဒိုကားလေးကို အင်ကြင်း လှမ်းမြင်လိုက်ရသည်။

အင်ကြင်းကားလေးဖြတ်ကျော်တက်ခဲ့တော့ နောက်ကအသာ လေးကပ်ပါလာတာကို နောက်ကြည့်မှန်ထဲမှာ မြင်ရသည်။

အင်ကြင်း ကျေကျေနပ်နပ် ပြုံးလိုက်မိသေးရဲ့။

◼ ◼ ◼



## အခန်း (၁၆)

"ဟင် ကိုကိုဝိုင်း ဒီကိစ္စကို သိ သိနေတယ် ဟုတ်လား"

ဒေါ်(လ်)မျက်ဝန်းလေးတွေ ဝိုင်းစက်အံ့သြကာ မေးသည်။

င်း မချင့်မရဲကလေးပြုံးရင်း ဒေါ်(လ်)မျက်နှာလေးကို ကြည့်ကာ ခေါင်းကိုညိတ်ပြမိသည်။

"ဟုတ်တယ် ဒေါ်(လ်) ကိုယ်စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတာ ာ့ ကြာပါပြီ။ မနေ့က ဇုန်နဲ့စကားပြောဖြစ်တော့မှ အသေအချာ ိလိုက်ရတာ သူ့ကိုယ့်ကို ဝန်ခံတယ်"

"ဟင်"

ဒေါ်(လ်) မျက်နှာနုနုလေးမှာ ပန်းနုသွေးလွှမ်းလျက် သူ့ထံက ကြည့်တွေ ချက်ချင်းလွှဲဖယ် ခေါင်းကလေးငုံ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်(လ်)အမူအရာကိုကြည့်ရုံနှင့် ဒေါ်(လ်)မပြောသေးသော အဖြေကို သူသိခဲ့ပြီးပြီ။ ဒါပေမဲ့ သူထပ်မေးမိပြန်သည်။

"ငုန်ပြောတာ အမှန်ပဲလားဒေါ်(လ်) သူပြောခဲ့သလို ဒေါ်(လ်)တို့က လက်ထပ်ကြဖို့အထိ ဆုံးဖြတ်ပြီးကြပြီလား ဒေါ်(လ်)နှုတ်ကပြောတဲ့ စကားကိုပဲ ကိုယ်ယုံချင်တယ်"

ဒေါ်(လ်)ခေါင်းကလေးပြန်ငုံ့ဦးမော့ကာ ဒိုင်းကို လှမ်းကြည့်သည်။ ဒိုင်းမျက်ဝန်းတွေက ဒေါ်(လ်)ကို တည်ငြိမ်စွာစိုက်ကြည့်ရင်း ဒေါ်(လ်)နှုတ်ကအဖြေကို စောင့်နေသည်ထင်၏။

ငုန်နှုတ်က ဖွင့်ဟဝန်ခံခဲ့တာတောင် ကိုကိုဒိုင်းက မယုံကြည်ဘူးတဲ့လား။ ဒေါ်(လ်)ခေါင်းကလေးကို ဆတ်ခနဲညိတ်ပြရင်း

"ဟုတ်ပါတယ် ကိုကိုဒိုင်း ငုန်ပြောတာတွေ အမှန်ပါပဲ အင်္ဂလန်က ပြန်လာတဲ့ အချိန်မှာပဲ ငုန် ဒေါ်(လ်)ကို လက်ထပ်ခွင့်တောင်းခဲ့တယ်"

"ဒေါ်(လ်)နဲ့ငုန်က ငုန်အင်္ဂလန်အသွားခင်ကတည်းက ချစ်သူတွေ ဖြစ်ခဲ့ကြတာဆို"

ငုန်က အားလုံးကို ဝန်ခံလိုက်ပြီပဲ ဒေါ်(လ်)သိလိုက်မိသည်။ ကိုကိုဒိုင်းက မယုံကြည်တာကြောင့် ထပ်မေးနေတာထင်ရဲ့။

"ဟုတ်တယ် ကိုကိုဒိုင်း ငုန်အင်္ဂလန်မသွားခင်တစ်ရက်က ဒေါ်(လ်)ကို ချစ်ခွင့်ပန်ခဲ့တယ် ပြီးတော့ ဒေါ်(လ်)ဆီကို သူစာတွေ ပုံမှန်ရေးခဲ့တယ် ကိုကိုဒိုင်းကို မပြောပါနဲ့ဆိုလို့ ဒေါ်(လ်)သိုဝှက်ထား





ခဲ့တာပါ"

"ကိုယ်နားလည်ပါတယ် ဒေါ်(လ်) ဒါပေမဲ့ ဒီအကြောင်းတွေ ဒေါ်(လ်)ကိုယ့်ကို ကြိုပြောသင့်တာပေါ့ ဒေါ်(လ်)ကို ကိုယ့်ညီမလေးလို ကိုယ်အမြဲကူညီစောင့်ရှောက်ခဲ့တာပဲကွာ ဒီကိစ္စမှာ သိုဝှက်ထားတတ်တော့ ကိုယ်စိတ်မကောင်းဘူး"

"ငုန် စကားကို မလွန်ဆန်ချင်လို့ ဒေါ်(လ်)ဘာမှမပြောဘဲနေခဲ့တာပါ ကိုကိုဒိုင်း ဒါပေမဲ့ ငုန်နောက်ဆုံးရေးခဲ့တဲ့ စာအကြောင်းတော့ ကိုကိုဒိုင်းကို ပြောပြခဲ့ပါတယ်လေ"

"ဘာလဲ ငုန်မြန်မာပြည်ကို ပြန်လာတော့မယ်ဆိုတဲ့ အကြောင်းလား"

"ဟုတ်ပါတယ် ကိုကိုဒိုင်း အဲ့ဒီတုန်းက ကိုကိုဒိုင်းက ငုန့်အတွက် မျှော်လင့်ချက်တွေနဲ့ စီမံကိန်းဆွဲနေတာလေ ဒေါ်(လ်)ဖွင့်မပြောရင် မဖြစ်လို့ အသိပေးခဲ့တာပါ"

ဒိုင်း ပင့်သက်ညှင်းညှင်းချကာ ခေါင်းညိတ်၏။ ပြီးမှ ဒေါ်(လ်)ကို ငေးငေးလေးစိုက်ကြည့်ရင်း

"ဒေါ်(လ်)လေးကို ကိုယ်အပြစ်မတင်ပါဘူး ပြီးတာတွေထားလိုက်ပါတော့ အခု ငုန့်ကိုလက်ထပ်မယ်လို့ ဒေါ်(လ်)ဆုံးဖြတ်ပြီးပြီလား အဲ့ဒါကို ကိုယ်သိချင်တယ်"

"ဒေါ်(လ်)ကို ငုန် လက်ထပ်ခွင့်တောင်းတယ် ကိုကိုဒိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်(လ်) မငြင်းပါဘူး ဒါပေမဲ့ ဇုန့်ကို အလုပ်အကိုင်တစ်ခု အတည်တကျလုပ်ဖို့ ပြောလိုက်မိတယ် အဲဒါကြောင့် ဇုန် ဒေါ်(လ်)ကို စိတ်ဆိုးသွားသလား မသိဘူးလေ"

ဒေါ်(လ်)ဆိုမှပဲ သူသဘောပေါက်ရသည်။ သည်ရက်ပိုင်းမှာ ဒေါ်(လ်)မျက်နှာလေးညှိုးနေတာ ဇုန်ရောက်မလာတာကြောင့်ပဲ ဖြစ်မည်။

ဒေါ်(လ်)မျက်နှာလေးညှိုးနေတာကိုတော့ သူမမြင်ရက်နိုင်တာ အမှန်။ ဒါကြောင့်လည်း ဒီမနက်မှာ ဒေါ်(လ်)ဆီသူလာကတည်းက ဒီကိစ္စကိုမေးဖို့ ဆုံးဖြတ်ထားခဲ့သည်။

မော်ဘီခြံထဲကိုရောက်တော့ နှစ်ဦးသားခြံထဲကိုလှည့်ပတ်ကြည့်ရှုရင်းခြံ အရောင်းအဝယ်ကိစ္စအတွက်တိုင်ပင်ကြသည်။

ဒေါ်(လ်)က သူဆုံးဖြတ်ချက်အတိုင်း နာခံမည်ဟု လက်လွှဲသည်။ လက်ရှိဝယ်သူပေးသည့်ဈေးက ထိုက်တန်သည်။ ဒါပေမဲ့ ဒေါ်(လ်)မှာ ငွေကြေးက လိုအပ်လှတာမဟုတ်တာမို့ သူစဉ်းစားဦးမည်ဟုပဲ ဆုံးဖြတ်ခဲ့သည်။

အပြန်မှာ ဒေါ်(လ်)ကို မနက်စာစားဖို့ သည်စားသောက်ဆိုင်ကလေးကို သူခေါ်ခဲ့တာဖြစ်သည်။

ဇုန်နှင့်ပတ်သက်သမျှတွေကိုတော့ စားသောက်ပြီးမှ သူ ဒေါ်(လ်)ကို မေးဖြစ်ခဲ့ခြင်းပင်ဖြစ်သည်။

"ဒေါ်(လ်) ကိုကိုဇိုင်းကိုဝန်ခံပါတယ် ဇုန်အင်္ဂလန်မသွားခင်ညမှာ ဒေါ်(လ်)စိတ်မကောင်းဖြစ်ပြီး ခြံထဲဆင်းထိုင်နေခဲ့တယ် အဲ့ဒီအချိန်မှာ ဇုန်ရောက်လာပြီး နှုတ်ဆက်တယ် ဒေါ်(လ်)မှာ သံယောဇဉ်အရှိဆုံးဖြစ်တဲ့ ကိုကိုဇိုင်းနဲ့ဇုန်ကို အနီးမှာပဲ ရှိစေချင်တယ်လေ ဒါကြောင့် ဇုန်အဝေးကိုအသွားဖို့ ဒေါ်(လ်)တားမိတယ် ဇုန်က သူမဖြစ်မနေသွားရမှာတဲ့ အားလုံးစီစဉ်ပြီးပြီတဲ့ ပြီးတော့ ဒေါ်(လ်)ကို သူချစ်နေတယ်လို့ ဝန်ခံတယ် ဇုန့်နှုတ်က အဲ့ဒီစကားကိုကြားရတော့ ဒေါ်(လ်)မယုံနိုင်ခဲ့ပါဘူး ဒေါ်(လ်)ရင်တွေ တလုပ်လုပ်ခုန်ပြီး ခေါင်းညိတ်ခဲ့ရပေမယ့် ဇုန့်အချစ်ကိုမဝံ့မရဲဘဲဆွေး ဒါပေမဲ့ ဇုန့်အချစ်ကို ဒေါ်(လ်)တစ်စတစ်စ ယုံကြည်လာမိတာ အင်္ဂလန်ရောက်မှ ဒေါ်(လ်)ဆီကို ရေးပို့ပေးနေတဲ့ စာလေးတွေကြောင့်ပါပဲ ဇုန်က ကိုကိုဇိုင်းဆီတောင် စာရေးတာမဟုတ်ဘူးလေ ဒေါ်(လ်)ဆီကို တစ်လတစ်ခါရေးတယ် နောက်ပိုင်းမှာလည်း နှစ်လလောက်မှတစ်စောင်ရောက်တတ်ပေမယ့် သတိတရရေးလိုက်တဲ့ စာတွေဆိုတာ သေချာပါတယ်"

ဒေါ်(လ်)မျက်ဝန်းလေးတွေ ကြည်နူးရိပ်တွေ တောက်ပလို့ ပြောပြနေတာကြည့်ရင်း ဇိုင်းနားလည်လိုက်ပါသည်။

ဇုန့်အချစ်ကို နုနယ်သော ဒေါ်(လ်)နှလုံးသားက အကြွင်းမဲ့ ယုံကြည်နေခဲ့တာ သေချာခဲ့ပြီပေါ့။

"အမှန်ဝန်ခံရရင် ဒေါ်(လ်)ဘဝမှာ အချစ်ဦးက ဇုန်ပါကိုကိုဇိုင်း ဘဝမှာတစ်ယောက်ပဲချစ်ခဲ့သလို အဲ့ဒီတစ်ယောက်သောသူကိုပဲ ဒေါ်(လ်)







www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှိရှိ လက်ထပ်ချင်တယ် ဇုန်ကို ဘယ်သူတွေပဲ အဆိုးမြင်မြင် ဒေါ်(လ်)ကတော့ နားလည်ခွင့်လွှတ်နိုင်တယ် ကိုကိုဇိုင်းရယ်"

ရိုးသားဖြူစင်လှသော ဒေါ်(လ်)စကားလေးတွေကို နားထောင်နေရင်း ဇိုင်းပိုလို့ စာနာသနားလာမိ၏။ ဖြူစင်လှတဲ့ ဒေါ်(လ်)နှလုံးသားလေးက ဇုန်နဲ့ထိုက်တန်ပါရဲ့လား။

ရင်ထဲက ထင်မြင်ချက်အတိုင်း ပြောရလျှင် ဇုန့်စိတ်ကို သူ မယုံချင်ပါ။ ဒါပေမဲ့လည်း

"ကိုယ်နားလည်ပါပြီ ဒေါ်(လ်)လေးရယ် ဇုန်နဲ့ဒေါ်(လ်)လေး တို့ ဆန္ဒတွေအတိုင်း ဖြစ်စေရအောင် ကိုယ်တိုင် စီစဉ်ပေးပါ့မယ်"

"ဟင် ကိုကိုဇိုင်း တကယ်ပြောတာနော်"

ဟန်မဆောင်နိုင်လောက်အောင် ဝမ်းသာအားရလေသံလေး နှင့် ဒေါ်(လ်)ဆိုနေတော့ ဇိုင်း အပြုံးနွေးနွေးလေးနှင့်ခေါင်းညိတ်ပြ လိုက်မိသည်။

"တကယ်ပေါ့ ဒေါ်(လ်)ရယ် ကိုယ့်ဘဝမှာ သံယောဇဉ်နှော တွယ်စရာဆိုလို့ ဇုန်နဲ့ဒေါ်(လ်)တို့ပဲ ရှိတာလေ ကိုယ်ပြောခဲ့မှုသလို ဇုန်နဲ့ဒေါ်(လ်)တို့ ဘဝလေး ငြိမ်းချမ်းအေးချမ်းမယ်ဆိုရင် ကိုယ်အား စီမံပေးမှာပါ အခုလည်း ဇုန့်ကို ကိုယ့်ရဲ့ စည်သွပ်ဘူးစက်ရုံမှာ လုပ်နိုင် ဖို့ ကိုယ်စီစဉ်နေတယ် ကိုယ်ရဲ့လုပ်ငန်းမှန်သမျှ ဇုန်ဦးစီးနိုင်ရင် အား ကိုယ်လွှဲပေးခဲ့မှာ"





"ဟင် ကိုကိုဇိုင်းက အိမ်ထောင်မပြုတော့ဘဲ တစ်ယောက် တည်း တစ်သက်လုံးနေမှာလား"

"သေချာသွားပြီလေ ဒေါ်(လ်)လေးရဲ့ ဇုန်နဲ့ဒေါ်(လ်)လေးတို့ လက်ထပ်ပြီးရင် မျိုးဆက်သစ်လေးတွေ ရှင်သန်လာမှာပဲ မဟုတ်လား"

"အို ကိုကိုဇိုင်းကလည်း"

ရှက်သွေးလျှမ်းသွားသော ပါးပြင်နုနုမှာ အနီရောင်သွေးကြော လေးတွေ ထင်းခနဲပေါ်လာသည်။ ဇိုင်းမျက်ဝန်းထဲမှာ ဒေါ်(လ်)သည် ဟိုစဉ်တုန်းကလိုပဲ အပြစ်ကင်းစင်သော ကလေးမလေးပမာရှိနေဆဲ။

ရင်မှာတိတ်တခိုးစွဲလမ်းရင်း ဖြစ်တည်ခဲ့ရသော ချစ်ခြင်းတို့ သည်လည်း ဖြူစင်စွာနှင့်ပဲ ရင်ထဲမှာ တည်ရှိပါစေတော့။

"ကိုကိုဇိုင်း တစ်ယောက်တည်းတော့ မနေပါနဲ့ ဒေါ်(လ်)တို့ နဲ့ အတူတူလာနေပါလား ဇုန်နဲ့ဒေါ်(လ်) ကိုကိုဇိုင်းကို ကိုယ့်ရဲ့ အစ်ကို ကြီးအဖြစ် တစ်သက်လုံး စောင့်ရှောက်သွားမယ်လေ"

သူ့ကို ပြုံးပြုံးလေးစိုက်ကြည့်ကာဆိုသော ဒေါ်(လ်)စကား ကြောင့် ရင်ထဲမှာ ဝေဒနာတစ်ရပ်နှင့်ခနဲ ခံစားရ၏။

ဒေါ်(လ်)ရှေ့မှာတော့ သူဟန်ဆောင်ပြုံးရင်း နှုတ်ဆိတ်နေရ ပေမယ့် ရင်ထဲမှာတော့

"ခွင့်လွှတ်ပါ ဒေါ်(လ်)လေးရယ် ဒေါ်(လ်)နှလုံးသားလေး ဖြူစင် ခဲ့ပေမယ့် မဖြူစင်ခဲ့တဲ့ ကိုယ့်နှလုံးသားအတွက် အဝေးကပဲ လိုက်ပြာ



www.burmeseclassic.com

www.burmeseclassic.com



သန့်စွာ လွှမ်းခွင့်ပြုပါ ကလေးရယ်"

■ ■ ■



## အခန်း (၁၇)

"ကျွန်တော့်လုပ်ရပ်က ဒေါ်(လ်)အပေါ် သစ္စာမဲ့တယ်လို့ မမ ထင်နေသလားဟင်"

"မမ မသိဘူးလေ အဲ့ဒါ မင်းစိတ်ထဲက ခံစားချက်အမှန်နဲ့ပဲ ဆက်ဆိုင်မယ်ထင်တယ်"

ဇုန်မေးခွန်းကို မမအင်ကြင်းပါးနပ်စွာရှောင်တိမ်းသွားခဲ့တာမှန်း နှံ့သိပါသည်။

တကယ်ဆိုလျှင် ဇုန်နှင့်မမအင်ကြင်း ဒေါ်(လ်)မသိအောင် အခုလို နှစ်ဦးတည်းဆုံတွေ့နေခြင်းကပဲ လွန်လှပြီထင်၏။ ဒါပေမဲ့ အကြောင်းမှန်းမသိ ဇုန့်စိတ်က မမအင်ကြင်းအပေါ် ယတိမပြတ်နိုင်သာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းညိုလေးတွေနှင့် မမအင်ကြင်းသည် စဆုံတွေ့ကတည်း က ဇုန်ကိုလွှမ်းမိုးနိုင်ခဲ့သည်။ ပြီးတော့ လိမ်ညာခဲ့သည် ထိုစဉ်တုန်း ကတော့ ဇုန်လည်း မမကို ညာခဲ့တာပါပဲ။

"ဇုန် မညာတမ်းပြောမယ် မမ ဒေါ်(လ်)ကို သံယောဇဉ်ရှိတာ ဇုန်ဝန်ခံပါတယ် ဒါပေမဲ့ ရင်ထဲက စူးစူးနစ်နစ် ဖြစ်ရလောက်အောင် မစွဲလန်းသေးဘူး မုန်းဇုန်ဆိုတဲ့ကောင်က ခပ်ရှုပ်ရှုပ်ဆိုတာလည်း ဝန်ခံပါတယ်"

"အဲ့ဒါတော့ မင်းဝန်မခံဘဲ မမသိတာပေါ့ အဟင်း ဟင်း"

"မနောက်ပါနဲ့ မမရယ် ကျွန်တော် မညာစတမ်းလို့ ပြောနေတယ်လေ"

အအေးဘူးထဲက ပိုက်တံလေးကို ပန်းနုနုတ်ခမ်းလေးနှင့် မမ အင်ကြင်းမျှင်းစုပ်သောက်နေတော့ သူ သတိလက်လွှတ် ငေးကြည့်မိပြန်၏။

ဒေါ်(လ်)နှင့်ယှဉ်လျှင် မမအင်ကြင်းအလှက အသွင်မတူသော အလှဟု ဇုန်သိထားပါသည်။ ဖြူနုပြီးလှသော ဒေါ်(လ်)နှင့်ဆန့်ကျင်စွာ မမအင်ကြင်းက ညိုချောချောသူဖြစ်သည်။

ပျော့ပြောင်းနုနယ်သော စိတ်ဓာတ်နှင့်တူညီစွာ ဒေါ်(လ်) ကိုယ်နေဟန်က သိမ်မွေ့လွန်းသည်။ အရုပ်အကြောက်ကြီးသည်။

မမအင်ကြင်းက ရဲရင့်ပွင့်လင်းသည်။ ကျစ်လျစ်သော ခန္





ကိုယ်အချိုးအဆစ်က ရင်ခုန်စရာကောင်းအောင်စွဲဆောင်နိုင်သည်။

မတူညီသော အချက်များစွာထဲမှာ မမအင်ကြင်းသည် ဒေါ်(လ်)လောက်ကံမကောင်းသူ ဖြစ်နေတာလည်းပါသေး၏။ တူမချင်း တူပေမယ့် ဦးလေးဖြစ်သူရဲ့ အမွေတွေကို မမအင်ကြင်း ခံစားခွင့်မရှိ။

လတ်တလောမှာတောင် ဒေါ်(လ်)ရဲ့ ရွှေအိမ်စည် ခြံကြီးမှာ မှီခိုနေထိုင်ရသူဖြစ်၏။

"ကဲ ဇုန် သိပ်နောက်ကျနေလို့ မသင့်ဘူးထင်တယ် ဒေါ်(လ်) တို့ပြန်မရောက်ခင် မမတို့ပြန်သင့်တယ်"

"ဘာဖြစ်လို့လဲ မမ ခုချိန်ထိ ကျွန်တော်နဲ့မမ ရိုးသားစွာခင်နေတုန်းပဲလေ"

"ရိုးသားစွာဟုတ်လား အဲ့ဒီရိုးသားမှုကို ဇုန်ဘယ်လိုပေတံနဲ့ တိုင်းတာလဲ"

"ဇုန့်ဘက်က ရှင်းပါတယ် ဇုန်နဲ့ဒေါ်(လ်)ချစ်သူတွေဆိုပေမယ့် လက်ထပ်ထားကြတာ မဟုတ်သေးဘူး မမ ဇုန်ရည်းစားတွေ အများကြီးထားခဲ့ဖူးပါတယ် စတိတ်ကျောင်းသားဘဝကတည်းက ဒါကို ဒေါ်(လ်) လည်းသိတယ် အင်္ဂလန်မှာလည်း ဇုန်မကောင်းခဲ့ပါဘူး"

ဇုန့်စကားကြောင့် မမအင်ကြင်း ပခုံးလေးတွန့်ကာ မျက်လုံးလေးပင့်ကြည့်သည်။

"အင်း မင်းကိုချစ်မိတဲ့ ဒေါ်(လ်)တော့ ကံဆိုးပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီလိုတော့ မစွပ်စွဲနဲ့လေ အခုချိန်အထိ ဇုန်ဆိုတာ လူပျိုလူလွတ် တစ်ယောက်ပါ မမရဲ့ ရည်းစားတွေ အများကြီးထားဖူးတိုင်း အချစ်ကို ခံစားတတ်တယ်လို့ မမထင်သလားဟင်"

"အချစ် ဟုတ်လား အင်း မမသိပ်စိတ်မဝင်စားတဲ့ ဘာသာရပ်ကြီးပဲ မမလည်း ရည်းစားတွေအများကြီးထားခဲ့ဖူးတယ် အဲ အချစ်ကိုတော့ မယုံကြည်ဘူး"

"အိုကေ ဒါဆို မမနဲ့ဇုန် ယုံကြည်ချက်ချင်း တူညီတယ်"

"တစ်ခုတော့ ရှိတယ် ဇုန် မင်းကမကြာခင်မှာ ဒေါ်(လ်)နဲ့ လက်ထပ်တော့မှာ မမညီမလေး စိတ်ဆင်းရဲအောင်တော့ မလုပ်ပါနဲ့ အဟင်း"

"မမ သတိမပေးခင်ကတည်းက ကျွန်တော်အသေအချာ စဉ်းစားကြည့်မိတယ် အချစ်ဆိုတဲ့အရာက အိမ်ထောင်တစ်ခုအတွက် အရမ်းအရေးပါသလားလို့ ဒါကြောင့် ကျွန်တော် ဒေါ်(လ်)ဆီမရောက်ဖြစ်ဘဲ တွေဝေနေခဲ့တာ"

"ဟင် ဒါဆို မင်းက ဒေါ်(လ်)ကို မချစ်ဘဲ လက်ထပ်မှာလား ဇုန်"

"အချစ်ဆိုတာ ဘာလဲ ကျွန်တော်မှ မသိနိုင်သေးတာ ဒေါ်(လ်)ကော သိနိုင်ရဲ့လား မသေချာဘူး ဒါပေမဲ့ ဒေါ်(လ်)ကတော့ ကျွန်တော့်ကို သံယောဇဉ်အတော်ကြီးရှာပါတယ်"





"မင်းလည်းဒေါ်(လ်)ကို သံယောဇဉ်ကြီးခဲ့တာပါပဲ ဇုန် မင်းရေးတဲ့စာလေးတွေအကြောင်း ဒေါ်(လ်)ပြောပြကတည်းက မင်းကိုရင်းနှီးနေတာ"

စားပွဲပေါ်မှာရှိနေသော အအေးဘူးလေးထဲက လက်ကျန်ကို ဇုန်မော့သောက်သည်။ ပြီးမှ မှုပိုင်အပြုံးလေးတွေ မျက်ဝန်းတွေထဲအထိ ပြာလဲ့အောင်ပြုံး၏။

"ဒေါ်(လ်)ကို ကျွန်တော် သံယောဇဉ်ရှိပါတယ် ဒါကြောင့်လည်း အင်္ဂလန်မသွားခင်က ဒေါ်(လ်)ကို နှုတ်ဆက်ရင်း ရင်ဖွင့်ခဲ့တာပေါ့ ကိုကို့ကိုတော့ ကျွန်တော် စိတ်နာတယ် မြန်မာပြည်မှာ ကျွန်တော် စာရေးရမယ့်သူဆိုလို့ ဒေါ်(လ်)ပဲရှိတယ် ကိုကိုကတော့ ဦးလေးတွေဆီ မြန်မာပြည်ကအကြောင်းတွေ အမြဲပြောပြသတင်းပို့တယ် ဒေါ်(လ်)ရဲ့ မွေးစားဖေဖေတိမ်းပါးသွားခဲ့တာတွေ ဒေါ်(လ်)ရွှေအိမ်စည်ကြီးနဲ့ အမွေအားလုံးရလိုက်တာတွေ ဇုန်အားလုံးကြားရတယ်"

ဇုန်စကားတွေ နားထောင်ရင်း အင်ကြင်းနှုတ်ခမ်းလေးကို တင်းတင်းစေ့ထားမိသည်။ ဒီအကြောင်းတွေကို မေ့ထားချင်သည်။ ဒါပေမဲ့ ဇုန်ပြောပြနေတာမို့ သည်းခံနားထောင်နေရ၏။

"ဘာပဲဖြစ်ဖြစ် ဒေါ်(လ်)ဟာ ကျွန်တော့်အတွက် ရွေးချယ်သင့်တဲ့သူပါ နှစ်ဦးကြားမှာ သံယောဇဉ်ဆိုတာရှိတယ် နောက်အရေးကြီးတဲ့ တစ်ခုက ဒေါ်(လ်)မှာပြည့်စုံတဲ့ငွေကြေးပိုင်ဆိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒေါ(လ်)ကို အမွေတွေကြောင့် မင်းရွေးလိုက်တာလား ဇုန်"

"ဇုန်စကားကိုနားထောင်ပါဦး မမ အမှန်ပြောရရင် ဒေါ(လ်)ကိုလက်ထပ်ဖို့စဉ်းစားလိုက်တာ အဲဒီအချက်လည်းပါပါတယ် မြန်မာပြည်ကို ကျွန်တော်ပြန်လာရင် ကိုကိုဆီက ဘာမှမရနိုင်ဘူးလို့ မျှော်လင့်ထားတယ် ဖေဖေရှိစဉ်ကတည်းက သိပ်ဆိုးတဲ့ကျွန်တော့်ကို ဖေဖေက ကိုကို့လောက်မချစ်ခဲ့တာသိတယ် ကျွန်တော့်ကို အင်္ဂလန် ပို့ပြီး ဖေဖေထားခဲ့တဲ့ ဥစ္စာဓနတွေကို ကိုကို့စိတ်ကြိုက်ခြယ်လှယ်နေမယ်လို့ထင်ခဲ့တယ် ဒါကြောင့် ဒေါ(လ်)ရဲ့ ပြည့်စုံမှုက ကျွန်တော့်အတွက် လိုအပ်တယ်လေ အခု ဒီရောက်မှ ကိုကိုစီစဉ်ထားမှုတွေ ပြီးတော့ ဖေဖေရှိစဉ်ကထက်ပိုပြီး တိုးပွားလာနေတဲ့ ဥစ္စာဓနတွေ အချိန်တန်ရင် ကိုကိုကျွန်တော့်ကို ရသင့်ရထိုက်သလောက် လွှဲပေးမှာသေချာပါတယ် ဒေါ(လ်)ရဲ့ ပိုင်ဆိုင်မှုတွေကို ကျွန်တော် မက်မောစရာမလိုတာ အမှန်ပဲ"

"မင်း ဘာကိုဆိုလိုတာလည်း ဇုန် ဒေါ(လ်)ကို လက်မထပ်တော့ဘူးဆိုတဲ့ သဘောလား"

"ခုချိန်မှာ ကျွန်တော်တွေဝေနေတုန်းပဲမမ ကိုကို့ကိုတော့ ဒေါ(လ်)နဲ့လက်ထပ်မှာလို့ ပြောလိုက်တယ် ကျွန်တော့်စိတ်ထဲမှာတော့ တွေဝေနေတုန်းပဲ အချိန်တွေရှိပါသေးတယ် ကျွန်တော် စဉ်းစားချင်သေးတယ်"





ဇုန်စကားနားထောင်ရင်း အင်ကြင်းနားလည်စပြုလာရ၏။

မရေမရာ မသေချာသော တွေဝေမှုတွေနှင့် ဇုန်ဆုံးဖြတ်ရခက်နေတာပဲဖြစ်မည်။ ဘယ်သူ့ကြောင့်လဲ။ အင်ကြင်းကြောင့်လား။

ဇုန် မျက်ဝန်းတွေထဲက စူးစိုက်ကြည့်ကာ အင်ကြင်းအဖြေရှာမိ၏။ ကြည်လဲ့တောက်ပနေသော ဇုန့်မျက်ဝန်းတွေကလည်း အင်ကြင်းကိုစိုက်ကြည့်နေခဲ့သည်။

အင်ကြင်းရင်တွေခုန်ချင်လာ၏။

အခုနေ ဇုန့်နှုတ်က ပွင့်ထွက်ဝန်ခံလာခဲ့ရင် အင်ကြင်းဘယ်လိုရင်ဆိုင်ရမလဲ။ ဘဝတစ်ခုလုံးအတွက် ဇုန့်ကိုရွေးချယ်သင့်ရဲ့လား။ ဇုန့်ထက်စာလျှင် ဇုန့်အစ်ကို ဒီဇိုင်းက အင်ကြင်းတောင့်တသောဘဝကို ပို၍ ဖန်တီးပေးနိုင်မှာသေချာသည်။

လက်တလောမှာတော့ မှန်းဇုန်ဆိုသော ချာတိတ်မျက်ဝန်းတွေထဲမှာသာ အင်ကြင်းကို တောင့်တသော အရိပ်တွေ ထင်ဟပ်နေခဲ့၏။

"ကဲ ပြန်ကြစို့ မမအင်ကြင်း ကျွန်တော့်ရင်ထဲက စကားတွေကို ရင်ဖွင့်လိုက်ရလို့ ပေါ့ပါးသွားတယ် ကျွန်တော် မမအင်ကြင်းနဲ့ သပ်သုံချင်ပါသေးတယ်"

အင်ကြင်းနှုတ်ခမ်းလေးတွေ ကွေးညွှတ်သွားအောင် ပြုံးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်(လ်)ကိုတွေ့ဖို့ကော ဇုန်"

"အင်း ကျွန်တော်တွေ့ဖြစ်မှာပါ"

ရှိးသားစွာဝန်ခံသောစကားမှန်း အင်ကြင်းသိပါသည်။ ရင်ထဲမှာတော့ နင့်ခနဲခံစားရသည်။

မျှော်လင့်ချက်တွေနဲ့ အင်ကြင်းကို လာကြည့်စယ်လျောင်ပြောင်နေခဲ့တာလား မှန်းဇုန်။

မင်းရဲ့ ကိုကိုဒီဗိုင်းလို အင်ကြင်းကို ရိုက်ချိုးဖို့ ကြံစည်ချင်တာလား။ ဒီတစ်ခါတော့ ဒေါ်(လ်)ကို အင်ကြင်းထပ်မရှုံးနိမ့်ချင်ပါဘူး။

ဘဝမှာ ဒီအရှုံးတွေကိုချည်း ခိုင်အင်ကြင်း ခံစားပိုင်ဆိုင်ခဲ့ရတာလေ။ ကံကြမ္မာက ယောင်ယမ်းပြီး အတုံ့အလှည့်လေးတော့ ပေးသင့်ပါသည်။

မင်းကိုချစ်တဲ့သူက အင်ကြင်းကို ဥပက္ခာပြုခဲ့တယ်။

မင်းကချစ်မိသူက အင်ကြင်းကိုနှောင်တွယ်နေတယ်။

ဒါ မျှတတဲ့ ညီမျှခြင်းလေးအဖြစ်နားလည်စွာနဲ့ ခွင့်လွှတ်ပေးပါ ဒေါ်(လ်)။

■ ■ ■



## အခန်း (၁၈)

"ဝမ်း ဝမ်းသာလိုက်တာ ဇုန်ရယ် ဇုန်တကယ်ပြောတာနော်"

ဟန်မဆောင်နိုင်လောက်အောင် ဝင်းပသွားသော ဒေါ်(လ်) မျက်နှာလေးပေါ်မှ ပျော်ရွှင်ခြင်းတို့ကို ဇုန်မြင်နေခဲ့သည်။

"တကယ်ပြောတာပါ ဒေါ်(လ်)ရဲ့ ကိုကိုစီမံကိန်းချထားတဲ့ အလုပ်ကို ဝင်မလုပ်ချင်ပေမယ့် အခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ စည်သွပ်စက်ရုံမှာ ကိုယ်မနက်ဖြန်ပဲ အလုပ်ဆင်းတော့မယ်"

"ဇုန်ရယ် ဇုန့်ဆုံးဖြတ်ချက်ကို ဒေါ်(လ်)ဝမ်းသာတယ် သိလား ကိုကိုဗိုင်းက အဲ့ဒီစက်ရုံကို ဇုန့်အတွက် ရည်ရွယ်ပြီး တည်ခဲ့တာပါ"

"ဇုန်သိတယ် အဲ့ဒါသိလို့ အင်္ဂလန်ကစည်သွပ်စက်ရုံမှာ အလုပ်ဝင်နေရင်း ထွက်ခဲ့တာကို ခုမှနောင်တရနေတယ် အမှန်ဆို ဇုန် နားလည်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်တဲ့အထိသာ လုပ်ဖြစ်ခဲ့ရင် အခုပိုအဆင်ပြေမှာ"

"ဇုန်ရယ် အတိတ်ကိုပြန်တွေးမနေပါနဲ့ အခုလည်း ဇုန်နားလည်အောင်သင်ရင် တတ်ကျွမ်းလာမှာပဲ ဥစ္စာ"

"အင်း ကိုကိုကလည်းပြောပါတယ် ကိုယ်ကြိုးစားကြည့်ရမှာပေါ့"

"ကြိုးစားပါ ဇုန် ဇုန့်ကို ကိုကိုဇိုင်းက တကယ်သံယောဇဉ်ကြီးတွယ်တာမှန်း ဒေါ်(လ်)လည်းအခုမှသိတာပါ အရင်က ဇုန်ကို ကိုကိုဇိုင်းက အမြဲတမ်းချိုးနှိမ်ထားတယ်လို့ ထင်ခဲ့မိတယ် မော်ဘီခြံသွားတဲ့နေ့ကမှ ဒေါ်(လ်)နားလည်လိုက်တာ ဇုန်က ဒေါ်(လ်)ကို လက်ထပ်မယ့်ကိစ္စ ကိုကိုဇိုင်းကိုပြောလိုက်တယ်ဆို"

"ဟင် ဒေါ်(လ်) ကို ကိုကိုပြန်ပြောသလား"

ဒေါ်(လ်)ပါးပြင်လေးနှစ်ဖက် ရက်သွေးရောင်လွှမ်းကာ ခေါင်းကလေးညိတ်၏။ ဇုန်မျက်မှောင်လေးတွန့်သွားရသည်။ ကိုကိုဘာကြောင့် ဒေါ်(လ်)ကို ပြောလိုက်ရတာလဲ။

"ကိုကို ဒေါ်(လ်)ကိုပြောမယ်လို့ ကိုယ်မထင်ခဲ့ဘူး"

"ကိုကိုက ဒေါ်(လ်)နှုတ်ကဖြေတာတွေကို ကြားချင်လို့တဲ့"

"ဘာသဘောလဲ ဇုန့်စကားကိုမယုံလို့ ဒေါ်(လ်)ကို သူမေးတာပေါ့လေ ဟုတ်လား"

သူ့လေသံတွေက ကိုကို့ကိုအပြစ်တင်သလို ဖြစ်သွားသည်ထင်





၏။ ဒေါ်(လ်)မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရင်း ကသောကမျောလေး ငြင်း၏။

"မဟုတ်ဘူး ဇုန် ကိုကိုဇိုင်းမေးတာ ဒီသဘော မဟုတ်ဘူး"

"ဇုန်နဲ့ ဒေါ်(လ်)တို့ လက်ထပ်မယ်ဆိုရင် သူတာဝန်ယူစီစဉ်ပေးမယ်တဲ့ ဇုန်က သူ့ညီတစ်ယောက်ဖြစ်သလို ဒေါ်(လ်)ကလည်း သူ့ရဲ့ညီမလေးပါပဲတဲ့"

ဒေါ်(လ်)စကားကြောင့် သူ့စိတ်ကိုလျှော့ကာ ဖြေသိမ့်ရသည်။ ဒါပေမဲ့ ကိုကို ဒေါ်(လ်)ကိုဖွင့်ပြောလိုက်တာတော့ စောလွန်းသည်။ တကယ်ဆို သူ့ကိုယ်တိုင်တောင်မှ ဒေါ်(လ်)ကို ပြောဖြစ်သေးတာ မဟုတ်။

အခုတော့ အရာရာက တုပ်နှောင်ချည်ပြီးသွားသလို ဖြစ်နေပြီ။

"အင်း ကိုကို့ခံယူချက်ကို ဇုန်နားလည်ပါတယ် ဒါပေမဲ့ ဒေါ်(လ်)ကို လက်ထပ်ဖို့အတွက် ကိုကို့ရဲ့ အကူအညီအထောက်အပံ့တွေ ကိုယ်မလိုချင်ပါဘူး ကိုယ့်အရည်အချင်း ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်ပဲ ကြိုးစားချင်တယ်"

တင်းပြတ်လွန်းသော သူ့စကားကြောင့် ဒေါ်(လ်)မျက်နှာလေး ညှိုးနွမ်းသွားသည်။

"ဇုန်ရယ် ကိုကိုဇိုင်းအပေါ် အခုထိ ခါးသီးနေတုန်းပဲလားဟင် ဘာပဲဖြစ်ဖြစ် ကိုကိုဇိုင်းရဲ့ စေတနာနဲ့ မေတ္တာကိုတော့ ဇုန်နားလည်



www.burmeseclassic.com

www.burmeseclassic.com



ပေးသင့်ပါတယ်"

"မဟုတ်ဘူး ဒေါ်(လ်) ကိုကို့ကို ကိုယ်မမုန်းတီးပါဘူး ဒါပေမဲ့ ဒေါ်(လ်)နဲ့ကိုယ်ရဲ့ နှစ်ယောက်ဘဝကိစ္စမှာ ကိုယ်အားလုံးကို ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်လုပ်ကိုင်ချင်တယ်"

"ကိုကိုငိုင်းက ဒီသဘောမျိုး ပြောတာမဟုတ်ပါဘူး ဒေါ်(လ်)တို့နှစ်ဦးဆန္ဒကို သူကဖြည့်ဆည်းပေးမှာ လူကြီးတစ်ယောက်အနေနဲ့ တာဝန်ယူပေးမှာသက်သက်ပါ ဆုံးဖြတ်ပိုင်ခွင့်က ဒေါ်(လ်)နဲ့ဇုန်ပဲလေ"

"ကိုယ်လက်ခံတယ်ဒေါ်(လ်) အခု ကိုယ်ဖြစ်ချင်တဲ့အခြေအနေတစ်ခုရောက်အောင်ကိုယ်ကြိုးစားပါရစေဦး ဒေါ်(လ်)ကို ကိုယ်တောင်းဆိုခဲ့တဲ့စကားကို ပြန်ရုပ်သိမ်းပါတယ်နော်"

"ဟင် ဘယ်လို ဇုန်"

ဒေါ်(လ်)မျက်နှာလေးပျက်ကာ အထိတ်တလန့်မေးတော့ သူ စကားကျွံသွားခဲ့ပြီမို့ ကပျာကသီ ပြန်ရှင်းချက်ထုတ်ရသည်။

"ကိုယ်ဆိုလိုတာက ဒေါ်(လ်)ကို ဒီလိုအခြေအနေမျိုးနဲ့ လက်မထပ်ချင်သေးဘူး ဒေါ်(လ်)က ရွှေအိမ်စည်ကြီးနဲ့ များပြားလှတဲ့ အမွေဥစ္စာတွေကို ပိုင်ဆိုင်ထားတာလေ အဲ့ဒီအမွေတွေ မက်မောလို့ လို့ လူတွေပြောကြမှာ ကိုယ်မခံနိုင်ဘူး"

"ဇုန်ရယ် မဆိုင်လိုက်တာ ဇုန်နဲ့ဒေါ်(လ်)တို့ကြားမှာ အဲ့ဒီဂုဏ်တွေမပါပါဘူး"





"ဒေါ်(လ်) ရှိုးသားဖြူစင်တာ ကိုယ်သိတယ် ဇုန်ဘက်ကလည်း လိပ်ပြာလုံချင်တယ် ကိုယ်ဒီကို ပြန်ရောက်တော့ ဘာကိုမှ အလေးမထားဘဲ နှုတ်က ဒေါ်(လ်)ကို အမြန်ဆုံးလက်ထပ်ဖို့ ခွင့်တောင်းခဲ့တာ အသေအချာ စဉ်းစားကြည့်တော့ ဒေါ်(လ်)ပြောခဲ့သလိုပဲလေ အိမ်ထောင်တစ်ခုကို တာဝန်ယူရမယ့် ဇုန်လိုယောကျ်ားတစ်ယောက်အတွက် ထိုက်သင့်တဲ့ အရည်အချင်းတစ်ခုတော့ ရှိသင့်တယ်"

"ဇုန်ရယ် ဒေါ်(လ်)ပြောခဲ့တဲ့ စကားကို စိတ်နာပြီး အကျကောက်တာလားဟင်"

"မဟုတ်ပါဘူး ဒေါ်(လ်)ရယ် ကိုယ်ဟာရင့်ကျက်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်ပြီဆိုတာ သက်သေပြချင်လို့ပါ ဇုန့်ကိုနားလည်ပေးပါကွာ အခုချိန်ထိ ဇုန်ဟာ ကိုကို့ခြေဖျားတောင် မမီသေးတဲ့ကောင်ဆိုတာသိတယ် ကိုယ့်ကို ကြိုးစားခွင့်တစ်ခုပေးစမ်းပါ"

ဒေါ်(လ်)လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး သူဆိုတော့ ဒေါ်(လ်) သူ့မျက်ဝန်းတွေထဲ ငေးစိုက်ကြည့်ရင်း ခေါင်းကလေးညိတ်ရှာ၏။

"ဇုန့်ကို ဒေါ်(လ်)အမြဲတမ်း နားလည်ပေးနိုင်ပါတယ် ဇုန်ရယ်"

ရင်ခွင်ထဲ တိုးဝင်မှီနွဲ့လာသော ဒေါ်(လ်)ခန္ဓာကိုယ်လေးကို သူအလိုက်သင့်ထွေးပွေ့ထားရင်း ပင့်သက်မောကို ခိုးရှိုက်မိသည်။

ရိပ်ခနဲ လှုပ်ရှားသွားသောအရိပ်တစ်ခုကို နှင်းဆီပန်းပင်တွေကြားမှာ မြင်လိုက်ရတာမို့ သူလှမ်းကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



မမ ခိုင်အောင်ကြင်း။

အနီးရင့်ရင့် နှင်းဆီပန်းတွေကြားမှာ ဘယ်တုန်းကတည်းက ရပ်ကြည့်နေသည်မသိအောင် မမအောင်ကြင်းမျက်ဝန်းတွေက သူ့ကိုလှမ်းကြည့်နေ၏။ သူ့ရင်ခွင်ထဲမှာ မှီနေသော ဒေါ်(လ်)မြင်နိုင်မည်မဟုတ်။

မျက်ဝန်းနှစ်စုံ အတန်ကြာသည်အထိ ငြိမ်သက်စွာ ဆုံမိကြသည်။

စူးလက်တောက်ပသော မျက်ဝန်းတွေထဲမှာ လောင်ရိပ်တွေ ယှက်သမ်းနေခဲ့သည်လား။

မမအောင်ကြင်း နှုတ်ခမ်းလေးတွေ ပြုံးလိုက်တာလား။ မဲ့လိုက်တာလား မသေချာ။ သူတို့ကို ကျောခိုင်းကာ ပျောက်ကွယ်သွားခဲ့သည်။

သူ့ရင်ခွင်ထဲမှာရှိနေသော ဒေါ်(လ်)ကို မေ့လျော့စွာ သူ့စိတ်တွေ မမအောင်ကြင်းနောက် လွင့်မျောလိုက်ပါနေခဲ့ပြီလား မသေချာ။

အံ့သြစရာကောင်းသည်က ရင်ခွင်ထဲမှာဒေါ်(လ်)ရှိနေရက်နှင့် သူ့ရင်ခုန်သံတွေအားစက် ဆိတ်သုန်းနေခဲ့တာပဲဖြစ်လေသည်။

■ ■ ■



အခန်း (၁၉)

ခြံထဲကို လှမ်းဝင်လာသော MARK II ကားကြီးကို မြင်တော့ ဒေါ်(လ်)ရင်တွေ လှိုက်ခနဲ ခုန်ရသည်။

ဒန်းလေးပေါ်မှာထိုင်နေသော ဒေါ်(လ်) ကွန်ကရစ်လမ်းလေးဆီ အပြေးထွက်ခဲ့မိ၏။

ဒေါ်(လ်)ရပ်နေရာဆီသို့ ဦးတည်မောင်းနှင်လာသော ကားလေးထဲမှာ မြင်လိုက်ရသူက ဒေါ်(လ်)ထင်မှတ်မျှော်လင့်ထားသည့်အတိုင်း ကိုကိုဗိုင်းပါပဲ။

ဗိုင်းက ကားကို ဆင်ဝင်အောက်အထိ မောင်းမဝင်တော့ဘဲ ဒေါ်(လ်)အနီးမှာ ထိုးရပ်၏။ ပြီးမှ ကားတံခါးကိုဖွင့်ဆင်းရင်း

"ဇုန်ထင်ပြီး ပျော်သွားတာလား ဒေါ်(လ်) မမျှော်နေနဲ့ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စက်ရုံထဲမှာ အလုပ်တွေနဲ့ ပိနေပြီ"

"ဇုန်ကိုမမျှော်ပါဘူး ကိုကိုဇိုင်းကို မျှော်နေတာ"

"ဘာရယ် ကိုယ့်ကို ဟုတ်လား ဒေါ်(လ်)"

"တကယ်ပြောတာ ဒေါ်(လ်)ပြောစရာရှိလို့ ပြီးရင် ကိုကိုဇိုင်းကိုပဲ အကူအညီတောင်းရမှာ"

"ကဲ ဘာပြောမှာလဲ ဘာအကူအညီတောင်းမှာလဲ"

"ခြံထဲက ခုံတန်းမှာပဲ ထိုင်ရအောင် ကိုကိုဇိုင်း"

ဒေါ်(လ်)ပြုံးပြုံးကလေးဆိုတော့ ဇိုင်းခေါင်းညိတ်ကာ ရှေ့မှာ ဒေါ်(လ်)ဦးဆောင်လှမ်းသည့်ခုံတန်းလေးဆီ လိုက်ခဲ့သည်။

ရှိုက်ဖိုရနံ့သင်းသော ဒေါ်(လ်)ဆံနွယ်လေးဆီက ရနံ့သင်းသင်းလေးကြောင့် ဒေါ်(လ်)ခေါင်းလျှော်ထားမှန်း သိလိုက်၏။

ခုံတန်းလေးမှာ ထိုင်မိကြတော့ ဒေါ်(လ်)က သူ့ကို ပြုံးကြည့်ရင်း

"ပြောချင်တာက ဒေါ်(လ်)စီစဉ်ထားတဲ့ အစီအစဉ်လေး တစ်ခုလေ နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့က ဒေါ်(လ်)နှစ်ဆယ့်လေးနှစ်ပြည့် မွေးနေ့လေ"

"အဲ့ဒါ ကိုယ်သိပါတယ် ထူးထူးခြားခြား မွေးနေ့နဲ့မွေးရက်တိုက်တဲ့နေ့မို့ ကိုယ်သတိထားမိတာ ဒေါ်(လ်)မွေးနေ့ကျရင် ပေးဖို့လက်ဆောင်တောင် ကိုယ့်လက်ထဲမှာ ရှိနေပါပြီ ဒေါ်(လ်)ရဲ့"





"ဟင်. တကယ် ဒေါ်(လ်)က ကိုကိုဇိုင်း သတိမထားမိဘူး ထင်နေတာ"

"ဒေါ်(လ်)လေး မွေးနေ့တိုင်း ကိုယ်ဘယ်တုန်းကမေ့ထားခဲ့ ဖူးလို့လဲကွာ"

ဒေါ်(လ်)မငြင်းနိုင်ပါ။ ဒေါ်(လ်)မေ့နေခဲ့သည့်မွေးနေ့ရက်တွေမှာတောင် ကိုကိုဇိုင်းက သတိတရနှင့် လက်ဆောင်ပစ္စည်း လာပေးသေခဲ့ရတာ။ နှစ်စဉ် ဒေါ်(လ်)မွေးနေ့ရောက်တိုင်း ကိုကိုဇိုင်းရောက်လာတတ်စမြဲ။

"အင်း ကိုကိုဇိုင်းစကားကို ဒေါ်(လ်)ယုံပါတယ် အခု ဒေါ်(လ်) မွေးနေ့မှာ ဘာလက်ဆောင်ပေးမှာလဲဟင်"

"မွေးနေ့ရက်ရောက်မှ ကြည့်ပေါ့ ဒေါ်(လ်)ရဲ့"

"အင်း ဟုတ်ပါပြီ အခု မွေးနေ့က ထူးထူးခြားခြားလေးမို့ ဒေါ်(လ်)ညစ့်ခံပွဲလေးလုပ်ချင်တယ် ကိုကိုဇိုင်း"

"ဘာလဲ မွေးနေ့ပွဲလုပ်မလို့လား ကိုယ်ဘာကူညီရမလဲ ပြောလေ"

"ဒေါ်(လ်)တို့ခြံကြီးထဲမှာပဲ လုပ်မှာပါ ဒေါ်လေးကွန့်ကိုလည်း တိုင်ပင်ပြီးပြီ မနက်ပိုင်းမှာသံဃာနှစ်ဆယ့်လေးပါးပင့်ပြီး ဆွမ်းကပ်မယ် ပြီးမယ် ညနေပိုင်းကျရင် အသိမိတ်ဆွေတွေကို ညစ့်ခံချင်တယ်"

ဒေါ်(လ်)ဆန္ဒလေး ပြင်းပြစွာဆိုနေတော့လည်း သူစီစဉ်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com

အသင့်ဖြစ်နေခဲ့ပြီမို့

"ဒေါ်(လ်)ဆန္ဒရှိရင် ဖြစ်ရမှာပေါ့ ကိုယ်အားလုံးစီစဉ်ပေးမယ် ဘာကျွေးချင်တာလဲ လူဘယ်လောက်အတွက် စီစဉ်မှာလဲ"

ဒေါ်(လ်)မျက်မှောင်လေး ကုပ်ကာ ခေါင်းကိုခါရမ်းသည်။

"ဘာမှမစဉ်းစားရသေးဘူး ကိုကိုဇိုင်းနဲ့တိုင်ပင်ချင်လို့ မျှော်နေတာ ရောက်မလာရင်တောင် တနင်္ဂနွေကျ ဖုန်းဆက်မလို့လေ"

"အချိန်ကသိပ်မလိုတော့ဘူး ဒေါ်(လ်)လေးရဲ့ ကြိုတင်စီစဉ်ထားရမှာပေါ့ ဒီလိုလုပ်လေ ဒေါ်(လ်)အတွက် မှတ်မှတ်ရရနဲ့ ပျော်စရာလေးဖြစ်အောင် ကိုယ်စီစဉ်ပေးမယ် ဒေါ်(လ်)ရဲ့မိတ်ဆွေတွေလည်း ဖိတ်သင့်တယ် ခုချိန်ထိ ဒေါ်(လ်)တို့က စီးပွားဖက်ပါတနာတွေဆိုတော့ မဖိတ်မဖြစ်ဖိတ်သင့်တယ် ညေ့ခံကျွေးမွေးဖို့အတွက်တော့ ဘူဖေးပဲ ကောင်းပါတယ်"

"အင်း ကောင်းသားပဲ ကိုကိုဇိုင်းပဲ စီစဉ်ပေးနော် ဒေါ်(လ်) ဘာမှ မစီစဉ်တတ်ဘူး"

"စိတ်ချပါကွာ လာမယ့် ဆန်းဒေးအမီ ဖိတ်စာတွေပါ စီစဉ်လိုက်မယ် ဟုတ်ပြီလား"

ဒေါ်(လ်)မျက်နှာလေး ဝင်းပကြည်နူးကာ ခေါင်းကလေး ညိတ်သည်။ အပြစ်ကင်းစင်သော ဒေါ်(လ်)မျက်နှာလေးကို ကြည့်ကာ သူလည်း ကြည်နူးချမ်းမြေ့မှုတွေ ကူးစက်ခံစားနေရသည်။





"ကိုကိုဇိုင်း အားရဲ့လားဟင် အားနာစရာတော့ ကောင်းတယ်"

"ဟိတ် ဘာပြောလိုက်တာလဲ ကိုယ့်ကို အားနာစရာလိုသလား"

"အဟင်း ကိုကိုဇိုင်းအလုပ်တွေ ရှုပ်နေတဲ့ကြားက ကူညီပေးနေတာတွေ အများကြီးမို့ပါ ဒေါ်(လ်)ရဲ့ လုပ်ငန်းကိစ္စတွေတင်မကဘဲ အခု မွေးနေ့ကိစ္စပါ အကူအညီတောင်းမိလို့"

"ဒေါ်(လ်)ရယ် ဒေါ်(လ်)ကိစ္စမှန်သမျှ ဘယ်တုန်းက ကိုယ်လုပ်ပေးတာရှိခဲ့သလဲ အခုမှမဟုတ်ဘူးနော် ဟိုးချာတိတ်ပိစိကလေးကတည်းက ဒေါ်(လ်)စိတ်တိုင်းကျ ဖြစ်စေခဲ့တာပါ"

ကြည်လင်မျက်နှာလေးက ဟန်ဆောင်ခြင်းကင်းမဲ့စွာ ရယ်မောင်း ဒေါ်(လ်)မျက်ဝန်းလေးတွေက အတိတ်ကို လွင့်မျောသွားဟန်ရှိသည်။

"ဒေါ်(လ်)သိပါတယ် ဟိုးငယ်ငယ်ကတည်းက ဒေါ်(လ်)လိုင်တာမှန်သမျှ ကိုကိုဇိုင်းရအောင် ယူပေးခဲ့တာချည်းပဲလေ မှတ်မိသေးယ် ဒေါ်(လ်)လိပ်ပြာလေးတွေ လိုချင်တယ်ဆိုလို့ ကိုကိုဇိုင်းလိုက်မ်းပေးတာလေ"

ဒေါ်(လ်)ဆိုမှ အတိတ်ကို သူပြန်လွမ်းဆွတ်မိသည်။ ဒေါ်(လ်)ချင်သော လိပ်ပြာကို ခြံထဲက ပန်းခင်းထဲမှာ လိုက်ဖမ်းရင်း ပျားတုပ်ခံရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီတုန်းက ပျားတုပ်လိုက်တာ ကိုကို နှုတ်ခမ်းကြီးဖူးယောင်လာတာ ကြောက်စရာကြီးနော်"

"ထမင်းတောင်မစားနိုင်ဘဲ ဆန်ပြုတ်သောက်ခဲ့ရတာ မှတ်မိတာပေါ့ ဟိုကောင် ဇုန်က ကိုယ့်နှုတ်ခမ်းကြီးကိုကြည့်ပြီးတောင် ရယ် နေသေးတာပဲ"

"အဟင်း ဟင်း ဟုတ်တယ် အဲ့ဒီတုန်းက ကိုကိုဇိုင်း နှုတ်ခမ်းကြီးက ရယ်စရာကြီးကို"

"ဒေါ်(လ်)လေး ပေးတဲ့ ဒုက္ခလေ မြောင်းထဲကျသွားတဲ့ ပင်ပေါင်ဘောလုံးကလေးမှ ပြန်လိုချင်တယ်ဆိုလို့ ဆင်းကောက်ခဲ့ပေး ခဲ့ရတာကော မှတ်မိသေးလား"

ဒေါ်(လ်)မျက်နှာလေး ချက်ချင်းညှိုးသွားကာ ခေါင်းကလေး ညိတ်၏။ ဒေါ်(လ်)ပူဆာမှုကြောင့် မြောင်းထဲက ပင်ပေါင်ဘောလုံးလေး ကောက်ရင်း ပုလင်းကွဲရှမိသည့် ဒဏ်ရာကြောင့် သူ့ခြေဖဝါးမှာ ဟက်တက်ကွဲသွားခဲ့သည်။

သွေးတွေရဲရဲနီနေတာကြည့်ကာ ဒေါ်(လ်)မျက်ရည်လေး ဝဲနေခဲ့၏။ ဒေါ်(လ်)ဖေဖေဦးမျိုးမြတ်သူ ကိုယ်တိုင် ဆေးခန်းအပြေးပို့ကာ ဒဏ်ရာကိုချုပ်ခဲ့ရတာ လေးချက်တိတိ။

အစိမ်းချုပ်မို့ သူအံကြိတ်တင်းထားချိန်မှာ ဒေါ်(လ်)မျက်ရည် တွေ ပိုးပိုးပေါက်ပေါက်ကျခဲ့တာ မမေ့သေးပါ။





"အဲ့ဒီတုန်းက ဒေါ်(လ်)ကိုကိုဇိုင်းကို အရမ်းသနားသွားတာ"

ပြောနေရင်းက ချက်ချင်း မျက်ရည်စလေးတွေ ဝဲတက်လာသော ဒေါ်(လ်)ကိုကြည့်ကာ သူ့ရယ်မောရင်း ခေါင်းကလေးကို ပုတ်လိုက်ရသည်။

"ဟိတ် ကောင်မလေး ငယ်ငယ်တုန်းက မျက်ရည်တွေ အခုထိ မကုန်သေးဘူးလား မျက်ရည်တော့မကျနဲ့နော်"

"ပြန်တွေးမိပြီး ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လို့ပါ ကိုကိုဇိုင်းရဲ့ ဒေါ်(လ်)နှင်းဆီဆူးစူးတော့ အဆိပ်တက်မှာစိုးလို့ ကိုကိုဇိုင်းစုပ်ထုတ်ပေး ခဲ့တာတွေ ချော်လဲလို့ ဒဏ်ရာရတော့ အိမ်ထဲအထိ ကုန်းပိုးချီပြီး ဆေးထည့်ပေးတာတွေ ဒေါ်(လ်)အားလုံးမှတ်မိပါတယ်"

"ဓတနာနဲ့ဆေးထည့်ပေးတာကို စပ်လို့ဆိုပြီး အာပြဲကြီးနဲ့အော် ကိုကို့လက်ကို လက်သည်းတွေနဲ့ ကုတ်ခြစ်တာကော မှတ်မိသေးတယ် ပေါ့"

"အားလုံးမှတ်မိပါတယ် ကိုကိုဇိုင်းရယ်"

အတိတ်ကို ပြန်တွေးမြင်ပြီး မျက်ရည်ဝဲတက်တဲ့ ဒေါ်(လ်)ရဲ့ နှလုံးသားနုနုကို သူမြင်နေရ၏။

ဖြူဖြူနွဲ့နွဲ့ကလေးမလေးသည် အခုတော့ အသက်နှစ်ဆယ့် လေးနှစ်တင်းတင်းပြည့်တော့မယ့် မိန်းမပျိုလေးဖြစ်နေခဲ့ပြီ။ ဒါပေမဲ့ နုနယ် သော နှလုံးသားလေးက ဟိုးအရင်ကအတိုင်း ခံစားတတ်လွယ်တုန်း



www.burmeseclassic.com

www.burmeseclassic.com

ပါလား။

သူ့ရင်ထဲမှာတစ်ခုပဲစိုးရိမ်ပါသည်။

ဒေါ်(လ်)ရဲ့နှလုံးသားနုနုလေးကို ဒဏ်ရာဒဏ်ချက်တွေ ရသွားမှာကိုပဲ ဖြစ်သည်။

ဇုန်ရယ်။ ဒေါ်(လ်)ရဲ့ နှလုံးသားလေးကို မနာကျင်စေပါနဲ့ကွာ။

တကယ်ဆို ကိုယ်နဲ့မသက်ဆိုင်တော့တဲ့ အခြေအနေပေမယ့် မင်းကြောင့် ဒေါ်(လ်) စိတ်ဆင်းရဲမှာ ခံစားငိုကြွေးရမှာတွေးပြီး ငါ ကြောက်နေမိတယ်။

မရှိးသားတဲ့ နှလုံးသားအတွက် မင်းခွင့်လွှတ်ပေးပါ ဇုန်။

ငါ့ရင်ထဲမှာ ဒေါ်(လ်)ဆိုတဲ့ ပန်းပွင့်လေး ငြိမ်းချမ်းတင့်တယ်စွာနဲ့ လှပဖူးပွင့်နေတာကိုပဲ မြင်ချင်ပါတယ်။

ဒါ ငါ့နှလုံးသားက မြတ်နိုးခြင်းနဲ့ တစ်ဘဝစာလုံးအတွက် ရည်စူးထားတဲ့ အချစ်ပါ။

မင်းရင်ခွင်ထဲမှာ ဒေါ်(လ်)ကြည်နူးနေနိုင်ရင် ငါပြုံးပြုံးလေး ကျေနပ်ဝမ်းသာနေမယ်ဆိုတာ ယုံပါဇုန်။

■ ■ ■



## အခန်း (၂၀)

ဘဏ်ရှေ့က သူ့ကားလေးကို မောင်းထွက်ခဲ့ရင်း မျက်ဝန်းတွေက အမှတ်မထင် ပလက်ဖောင်းပေါ်အရောက်မှာ မမအင်ကြင်းကို မြင်းပိုက်ရခြင်းဖြစ်သည်။

ပလက်ဖောင်းအတိုင်း တစ်လှမ်းချင်းလျှောက်နေတဲ့ မမအင်ကြင်းကတော့ သူ့ကိုမြင်တွေ့ပုံမရပါ။

သူ ကားကိုပလက်ဖောင်းဘေးမှာ အသာထိုးရပ်လိုက်၏။ မမအင်ကြင်း ရှိနေတာက ဆန့်ကျင်ဘက် ပလက်ဖောင်းဆီမှာမို့ သူ အသျှာကသိ လမ်းဖြတ်ကူးကာ အပြေးလိုက်ခဲ့သည်။

"မမ အင်ကြင်း"

သူ့ခေါ်သံကြားမှ ဖျတ်ခနဲလှည့်ကြည့်၏။ သူ့မမအင်ကြင်း အနီး



www.burmeseclassic.com

www.burmeseclassic.com



မှာရပ်လိုက်ရင်း

"ဟား ခြေလှမ်းတွေက မြန်လိုက်တာဗျာ မနည်းမီအောင် ပြေးလိုက်ရတယ် မမ ဘယ်သွားမလို့လဲ ကားမပါဘူးလား"

"တို့ ပိုင်တဲ့ကားမှမဟုတ်ဘဲ ဇုန်ရယ် အဲ့ဒါ ဒေါ်(လ်)ရဲ့ ကားတွေပါ"

"ဟာဗျာ ဒေါ်(လ်)ကားပေမယ့် မမအင်ကြင်း စိတ်ကြိုက် စီးခွင့်ပြုထားတာပဲ"

"ဟုတ်ပါတယ် ဒါပေမဲ့ တမင်ယူမလာခဲ့တာ တို့ဒီနေ့ စိတ်တွေ လေနေတယ် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် လျှောက်သွားချင်လို့ပါ ဇုန်ရယ်"

မမအင်ကြင်း မျက်နှာပေါ်မှာ မြင်တွေ့နေကျ အပျော်အပြုံးတွေ ကင်းစင်နေမှန်း သူ အခုမှ သတိထားမိ၏။ မျက်ဝန်းညိုတွေထဲမှာတောင် ဟန်ဆောင်အပြုံးရိပ်တွေ ကင်းစင်နေခဲ့၏။

"မမ ဘယ်သွားမလို့လဲ ဇုန့်မှာကားပါတယ် လိုက်ပို့ပေးမယ်လေ"

"ရတယ် ဇုန် တို့ဘယ်မှသွားနေတာမဟုတ်ဘူး ခြေဦးတည်ရာလျှောက်သွားကြည့်နေတာပါ"

သူ မျက်မှောင်ကုပ်သွားရ၏။ မမအင်ကြင်းက သူ့ကိုကြည့်ကာ မရယ်ချင် ရယ်ချင်တစ်ချက်ရယ်၏။





"ဇုန် ဘယ်လာတာလဲ သွားစရာရှိတာသွားပါ တို့ဆီက အညစ်တွေ ကူးစက်သွားမှာစိုးလို့ နှင်နေတာနော်"

"မမ ဘာဖြစ်နေတာလဲ ဘာတွေ စိတ်ညစ်နေတာလဲ ကျွန်တော်သိချင်တယ်"

"မသိချင်ပါနဲ့ ဇုန်ရာ ကဲ ဇုန်သွားတော့ မမလည်း သွားတော့မယ်"

မမအင်ကြင်း ခြေလှမ်းတွေ ဆက်လှမ်းဖို့ပြင်သည်။ သူဖျတ်ခနဲ လှမ်းဆွဲတာမို့ ခြေလှမ်းတို့ ဆက်မရွေ့နိုင်။

"မမ တစ်ခုခုဖြစ်နေတာ ကျွန်တော်သိနေတယ် ကဲ ကျွန်တော့်ကားဆီ လိုက်ခဲ့စမ်းပါ တစ်နေရာသွားပြီး စကားပြောရအောင်"

"ဇုန့်ဘာသာ သွားပါကွာ တို့တကယ် မလိုက်ချင်ဘူး"

"မမ ဆက်ငြင်းနေမယ်ဆိုရင် ကျွန်တော် ရှက်ပွေ့ချီသွားမှာနော်"

မမအင်ကြင်း မျက်ဝန်းလေးတွေ ပြူးကျယ်သွား၏။ နံဘေးဝဲယာကို ဝေ့ဝဲကြည့်ရင်း

"မြို့လယ်ခေါင်ကြီးမှာ ဇုန် ဒီလိုလုပ်လို့ ရမလား"

"မမ ဆက်ငြင်းနေရင် ကျွန်တော်ဘာကိုမှ ဂရုမစိုက်ဘူး ခုချက်ချင်း ကျွန်တော်ပွေ့ချီသွားမှာယုံ"

သူ့ငွတ်ပြောနေတော့ မမအင်ကြင်း စိတ်ညစ်သလို ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခါရမ်းသည်။

"မမ စိတ်ညစ်နေတာ ကျွန်တော်မမြင်ချင်လို့ပါဗျာ"

"ကဲ ရှေ့ကသွား မမလိုက်ခဲ့မယ် ဖုန်"

သူတကယ်ပျော့ရွှင်သွားမှာကို ကြောက်လို့လားတော့မသိ။ မမ အင်ကြင်းခြေလှမ်းတွေ ပြန်ဦးလှည့်ကာ သူ့အနီးကလိုက်ပါလာ၏။

သူကျေနပ်စွာပြုံးတော့ မျက်ဝန်းညှိုတို့ကလှပသော မျက်စောင်းတစ်ခုအဖြစ် သူ့ဆီလွင့်စင်လာသည်။

သူ့ရင်ထဲမှာ လှိုက်ခနဲ့ နွေးရ၏။ မမအင်ကြင်း၏ မျက်ဝန်းညှိုတွေကို မြင်ရတိုင်း သူ့နှလုံးသားက ရင်ခုန်မိတာ ဘာကြောင့်မှန်းမသိ။

သူဖွင့်ပေးသော ကားတံခါးမှ မမအင်ကြင်းနှုတ်ဆိတ်စွာပဲ တက်ထိုင်သည်။

ကားတံခါးကို ပြန်ပိတ်ပေးပြီး သူကားရှေ့ကကွေ့လျှောက်ကာ မောင်းသူနေရာမှာ ဝင်ထိုင်မိသည်အထိ မမအင်ကြင်း နှုတ်ဆိတ်နေဆဲ။

"မမ ဘယ်ကိုမောင်းရမှာလဲ"

"မောင်းချင်တဲ့ နေရာမောင်း"

မာမာပြတ်ပြတ် စကားသံလေးထဲမှာ ဒေါသတွေ မပါပေမယ့် စိတ်ဆိုးနေတာတော့ သေချာ၏။ ပန်းနုဆိုးဆေးနုနုလေးနှင့် နှုတ်ခမ်းလေးကိုကြည့်ကာ သူပြုံးမိပြန်သည်။





"ကောင်းပြီ ကျွန်တော် မောင်းချင်တာကို မောင်းမယ်နော်"

တုံ့ပြန်စကားအစား မျက်စောင်းလှလှကလေး ထပ်လွင့်စင်လာ၏။ ဖုန်ကားလေးကို ညင်သာစွာပဲ မောင်းထွက်လိုက်ပါသည်။

ကန်တော်ကြီးစောင်းက သစ်ရိပ်အောက်မှာ ကားကလေးထိုးရပ်သွားသည်အထိ မမိအင်ကြင်း နံဘေးမှာ ကျောက်ရုပ်လေးပမာရှိနေဆဲ။

"ဆင်းလေ မမရဲ့"

"ဘာလုပ်မလို့လဲ ဖုန်"

"မမ စိတ်ညစ်နေတာတွေ အားလုံး လျော့ချပြီး ကန်ရေထဲကိုငေးကြည့်နေလို့ရတယ် ပြီးရင် ပေါ့ပါးသွားအောင် ကျွန်တော့်ကိုပြောပြ ကျွန်တော်ဝိုင်းကူပြီး ပျော်ပျော်ကြီး ကူညစ်ပေးချင်လို့"

ဖုန် အရွှန်းစကားလေးနှင့် မြူးမြူးလေးဆို၏။ အင်ကြင်း မပြုံးဘဲမနေနိုင်ပါ။

"ကဲ မမ ဆင်းလေ ဘာလဲ ကျွန်တော်ကိုယ်တိုင် ပွေ့ချီပြီး မမကိုချပေးရမှာလား"

"ဖုန် မမစိတ်ညစ်နေတာနော် ပင်းအနိုင်ကျင့်နေတာ ပိုစိတ်ညစ်စေတယ် သိလား"

"ဟာ ကျွန်တော် မမကို အနိုင်ကျင့်တာမဟုတ်ပါဘူး ဘာကယ်ပါ မမ မမစိတ်ညစ်နေတာ မကြည့်ရက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဇုန့်မျက်ဝန်းကြည်လဲ့လဲ့လေးတွေပါ ဟန်ဆောင်ခြင်းကင်းစင်သော အရိပ်တို့ မြင်နေရသည်။ အင်ကြင်းတမင်ဟန်ဆောင်ထားတာကို ဇုန်တကယ်ကို မသိတာတော့ ထင်ရှား၏။ အင်ကြင်းကပဲ သရုပ်ဆောင်ကောင်းတာလား၊ ဇုန်ဆိုတဲ့ ချာတိတ်ကပဲ ညံ့ဖျင်းစွာပျော်ဝင်သွားခဲ့တာလားတော့ မသိပါ။

မျှော်လင့်ချက် အရိပ်အယောင်တွေပေးသွားပြီး အင်ကြင်းကိုလှုပ်ခတ်အောင် လုပ်သွားခဲ့တဲ့ဇုန်ကို အင်ကြင်းစူးစူးလေး စိုက်ကြည့်မိသည်။

ယောကျ်ားတန်မဲ့ အစက်အပျောက်ကင်းစင်ရှင်းသန့် ဝင်းမွတ်နေသော မျက်နှာက မနာလိုဝန်တိုစရာကောင်းလောက်အောင် ချောမောသည့်ရုပ်အသွင်။

ဆံနွယ်တွေက ဂုတ်ထောက်အောင် ရှည်လျားပေမယ့် ဖိဖိပြားပြားလေးသပ်တင်ထားတာမို့ လုပသော မျက်နှာလေးကို ပိုလို့ ထင်ရှားဝင်းပစေသည်။

နဖူးပြေပြေပေါ်က ခွေလိပ်ဂါိပ်ဆံနွယ်လေးကျဆင်းနေပုံက လည်း မြင်ကြည့်မိသူ မိန်းကလေးတွေကို တမင်စွဲဆောင်အောင် ဆောင်ကျဉ်းထားတာလား။

သွယ်စင်းနေသော မျက်ခုံးတွေက ထူထဲနေတာမျိုးမဟုတ်ဘဲ တစ်ပင်ချင်းစိတ်စိတ်ကလေး ဆွဲထားသလို ထင်းနေတာမျိုး။





အရပ်အမောင်းနဲ့ ကျစ်လျစ်သောခန္ဓာကိုယ်က ကြည့်ကောင်းလောက်အောင် လိုက်ဖက်လှတာမို့လည်း မိန်းကလေးအတော်များများကို သူစွဲဆောင်နိုင်စွမ်းရှိနေတာဖြစ်မှာပါ။

ဒေါ်(လ်)ရဲ့ နုလုံးသားနုနုလေးက စွဲလန်းလောက်အောင် စွဲဆောင်မှုရှိတဲ့ ဇုန်ကို အင်ကြင်းကိုယ်တိုင်လည်း မသိမသာ တွယ်ငြိနေခဲ့ပြီလား။

"မမ ဘာငေးနေတာလဲ ဆင်းလေဗျာ"

သူ့အသံကိုကြားမှ အင်ကြင်း ငေးငေးလေးမျောသွားတဲ့ စိတ်တို့ပြန်ထိန်းချုပ်ရင်း ကားတံခါးကိုဖွင့်ဆင်းလိုက်သည်။

ကြာရင်မလွယ်ဘူးထင်ရဲ့။ တကယ်ဆို ဇုန်ဆိုတဲ့ ယောကျ်ားပျိုလေးတစ်ယောက်ကို အင်ကြင်းချုပ်ကိုင်လွှမ်းမိုးချင်တာ ဒေါ်(လ်)အပေါ်မှာ အနိုင်ရလိုချင်တာကြောင့် ပြီးတော့ ဒီဇိုင်းဆိုတဲ့ သူ့ကိုကိုကို အနှောင့်အယှက် စိတ်ဒုက္ခပေးချင်တာကြောင့်။

အင်ကြင်းရဲ့ မူလစိတ်ကူးတွေ ဟုတ်မှဟုတ်ရဲ့လား။

ကြာရင် ဇုန်ဆိုတဲ့ ချာတိတ်ရဲ့ မျက်ဝန်းတွေထဲမှာ အင်ကြင်းအရာရာကို မေ့လျော့ပျော်ဝင်သွားတော့မယ်ထင်ပါရဲ့။

ဇုန်က ကန်ရေပြင်အနီးမှာ ပေါက်နေသော သစ်ပင်ကြီးခြေရင်းမှာ ထိုင်ချလိုက်တော့ အင်ကြင်း သူ့အနီးမှာ ထိုင်လိုက်မိ၏။

"ခဏလေးနေဦး မမ"



www.burmeseclassic.com

www.burmeseclassic.com



ဇုန် ဆတ်ခနဲထရပ်ပြီး ကားတံခါးဆီ အပြေးသွား၏။ ပြန်လာတော့ ဇုန့်လက်ထဲမှာ တစ်သျှူးစက္ကူထုပ်လေးပါလာသည်။

"မမ အဝတ်အစားတွေ ပေကုန်မယ် ကျွန်တော် တစ်သျှူးစတွေ ခင်းပေးမယ်"

"နေ နေ ရတယ် ဇုန်"

အင်ကြင်း နှုတ်ကပြင်းပေမယ့် ဇုန်က သစ်မြစ်ဆုံလေးပေါ်မှာ တစ်သျှူးစတွေ ဖြန့်ခင်းပြီးနေပြီ။

"ကဲ မမ စိတ်ညစ်တယ်ဆိုတာ ဘာကြောင့်လဲ ပြောလေ ကျွန်တော် ကူညီနိုင်ရင် ကူညီမှာပေါ့"

မျက်ဝန်းတွေထဲထိ ရိုးသားရိပ်လွှမ်းနေသော ဇုန်ဆိုတာ အင်ကြင်းစဆုံတွေ့စဉ်က ရဲသွေးလို့ လိမ်ညာတဲ့ကောင်လေး မဟုတ်တာတော့ သေချာနေသည်။

အင်ကြင်း နှုတ်တွေဆွံ့အနေတာ အမှန်။

သူ့ရဲ့ နှလုံးသားနုနုလေးကို ညှိုးယူဖမ်းစားဖို့အတွက် အစီအစဉ်တကျ စီစဉ်ထားတဲ့ စကားလုံးတွေ အင်ကြင်းနှုတ်က ရုတ်တရက်ထွက်ဖို့ မဝံ့ရဲ။

သူ့ရဲ့ ရိုးသားမှုတွေကို အင်ကြင်းအသုံးချလှည့်စားသလိုများ ဖြစ်နေခဲ့ပြီလား လိပ်ပြာမလုံချင်။

"မမ ပြောလေ မမခံစားနေရတာ ဘာလဲ"





"ဟင့်အင်း ဘာမှမဟုတ်တော့ဘူး ဇုန်"

"ဘာမှမဟုတ်ရမှာလဲ မမ မျက်ဝန်းတွေထဲမှာ ကျွန်တော် မြင်ခဲ့ရတယ်"

"ဟုတ်ချင် ဟုတ်လိမ့်မယ် အခုတော့ မမ ဘာမှမဖြစ်တော့ဘူး စိတ်ညစ်တာတွေ ပျောက်သွားပြီ"

"မမ ညာနေတာပါ"

"အိုး အမှန်ပြောနေတာ ဇုန်နောက်ပြောင်ပြောတာတွေနဲ့တင် မမ ညစ်တာတွေပျောက်ကုန်ပြီ"

"မမ ဘာစိတ်ညစ်စရာရှိလို့လဲ အခု ဒေါ်(လ်)တို့အိမ်မှာ အားလုံးအဆင်ပြေနေတ..ပဲ"

"ဇုန်ရယ် ဒေါ်(လ်)က မမကိုသနားလို့ အိမ်ပေါ်ခေါ်တင်ထားတာပါ ဒါပေမဲ့ မမ ဘယ်အချိန်ကာလအထိ နေနိုင်မှာမို့လဲ ဘဝတစ်ဆုံး သူတစ်ပါးအပေါ် အားကိုးနေရတဲ့ ဘဝကြီးကိုတွေးမိတိုင်း အိပ်မက်က လန့်နိုးလာသလို မမခံစားနေရတယ် မမအင်ကြင်းဘဝက ကံမကောင်းခဲ့ပါဘူး"

မပြောတော့ဘူး ဆုံးဖြတ်ထားပေမယ့် ရင်ထဲကခံစားချက်တွေကို အင်ကြင်းဖွင့်ပြောမိပြန်၏။ ဇုန်နားလည်စွာကြည့်ရင်း မင်သက်ရှိက်၏။

"ဒေါ်(လ်)က မမကို သံယောဇဉ်ကြီးပါတယ် မမအပေါ် သူ ကျွာပြုထားမယ်လို့ ဇုန်မထင်ဘူး မမကို တစ်သက်လုံးသူ စောင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မှာပါ”

“အဟင်း ဇွန်ရယ် ဒေါ်(လ်)စောင့်ရောက်မယ်ဆိုဦးတော့ မမက ဒုက္ခိတ တစ်ယောက်မှ မဟုတ်တာဘဲ မမခြေထောက်ပေါ် မမရပ်တည်နိုင်အောင် ကြိုးစားရမှာပေါ့”

ငြိမ်သက်နေသော ကန်ရေပြင်ထဲကို စိုက်ကြည့်ကာ အင်ကြင်းဆိုတော့ ဇွန်တွေတွေလေး ငြိမ်သက်နေ၏။

တိတ်ဆိတ်နေမှုတွေထဲမှာ အသံမဲ့သော စကားများစွာတော့ ကိုယ်စီရင်မှာ ပြည့်နှက်နေမှာ သေချာ၏။ အခုချိန်မှာ အင်ကြင်းစိတ်ကလည်း တစ်စုံတစ်ရာရဲ့ ညှို့ငင်မှုအောက်မှာ နစ်မျောပျော်ဝင်နေခဲ့တာတော့ သေချာပါသည်။

“မမ”

တိတ်ဆိတ်မှုကို ဖောက်ခွဲလာသော ဇွန့်အသံကြောင့် အင်ကြင်း လှည့်ကြည့်မိသည်။ ဇွန့်မျက်ဝန်းတွေက အင်ကြင်းမျက်ဝန်းတွေထဲ ရီဝေစွာ စူးနစ်ပျော်ဝင်နေခဲ့၏။

“မမ ခံစားချက်ကို ကျွန်တော် နားလည်စာနာနိုင်ပါတယ် မမ မမလိုအပ်တဲ့အခါမှာ ကျွန်တော် မမအနားမှာရှိနေချင်တယ်”

“ဇွန်”

ဇွန့်နှုတ်က စကားလုံးလေးတွေ ထိုထက်ကျွံလွန်လာမှာကို အင်ကြင်း မလိုလားပါ။ ဒါပေမဲ့ အခြေအနေတို့သည် ထိန်းချုပ်နိုင်စွမ်း





ကင်းမဲ့အောင် နောက်ကျနေခဲ့ပြီ။

“မမကို ဇွန်ချစ်တယ်”

“အိုး ဇွန် မဟုတ်ဘူး”

အလန့်တကြားငြင်းဆိုခွင့်တို့ အင်ကြင်းမှာမရှိခဲ့ပါ။ သတိထားမိချိန်မှာ ဇွန်ရဲ့ရင်ခွင်ထဲမှာ ရောက်နေခဲ့ပြီ ဖြစ်သည်။

နွေးထွေးလှိုက်ဖိုသော ရင်ခုန်သံတွေကြားမှာ အလန့်တကြားငြင်းဆိုဖို့ ကြိုးစားမိသည့် အင်ကြင်းနှုတ်ခမ်းလေးတွေ ရှိန်းမြသွားခဲ့သည်။

အသိမဲ့သော ရင်ခုန်လှိုက်မောမှုကို အင်ကြင်းရာဝမှာ ဒါပထမဆုံးပါ။ လှိုက်မောသော အနမ်းတို့သည် ရှည်လျားစွာ။ စူးနစ်သော ရင်ခုန်သံတွေက အသိတရားတို့ကို အနိုင်ယူခဲ့ပြီလား။

မောဟိုက်စွာနှင့် ရှုသွင်းမိသော ဝင်သက်တစ်ချက်အရှိက်မှာ အင်ကြင်း အသိတရားတို့ ဖျတ်ခနဲ လန့်နိုးသည်။

ဇွန့်ရင်ထဲမှ အင်ကြင်း ရုန်းထွက်လိုက်မိ၏။

အချစ်သည် အသိမဲ့စွာ မောဟိုက်ခြင်းဖြင့် ဆင်ခြင်တုံတရားတို့ကို လွှမ်းမိုးနိုင်စေသည်လား။

“ဇွန် ဒါ မဖြစ်သင့်ဘူး မှားတယ် သိပ်မှားတယ်”

အင်ကြင်း အထိတ်တလန့် ခါးသီးစွာငြင်းဆိုမိတော့ ဇွန်တည်တည်ငြိမ်ငြိမ်လေး ခေါင်းကိုခါရမ်းရင်း

“ဟင့်အင်း ကျွန်တော်ကတော့ မှားတယ်မထင်ပါဘူး အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘာဟန်ဆောင်ထိန်းချုပ်မှုမှမပါတဲ့ ချည်နှောင်မှုတွေမပါတဲ့ အရာတစ်ခုဆိုတာ ယုံတယ် နှလုံးသားက ဆန္ဒတစ်ခုကို ဘယ်လိုအင်အားကမှ ချုပ်ကိုင်တားဆီးလို့မရဘူး မမ"

"ဇုန် မင်းဘာတွေပြောနေတာလဲ မင်းမှာဒေါ(လ်) ရှိနေတယ်"

"အဲ့ဒါတွေက ဦးနှောက်ကအသိတွေ ထိန်းချုပ်ဆင်ခြင်မှုတွေနဲ့ တည်ဆောက်စိတ်ကူးယဉ်ခဲ့တဲ့ အရာပါ မမ အချစ်မဟုတ်နိုင်ဘူး"

"ဟင့်အင်း ဘာမှထပ်မပြောနဲ့တော့ ဇုန် မဖြစ်သင့်တဲ့အရာတစ်ခုကို မမတို့ ဆင်ခြင်သင့်တယ်"

အင်ကြင်း ကိုယ့်ကိုကိုယ်တောင် အံ့ဩမိ၏။ ဒါ အင်ကြင်း တောင့်တလိုချင်တဲ့ အခြေအနေတစ်ခု မဟုတ်ဘူးလား။

ဟင့်အင်း တကယ်တမ်းကျတော့ အင်ကြင်းဘာကြောင့် ထိတ်လန့်ချောက်ချားသွားခဲ့မိရတာလဲ။

ဇုန်ရယ်။ နှလုံးသားမှာ တဒင်္ဂလေးခံစားခဲ့ရဖူးတဲ့ အတွေ့အကြုံ ဘာသာရပ်အသစ်တစ်ခုကို အင်ကြင်းတကယ်ခံစားပိုင်ဆိုင်ခဲ့ရတာ မ သိနိုင်ပါ့မလား။

အင်ကြင်းကို ခွင့်လွှတ်ပါ ဇုန်ရယ်။

မိုက်မဲစွာ မှားယွင်းဖို့ ဖန်တီးခဲ့သူ ကိုယ်တိုင်က အင်ကြင်း

ဒါပေမဲ့ ပစ်လွှတ်မိတဲ့မြားက အင်ကြင်းဆီကိုပဲ ပြန်ပြီးတည့် စွာ တိုးဝင်လာမယ်လို့ ထင်မှတ်မထားခဲ့မိဘူး။

အင်ကြင်း မှားခဲ့သလား ဇုန်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟဲလို မုန်းဇုန် ပါ"

မကြားရတာ တစ်ပတ်မက ကြာခဲ့ပြီဖြစ်သော ဇုန့်အသံလေး[illegible]

ဒေါ်(လ်)ဖုန်းလေးထဲက ပီပီသသလေး ကြားရသည်။

"ဇုန်လား ဒေါ်(လ်)ပါ"

"သြော် ဒေါ်(လ်) ပြောလေ ဘာပြောစရာရှိလို့လဲ နေပါဦး ကိုယ့်ဖုန်းကို ဒေါ်(လ်)ဘယ်လိုသိတာလဲ"

"အဟင်း ထူးဆန်းတာမှတ်လို့ ဇုန်ရယ် ကိုကိုဇိုင်း ပြောပြလို့ သိတာပေါ့"

ဇုန့်အသံလေး တိတ်ဆိတ်သွား၏။ တကယ်ဆို ကိုကိုဇိုင်း[illegible] ဖုန်းပေးထားရက်နဲ့ဒေါ်(လ်)ကိုအသိမပေး၊ ဖုန်းလေးဆက်ဖော်တော်[illegible]





မရသောဇုန်ကို ဒေါ်(လ်)ခပ်ကဲကဲလေး ရန်တွေ့ပစ်ချင်ခဲ့တာပါ။

ဇုန့်အသံလေးကြားရတော့ ဒေါ်(လ်)ဒေါသစိတ်တွေ အလိုလို ပြေရ၏။

"ဇုန် ဘာလို့ တိတ်ဆိတ်သွားတာလဲ"

"ဒေါ်(လ်) ဘာပြောမလဲ နားထောင်နေတာပါ ဘာပြောမလို့လဲ ဒေါ်(လ်)ပြောလေ ကိုယ်အခုပဲ အပြင်သွားတော့မလို့"

"မေးစရာရှိလို့ မနက်ဖြန် ဇုန်အားရဲ့လားဟင်"

"မနက်ဖြန်လ် အင်း မအားဘူး ဒေါ်(လ်) အလုပ်ကိစ္စတစ်ခု အရေးကြီးတယ်"

ဒေါ်(လ်)မျက်နှာလေး ညှိုးသွားခဲ့တာ ဇုန်မြင်နိုင်မည်မဟုတ်။ ဒေါ်(လ်)မှ ဆက်မပြောနိုင်ဘဲ တိတ်ဆိတ်နေတာကို ဇုန်တစ်ခုခု မေးသင့် သည်ထင်၏။

"ဒေါ်(လ်) အခုတလော ကိုယ်အလုပ်တွေ ရှုပ်နေတယ် ဇုန် ဒေါ်(လ်)ဆီရောက်မလာနိုင်တာ ခွင့်လွှတ်ပါနော် အားတာနဲ့လာခဲ့ပါ့မယ်"

"ရပါတယ်ဇုန်ရယ် ဒေါ်(လ်)နားလည်ပါတယ် ဒါနဲ့ ကိုကိုဇိုင်း ဒေါ်(လ်)ရဲ့ မွေးနေ့ကိစ္စပြောသေးလားဟင်"

"သြော် အင်း ပြောတယ် အဲ့ဒီနေ့ မနက်ပိုင်း ကိုယ်မရောက်ပေမယ့် ညနေပိုင်းတော့ ဒေါ်(လ်)ဆီရောက်ဖြစ်မှာပါ"

ဒေါ်(လ်)မျက်မှောင်လေးကုပ်ကာ အလိုမကျဖြစ်ရ၏။ ဒေါ်(လ်)



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ဆိုတာ အမြဲတမ်းကျင်းပတာလည်း မဟုတ်ပါ။ ကိုကိုနိုင်းတောင် ဒေါ်(လ်)မွေးနေ့အတွက် အချိန်ပေးနိုင်ခဲ့သေးတာ။

ဒေါ်(လ်)အတွက် ဇုန်ဘာကြောင့် အချိန်မပေးနိုင်ရတာလဲ ဒေါ်(လ်)တွေးရင်း ဝမ်းနည်းချင်လာသည်။

"ဒေါ်(လ်) ဒါပဲနော် ကိုယ်အခုပဲ အလုပ်သွားတော့မှာ ဒေါ်(လ်) ပြောစရာမရှိရင် ဖုန်းပိတ်လိုက်တော့မယ်နော်"

"ဟုတ်"

ဒေါ်(လ်)စကားလေး အဆုံးမသတ်ခင်မှာဘဲ ဇုန်အလောတကြီး ဖုန်းကိုပိတ်သွားခဲ့သည်။

ဒေါ်(လ်)မျက်ရည်လေးတွေ ဝဲတက်လာရ၏။ ဇုန်ကို နားလည် နိုင်သည်ဆိုပေမယ့် ရင်ထဲမှာတော့ ဝမ်းနည်းခံစားရပါသည်။

တကယ်ဆို မနက်ဖြန်ဆို ဒေါ်(လ်)မွေးနေ့အတွက် ဇုန်နှင့် အတူ ဘုရားသွားဖို့ ရည်ရွယ်ထားမိတာဖြစ်သည်။ အခုတော့ ဇုန်က ဒေါ်(လ်)ဆန္ဒကိုတောင် မမေးခဲ့ဘဲ ငြင်းဆိုခဲ့၏။

ဇုန် အလုပ်တွေပိနေတာကြောင့်လားဟု ဒေါ်(လ်)နားလည် ပေးနိုင်ပေမယ့် ဇုန်ရဲ့ဆက်ဆံမှုတွေ သွေးအေးနေတာတော့ ခံစားနာကျင် ရ၏။

ဝဲတက်လာသော မျက်ရည်လေးတွေကို ပွတ်သုတ်ရင်း ဒေါ်(လ်)အိပ်ခန်းလေးထဲ ပြေးဝင်ခဲ့မိသည်။





ဒေါ်(လ်)မျက်ရည်တွေကို ဒေါ်လေးကွန့်လည်း မတွေ့စေချင်ပါ။ မေအင်ကြင်းသာရှိနေလျှင် ဒေါ်(လ်)ရင်ဖွင့်ပြောကာ ငိုရှိုက်မိမှာသေချာ၏။

အခုတော့ မမအင်ကြင်းသည်လည်း အရင်ကလို မဟုတ်ပါ။ နေ့စဉ် အပြင်ထွက်နေတတ်တာ ဒေါ်(လ်)သတိထားမိသည်။

တစ်ခါတစ်ရံ ဒေါ်(လ်)ရဲ့စကားကိုပင် ယူမသွားတတ်တော့ပါ။

တစိမ့်စိမ့်တွေးရင်း ဒေါ်(လ်)မျက်ရည်လေးတွေ ရစ်ဝဲလာရပြန် သည်။ မနက်ဖြန် ဒေါ်(လ်)ဘုရားမှာ မွေးနေ့အလှူဒါနလုပ်ဖို့ ဒေါ်လေးကွန့် ကိုပြောပြထားခဲ့၏။

ဇုန်နှင့်အတူသွားမည်ပြောတော့ ဒေါ်လေးကွန့် မကျေနပ်ပေ မယ့် တိတ်ဆိတ်စွာ ဘာမှမပြောခဲ့ပါ။

အခုတော့ ဇုန့်ကိုမပြောလိုက်ရဘဲ ဒေါ်(လ်)အစီအစဉ်ပျက် တော့မည်ထင်၏။ ပါးပြင်ပေါ်ကို စီးကျလာသော မျက်ရည်တွေကို ဒေါ်(လ်) ခပ်ကြြမ်းကြမ်းလေးပဲ ပွတ်သုတ်ပစ်မိသည်။

ဒေါ်လေးကွန့်သိရင် ဇုန့်ကို အပြစ်တင်နေမှာစိုးသည်။ ကိုကို နိုင်းသိလျှင်လည်း ဇုန်ကို ဆူပူမှာစိုးမိ၏။

အင်္ဂလန်က ပြန်လာကတည်းက ဇုန်ပြောင်းလဲသွားတာ ဒေါ်(လ်)တစ်စထက်တစ်စ ပိုသိရှိလာရ၏။ နှစ်ဦးနီးစပ်နိုင်ဖို့အတွက် ဒေါ်(လ်)ကိုပြောခဲ့သလို ဇုန်ကြိုးစားနေခဲ့တာလား စဉ်းစားမိ၏။

သည်တော့လည်း ဇုန့်အပေါ် အထင်လွဲမိတာကို နောင်တ



www.burmeseclassic.com

www.burmeseclassic.com



လေးရချင်မိသည်။

"ဒေါ်(လ်)လေးရေ ဖုန်းလာနေတယ် ကိုင်လိုက်ဦး"

အခန်းအပြင်ဘက်က ဒေါ်လေးကွန့် အသံကြားတော့ ဒေါ်(လ်) အခန်းထဲမှာရှိသော ဖုန်းကိုကောက်ယူလိုက်ရသည်။

"ဒေါ်(လ်)လေးလား ကိုယ်ပါ"

ကိုကိုဇိုင်းအသံလေးကို ကြားရ၏။ ဒေါ်(လ်)ရဲ့ မျက်ရည်စတွေကို ကိုကိုဇိုင်း မမြင်နိုင်မှန်း သိပေမယ့် ဒေါ်(လ်)မျက်ရည်စတွေကို အလန့်တကြား ပွတ်သုတ်ပစ်မိသေးသည်။

"ဒေါ်(လ်)လေး ဘာဖြစ်နေတာလဲ"

"ရှင် ဟို အဲ ဘာမှမဖြစ်ပါဘူး အခုမှ အိပ်ရာကနိုးလို့ပါ ကိုကိုဇိုင်း ဘာပြောမလို့လဲဟင်"

"ဒေါ်(လ်)ကိုယ့်ကို မညာနဲ့လေ စောစောကပဲ ဇုန်နဲ့ဖုန်းဆက်နေတာ ကိုယ်ကြားတယ် အဲ့ဒီတုန်းက ကိုယ်ညှော့ခန်းထဲမှာ ဇုန်က ဆင်ဝင်အောက်က ကားနားမှာလေ"

ဒေါ်(လ်) ဘာပြောရမှန်းမသိ ဖြစ်ရ၏။ နှုတ်ကရုတ်တရက် ဘာမှမပြောတတ်အောင် ဖြစ်နေတာမို့ ငြိမ်သက်နေလိုက်စဉ်မှာပဲ ကိုကိုဇိုင်းအသံကို ကြားရပြန်သည်။

"ဇုန်ကို ဒေါ်(လ်) ဖုန်းဆက်တာ ဘာကိစ္စလဲ"

"ဟို အဲ ဘာမှမဟုတ်ပါဘူး သတိရမိလို့ပါ"





"ဇုန် အလုပ်အားရက်ကို မေးနေတာ ကိုယ်ကြားတယ် မနက်ဖြန်ကျရင် ဒေါ်(လ်)ဘုရားသွားပြီး မွေးနေ့ဒါနလုပ်မှာ ဒေါ်လေးကွန့်ပြောပြလို့ ကိုယ်သိတယ် အဲ့ဒီကိစ္စနဲ့ ဇုန်ကိုဖုန်းဆက်တာမဟုတ်လား"

"ဟုတ်တယ် ကိုကိုဇိုင်း ရပါတယ် ဒါပေမဲ့ ဒေါ်(လ်) မသွားဖြစ်တော့ပါဘူး"

"အဓိပ္ပာယ် မရှိတာ"

"ဟို ဟိုလေ မွေးနေ့မနက်ကျ အိမ်မှာဆွမ်းကပ်တာလည်း အလှူဒါနပဲလေ ဒါကြောင့်"

"ဒေါ်(လ်) မနက်ဖြန် မနက်ရှစ်နာရီတိတ် ကိုယ်ဒေါ်(လ်)ဆီလာခဲ့မယ် ဒေါ်(လ်)စောင့်နေပါ"

"ဟင့်အင်း ကိုကိုဇိုင်း ဒေါ်(လ်)"

"ဒေါ်(လ်) ဘာမှမပြောနဲ့တော့ ရှစ်နာရီတိတိနော် ဒေါ်(လ်) ပြင်ဆင်ထားပါ ဟုတ်ပြီလား"

ဒေါ်(လ်)ဘာစကားမှ မဆိုနိုင်တော့ဘဲ ကိုကိုဇိုင်း ဖုန်းချသွားခဲ့သည်။ ဒေါ်(လ်)ပင့်သက်လေးရှိုက်ကာ ဖုန်းခွက်လေးကို ပြန်ချလိုက်ရ၏။

ဇုန်ဆီ ဖုန်းဆက်ဖြစ်ခဲ့တာ ကိုကိုဇိုင်း သိသွားခဲ့ပြီ။ ဒေါ်(လ်) ဖြစ်ချင်တာမှန်သမျှ ကိုကိုဇိုင်း မဖြစ်မနေလုပ်ပေးမှာ ဒေါ်(လ်)သိနေ၏။

ဇုန်ကို နားလည်နိုင်ပေမယ့် တစ်ခါတစ်လေတော့လည်း ကိုကိုဇိုင်းရဲ့ ယုယကြင်နာမှုမျိုးလေးသာ ဇုန် ဒေါ်(လ်)ကို တစ်စိတ်တစ်ဖဲ့



www.burmeseclassic.com

www.burmeseclassic.com



လောကီ ပေးစွမ်းနိုင်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။

ကိုကိုဝိုင်းဆိုတာ ဒေါ်(လ်)အတွက် ဟိုးအရင်ကတည်းကလိုပဲ မပြောင်းလဲသော သံယောဇဉ်နှင့်ယုယခဲ့သူပါ။

ဒါတွေကို တစိမ့်စိမ့်တွေးမိတော့လည်း ဒေါ်(လ်)မျက်ရည်လေး ဝဲမိသည်အထိ ကြည်နူးကျေနပ်ရသည်။

မနိုင်းယှဉ်အပ်မှန်းသိပေမယ့်လည်း တစ်ခါတစ်လေတော့ ဇုန်နှင့်ကိုကိုဝိုင်းကို ဒေါ်(လ်) ချိန်ခွင်လျှာထိုး နှိုင်းကြည့်မိ၏၊

"မောင်ဝိုင်းက သမီးလေးအပေါ်တကယ်ကောင်းရှာပါတယ် အစ်ကိုလို အဖေလို ဦးဆောင်စောင့်ရှောက်နိုင်တဲ့ သူမျိုး"

ဒေါ်လေးကွန့်ဆိုခဲ့သော စကားကို ဒေါ်(လ်) မမေ့ပါ။

ကိုကိုဝိုင်းဆိုတာက ဒေါ်(လ်)ဘဝတစ်ခုလုံးကို အေးချမ်းမှုတွေနှင့် ပြည့်ဝစွာ အုပ်မိုးပေးခဲ့သော သစ်ပင်ကြီးတစ်ပင်လိုပါပဲ။

အဲ့ဒီအတွက် ဒေါ်(လ်)သိပ်ကို ကျေးဇူးတင်ပါတယ် ကိုကိုဝိုင်း။

■ ■ ■



## အခန်း (၂၂)

ဆင်ဝင်အောက်မှာ သူ့ကားထိုးရပ်တော့ ရှစ်နာရီထိုးဖို့ ငါးမိနစ်လောက်လိုပါသေးသည်။

ညှော်ခန်းထဲမှာ ထိုင်နေသောဒေါ်(လ်) သူ့ကိုမြင်တော့ တံခါးဝအထိ ပြုံးပြုံးလေး ထွက်ဆီးကြို၏။

"ဒေါ်(လ်)လေးစောင့်နေရတာ ကြာပြီလား ဆောရီးကွာ ကိုယ်ရေချိုးနောက်ကျနေလို့ကွ"

သည်မနက်စီစဉ်ဆောင်ရွက်ရမည့် ကိစ္စတွေကို တစ်ညလုံး စာရင်းလုပ်ကာ လွယ်အိတ်တော် ဦးသက်ညွှန့်လက်ထဲ ထည့်ခိုင်းသည်။ လိုအပ်သော အရေးကိစ္စတွေအတွက် မန်နေဂျာကိုလှဦးကို ဖုန်းဆက်မှာရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်အစီအစဉ်မရှိဘဲ ဒေါ်(လ်)အတွက် ဖျက်ရမည့်အလုပ်ကိစ္စတွေ စီစဉ်ပြီးမှ သူကသောကမျော ထွက်ခဲ့ရတာဖြစ်သည်။

ဒေါ်(လ်)လေး မသိစေချင်တာမို့ သူမပြောဖြစ်တော့ပါ။

"ကိုကိုဗိုင်း ကော်ဖီသောက်ဦးမလားဟင်"

"မသောက်တော့ဘူး ဒေါ်(လ်) ဒေါ်(လ်)အသင့်ဖြစ်ပြီမို့လား"

"မသောက်ဘူးမလုပ်နဲ့ ကော်ဖီလေးတော့ သောက်သွားဦး မောင်ဗိုင်း ဒေါ်လေးကွန့်ဖျော်ခဲ့ပြီးပြီကွဲ့"

ကော်ဖီဘမ်းကို ကိုင်ရင်းဧည့်ခန်းကို ထွက်လာသော ဒေါ်လေးကွန့်ကြောင့် ဗိုင်းမငြင်းနိုင်ဘဲ ဧည့်ခန်းမှာ ဝင်ထိုင်လိုက်ရသည်။

"မောင်ဗိုင်း အလုပ်တွေတော့ ပျက်ကုန်ပြီထင်ရဲ့"

"အားလုံး မနေ့ကလွှဲပြီးပါပြီ ဒေါ်လေးကွန့် သိပ်အရေးကြီးကိစ္စတော့ မရှိပါဘူး"

"ပထမ မောင်ဇုန်နဲ့သွားမယ်ပြောပြီးမှ မောင်ဗိုင်းလိုက်ပို့ပေးမယ်ပြောတော့ ဒေါ်လေးတောင် အံ့သြသွားတယ်"

"ဟို ဇုန်ကအခုမှ အလုပ်တွေနဲ့ တကယ်နပမ်းလုံးနေရတာ ဒေါ်လေးကွန့်ရဲ့ ဒီကောင်လိမ္မာနေပြီလေ"

ဒေါ်လေးကွန့်ကို မညာချင်ပေမယ့် မုသာဝါဒကံကိုပဲ သူလွန်ကျူးလိုက်ရပါသည်။ တကယ်ဆို ဒီနေ့ ဇုန့်မှာ ဘာအရေးကြီးကိစ္စမရှိအောင် အားလပ်နေတာ သူပဲသိသည်။





ဘာကြောင့် ဇုန် ဒေါ်(လ်)ကို ညာလိုက်တာလဲမသိ။

ဇုန်အလုပ်ကြိုးစားနေတယ်ဆိုသော သူ့ချီးကျူးစကားကြောင့် ဒေါ်(လ်)မျက်နှာလေးကြည်နူးဝင်းပသွားတာ မြင်ရသည်။ ဒေါ်(လ်)လေး စိတ်မဆင်းရဲစေချင်တာကြောင့် သူမှာ လူလိမ်လူညာကြီးဖြစ်နေပြီ။

"ကဲ ကော်ဖီအတွက် ကျေးဇူးအရမ်းတင်ပါတယ် ဒေါ်လေးကွန့် ဗိုင်းတို့ကို သွားခွင့်ပြုပါဦးနော် နည်းနည်းနောက်ကျရင်လည်း စိတ်မပူပါနဲ့"

"မောင်ဗိုင်းပါနေတာပဲ ဒေါ်လေးက ဘာစိတ်မချစရာရှိလဲ ကဲ သွားကြ သွားကြ"

ဒေါ်လေးကွန့် မျက်နှာက ကြည်နူးရွှင်ပြနေသည်။ ကိုကိုဗိုင်းသာမဟုတ်ဘဲ ဇုန်လာခေါ်မယ်ဆိုလျှင် ဒေါ်လေးအခုလို ကော်ဖီဖျော်တိုက်ကာ ဧည့်ခံပါ့မည်လားဟု ဒေါ်(လ်)တွေးမိသည်။

ဇုန့်အပေါ်ကို ကိုကိုဗိုင်းလို အားလုံးက ကြည်ဖြူလေးစားစေချင်တာ ဒေါ်(လ်)ရင်ထဲက ဆန္ဒလေ။ ဇုန်ကြိုးစားနေပုံနဲ့ဆိုရင်တော့ ဒေါ်(လ်) မျှော်လင့်ထားသလို ဖြစ်လာမည်ထင်ပါရဲ့။

ကားတံခါးကို ကိုကိုဗိုင်းကိုယ်တိုင်ဖွင့်ပေးသည်။

နို့သာရောင်တိုက်ပုံအကျႌကို ကော်လံကတုံးရှပ်ဖြူလက်ရှည်နှင့် တွဲဝတ်ဆင်ထားသော ကိုကိုဗိုင်းအသွင်က ပိုပြီးတည်ငြိမ်ရင့်ကျက်သည်ဟု ဒေါ်(လ်)ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်မှာ အဖြူခရေပွင့်လေးတွေဖောက်ထားသော ပုဆိုးနှင့်ပိုမြင့်မားသော ကိုကိုဇိုင်းအရပ်အမောင်းနှင့်တင့်တယ်လိုက်ဖက်လွန်းတာ ဒေါ်(လ်)မျက်တောင်လေးမခတ်တမ်းငေးမိ၏။

"ဘာကြည့်နေတာလဲ ဒေါ်(လ်)ရဲ့"

"အဟင်း ကိုကိုဇိုင်းက တကယ်ချောတယ် ကိုကိုဇိုင်းကိုပိုင်ဆိုင်ခွင့်ရတဲ့ မိန်းကလေးက အရမ်းကံကောင်းသူ ဖြစ်မှာပဲလို့ တွေးနေတာ"

"ဟိတ် မြှောက်မနေနဲ့ မမြှောက်လည်းပဲ ကိုယ်က ဒေါ်(လ်)ကိုဒီနေ့ ဒကာခံပြုစုမှာပါကွ"

"တကယ်ပြောတာပါ ကိုကိုဇိုင်းရဲ့ ကိုကိုဇိုင်းရည်ရွယ်တဲ့ မိန်းကလေးတွေရှင် ဒေါ်(လ်)ကိုပြောနော် အဲ့ဒီမမကို ဒေါ်(လ်)အရင်ဆုံးမြင်သိချင်လို့"

ဒေါ်(လ်)စကားကြောင့် သူ့အသံလေးထွက်သည်အထိ ရယ်သည်။

ကားလေးကို မောင်းထွက်ခဲ့ရပေမယ့် သူ့အာရုံထဲမှာ ဒေါ်(လ်)ပုံရိပ်က စွဲစွဲထင်ထင်လေး ထင်နေသည်။

အပြာနုနုရယ်ဒီမိတ်လက်ရှည်လေးကို အပြာရောင်ချိန်ထည်လေးနှင့်ဆင်တွဲဝတ်ဆင်ထားသော ဒေါ်(လ်)ကိုကြည့်ရတာ ရင်ထဲအေးချမ်းမြေ့စေ၏။





ကျောလယ်အထိသာ ရှည်သော ဆံနွယ်လေးတွေကို မျက်နှာဝင်းဖန့်ဖန့်လေးပေါ်လွင်အောင် အနောက်မှာစုစည်းသိမ်းနှောင်ကာ ကျောက်ပွင့်ဖြူဆံညှပ်ကလေးနှင့် ထုံးဖွဲ့ထားသည်။

ရင့်ကျက်ယောင်ဟန်ဆောင်ထားသော ချာတိတ်မလေး၏ အပြစ်ကင်းစင်သော မျက်နှာလေးကို သူတစိမ့်စိမ့်ခံစားကြည့်ချင်မိသည်။ ဒါပေမဲ့ ဆန္ဒအားလုံးကို အသိတရားဖြင့် ထိန်းချုပ်ထားခဲ့မိတာ ကြာပါပြီ။

"ဒေါ်(လ်)တို့ ဘယ်သွားကြမှာလဲ ကိုကိုဇိုင်း"

"ဟောဗျာ မွေးနေ့ရှင်ကမေးနေပြန်ပြီ ဒေါ်(လ်)ဘယ်သွားချင်သလဲသာ ပြောစမ်းပါ ဒီနေ့တစ်နေ့လုံး ကိုယ်ဒေါ်(လ်)လေးအတွက် အချိန်အပြည့်ပေးထားတယ်"

"မသိဘူး ကိုကိုဇိုင်း ဘယ်လိုစီစဉ်မှာလဲ"

ဒေါ်(လ်)မျက်ဝန်းလေးတွေ ကလယ်ကလယ်နှင့်ပြန်ပြောသည်။ အမြဲတမ်း သူ့အပေါ်အားကိုးစိတ်နှင့် ယုံကြည်တတ်ခဲ့သော ဒေါ်(လ်)ကို သူပြုံးပြုံးလေး ငဲ့ကြည့်ရင်း

"ကဲ ဒေါ်(လ်) ရဲ့ မင်္ဂလာရှိတဲ့နေ့ကလေးမှာ အရင်ဆုံးဘုရားပေါ်သွားပြီးကုသိုလ်ယူကြမယ် ပြီးရင် တိရစ္ဆာန်ရုံထဲမှာ သတ္တဝါတွေကို အစာကျွေးကုသိုလ်ယူမယ် ပြီးရင် မနက်စာစားမယ် ပြီးရင် ပန်းခြံထဲမှာခဏထိုင်ကြမယ် နောက်တော့ မြို့ထဲခဏဝင်ပြီး ဒေါ်(လ်)လိုချင်တာဝယ် ဒေါ်လေးကွန့်အတွက် မုန့်ဝယ်ပြီး ပြန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့အစီအစဉ်လေးဆွဲပြတော့ ဒေါ်(လ်)ကျေနပ်နှစ်ခြိုက်စွာ ပြုံးခါင်းကလေးညိတ်ရှာသည်။

"ကိုကိုဇိုင်းက တကယ်အစီအစဉ်ကောင်းတယ် သိလား ဒီနေ့ ဒေါ်(လ်)အရမ်းပျော်မှာသေချာတယ်"

ဟန်ဆောင်မှုကင်းစွာ ဒေါ်(လ်)ဝမ်းသာအားရဆိုသည်။

အပြစ်ကင်းစင်သော မျက်နှာလေးကို သူ မြတ်နိုးခြင်းလွှမ်း သော မျက်ဝန်းတို့နှင့် နောက်ကြည့်မှန်လေးထဲက ငေးကြည့်နေမိသည်။

ရွှေတိဂုံဘုရား ရင်ပြင်ပေါ်တက်တော့ ဒေါ်(လ်)စိတ်တိုင်းကျ ဆန္ဒအတိုင်း ဓာတ်လှေကားမစီးတော့ဘဲ လှေကားထစ်တွေအတိုင် တက်ဖြစ်ခဲ့ကြသည်။

ကြည်နူးရိပ်လေး ဖုံးမရဖိမရ အပျော်မျက်နှာလေးနှင့်လှေ ကားထစ်တွေကို တက်ရင်း ဒေါ်(လ်) ချွေးလေးစို့လာတော့ သူ့လက် မောင်းကို နှိပြီးဆက်တက်သည်။

ရင်ပြင်မှာ ကပ်လှူပူဇော်ဖို့ ပန်းဆီမီးနှင့်နံ့သာတိုင်ကအစ လိုသမျှကို သူဝယ်ပေး၏။

မွေးနေ့နံ့ဂြိုဟ်တိုင်လေးရှေ့မှာ ဒေါ်(လ်)ရှိခိုးပူဇော်တော့ မျက်လုံး လေးတွေမှိတ်ကာ ဆုတောင်းနေတာကို ရပ်စောင့်ရသည်။

နှုတ်ခမ်းလေးတွေ တီးတိုးရွတ်ဆိုလျက် ဒေါ်(လ်)ဘာတွေ ဆုတောင်းနေသည်လည်း သူတွေးကြည့်၏။





ဇုန်အတွက် သတိတရဆုတောင်းနေသည်လား။ သူတွေးမိရင်း ရင်ထဲမှာ အမည်မသိဝေဒနာတစ်ခု ခံစားရ၏။ မနာလိုဝန်တိုခြင်း မဟုတ် ပေမယ့် ရင်ထဲမှာခံစားရတာတော့ အမှန်။

ရင်ပြင်တစ်ပတ်လှည့်ပူဇော်တော့လည်း ဒေါ်(လ်)ကလေးငယ် တစ်ဦးလို သူ့လက်မောင်းကို ခိုတွယ်ထားပြန်၏။ ငယ်ငယ်တုန်းက ချာတိတ်မလေးကို သူ့အနီးမှာ ပြန်မြင်တွေ့နေရသလိုပါပဲ။

တိရစ္ဆာန်ရုံဘက်ရောက်တော့ ဒေါ်(လ်)အပျော်တွေက ဟန်ဆောင်နိုင်စွမ်း မရှိတော့ပါ။

ဘယ်သောအခါမျှ ပြန်မရနိုင်တော့သည့် ပျော်ရွှင်ကြည်နူးမှု လေးတွေကို ဒေါ်(လ်)အတွက် သူ ထာဝရသိမ်းဆည်းထားပေးလိုက် ချင်သည်။

မမြင်နိုင်သော ဒေါ်(လ်)ရဲ့ အနာဂတ်လေးကိုတွေးကြည့်တော့ ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေးလေး ခံစားရသည်။

ဇုန့်ရင်ခွင်ထဲမှာ ဒေါ်(လ်)တကယ်ပဲ ပျော်ရွှင်နိုင်မည်လား။

"ဗိုက်ဆာပြီကိုကိုဇိုင်း တတိယအစီအစဉ် စလိုက်ရအောင် နော်"

"မသိဘူးလေ ဒေါ်(လ်)ထမင်းစားဖို့ မေ့နေပြီထင်လို့ကွ"

"မေ့အောင်ပျော်နေတာ အမှန်ပဲ အခုမှဗိုက်ကဆာမှန်းသိရတာ ကိုကိုဇိုင်းလည်း ဆာနေပြီမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ(လ်)လေးပျော်နေတာကြည့်ပြီး အပျော်ကိုမေ့နေတာ"

ရိုးသားပွင့်လင်းစွာဆိုမိသော စကားကို ဒေါ(လ်) မျက်စောင်းလေးပစ်ကာ သဘောကျသံလိုရယ်တော့ ရင်ထဲမှာ လှုပ်ခတ်ချင်လာသည်။

လောကကြီးမှာ သတ်မှတ်ထားသော စည်းဘောင်တွေသာ မရှိခဲ့လျှင် ဘယ်လောက်ကောင်းမည်လဲဟု တွေးမိသော အတွေးကို သူ ပင့်သက်မောတစ်ချက်နှင့်ပဲ မောင်းထုတ်ပစ်ရသည်။

ကလေးဆန်သော ဒေါ(လ်)က ထမင်းဝိုင်းမှာ သူ့ပန်းကန်ထဲကို အရင်ဆုံးဟင်းခတ်ထည့် ဦးချပေးတော့ သူ့ကြည်နူးမိတာ ဝန်ခံချင်၏။ ကလေးဆန်သောဒေါ(လ်)သည် သည်လိုကျတော့လည်း ရင့်ကျက်သလို လူကြီးဆန်နေပြန်သည်။

နေ့လည်ခင်းအပူဒဏ်ကို ရှောင်တိမ်းလိုတာမို့ ပန်းခြံလေးထဲ သွားဖို့ စီစဉ်ခဲ့ကြပေမယ့် ပန်းခြံထဲမှာထိုင်နေမိကာမှ မိုးကညှို့တက်လာသည်။

"မိုးရွာမယ်ထင်တယ် ဒေါ(လ်)ရဲ့"

"ရွာ ရွာပေါ့ မိုးရွာတော့ ပိုကောင်းတယ်"

"ထီးမပါဘူးလေ ဒေါ(လ်)ရဲ့"

"မပါလဲ ဘာဖြစ်လဲ ကိုကိုဇိုင်းရဲ့ မိုးရွာထဲမှာ မိုးရေချိုးရတာကို ဒေါ(လ်)ကအရမ်းသဘောကျတာ"





ဒေါ(လ်) တမင်တောင့်တ ဆုတောင်းလိုက်သလားတောင်မသိ။ မိုးကဝေါခနဲ ရွာချ၏။

"ဒေါ(လ်) လာ လာ ကားဆီပြန်သွားရအောင်"

"ဟာ ဟင့်အင်း မသွားပါဘူး ဟော ဟိုးသစ်ပင်ကြီးအောက်က ခုံတန်းလေးမှာထိုင်မယ်"

"ဟာ ဒေါ(လ်) ဒုက္ခပါပဲ"

သူတားမြစ်ချိန်မရလိုက်ခင်မှာ ဒေါ(လ်)က သစ်ပင်ကြီးအောက်ကခုံတန်းလေးဆီ ပြေးသွား၏။

သွန်ချသလို ရွာသောမိုးကြောင့် ဒေါ(လ်)ဆီသူရောက်တော့ သူတစ်ကိုယ်လုံးရွှဲရွှဲစိုနေသည်။ ဒေါ(လ်)မျက်နှာလေးပေါ်မှာလည်း ရေစိုဆံပင်တွေ ကပ်ငြိကပ်တွယ်လို့ အပြုံးလေးကမပျက်။

"ဒုက္ခပါပဲကွာ မိုးရေထဲမှာ ကြွက်စုတ်ဖြစ်ပြီထင်တယ်"

"ဘာဖြစ်လဲ ကိုကိုဇိုင်းရဲ့ ပြန်ခြောက်သွားအောင်တောင် ထိုင်စောင့်ကြတာပေါ့"

တဇွတ်ထိုးဆန်လှသော ဒေါ(လ်)ကို သူဘယ်လိုခေါ်မရ။ ဒေါ(လ်)က တဝေါဝေါရွာနေသော မိုးရေစက်တွေကို မျက်နှာလေးမော့ခံယူရင်း ပေကပ်ထိုင်နေပြန်၏။

တော်တော်ဆိုးသည့် ဒေါ(လ်)ပါပဲ။

သူ ဒေါ(လ်)စိတ်တိုင်းကျ ခုံတန်းလေးမှာ ဆက်ထိုင်နေလိုက်၏



www.burmeseclassic.com

www.burmeseclassic.com



၏။ ပန်းခြံခုံတန်းတချို့မှာ ထီးတစ်ချောင်းကို မလုံမခြုံ နှစ်ယောက်အတူ ပူးကပ်ဆောင်းပြီး ထိုင်နေသော စုံတွဲတွေကို ဒေါ်(လ်)ကလက်တို့ပြကာ ရယ်နေပြန်၏။

"ဟာ ဒီကောင်မလေး ပေါက်ကရ"

"အဟင်း ဟင်း ကိုကိုဝိုင်း ဒါကြောင့် လူပျိုသိုးကြီးဖြစ်နေတာ ထင်တယ် ဟင်း ဟင်း"

အငြိုးကြီးသောမိုးကရပ်မသွား။ အပြုံးမပျက်မျက်နှာလေးတွေ ပြာလဲ့လဲ့ သမ်းလာတာ သူမြင်နေသည်။

"ကဲ ဒေါ်(လ်) ပြန်ကြမယ် ဒီတစ်ခါ ပြောစကားနားမထောင်ရင် ကိုယ်ခေါင်းကို ထုမိမယ်နော်"

ဒေါ်(လ်) ဇက်ကလေးပုကာ ခေါင်းညိတ်သည်။ မိုးရွာထဲ ထိုင်ချင်လွန်းသည့် ကောင်မလေး ရွှဲနစ်နေသော မိုးရေတွေအောက်မှာ ကြွက်စုတ်လေးဖြစ်နေပြီ။

"အိမ်ပြန်ကြမှ ထင်တယ်"

"မြို့ထဲခဏလှည့်ဝင်ဦးလေ ဒေါ်လေးကွန့်အတွက် မုန့်ဝယ်ရအောင်"

"ဒေါ်(လ်)ချမ်းနေမှာပေါ့"

"ဘာမှမဖြစ်ဘူး နေနိုင်တယ် ကိုကိုဝိုင်းကားကြီးတော့ ရေတွေ ရွှဲကုန်ပြီပေါ့ အဟင်း ဟင်း"





ဆိုးလွန်းသောချာတိတ်မလေးအလိုကျ မြို့ထဲကိုမောင်းထွက်ခဲ့ရပြန်သည်။ အငြိုးကြီးလွန်းသော မိုးက ညနေခင်း၏အလင်းရောင်တွေကိုတောင် သိမ်းပိုက်လို့ မှောင်နိုက်နေစေ၏။

ဒေါ်လေးကွန့်အတွက် မုန့်ဝင်ဝယ်ပြီးတော့ သူကားလေးကို မြို့ထဲလမ်းကထွက်နိုင်အောင် ဂရုစိုက်မောင်းခဲ့သည်။

လမ်းမပေါ်မှာ မိုးစက်မှုန်တွေ ပိန်းပိတ်နေ၏။

မှုန်ဝါးနေသော မြင်ကွင်းတွေကြောင့် ကားမီးတွေက တလက်လက် ဖွင့်ထားကြသည်။

သူ ဒေါ်(လ်)ကိုလှမ်းကြည့်တော့ စောစောကရယ်နေသော မျက်နှာလေးမှာ နှုတ်ခမ်းလေးတင်းတင်းစေ့လို့နေ၏။ ရေစိုတွေနှင့်ကပ်နေသော ခန္ဓာကိုယ်လေးပုဝင်ကာ လက်ကလေးနှစ်ဖက်ကို ရင်ဘတ်ချိုင်းယှက်ထား၏။

"ဒေါ်(လ်)လေးချမ်းနေပြီလား"

နှုတ်က မဖြေနိုင်တော့ဘူးထင်ရဲ့၊ ခေါင်းကလေးခါယမ်းပြတော့ ပါးလေးတွေက တဆတ်ဆတ်တုန်ခါနေ၏။

မချမ်းဘဲခံနိုင်မည်လား ဖွင့်ထားသော ပြတင်းတံခါးကလေးကြောင့် သူတောင်ချမ်းစိမ့်လာရတာ အမှန်။

"မှန်တံခါးတွေ ပိတ်လိုက်လေ နှဒေါ်(လ်)ရဲ့"

သူသတိပေးမှ ဒေါ်(လ်)လက်ပိုက်ကလေးဖြုတ်ကာ မှန်တံခါး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဖို့ ကြိုးစားသည်။ တုန်ခါနေသော လက်ဖျားလေးတွေ ပဲကြီးရေ တွန့်ကြောင်းလေးတွေထနေတာ သူမြင်သည်။

မှန်တံခါးကို မ မတင်နိုင်အောင် ဒေါ်(လ်)လက်ကလေးတွေ ထုံကြင်နေပြီထင်သည်။

သူကားကို လမ်းဘေးမှာ အသာထိုးရပ်ပြီး ဒေါ်(လ်)ပိတ်မရ ဖြစ်နေသော မှန်တံခါးကို လှမ်းပိတ်ပေးလိုက်၏။

"အီး ခုမှ ချမ်းလာတာ ကိုကိုဗိုင်းရဲ့ အီး"

တုန်တုန်ယင်ယင်လေးဆိုနေသော ဒေါ်(လ်)ကို သူ ကရုဏာ ဒေါသ မျက်ဝန်းလေးတွေနှင့်ကြည့်မိ၏။ ဒါပေမဲ့ ဒေါသတွေက ချက် ချင်းလွင့် ပြယ်ရသည်။ ဒေါ်(လ်) တကယ် ခိုက်ခိုက်တုန်နေသည်ပဲ

"ဒေါ်(လ်)လေး သိပ်ချမ်းနေသလား"

လက်ချောင်းလေးတွေကို သူ လှမ်းဆုပ်ကိုင်လိုက်တော့ ရေခဲ တမျှအေးစက်နေခဲ့သည်။

"ကြည့်စမ်း အေးစက်ထုံကြင်နေပြီပဲ"

ဒေါ်(လ်)လက်ချောင်းလေးတွေကို သူဆုပ်ကိုင်ဖျစ်ညှစ်ပြီး ပူနွေး အောင်ပြုရသည်။

မေးလေးတုန်နေသော မျက်နှာလေးကိုကြည့်ကာ သူစိတ်မ ကောင်း။

နောက်ထိုင်ခုံမှာ ရေညှစ်ပြီးလှမ်းထားသော တိုက်ပုံအင်္ကျီ





လှမ်းယူလိုက်သည်။

"ဒါလေး ခြုံထားလိုက် နည်းနည်းနွေးသွားမယ်ထင်တယ်"

ဒေါ်(လ်)ပခုံးလေးပေါ်က သူလွှမ်းခြုံပေးလိုက်စဉ် ရေခဲတုံးကို ကိုင်မိသလို အေးစက်သော နှာသီးဖျားလေးကို ပွတ်တိုက်မိ၏။

မျက်နှာလေးပိုလို့ ဖြူဖွေးသွေးဆုတ်နေသည်လား သူစိုးရိမ် ပူပန်စွာနှင့် လက်နှစ်ဖက်ကို ပွတ်တိုက်ပြီး ပါးနှစ်ဖက်ကိုဖိကပ်ပေးလိုက် ၏။

"ဒေါ်(လ်) လေး သိပ်ချမ်းနေပြီလား"

မျက်နက်ဝန်းလေးတွေ ငေးကြည့်ကာ ဘာမှပြန်မဖြေနိုင်သော ဒေါ်(လ်)မျက်နှာလေးအနှံ့ သူလက်ဖဝါးတွေကိုပွတ်သပ်ဆုပ်နယ်ပေးမိ၏။

နှဖူးပြေပြေလေး၏ ချောမွတ်အေးစက်သော အထိအတွေ့။

သွေးရောင်လွှမ်းစပြုလာသည့် ပါးပြင်ဖြူမို့မို့လေးတွေ။

ပြာလဲ့ေသာ နှုတ်ခမ်းလေးတွေ။

ထိုတဒင်္ဂမှာ သူနှလုံးသားက စိုးရိမ်ပူပန်စိတ်နှင့် တဒိတ်ဒိတ် ခုန်နေခဲ့သည်။

"ရ ရပြီ ကိုကိုဗိုင်း"

ရှက်သံဝဲဝဲလေးနှင့်ဆိုမှ သူသတိရတော့၏။ သူ့ကို ရင်မဆိုင်ရဲ တဲ့ အကြည့်တွေရှောင်ပြေးနေသော ဒေါ်(လ်)ကိုကြည့်ကာ သူပင့်သက်



www.burmeseclassic.com

www.burmeseclassic.com



ရှိက်မိသည်။

ရင်ခုန်ဖို့မေ့နေသော နှလုံးသားက အခုမှ တလှိုက်လှိုက်တိုးခုန်လာသည်။

သူ့ကားကို စက်နှိုးမောင်းထွက်လိုက်၏။ အပြင်ဘက်မှာ အငြိုးကြီးနေခဲ့သော မိုးတို့ စဲစပြုနေပြီ။

ဗိုင်းရင်ထဲမှာတော့ အခုမှ မိုးက ထစ်ချုန်းလို့ရွာရန် အားယူနေဆဲပါလား။



## အခန်း (၂၃)

တစ်ညလုံး အဖျားသွေးကြီးတာ ဒေါ်(လ်) နေမကောင်းဖြစ်ပြီဆိုတော့ ဒေါ်လေးကွန့် ပျာယာခတ်လို့ အလုပ်တွေရှုပ်ကုန်တော့၏။

မိအေးလည်း မနေရ။ မမအင်ကြင်းလည်း ညဉ့်နက်သန်းခေါင်ကြီးမှ အိပ်ချင်မူးတူးနှင့်ရောက်လာသည်။

"မောင်ဗိုင်းက ဆေးဝယ်ပေးခဲ့ရဲ့သားနဲ့ ဆေးသောက်ရမှာကြောက်တယ်ဆိုတဲ့ သူ့ ဟွန်း အခုတော့ ပိုဆိုးပြီပေါ့ အပ်နဲ့ထွင်းရမှာ ပုဆိန်နဲ့ပေါက်ရမယ့်ကိန်းစိုက်ပြီပေါ့"

"ဟင် ဒေါ်လေးကလည်း ဒေါ်(လ်) ဆေးကြောက်တာ သိရက်နဲ့"

"အလိုတော် ဆေးကြောက်တဲ့သူက မိုးရေထဲမှာ ငုတ်တုတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရသတဲ့လား ကဲ မိအေး ရေပတ်တင်ပေးဖို့ ရေခဲဘူးယူခဲ့ အင်ကြင်း ဒေါ်(လ်)ကိုဆေးတိုက်ဖို့ ကူစမ်းပါဦးကွယ် မောင်ဇိုင်းပေးခဲ့တဲ့ဆေးပဲ တိုက်ထားရတော့မှာပေါ့"

ဒေါ်(လ်)အတွက် စိုးရိမ်ကာ ကိုကိုဇိုင်းက ဝယ်လာသော ဆေးကို တိုက်ဖို့မှာခဲ့ပေမယ့် ဒေါ်(လ်)ငြင်းနေတာမို့ ဒေါ်လေးကွန့်တိုက်မရခဲ့။

ဆေးမသောက်ဘဲ စောင်ခြုံကာ ဝင်ကွေးရင်း သန်းခေါင်လောက်မှ ဒေါ်(လ်)အဖျားဝင်တော့သည်။ စိုးရိမ်စွာနှင့် မအိပ်နိုင်ဘဲ ခဏခဏထလာကြည့်သော ဒေါ်လေးကွန့်သိတော့ အားလုံးနိုးကုန်တော့သည်ပေါ့။

"ကဲ ဒေါ်(လ်)လေး ဆေးသောက်လိုက် ဒါမှ အဖျားကျမှာ"

"အင်း ဟင့်အင်း မသောက်ချင်ဘူး ဒေါ်လေး အီး ဟင်း"

"မရဘူး မသောက်ရင် အဖျားကကျမှာ မဟုတ်ဘူး အင်ကြင်းလေးလုပ်ပါဦး ဒီမှာကော်ဖီလေးနဲ့မျောချလိုက်"

"ကဲပါ ဒေါ်(လ်)ရယ် သောက်လိုက်ပါ နို့မို့ ဒီညတစ်ညလုံး အင်ကြင်းကော မိအေးပါ နားပူပြီး သေတော့မယ်"

မမ အင်ကြင်းက စိတ်မရှည်သလို ပြော၏။ ဒေါ်လေးကွန့် မျက်နှာတင်းခနဲဖြစ်သွားတာကို ဒေါ်(လ်)မြင်လိုက်ရတာမို့ ကြားကဝင်ပြီး ကသောသမျောလေး ခေါင်းညိတ်လိုက်ရသည်။





ဆေးတစ်လုံးကို ကော်ဖီတစ်ခွက်နှင့်ရှုံ့မဲ့ မျိုချပြီးတော့ မိအေး ရေခဲဘူးကိုင်ကာ ဝင်လာ၏။

"ကဲ အားလုံးပြန်အိပ်ကြတော့ ဒေါ်(လ်)ကို ဒီည ဒေါ်လေးပဲ စောင့်ကြည့်ပေးမယ်"

မမအင်ကြင်းကို ဒေါ်လေးကွန့်စိတ်ဆိုးသွားတာ ဒေါ်(လ်)သိ၏။ မမအင်ကြင်းကတော့ မသိသလိုနှင့် အခန်းထဲက ပြန်ထွက်သွားသည်။ မိအေးကတော့ အိပ်ချင်မူးတူးရပ်နေဆဲ။

"ဟဲ့ မိအေး နင်လည်း ငိုက်မနေနဲ့ သွားတော့"

"ဟုတ် ဟုတ်ကဲ့ ကြီးကြီးကွန့်"

မိအေးကိုပါ ဒေါသသင့်ကာ ဒေါ်လေးကွန့် မောင်းထုတ်သည်။ ပြီးတော့ ဒေါ်(လ်)ကို တစ်ယောက်တည်း ရေခဲအုပ်ပြုစုပေးရင်း မကျေနပ်ချက်ကို ရင်ဖွင့်နေသေးသည်။

"မိအင်ကြင်း ပြောသွားတာ ကြားတယ်မို့လား သမီး အဲ့ဒီလို ရိုင်းစိုင်းတတ်လို့ ဒေါ်လေးစကားမပြောချင် မပတ်သက်ချင်တာ တကယ်ဆို သမီးအရိပ်မှာခိုနေတာ ပြီးတော့ ညီအစ်မတွေပဲ သူ့ဒါလောက်လေးလုပ်ရတာ ဘာပင်ပန်းကြီးတာမှတ်လို့"

"ဒေါ်လေးရယ် သူ့အရမ်းအိပ်ချင်လို့ ဖြစ်မှာပေါ့ ဒေါ်လေးလည်း အိပ်ပါ ခဏနေရင် ဒေါ်(လ်)သက်သာသွားမှာပါ"

"အိပ်မပျော်ပါဘူးတော် ကလေးသာပျော်အောင်အိပ် ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



ဒီညကလေးအိပ်ရာမှာပဲ စောင့်အိပ်မှာပေါ့"

တစ်ညလုံး ဒေါ်လေးအိပ်မပျော်ရှာပါ။ ဒေါ်(လ်)လည်း နိုးတစ်ဝက် ပျော်တစ်ဝက်နှင့်၊ အိပ်မက်တွေမက်နေတာ ကစဉ့်ကလျား။

အိပ်မက်ထဲမှာ ဇုန်လည်းပါသည်။ ကိုကိုဇိုင်းလည်းပါသည်။ ဒေါ်(လ်)အတွက်နဲ့ ဇုန်တို့ညီအစ်ကို ရန်တွေဖြစ်တော့ ဒေါ်(ယ်)ငိုမိသည်တဲ့။

မနက်မိုးလင်းသည်နှင့် ရောက်လာသူက ကိုကိုဇိုင်းဖြစ်နေသည်။

"ဆရာဝန်ပါ တစ်ခါတည်း ဝင်ပင့်လာတယ် ဒေါ်လေးကွန့်ဖုန်းဆက်တော့ အရမ်းစိတ်ပူသွားတာ အခု ဒေါ်(လ်)ဖ ဘယ်လိုနေသေးလဲဟင်"

"အင်း ချမ်းနေသေးတယ်"

"ချမ်းမှာပေါ့ မောင်ဇိုင်းရယ် မင်းပေးခဲ့တဲ့ဆေးကိုကြိုသောက်ပါဆိုတာ မသောက်ဘူး အဖျားတွေတအားကြီးမှ သောက်တော့ ဘယ်ရတော့မှာလဲ အခုထိ အဖျားမကျသေးဘူး"

"ဒေါ်လေးတစ်ညလုံး မအိပ်ရဘူးထင်တယ် ကဲ ကိုစိုးထိုက် ဒေါ်(လ်)ကိုကြည့်ပေးပါဦး"

ကိုကိုဇိုင်း မိတ်ဆွေဆရာဝန် နာကြပ်ကြီးတပ်နေကတည်းက ဒေါ်(လ်)မျက်နှာလေး သွေးပျက်နေသည်။





"ဒေါ် ဒေါ်(လ်) ဆေးမထိုးဘူးနော် မထိုးပါရစေနဲ့"

"အခုမှ ကြောက်နေသလား ဆေးတိုက်တုန်းက မသောက်ဘူး"

ဒေါ်လေးကွန့် ကရုဏာဒေါသသံလေးနှင့်ဝင်ပြော၏။ ကိုကိုဇိုင်း မိတ်ဆွေ ဆရာဝန်လူရွှယ်က သဘောကျသလိုပြုံးရင်း

"ဆေးမထိုးပါဘူး ဒါပေမဲ့ ဆေးတော့ သောက်ရလိမ့်မယ် ဇိုင်းပြောပြလို့ သိပြီးပြီ မိုးရွာထဲမှာ မိုးမိတာ ကြာတော့ အဆုတ်အအေးပတ်တာပေါ့ နောက်ဆို ဆင်ခြင်ပေါ့ဗျာ"

ဆုံးမစကားတွေနှင့် သောက်ဆေးတွေ အများကြီး ကိုကိုဇိုင်းလက်ထဲထည့်ပေးေတော့ ဒေါ်(လ်) မျက်နှာလေး ညှိုးချင်နေခဲ့ပြီ။

ဆရာဝန်ပြန်သွားတော့ ဒေါ်လေးကွန့်က ဇိုင်းကို အကူအညီတောင်းသလိုနှင့် တိုင်တန်းသေး၏။

"ညက မောင်ဇိုင်းပေးတဲ့ ဆေးတစ်လုံးတိုက်ရတာ တစ်အိမ်လုံးမနေရဘူး ၊ သူ့ကိုတော့ မောင်ဇိုင်း သောက်အောင်တိုက်သွားစမ်းပါကွယ်"

"ဟုတ်လား ဒေါ်(လ်) ဘာလို့ကြောက်နေတာလဲ ကိုယ်နေမကောင်းတာကို"

"ဆေးတွေက ခါးလို့မသောက်ချင်တာပေါ့ အများကြီးတော့လည်း လုံးဝမသောက်ဘူးနော် ဒေါ်(လ်)တကယ်ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်(လ်)နှုတ်ခမ်းကလေး စူကာပြောတော့ ဇိုင်းပြုံးပြုံးလေး ကြည့်ရင်း

"အဖျားတာရှည်ပြီး ဒေါ်(လ်)အဆုတ်ထဲ ရေတွေဝင်ရင် ဆေးထိုး ဆေးသောက်နဲ့တင်မကဘူး နံရိုးကိုပါဖောက်ပြီး အဆုတ်ထဲကရေတွေ စုပ်ထုတ်ပစ်ရမယ်နော်"

"ဟင်"

ဒေါ်(လ်) မျက်လုံးလေးတွေ အထိတ်တလန့် ပြူးကျယ်သွားသည်။

"ဟင် တကယ် တကယ်လားဟင် ကိုကိုဇိုင်း အဲ့ဒီလိုတော့ မလုပ်ဘူး ဒေါ်(လ်) အသေခံမယ်သိလား"

"အခု ဆေးသောက်တာနဲ့ ဒေါ်(လ်)သက်သာသွားမှာလေ ဘာလို့ရောဂါကို မွေးထားမှာလဲ ဒေါ်(လ်)ရဲ့ လိမ္မာပါတယ်ကွာ လျှာဖျားပေါ်တင်ပြီး မျိုချလိုက်ပေါ့ ဆေးလေးတွေက ရောင်စုံလေးတွေကွ ဝါးစားချင်စရာလေးတွေ"

"ဟာ ဝါးတော့ မစားချင်ပါဘူး အရမ်းခါးတာ ဒေါ်(လ်)သိတယ်"

"ဝါးမစားခိုင်းပါဘူး ဒေါ်(လ်)ရဲ့ မျိုချလိုက် ကဲ ဒေါ်လေးကော်ဖီနဲ့ကိတ်မုန့်လေးယူခဲ့ပါ ဒေါ်(လ်)ဆေးမသောက်ခင်အစာလေးတော့ စားလိုက်နော်"





ဒေါ်(လ်)ခေါင်းကလေးညိတ်ကာ နားခံရ၏။ ဒေါ်လေးကွန့်က ကျေကျေနပ်နပ်ကြီး ပြုံးလျက် ကော်ဖီခွက်ဘူးနှင့်မုန့်တွေ သယ်ယူလာသည်။

ဇိုင်းက ဒေါ်(လ်)ကို တယုတယ ချော့ကျွေးပြီးဆေးလုံးတွေကို တစ်လုံးပြီး တစ်လုံးသောက်စေ၏။

"ရေတွေအရမ်းမသောက်နဲ့လေ ဗိုက်ကြီးတင်းနေမှပေါ့ ဒေါ်(လ်)ရဲ့"

ရှုံ့ရှုံ့မဲ့မဲ့ ကြောက်ကြောက်လန့်လန့်လေးနှင့်ပင် ဒေါ်(လ်) ဆေးတစ်ခွက်တော့ သောက်ပြီးသွားခဲ့၏။

"နေ့လည်တစ်ကြိမ် ညနေတစ်ကြိမ် ဆက်သောက်နော် ဒေါ်လေးကွန့် ဆေးသောက်ချိန်ကျ ကျွန်တော် ဖုန်းဆက်သတိပေးမယ် ဒေါ်(လ်)ကလည်း ဒေါ်လေးစကားကို နားထောင် ဟုတ်ပြီလား"

ဒေါ်(လ်)ကိုပြောနေရင်းမှ ကိုကိုဇိုင်းတစ်ဖက်ကိုလှည့်ကာ နှာချေတာမြင်မှ ဒေါ်လေးကွန့် မျက်လုံးပြူးကြည့်ရင်း

"မောင်ဇိုင်းကော ဖျားနေပြီလား"

"မဖျားပါဘူး နှာမွန်ရုံလောက်ပါ"

"ပေါ့ပေါ့မလုပ်နဲ့ မောင်ဇိုင်း မင်းလည်းဆေးသောက်ဦးနော်"

"ကျွန်တော် သောက်ထားတယ် အလုပ်ထဲရောက်ရင် သောက်ဖို့လည်း ပါပါတယ် ဒေါ်လေးကွန့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဝိုင်းနော် ဒေါ်(လ်)ကိုပဲ သောက်ခိုင်းပြီး ကိုကိုဝိုင်းကျ တော့ ဆေးတွေ လွှင့်မပစ်နဲ့နော်"

ဒေါ်(လ်)ဆိုတော့ ကိုကိုဝိုင်းသဘောကျသလို ရယ်နေသေး၏။

ဒေါ်(လ်)နှင့်ဒေါ်လေးကွန့်ကိုနှုတ်ဆက်ပြီး ကိုကိုဝိုင်းအလုပ်ကို ထွက်သွားခဲ့သည်။

နေ့လည်ပိုင်းမှာ ဖုန်းဆက်ပြီး ဆေးသောက်ဖို့ သတိတရ သတိပေးလိုက်သေး၏။ ဒေါ်(လ်) တမင်နောက်ပြောင်ကာ မသောက်ဘူး ဆိုတော့

"ဒေါ်(လ်) နံရိုးဖောက်ပြီး အဆုတ်ထဲကရေတွေ ထုတ်တာခံ ချင်လို့လား အဲ့ဒီကျရင် ကိုယ်လည်း မကာယ်နိုင်ဘူးနော်"

"တော်ပါတော့ ကြောက်ပါတယ်ဆိုမှ ဒါကြီးပဲ ပြောနေတယ် အခုပဲသောက်မှာပါ ကိုကိုဝိုင်းကော သောက်ပြီးပြီလား"

"အခုပဲသောက်တော့မလို့ ကဲ ဒေါ်(လ်) နေကောင်းပါစေကွာ"

နှုတ်ဆက်စကားလေးနှင့် ကိုကိုဝိုင်းဖုန်းပြန်ချသွားခဲ့သည်။

ဒေါ်(လ်)ဖုန်းလေးကိုငေးရင်း ဇုန်ကိုမြင်ယောင်မိသည်။ ဒေါ်(လ်) နေမကောင်းတာ ဇုန်မသိလို့ ဖုန်းမဆက်တာလား။

ကိုကိုဝိုင်းလို စေတနာလေးမပါတောင် ဇုန်ဖုန်းလေးတော့ ဆက်သင့်သည်ဟု ဒေါ်(လ်)တွေးမိ၏။ သို့ပေမယ့် ဒေါ်(လ်)အတွေးလေး တွေအလွန် ဇုန်အလုပ်လုပ်နေတာကြောင့်ဟု တွေးမိတော့ ခွင့်လွှတ်

တ်ကလေးနှင့် ဖြေနိုင်မိပြန်သည်။

မွေးနေ့ရောက်ရင်တော့ ဇုန်နှင့်ဆုံမှာ ဒေါ်(လ်)သိသည်။

ဇုန်ရယ်။

အချစ်ဆိုတာ အနေဝေးရင် ချိတ်လိုအားခဲစေတတ်သလား။

ါ်(လ်)ဆိုတဲ့ ကောင်မလေးရဲ့ နှလုံးသားကတော့ ဇုန့်ကိုချစ်မိတဲ့ အချစ် စ်ခုအပေါ်မှာ သစ္စာခိုင်ကျည်ခဲ့တာ ဇုန်သိပါတယ်။

အဝေးမှာတုန်းကမှ ပုံမှန်စာလေးတွေ ရောက်အောင်ပို့တတ် သေးတဲ့ ဇုန်။ အနီးရောက်မှ ပြောင်းလဲသွားချင်နေတာ ဘာကြောင့်လဲ။

ဇုန်ရင်ထဲကို ဒေါ်(လ်) မြင်သိချင်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မနက်အာရုံဆွမ်း သံဃာတော်တွေကို ကျွေးတော့ ကိုကိုဝိုင်း အချိန်မီ ရောက်လာတာမို့ ဒေါ်(လ်)ကျေနပ်ရပေမယ့် ဇွန်က ပါမလာခဲ့ပါ။

"ဇွန် ညကအိမ်ပြန်နောက်ကျတယ် ဒေါ်(လ်)ရဲ့ သိတဲ့အတိုင်း မနက်ဆို အအိပ်မက်တဲ့ကောင်လေ ညနေတော့ သူစောစောလာမှာပါ"

ကိုကိုဝိုင်းက ဒေါ်(လ်)မျှော်နေမိသော စိတ်ကိုထွင်းဖောက်မြင်သည့်အလား ရှင်းပြသည်။

"ရပါတယ် ကိုကိုဝိုင်း ညနေမှလာမယ်လို့ ဇွန် ဒေါ်(လ်)ကို ပြောပြထားခဲ့ပါတယ်"

တစ်နေ့လုံး ကိုကိုဝိုင်း ခေါ်လာသော အလုပ်သမားတွေက ရွှေအိမ်စည်ခြံကြီးထဲမှာ ဒေါ်(လ်)ရဲ့ နှစ်ဆယ့်လေးနှစ်ပြည့် မွေးနေ့ပွဲ





လေးအတွက် ပြင်ဆင်ပေးကြသည်။

စားပွဲတိုင်းတွေ ခင်းကျင်းသူက ခင်းကျင်း၊ အလှပန်းအိုးတွေ ရောင်စုံမီးပွင့်တွေ ဆင်သူဆင်နှင့် တက်ညီလက်ညီရှိနေ၏။ အားလုံးထဲမှာ ကိုကိုဝိုင်းကလည်း ဝင်ကူကာ လိုအပ်တာကို စီစဉ်ပေးနေခဲ့သည်။

ညနေသုံးနာရီထိုးတဲ့အထိ ဇွန်ပေါ်မလာတော့ ဒေါ်(လ်)စိတ်ကလေးတိုချင်လာမိ၏။ တကယ်ဆို ဇွန်အစောကြီးကတည်းက ကြိုရောက်သင့်တာပါ။ ဒေါ်(လ်)အနားမှာ တကယ်တမ်းရှိနေသင့်တာ ဇွန်ပဲလေ။ အခုတော့ ကိုကိုဝိုင်းသာ ရှိနေခဲ့သည်။

ဒေါ်(လ်)စိတ်မရှည်နိုင်တော့သည့်အဆုံး ဇွန့်ရဲ့ဟန်းဖုန်းလေးကို ဆက်ကြည့်တော့ ဇွန်ဖုန်းပိတ်ထားသည်။

"သမီးလေး ဒေါ်(လ်) ပြင်ဆင်တော့လေ ဧည့်သည်တွေမလာခင် သမီးဘက်က အဆင်သင့်ဖြစ်နေမှပေါ့"

ဒေါ်ဒေါ်လေးကွန့်သတိပေးမှ ဒေါ်(လ်)ရေချိုးခန်းဘက်ထွက်ခဲ့၏။ သော့ပိတ်ထားသော မမအောင်ကြင်းအခန်းရှေ့ရောက်မှ မမအောင်ကြင်း ပြန်မလာသေးတာကို ဒေါ်(လ်)သတိရ၏။

သံဃာတော်တွေကို မနက်ဦးက ဆွမ်းကပ်ပြီးတော့ မမအောင်ကြင်းအရေးကြီးကိစ္စရှိသည်ဆိုကာ အပြင်ထွက်သွားခဲ့၏။ ညနေအမီပြန်လာမည်ဟု ပြောသွားပေမယ့် အခုထိ ပြန်မရောက်သေးပါ။

ဒေါ်(လ်)ရဲ့မွေးနေ့ပွဲရက်မှာ ရှိစေချင်သောသူနှစ်ယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိမနေခြင်းအတွက် ဒေါ်(လ်)မကြည်မလင်လေးဖြစ်နေတာအမှန်။

ရေမိုးချိုးပြီး ဒေါ်(လ်)အခန်းထဲမှာ အဝတ်အစားလဲလှယ်နေလိုက်၏။ ကိုကိုဒိုင်းနှင့်ဒေါ်လေးကွန့်တို့က မိတ်ကပ်ပြင်ဆရာဟာဖို့ ပြောပေမယ့် ဒေါ်(လ်)ငြင်းခဲ့သည်။

ထိုင်ခုံမှာ တစ်နာရီလောက်ထိုင်ကာ အနုစိပ်ချယ်မှုန်းပြင်ပေးနေတာကို ဒေါ်(လ်)စိတ်ညစ်လွန်းတာမို့ ဖြစ်၏။ ပြီးတော့ ဒေါ်(လ်)ကိုယ်တိုင်က အလှပြင်တာကိုဝါသနာပါလှတာ မဟုတ်မို့။

မွေးနေ့ပွဲမို့ ဒေါ်(လ်)မျက်နှာပြောင်ကြီးမသင့်တော်ဟု တွေးမိ၏။ ဝယ်ပြီးမသုံးဖြစ်တာ များသော အလှပြင်ပစ္စည်းတွေ ထုတ်ကာ ဒေါ်(လ်)ကိုယ်[illegible]ဆင်နေလိုက်သည်။

[illegible]းတော့ မွေးနေ့အတွက် ရည်ရွယ်ကာ ချုပ်ထားသော အဖြူရောင်ဂါဝန်[illegible] ထုတ်ဝတ်ဆင်လိုက်၏။

ဒေါ်(လ်)ရဲ့ ကိုယ်လုံးကျစ်ကျစ်လေးကို တိုင်းချုပ်ထားသော နစ်တပ်ဂါ[illegible]ဒေါ်လေးကွန့်စိတ်တိုင်းကျ စိစဉ်ရွေးချယ်ပေးသော ဝတ်စုံဖြစ်သည်။

"လှလိုက်တာသမီးလေးရယ် စိန်လက်ဝတ်ရတနာတွေ ထုတ်ဆင်လိုက်ရင် လိုက်ဖက်သွားပြီ"

ဒေါ်လေးကွန့်က စိန်ရတနာတွေ စုံလင်အောင်ပါသော ရတနာဘူးလေးကို ထုတ်ယူလာရင်း ချီးကျူး၏။





"အများကြီး မဝတ်ချင်ဘူးနော် ဒေါ်လေးကွန့်"

"ဒေါ်လေးကွန့် သမီးလေးစိတ်ကို သိတာပေါ့. ဟောဒီ စိန်ပွင့်ဆွဲကြိုးလေးနဲ့ စိန်နားကပ်၊ စိန်လက်စွပ်နဲ့ လက်ကောက်တစ်ရံဆိုရင် ပြည့်စုံပြီပေါ့"

ဒေါ်(လ်)ကိုလှပဝတ်စားစေချင်သော ဒေါ်လေးကွန့် အစီအမံကို မငြင်းလိုတာမို့ ငြိမ်သက်နေလိုက်ရ၏။ ဒေါ်လေးကွန့်က ရတနာတွေ ဒေါ်(လ်)ခန္ဓာကိုယ်လေးမှာ ကိုယ်တိုင်ဆင်မြန်းပေးသည်။

"မမအင်ကြင်း ပြန်ရောက်ပြီလား ဒေါ်လေး"

"စောစောက ပြန်လာတာတွေ့လိုက်တယ် ခုလောက်ဆို ရေမိုးချိုးပြင်ဆင်နေပြီပေါ့ သမီးပွဲမှာ သူဘယ်လောက်ပြင်ဆင်လာမလဲစောင့်ကြည့် အလှအပကြိုက်တဲ့နေရာမှာတော့စံပဲ"

ဒေါ်လေးကွန့်ကတော့ ထုံးစံအတိုင်း မမအင်ကြင်းကို ပြောဆိုနေပြန်သည်။ ထိုအခိုက်မှာပဲ အခန်းထဲကို မအေးဝင်လာ၏။

"ဒေါ်ကြီးကြူးကွန့်ကို ကိုကိုကြီးမေးနေတယ် ဟိုတယ်ကမှာထားတဲ့ အစားအသောက်တွေ ရပြီတဲ့ ပြင်ဆင်ပေးမလို့ ကြီးကြီးကွန့်လာခဲ့ပါဦးတဲ့"

"ဟေ အေးအေး ဒီမှာ နှင့်မမလေးကို လိုအပ်တာကူညီပေးလိုက်စမ်း"

ဒေါ်လေးကွန့် ကသောကမျောထွက်သွား၏။ မိအေးကိုဒေါ်(လ်)



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်ရင်း

"ဇုန် ရောက်လာတာတွေ့မိသလား မအေး"

"စောစောကလေးပဲ ရောက်တယ် နောက်ကျနေလို့ ကိုကိုကြီး ဆူနေတော့ မျက်နှာကြီး ညှိုပုပ်နေတာပဲ အဟင်း"

မအေးစကားကြောင့် ဒေါ်(လ်)စိုးရိမ်သွားပေမယ့် ဇုန်ရောက်လာပြီမို့ ပူပန်သော အပူလေးတစ်ခုတော့ လျော့ပါးသွားရသည်။

"ကဲ ဒေါ်(လ်) ပြီးနေပြီ မအေး ဒေါ်လေးတို့နဲ့ သွားကူလိုက်နော်"

ဒေါ်(လ်)ပြောလိုက်တော့မှ မအေးခေါင်းကလေးညိတ်ကာ ထွက်သွား၏။ မှန်ထဲမှာ မြင်နေရသော ပုံရိပ်လေးကို ဒေါ်(လ်)ကြည့်လိုက်မိ၏။

ကြွကြွလေးလှပနေသော ဝတ်စုံလေးနှင့်ဒေါ်(လ်)ကိုမြင်လျှင် ဇုန်ဘာပြောဦးမည်မသိ။ မကြားရတာကြာပြီဖြစ်သော ဇုန်ရဲ့စကားသံလေးတွေ ဒေါ်(လ်)နားထောင်ချင်လိုက်တာ။

အခန်းထဲကထွက်ခဲ့စဉ်မှာပဲ ရေချိုးခန်းကပြန်လာဟန်တူသော မမအင်ကြင်းနှင့်ရင်ဆိုင်တိုး၏။

"မမအင်ကြင်းကလည်း နောက်ကျလိုက်တာ အလှဆုံးလေး ပြင်နော် မမလိုချင်တဲ့ လက်ဝတ်ရတနာပြော ပတ္တမြားလား ကျောက်စိမ်းလား ဒေါ်(လ်)မှာအကုန်ရှိပါတယ်"





မမအင်ကြင်း ဒေါ်(လ်)ကိုငေးငေးလေးကြည့်ရင်း ပြုံးသည့် အပြုံးတွေက အသက်မဲ့နေသလိုပါပဲလား။

"ပြောလေ မမအင်ကြင်း မမအင်ကြင်းဘာဆင်မှာလဲ"

"အင်ကြင်းက ရတနာဆိုရင် စိန်မှကြိုက်တာဒေါ်(လ်)ရဲ့"

"ဟင်"

ဒေါ်(လ်)ပြင်ဆင်ထားတာကြည့်ပြီး မမအင်ကြင်းနောက်ပြောင်တာလား ဒေါ်(လ်)စဉ်းစားရခက်ခက်ပါပဲ၊ ဒေါ်(လ်)နှုတ်ကလေး ဆွံ့အပြီး မင်သက်နေမှ မမအင်ကြင်း ဟက်ခနဲရယ်ရင်း

"နောက်တာပါ ဒေါ်(လ်)ရယ် ဒီပွဲကဒေါ်(လ်)ရဲ့ပွဲပဲ မမအတွက် ဘာမှမလိုပါဘူး မမပြီးရင်လာခဲ့မယ်ဟုတ်လား ကဲသွားတော့ ခဏကြာရင် ဧည့်ပရိသတ်တွေ ရောက်လာတော့မှာ"

ရယ်ရယ်မောမောစကားကိုကြားမှပဲ နောက်ပြောင်တာဟု ဒေါ်(လ်) နားလည်သိုက်၏။ ပျောက်ဆုံးသွားသော အပြုံးလေးတွေလည်း ဒေါ်(လ်)မျက်နှာလေးမှာ ပြန်အရိပ်ထင်လာ၏။

"ဒေါ်(လ်) လှရဲ့လားဟင် မမအင်ကြင်း"

"သိပ်လှပါတယ် ပြီးတော့ ဒေါ်(လ်)က သိပ်ကံကောင်းပါတယ် ကွယ်"

မမအင်ကြင်း ဘာကိုဆိုလိုတာလဲ ဒေါ်(လ်)မစဉ်းစားတတ်ပါ။ သေချာသည်ကတော့ မမအင်ကြင်းစကားတွေအားလုံး မှန်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်(လ်)ထင်၏။

ဒေါ်(လ်)တကယ်ကို ကံကောင်းခဲ့တာပဲလေ။

ညနေခင်းထဲမှာ ငုတ်တုပ်ထိုင်နေသော ဇုန်ကိုမြင်လိုက်ရတော့ ဒေါ်(လ်)အံ့ဩသွားသည်။

"ဇုန် ဒီမှာဘာလုပ်နေတာလဲ"

မော့ကြည့်သော ဇုန်မျက်နှာလေးက တည်ငြိမ်လွန်းနေ၏။ ဒေါ်(လ်)နှင့် ဆုံတိုင်းအပြုံးရိပ်တို့ လက်ဖြာတတ်သည့် မျက်ဝန်းတွေ ဇုန့်ဆီမှာ ပျောက်ဆုံးနေခဲ့သည်။

"ဇုန် ဘာဖြစ်နေတာလဲဟင်"

"ဘာမှ မဖြစ်ပါဘူး ဒေါ်(လ်)"

"ဘာလဲ ကိုကိုဝိုင်း ဆူနေလို့ဆို အတင်း ကိုကိုဝိုင်းက ဇုန့်ကို မနက်ကတည်းက ရှိစေချင်နေတာ"

"ဆောရီးဒေါ်(လ်) အဲ့ဒီအတွက် ကိုယ်တောင်းပန်ပါတယ်"

"တောင်းပန်စရာမလိုပါဘူး ဇုန်ရယ် ဇုန်အခုရောက်လာပြီပဲ ဒေါ်(လ်)ကျေနပ်တယ် ဝမ်းသာတယ်"

ဇုန် မျက်ဝန်းလေးတွေ တောက်ပလာ၏။ အပြုံးရိပ်တို့ ယှက်သန်းလာသော မျက်ဝန်းတွေကိုကြည့်ကာ ဒေါ်(လ်)ရင်ခုန်သံတွေ လှိုက်ဖိုချင်လာသည်။

"ဟက်ပြီး ဘတ်သ်ဒေးပါ ဒေါ်(လ်)"





"ကျေးဇူးတင်ပါတယ် ဇုန်ရယ်"

"ဒေါ်(လ်) မွေးနေ့အတွက် လက်ဆောင်ကိုတော့ နောက်ကျမှ ကိုယ်စီစဉ်ပေးတော့မယ်နော် ကိုယ်အလုပ်တွေသိပ်ရှုပ်နေလို့"

"ဇုန်ရယ် မလိုအပ်ပါဘူးကွယ် ဒေါ်(လ်) ဇုန့်ကိုနားလည်ပါတယ် ဇုန်အလုပ်တွေ ကြိုးစားနေတာ ဒေါ်(လ်)ကိုချစ်လို့ပဲလေ အဲ့ဒါကို လက်ဆောင်တစ်ခုအဖြစ် ဒေါ်(လ်)သတ်မှတ်ထားတယ်လေ"

ဇုန့်နှုတ်ခမ်းတွေပြုံးကာ အကြည့်တို့လွှဲဖယ်၏။ ဇုန့်မျက်ဝန်းတွေကို လိုက်ကြည့်နေမိသော ဒေါ်(လ်) ဇုန့်ရဲ့ ပြောင်းလဲသွားသော အရိပ်တို့ကြောင့် ဇုန့်အကြည့် ဦးတည်ရာကိုလှမ်းကြည့်မိတုန်း။

မမ အင်ကြင်း။

အနက်ရောင် ပိုးသားဝတ်စုံလေးနှင့် မမအင်ကြင်း အလှက ထင်းနေ၏။ ညိုချောချောသော မျက်နှာလေးမှာ တင်ထားသော မိတ်ကပ် နုနုလေးက မှုန်ညက်နေသည်။

နှုတ်ခမ်းပြည့်ပြည့်လေးက မရမ်းရောင်လေးခြယ်သထားသည်။

ကျော့ရှင်းသော လည်တိုင်လေးမှာ ပလက်တီနမ်ဆွဲကြိုးသေး သေးမျှင်မျှင်လေးပဲ ဆင်ယင်ထားသည်။ ဖန်စီနားကပ်လေးက မရမ်းရောင်ခြယ်ထားသောနှုတ်ခမ်းလေးနှင့်လိုက်ဖက်ညီနေအောင် မမ အင်ကြင်းက ရွေးချယ်တတ်သည်။

"မမအင်ကြင်း သိပ်လှတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟက်ပီး ဘတ်သ်ဒေးပါ ဒေါ်(လ်)လေးရယ် အဟင်း ဇုန်နဲ့တို့က တိုင်ပင်မထားဘဲနဲ့ ဝတ်စုံလာတူနေတာကိုး အဟင်း"

မမအင်ကြင်းဆိုမှ ဒေါ်(လ်)ဇုန့်ကိုကြည့်မိတော့၏။ ဟုတ်ပါရဲ့ ဇုန်ဝတ်ထားသည့် အနက်ရောင်ကုတ်နှင့် ဘောင်းဘီနက်၊ အညိုနုရောင်ရှပ်အင်္ကျီအပေါ်က နက်ကတိုင်ကလည်း အနက်ရောင်။

"တိုက်ဆိုင်လိုက်တာ ဇုန်ဝတ်ထားတာက အနက်ရောင်ဝမ်းဆက်ကိုး၊ အဟင်း ဟင်း"

ဒေါ်(လ်) သဘောကျစွာ ရယ်မောလိုက်ပေမယ့် ဇုန်မျက်စိမျက်နှာပျက်နှင့်ဆံနွယ်တွေကို အကြောင်းမဲ့ သပ်တင်နေပြန်၏။

"ကဲ မမအင်ကြင်း ညှော်ခံပွဲထဲမှာပဲ ရှိမယ်နော် ဒေါ်(လ်)"

"ဒေါ်(လ်)တို့လည်း အခုပဲ သွားကြမလို့ အတူသွားရအောင် မမအင်ကြင်း ဇုန် လိုက်ခဲ့လေ"

ဇုန့် လက်ကလေးကိုတွဲကာ ဒေါ်(လ်)မမအင်ကြင်းနှင့် ယှဉ်တွဲထွက်ခဲ့၏။ ညှော်ခံပွဲကျင်းပရာ မြက်ခင်းလွင်ပြင်ကျယ်ကြီးထဲမှာ ပြင်ဆင်ထားသော စားပွဲဝိုင်းတွေက ညီညာစီတန်းလျက်။

ဘူဖေးစနစ်နှင့် စိတ်ကြိုက်သုံးဆောင်နိုင်မည့် ဟင်းလျာတွေက စားပွဲရှည်ကြီးတွေပေါ်မှာ ပူပူနွေးနွေးအသင့်။

ရောင်စုံဆလိုက်မီးပွင့်များ မီးလုံးလေးတွေက ခြံထဲက သစ်ပင်လေးတွေမှာ အလှပန်းအိုးတွေမှာ ပြင်ဆင်ထားသည်။





"ဇုန်ရဲ့အစ်ကို ဇိုင်းကတော့ နာမည်နဲ့လိုက်အောင် အဆင်ဒီဇိုင်းဆင်ထားတာတော့ တော်တယ်"

မမအင်ကြင်းစကားကို ဒေါ်(လ်)လည်း ခေါင်းကလေးညိတ်လိုထောက်ခံမိသည်။ ဒေါ်(လ်)မွေးနေ့ပွဲလေးကို ကိုကိုဇိုင်း စိတ်တိုင်းကျပြင်ဆင်ထားခဲ့ခြင်းလေ။

"ဟယ် ကြည့်စမ်းပါဦး ဒေါ်(လ်)"

"ဘာလဲဟင် မမအင်ကြင်း"

"ဒေါ်(လ်)ရဲ့ ကိုကိုဇိုင်းဝတ်ထားတဲ့ ဖက်ရှင်ဝတ်စုံက ဒေါ်(လ်)လေးနဲ့များ တိုင်ပင်ချုပ်ထားသလားလို့"

မမအင်ကြင်းစကားကြောင့် ဒေါ်(လ်)ဟိုတယ်ဝန်ထမ်းတွေကြားမှာ ရပ်ရင်း ဘာတွေမှာကြားနေသည်မသိသော ကိုကိုဇိုင်းကြည့်မိသည်။

အဖြူရောင်ကုတ်နှင့် အဖြူရောင်ဘောင်းဘီကို ဝတ်ဆင်ထားသော ကိုကိုဇိုင်း၏ အောက်ခံရှပ်အင်္ကျီက အပြာရောင်လွင်လွင်ကလေး။

နက်ကတိုင်က အနီစင်းနှင့်မို့ အားလုံးထဲမှာ ထင်ရှားနေ၏။

"အံ့ဩနေတာလား ဒေါ်(လ်)ရဲ့ အဟင်း တိုက်ဆိုင်မှုမှုဟုတ်ရဲ့လား"

"တိုက်ဆိုင်လွန်းလို့ ဒေါ်(လ်)အံ့ဩနေတာ မမအင်ကြင်းရဲ့ ဒေါ်(လ်)ဝတ်စုံလေးကို ခေါ်လေးကွန့် စီစဉ်ပေးထားတာ ဒေါ်(လ်) တောင်



www.burmeseclassic.com

www.burmeseclassic.com



နီးမှ သိရတာ"

"ဟုတ်လား ဒါဆို ကိုကိုငိုင်းဝတ်စုံကိုကော ဒေါ်လေးစီစဉ်ပေးသလားမေးကြည့်မှထင်တယ် အဟင်း ဟင်း"

အင်ကြင်းမြူးမြူးလေးဆိုနေတာကို ဒေါ်(လ်)ကတော့ တအံ့တသြလေးတောင် သဘောကျနေမိသေး၏။

အားလုံးက မရည်ရွယ်ဘဲ တိုက်ဆိုင်နေခဲ့တာဟု ဒေါ်(လ်) အကြွင်းမဲ့ယုံနေမိပေမယ့် အင်ကြင်းကတော့ သိနေခဲ့ပါသည်။

ဒေါ်(လ်)မွေးနေ့ပွဲ မလာခင်လေးကပဲ ဇုန်ကို အနက်ရောင်ဝတ်စုံဝတ်ဖို့ အင်ကြင်းတိုက်တွန်းခဲ့တာလေ။ တမင် ဇုန်ဝတ်စုံနဲ့တူတဲ့ဖက်ရှင်ကို အင်ကြင်းဆင်လာမှန်း ဇုန်လည်း သိမှာပါ။

ဒေါ်(လ်)မျက်နှာလေးက အပြစ်ကင်းစင်သူမို့ ရိုးသားစွာ ပြုံးနေ... လေလေ ဇုန်မှာတော့ မျက်စိမျက်နှာပျက်နှင့် နေရခက်ခက်ဖြစ်နေရ...

မမအင်ကြင်း ဘာလို့ ဒီလိုကြံစည်ရတာလဲ။

ဇုန် မတွေးတတ်တော့ပါ။

■ ■ ■





အခန်း (၂၅)

ညနေလေးနာရီလောက်က စခဲ့သော ညှော်ခံပွဲလေးက ခုနစ်...ရီကျော်မှပဲ ညှော်ပရိသတ် ရှင်းလင်းပြီးဆုံးသွားခဲ့သည်။

"ဒေါ်(လ်)လေး ပင်ပန်းနေပြီလား"

လူသူရှင်းလင်း တိတ်ဆိတ်သွားသော စားပွဲတစ်လုံးမှာ ငေးရီရီ...လး ထိုင်နေသည့် ဒေါ်(လ်)ကို ငိုင်းကမေးသည်။

ဒေါ်(လ်) အပြုံးယဲ့ယဲ့လေးနှင့် ခေါင်းကလေးကို ခါရမ်းပြရင်း

"ပင်ပန်းတယ်တော့ မဟုတ်ပါဘူး ကိုကိုငိုင်းရဲ့ ညှော်ပရိသတ်...တွေကို နှုတ်ဆက်ပြုံးပြရတာနဲ့ ဒေါ်(လ်)ပါးစပ်တွေ ညောင်းကုန်တာ...င်း ဟင်း"

အရယ်လေးစွက်ကာ ဒေါ်(လ်)ပြောတော့ ငိုင်းသဘောကျစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရယ်ပြီးမှ

"ဒေါ်(လ်)ကိုခင်လို့ မင်လို့ လာကြတဲ့သူတွေက အများကြီးကိုး မွေးနေ့လက်ဆောင်တွေလည်း အများကြီးပဲကွ မနက်ကျမှ ဒေါ်(လ်) လေး 'တစ်ခုချင်းဖောက်ကြည့်တော့နော်"

"အင်း ကိုကိုဗိုင်းပြန်တော့မှာလား"

"ခြံထဲက သိမ်းဆည်းစရာတွေကို အလုပ်သမားတွေ သိမ်းဆည်းပြီးရင် ပြန်တော့မယ် ဒေါ်(လ်) အိမ်ထဲဝင်နားချင်နားတော့ လေ အဲ နေဦး ကိုယ်ဒေါ်(လ်)ကို လက်ဆောင်ပေးရဦးမယ်"

ဗိုင်းပြောရင်း ကုတ်အင်္ကျီအိတ်ထဲကို လက်နှိုက်ယူ၏။ ဗိုင်းလက်ထဲမှာပါလာသည်က အနက်ရောင် ကတ္တီပါ ဘူးလေးဖြစ်သည်။

"ရော့ ဒေါ်(လ်)မွေးနေ့အတွက် ကိုယ်အသေအချာအပ်ပြီး ကြိုတင်စီစဉ်ထားတာ"

"ဘာ လက်ဆောင်လဲဟင် ကိုကိုဗိုင်း"

ဒေါ်(လ်)မျက်ဝန်းလေးတွေ ဝင်းလက်တောက်ပစွာနှင့်မေး သည်။ ဗိုင်းကလည်း တည်ငြိမ်လျှို့ဝှက်သော အပြုံးလေးပြုံး၏။

"ဒေါ်(လ်)ကိုယ်တိုင်ဖွင့်ကြည့်လေကွာ"

ဗိုင်းကမ်းပေးနေသော ကတ္တီပါဘူးလေးကို ဒေါ်(လ်)လှမ်းယူ သည်။ အနက်ရောင်ကတ္တီပါဘူးလေးမှာ ချည်နှောင်ထားသော ပိုးဖဲကြိုးဖြူ လေးကို ဒေါ်(လ်)ဖြူသွယ်သောလက်ချောင်းလေးတွေနှင့်ဖြုတ်သည်။





သိချင်စိတ်ဖြင့် မျက်တောင်မခတ်ဘဲ ငေးစိုက်နေသော ဒေါ်(လ်)မျက်နှာလေးကို ဗိုင်း တစိမ့်စိမ့်ငေးကြည့်နေမိ၏။

ကတ္တီပါဘူးလေးကို ဒေါ်(လ်)ဖွင့်လိုက်သည်။

"ဟယ် "

အနက်ရောင်အောက်ခံပေါ်မှာ ကျောက်ပွင့်လေးတွေ မြား သဏ္ဍာန်စီခြယ်ထားသော ရင်ထိုးလေးကို ဒေါ်(လ်)ပါးစပ်လေးအ ဟောင်းသားကြည့်နေ၏။

"လှလိုက်တာ ကိုကိုဗိုင်းရယ်"

"ဒေါ်(လ်)ကိုပေးဖို့အတွက် ကိုယ်ကြိုတင်အပ်ထားခဲ့တာလေ ကျောက်ပွင့်လေးတွေက စိန်အစစ်တွေ ပလက်တီနမ်နဲ့ကွပ်ထားတာ လေ"

ဒေါ်(လ်)မျက်ဝန်းလေးတွေ တလက်လက်တောက်ပလို့ ရင်ထိုးလေးကို ငေးကြည့်နေသည်။ ပြီးမှ ငုံ့ကြည့်နေသော ဗိုင်းကို ဒေါ်(လ်)တအံ့တသြလေးမော့ကြည့်ရင်း

"ဘာလို့ ဒီ ော ာက်တန်ဖိုးကြီးဝယ်ပေးရတာလဲ ကိုကိုဗိုင်း ရယ်"

ဒေါ်(လ်)ကိုင်ထားသော ကတ္တီပါဘူးလေးထဲက ရင်ထိုးလေး ကို ဗိုင်းလှမ်းယူရင်းပြုံးသည်။

"ဒေါ်(လ်)အတွက် မှတ်မှတ်ရရလေးပေးချင်လို့ ကိုယ်စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါကွာ ဒီရင်ထိုးလေးရဲ့တန်ဖိုးထက် ကိုယ့်ရဲ့စေတနာက ဒေါ်(လ်)အပေါ်ပိုပြီး ကြီးမားတယ်ဆိုတာ ဒေါ်(လ်)ယုံပါ"

"ကိုကိုဂိုင်းရယ် ဒေါ်(လ်)ယုံပါတယ် အကြွင်းမဲ့ကိုယုံပါတယ် ဒီလက်ဆောင်လေးကို ဒေါ်(လ်)တမြတ်တနိုးသိမ်းထားမှာပါ"

"သိမ်းထားဖို့ ပေးတာမဟုတ်ဘူးလေကွာ ဒေါ်(လ်)ရင်မှာ လှလှပပလေး ဆင်မြန်းထားဖို့ ပေးတာ ကဲ ကိုယ်ဆင်ပေးမယ်နော်"

ရင်ထိုးလေးကိုယူကာ ဂိုင်းကိုယ်တိုင် ဒေါ်(လ်)ရဲ့ ဘယ်ဘက် ရင်ညွန့်ထက်မှာ တပ်ဆင်ပေးလိုက်သည်။

အမြူရောင်ဝတ်စုံလေးနှင့် စိန်ပွင့်ရင်ထိုးလေးက လိုက်ဖက်ညီစွာ တင့်တယ်နေသည်။

ခြံဝင်းထဲက ဝင်းလက်နေသော ရောင်စုံမီးများနှင့်အပြိုင် စိန်ပွင့်လေးတွေက တလက်လက်ဝင်းပတောက်ပြောင်လို့ရှိသည်။

ဒေါ်(လ်)ရင်ကလေး ချီကာ စိန်ပွင့်ရင်ထိုးလေးကို ငုံ့ကြည့်၏။

"ဒေါ်(လ်)သဘောကျတယ် မဟုတ်လား"

"သိပ်ကြိုက်တာပေါ့ ကိုကိုဂိုင်းရယ်"

ဒေါ်(လ်)မျက်နှာကလေးက ရွှင်မြူးရိပ်ဖြင့် ဝင်းပနေသည်။ စိန်ပွင့်လေးတွေနှင့်အပြိုင် ဝင်းလက်တောက်ပနေသော ဒေါ်(လ်) မျက်ဝန်းလေးတွေကို ဂိုင်းငေးစိုက်ကြည့်ကာ ကြည်ကြည်နူးနူးပြုံးနေသည်။





"ဟင် ဇုန် လာလေ"

ဂိုင်းအနောက်ကို ကျော်လှမ်းကြည့်ပြီး ဒေါ်(လ်)ခေါ်လိုက်သောအသံလေးကိုကြားမှ ဂိုင်းလှည့်ကြည့်မိသည်။

အမှောင်ရိပ်ကျသော ထင်းရှူးပင်ရိပ်လေးမှာ ရပ်ကြည့်နေသော ဇုန်ကိုတွေ့လိုက်ရသည်။

"ဇုန် လာလေကွာ ကိုကိုက မင်းပြန်သွားပြီထင်တာ"

"ပြန်တော့မလို့ပဲ ဒေါ်(လ်)ကိုနှုတ်ဆက်ဖို့လာတာ ဇုန့်ကြောင့် အနှောင့်အယှက်တော့ မဖြစ်ပါဘူးနော်"

"ဟာ မင်းဘာယ်လိုပြောလိုက်တာလဲ"

ဂိုင်းမျက်နှာရဲရဲနီသွားသလို ဒေါ်(လ်)လည်း မျက်မှောင်ကလေး တွန့်ကုပ်သွားသည်။

"ဇုန် ဘာပြောတာလဲ ဇုန့်စကားအဓိပ္ပာယ်က "

"ဆောရီးဒေါ်(လ်) ဇုန်နောက်တာပါ ရင်ထိုးလေးက ကိုကိုလက်ဆောင်ပေးတာလား"

ဇုန့်မျက်ဝန်းတွေက ဒေါ်(လ်)ရင်ညွန့်ထက်မှာတလက်လက် တောက်ပနေသော စိန်ပွင့်ရင်ထိုးလေးကိုကြည့်ကာမေးလာ၏။ ဒေါ်(လ်) ခေါင်းကလေးညိတ်ကာ ကျေကျေနပ်နပ်ပြုံးရင်း

"ဟုတ်တယ်ဇုန်ရဲ့ ဒေါ်(လ်)မွေးနေ့အတွက် ကိုကိုဂိုင်းက ကြိုတင်စီစဉ်လုပ်ပေးထားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား အစော်တန်ဖိုးကြီးမှာပဲ စိန်ပွင့်တွေက ဖြာလဲ့နေတာပဲ ကိုကိုကတော့ တကယ်စိတ်ကူးကောင်းပါတယ် အင်း ဒေါ်(လ်)အတွက် ဇုန်လက်ဆောင်မယူလာမိတာ တော်သေးတယ် အခု ကိုကိုပေးသလောက် တန်ဖိုးကြီးကြီး မပေးနိုင်မှာသေချာတယ်"

"ဇုန်ပေးတဲ့လက်ဆောင်ကိုလည်း ဒေါ်(လ်)လိုချင်ပါတယ် တန်ဖိုးရှိရှိမရှိရှိ အမှတ်တရပေးတဲ့ မွေးနေ့လက်ဆောင်ပဲ ဒေါ်(လ်) တန်ဖိုးထားသိမ်းထားချင်တာပေါ့ ဇုန်ရဲ့"

ဇုန်အပြုံးလေးတွေက မထိတရိ မပွင့်တပွင့်နှုတ်ခမ်းစွန်းမှာ အရိပ်ထင်သည်။ ပြီးမှ ပခုံးတွန့်ပြီး ဒေါ်(လ်)ကိုကြည့်သည်။

"ဟုတ်ပါတယ် ဇုန်က ဒေါ်(လ်)အတွက် ကိုကို့လောက် ဂရုမစိုက် အလေးမထားသလိုဖြစ်ပြီး မေ့သွားလို့ပါ နောက်နှစ်မွေးနေ့တွေကျရင်တော့ သတိတရပေးတာပေါ့ ကဲ ကိုယ်ပြန်မယ်ဒေါ်(လ်)"

ဒေါ်(လ်)ဘာပြောရမှန်းမသိဖြစ်ကာ ခေါင်းကလေးညိတ်သည်။ ဇုန်က ဇိုင်းကိုနှုတ်ခမ်းလေးတွန့်ပြုံးကြည့်ရင်း

"ဇုန် ပြန်မယ်ကိုကို ကိုကိုမပြန်သေးဘူးမဟုတ်လား"

"ခဏနေရင် ပြန်မယ်ဇုန် အလုပ်သမားတွေ သိမ်းဆည်းနေတာပြီးလုပြီ ကိုကိုခဏစောင့်ပေးရဦးမယ်"

"ဒါဆို ဇုန်ပြန်နှင့်ပြီ ဒေါ်(လ်) ဇုန်သွားမယ်"

နှုတ်ဆက်ပြီး ဇုန် လှည့်ထွက်သွားသည်။





ဇုန်ရဲ့ ကားကြီးမြသဲက မောင်းထွက်သွားသည်အထိ ဒေါ်(လ်) တွေတွေလေးရပ်ကြည့်နေမိသဲ။

"ဒေါ်(လ်) ဇုန့်စကားကြောင့် စိတ်မကောင်းဖြစ်သွားသလား"

ဇိုင်းက ဒေါ်(လ်) မျက်နှာလေးကို ငေးကြည့်နေရင်း မေးသည်။ ဒေါ်(လ်)က ဇိုင်းကိုမော့ကြည့်ရင်း

"ဇုန့်ပြောသွားတာ စိတ်တော့မကောင်းဘူး ကိုကိုဇိုင်း ဒေါ်(လ်) အတွက် မွေးနေ့လက်ဆောင်ပေးဖို့ သူမေ့နေတာကို နားလည်ပါတယ် ဒါပေမဲ့"

ဒေါ်(လ်)အသံလေးတိမ်ဝင်သွား၏။ အပြုံးရိပ်တွေ ဖြာလဲ့နေသောမျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝိုင်းလာတာကြည့်ရင်း ဇိုင်းစိတ်မကောင်းနိုင်။

"ဇုန့် စကားတွေအတွက် မခံစားပါနဲ့ ဒေါ်(လ်)လေးရယ် ဒေါ်(လ်)ကိုလက်ဆောင်ပေဖို့ သူတကယ်မေ့သွာတာဖြစ်မှာပါ ဒီရက်တွေမှာ သူအလုပ်တွေအရမ်းများတာကိုယ်အသိဆုံးပါ"

ဇိုင်း ဖုံးဖုံးဖိဖိလေးနှင့်နှစ်သိမ့်သည်။ သည်တော့မှ ဒေါ်(လ်) ပင့်သက် ကလေးရှိုက်ကာ ခေါင်းညိတ်သည်။

"ဒေါ်(လ်) သွားနားလိုက်တော့နော် အရမ်းပင်ပန်းနေပြီ"

သူ့စကားကို ခေါင်းကလေးညိတ်နာခံကာ ဒေါ်(လ်)ထွက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငိုင်းပင့်သက်မောကို ရှိုက်ရင်း ထိုင်ခုံမှာ ထိုင်ချလိုက်မိ၏။ ဇုန်ဆိုသွားခဲ့သော စကားတွေအတွက် ရင်ထဲမှာတော့ အခုထိ မတင်မကျဖြစ်နေရသည်။

ဒေါ်(လ်)အပေါ်ဇုန့်ရဲ့ သက်ဆံမှုတွေ ပြောင်းလဲနေတာတော့ သေချာ၏။ တစ်ခါတစ်ရံမှာ ဒေါ်(လ်)ကိုတမင်ရှောင်နေသည်ဟုတောင် သူထင်မိပါသည်။

ဇုန်ဘာတွေဖြစ်နေတာလဲ။ ဒေါ်(လ်)အပေါ်ဘာကြောင့် ဒီလိုပြုမူဆက်ဆံနေရတာလဲ။

ဒေါ်(လ်)ကို ချစ်သည်။ လက်ထပ်မည်ဆိုသော ဇုန်သည်။

ပြောင်းလဲနေတာတော့ အမှန်။

ဖြူစင်နုနယ်လှတဲ့ ဒေါ်(လ်)ရဲ့ နှလုံးသားလေးကိုတော့ မင်းမကစားပါနဲ့ ဇုန်ရယ်။

◼ ◼ ◼



## အခန်း (၂၆)

"ဘာ မင်းဘာပြောတယ် ဇုန်"

အုလန်တကြား အော်ဟစ်သံနှင့်အတူ ညော့ခန်းဆိုဖာမှ ဝုန်းခနဲထရပ်လိုက်သော ကိုကို့ကို ဇုန်အပြုံးမပျက်ဘဲ ငေးစိုက်ကြည့်နေမိ၏။

"မင်း မင်း ကွာ"

"ဇုန် စကားဘာမှားသွားသလဲ ကိုကို မေးသင့်တဲ့မေးခွန်းကို မေးတာပါ အမှန်ဆို မွေးနေ့ညကတည်းက ဒေါ်(လ်)ရှေ့မှာမေးမလို့"

"ဟော့ကောင် မင်းပါးစပ်ပိတ်ထား"

"ဘာလို့ ဒီလောက်ဒေါသကြီးနေတာလဲ ဒေါ်(လ်)ကို ကိုကို ချစ်နေသလားမေးမိတာလောက်နဲ့ ရှုးရှုးရားရားဖြစ်စရာမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း စကားကဘာလဲ ဇုန် ဒေါ်(လ်)နဲ့မင်းလက်ထပ်မယ်လို့ မင်း ငါ့ကိုဖွင့်ပြောတယ် ပြီးတော့ မင်းဒီရက်တွေမှာ ဒေါ်(လ်)ကိုဆက်ဆံနေပုံတွေက မဟုတ်ဘူး"

"ကျွန်တော့်စိတ်နဲ့ကျွန်တော်လုပ်နေတာတွေကို ကိုကိုတာလို့ ဝေဖန်နေတာလဲ ဒေါ်(လ်)ကို ကျွန်တော် လက်ထပ်မယ်ပြောခဲ့တာပဲရှိတယ် တကယ် လက်ထပ်တာမထပ်တာ ကျွန်တော့်ကိစ္စပဲ"

"ဟော့ကောင် မင်းဒီလိုလုပ်လို့ရမလား အဲ့ဒါ မင်းဒေါ်(လ်)ကို သက်သက်ဒုက္ခပေးတာပဲ"

"ဒေါ်(လ်)ကို ကျွန်တော် ဘာမှဒုက္ခမပေးခဲ့ဘူး"

"မင်း ဒေါ်(လ်)ကို လက်ထပ်ဖို့ခွင့်တောင်းခဲ့တယ် အင်္ဂလန်မသွားခင်ကတည်းက ချစ်ခွင့်ပန်တယ် ဟိုရောက်တော့လည်း စာတွေမပြတ်ရေးခဲ့တယ် ပြန်ရောက်တော့လည်း အမြန်ဆုံးလက်ထပ်မယ်ဆိုကွ"

ဇိုင်း ရှုးရှူးရှားရှားဖြစ်နေတာကြည့်ရင်း ဇုန် ပခုံးတွန့်ကာပြုံးမိသည်။ ဒေါသနှင့်ရှက်စိတ်မွှန်နေသော ကိုကို မျက်ဝန်းတွေထဲမှာ ဘာတွေရှိနေသလဲ။

ဇုန် သိထားခဲ့တာကြာပြီ။

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောမယ် ကိုကို ကျွန်တော့်စကားတွေဆုံးအောင် ကိုကို နားထောင်ပေးပါ"





"ပြော မင်းဘာပြောမှာလဲ"

"ဒေါ်(လ်)ကို ကျွန်တော်အင်္ဂလန်မသွားခင်တစ်ရက်က ချစ်တယ်လို့ပြောခဲ့တယ် လွန်ခဲ့တဲ့လေးနှစ်ကျော်ကပေါ့ ဒေါ်(လ်)ကော ကျွန်တော်ပါ ဆယ်ကျော်သက်အရွယ်ပဲရှိဦးမယ် ဒေါ်(လ်)ကိုကျွန်တော် သံယောဇဉ်ရှိတယ် ပြီးတော့ ဒေါ်(လ်)ကချစ်စရာကောင်းတယ် ဒါကြောင့် ချစ်တယ်ပြောခဲ့တာ ဒါပေမဲ့ အချစ်ဆိုတာ ကျွန်တော် ဘာမှမသိသေးဘူး"

"မင်း ဒီလိုမပြောနဲ့ ဒေါ်(လ်)က မင်းကိုတကယ် သစ္စာရှိရှိ ချစ်ခဲ့တာ"

"အဲ့ဒါ ဒေါ်(လ်)အပိုင်းပါ ကျွန်တော်အင်္ဂလန်မှာရှိနေတဲ့ကာလတွေမှာလည်း ချစ်သူတွေအဖော်တွေထားခဲ့တာပဲ"

"ဟင်"

"ဘယ်သူ့ကိုမှ မချစ်တတ်ခဲ့ဘူး ပြီးတော့ အင်္ဂလန်မှာ ကျွန်တော်မပျော်ဘူးကိုကို မြန်မာပြည်ကိုပဲ ပြန်ချင်ခဲ့တယ် ဒေါ်(လ်) ရွှေအိမ်စည်နဲ့ပတ်သက်သမျှ အမွေဆက်ခံလိုက်ပြီဆိုတော့ ကျွန်တော် ဒေါ်(လ်)ကိုလက်ထပ်ရင် အားလုံးအဆင်ပြေမယ်လို့ တွက်မိတယ် ပွင့်ပွင့်လင်းလင်းပြောရရင် ဒေါ်(လ်)ရဲ့ပိုင်ဆိုင်မှုတွေက ကျွန်တော့်ကို ဖမ်းစားခဲ့တာပဲ"

"ဇုန် မင်း မင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကိုကို့ကို ပွင့်ပွင့်လင်းလင်းပြောပြနေတာနော် ကိုကိုဆုံးအောင်နားထောင်ပေးပါ ပြီးမှ ကြိုက်သလိုပြောနိုင်တယ်"

ဗိုင်း အံကိုတင်းတင်းကြိတ်ကာ ထိုင်ခုံမှာ ပြန်ထိုင်၏။ ဇုန့် မျက်ဝန်းတွေက တည်တည်ငြိမ်ငြိမ်နှင့်ပဲ စကားကိုဆက်ပြောသည်။

"ဒေါ်(လ်)ကိုလက်ထပ်မယ်လို့ ပြောခဲ့ပြီးမှ ကျွန်တော့်ဘဝမှာ အချစ်ဆိုတာကို ရှာတွေ့ခဲ့တယ် ကိုကို"

"ဘာ မင်းမှာ ချစ်သူတစ်ယောက်ထပ်ရှိနေတယ်ဆိုတဲ့ သဘောလား"

"ကျွန်တော်ဝန်ခံပါတယ် ကိုကို"

"အဲ့ဒီ မိန်းမက ဘယ်သူလဲ"

ဗိုင်းမျက်ဝန်းတွေက ဇုန့်မျက်ဝန်းတွေထဲ စိုက်ကြည့်ကာ မေး၏။ ဇုန်တည်ငြိမ်စွာနှင့်ပဲ ဖြေသည်။

"မမ အင်ကြင်းပါ ကိုကို"

"ဘာ"

မယုံနိုင်မှုကြောင့် ဗိုင်း အထိတ်တလန့် ရေရွတ်မိ၏။ အင်ကြင်း တဲ့။ ခိုင်အင်ကြင်း ပေါ့။

"ဒေါ်(လ်)ရဲ့ အစ်မခိုင်အင်ကြင်း ဟုတ်လား ဇုန်"

"ဟုတ်တယ် ကိုကို မမအင်ကြင်းကို ကျွန်တော်ချစ်မိတဲ့ အချိန်မှာ ဒေါ်(လ်)ကိုလက်ထပ်ဖို့ တွေဝေသွားခဲ့ရတယ်"





"မ မဖြစ်နိုင်တာဘဲ ခိုင်အင်ကြင်းနဲ့မင်းနဲ့ကိစ္စကို ဒေါ်(လ်) သိရင်-သိပ်ခံစားရမှာ ခိုင်အင်ကြင်းက မင်းကိုချစ်တယ်ဆိုတာလည်း ဘယ်လိုမှမဖြစ်နိုင်ဘူး အိုကွာ ကိုကိုမယုံဘူး"

"အချစ်ဆိုတာ ဆန်းကြယ်ပါတယ် ကိုကို မမအင်ကြင်းကို ကျွန်တော်တကယ်ချစ်သွားတာပါ"

"မဖြစ်နိုင်ဘူး ဇုန် ခိုင်အင်ကြင်းက မင်းကိုချစ်တယ်ဆိုတာ မျှော်လင့်ချက်တစ်ခုကြောင့်ပဲဖြစ်မယ် သူက ရွှေအိမ်စည်ရဲ့ အမွေတွေ မရလိုက်လို့ မကျေမနပ်ဖြစ်နေတာ မင်းဆီက သူမျှော်လင့်ချက်ဘာရှိ မလဲ မင်းအမွေရမယ့်အရာပဲ မျှော်လင့်တာဖြစ်မယ်"

"ကိုကို့စကားတွေက သိပ်လွန်နေပြီ ထားပါတော့ မမအင် ကြင်းက ဘာကိုပဲမျှော်လင့်ပါစေ ကျွန်တော့်ဘက်က အားလုံးပေးစွမ်း နိုင်တယ် ကျွန်တော့်ဘဝနှလုံးသားကိုတောင် ပေးထားပြီးမှတော့ ဘာကို ကျွန်တော်ကတွယ်မက်ရဦးမှာလဲ"

ယတိပြတ် ပြတ်သားလွန်းသော ဇုန့်စကားတွေကြောင့် ဗိုင်း အံ့ဩနေရသည်။ ဇုန့်မျက်ဝန်းတွေက တကယ့်ကို တည်ငြိမ်လေးနက် နေတာတော့ သေချာပါသည်။

"ဘာပဲဖြစ်ဖြစ် မင်းဒေါ်(လ်)ကို စိတ်ဒုက္ခမပေးပါနဲ့ ဇုန် မင်း ဒေါ်(လ်)ကို လက်ထပ်ပါ"

"နေပါဦး ကိုကို ကျွန်တော့ဘဝကို ကိုကိုဘာလို့ လွှမ်းမိုး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကိုင်ချင်ရတာလဲ ဟင် ဒေါ်(လ်)ကိုဘာလို့ ကိုကို ဒီလောက်ထိ အရိပ်ကြည့်ဂရုစိုက်နေရတာလဲ"

"ဒေါ်(လ်)က ဟိုးငယ်ငယ်ကတည်းက မင်းနဲ့ငါ့အရိပ်အောက်မှာ ကြီးပြင်းခဲ့တာပါ ဒေါ်(လ်)နဲ့မင်းကို ငါပဲစောင့်ရှောက်ခဲ့ရတာ"

"သံယောဇဉ်ကို ကျွန်တော်လက်ခံပါတယ် ဒါပေမဲ့ သံယောဇဉ်တစ်ခုတည်းနဲ့ အချစ်ဖြစ်မလာဘူး ကိုကို"

"မင်း ဒေါ်(လ်)ကို တမင်ဒုက္ခပေးတာပဲ ဒေါ်(လ်)စိတ်ထားလေးကဖြူစင်ပါတယ် မင်းဒီလို ဒုက္ခမပေးသင့်ပါဘူး"

ဇိုင်း မျက်ဝန်းတွေထဲကို ဇုန် စူးစူးနစ်နစ်စိုက်ကြည့်ရင်း ကျေကျေနပ်နပ်ကြီး ပြုံးလိုက်မိ၏။

"ကိုကို ဒေါ်(လ်)ကို ချစ်နေတာ သေချာတယ်"

"ဇုန်"

"ဝန်ခံလိုက်စမ်းပါ ကိုကို ကိုကို့မျက်ဝန်းတွေကိုတော့ ကိုကို ညာလို့မရပါဘူး တကယ်တမ်း ကိုကိုသာဒေါ်(လ်)ကိုလက်ထပ်သင့်တာ"

"ဇုန် မင်းဒေါ်(လ်)ကို ခွာချင်တိုင်း ဒီလိုလျှောက်မပြောနဲ့"

ဇုန်ထိုင်ခုံကထရပ်ရင်း နွေးနွေးလေးပြုံးသည်။ မော့ကြည့်နေသော ဇိုင်းကိုငုံ့ကြည့်သည်။

"ကိုကို ဘာသာ အချစ်သူ့ရဲကောင်းကြီး လုပ်ချင်လုပ်ပါ





ကျွန်တော်ကတော့ ဒေါ်(လ်)ကိုလက်မထပ်နိုင်ဘူး ကျွန်တော်ချစ်တာ မမအင်ကြင်း မမအင်ကြင်းကိုပဲ ကျွန်တော်လက်ထပ်မယ်"

"ဇုန်"

စကားအဆုံးမှာ ဇုန်လှည့်ထွက်သွားခဲ့သည်။

ဇိုင်း မင်သက်စွာ ကျန်ရစ်ခဲ့ခိုက်မှာပဲ ဇုန်ကားကို မောင်းထွက်သွား၏။

ဒေါ်(လ်)ကို ဇုန်ရှောင်သွားခဲ့ပြီလား။ ဒေါ်(လ်)မျက်နှာလေးကိုသူ့မြင်ယောင်လာမိပြန်သည်။

သူ့မြတ်နိုး အရိပ်တကြည့်ရှိခဲ့သော ဒေါ်(လ် ကို ဇုန်လုပ်ရက်လိုက်တာ။ နှင်းအင်ကြင်းကို ဇုန်ချစ်နေသည်တဲ့။

ဘယ်လိုမှမဖြစ်နိုင်လိုက်တာ။ နှင်းအင်ကြင်း ဆိုတဲ့ မိန်းမက ဘယ်လိုမိန်းမလည်း သူသိပါသည်။ သူ့အပေါ်မှာတောင် မျှော်လင့်ချက်တွေနဲ့သိမ်းသွင်းဖြားယောင်းဖို့ ကြိုးစားခဲ့ဖူးသူ။

နှင်းအင်ကြင်း ဒေါ်(လ်)ကိုစိတ်ဒုက္ခရောက်အောင် လုပ်ခဲ့တာ။ ပြီးတော့ သူ့ကို တိုက်ခိုက်တာလည်းဖြစ်နိုင်၏။

မာယာတွေနဲ့ ဇုန်ကို ချုပ်နှောင်လိုက်တာကလွဲလို့ ဘာဖြစ်နိုင်ဦးမှာလဲ။

ဇိုင်း အံကိုတင်းတင်းကြိတ်မိသည်။

ဒေါ်(လ်)နှလုံးသားနုနုလေးကိုတော့ ဒဏ်ရာဒဏ်ချက်အကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေပေးဖို့ မကြိုးစားကြပါနဲ့။

■ ■ ■



## အခန်း (၂၇)

"မမလေး မရှိဘူး ကိုကိုကြီး ဘဏ်ကိုသွားမယ်ပြောတာပဲ ကြီးကြီးကွန့်လည်း ဘုန်းကြီးကျောင်းသွားတယ်"

ဒေါ်(လ်)ကော ကြီးကြီးကွန့်ပါမရှိဟု မိအေး ဆီးပြောတော့ သူ့ပိုလို့ ကျေနပ်သွားရ၏။

"နိုင်အင်ကြွင်းကော ရှိသလား မိအေး"

"စောစောက ခြံထဲမှာရှိတယ် ကိုကိုကြီး"

"အေး အေး နင်တံခါးပြန်ပိတ်လိုက်တော့"

"ဟုတ် ဟုတ်ကဲ့"

မိအေး ယောင်ယောင်နနနှင့် ဧည့်ခန်းတံခါးကို ပြန်ပိတ်သည်။ သူ့ခြံထဲကိုခေါ်ခဲ့သည်။ နှင်းဆီရုံဘက်မှာ ဘယ်သူမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်အင်ကြင်းဘယ်ရောက်နေသည်လဲ။

ရေကူးကန်ဘက်ကို လှမ်းကြည့်တော့ ဒရင်းဘက်ပေါ်မှာထိုင်နေသော ခိုင်အင်ကြင်းကိုတွေ့လိုက်ရသည်။

ငိုင်းခြေလှမ်းတွေက ခိုင်အင်ကြင်းဆီသို့ တရွေ့ရွေ့လှမ်းခဲ့သည်။ ဒရင်းဘက်ပေါ်မှာ နောက်လှန်မှီအိပ်နေသော ခိုင်အင်ကြင်း မျက်လုံးအစုံကို မှေးမှိတ်ထားသည်။

အနက်ရောင်ရေကူးဝတ်စုံအပေါ်မှာ သဘက်ခြုံလွှာကြီးကို လွှားခြုံထားတာမို့ ငိုင်းတွန့်ခနဲဖြစ်သွားသည်။

ဆံနွယ်တွေကို ရေစိုလျက် အနောက်ဘက် သပ်တင်ထားတာမို့ ညိုညက်ချောမောသော မျက်နှာလေးကိုငိုင်းမြင်နေရ၏။

ရုပ်ကလေးချောမောသလို ကျစ်လျစ်ဖွံ့ထွားသော ခန္ဓာကိုယ်အချိုးအဆစ်ကလည်း ငေးလောက်သည်။ ဒါပေမဲ့ ငိုင်းစိတ်အာရုံမှာ တပ်မက်မှုအလျဉ်းမဖြစ်။

ဇုန်ကတော့ ဒီအလှတွေထဲမှာ နစ်မျောသွားခဲ့တာ ထင်ပါရဲ့

ခိုင်အင်ကြင်း မျက်လုံးတွေပွင့်လာသည်။ သူ့ကိုမြင်တော့ တအံ့တသြဖြစ်သွားကာ ဒရင်းဘက်ပေါ်လှန်ထားသော ခန္ဓာကိုယ်ကို မတ်လိုက်သည်။

"ဒီငိုင်း"

"မင်းနဲ့ကိုယ်စကားနည်းနည်းပြောပါရစေ ခိုင်အင်ကြင်း"





ခိုင်အင်ကြင်းကုပ်နေသော မျက်မှောင်လေး ပြေလျော့သွားကာ ဒရင်းဘက်က အသာထရပ်သည်။ ခြုံလွှာသဘက်ကို ရင်ညွန့်မှာ ရစ်ပတ်၏။ ဒူးအထက်ပိုင်းကိုသာ လွှမ်းခြုံနိုင်သော ခြုံလွှာမို့ မလုံမခြုံ။

"ပြောပါ ဒီငိုင်း ရှင်ဘာပြောချင်တာလဲ"

"ဇုန်ကို မင်း မာယာတွေနဲ့ မသိမ်းသွင်းပါနဲ့"

"ရှင်"

အင်ကြင်းမျက်ဝန်းတွေ ရူးရူးရဲရဲတောက်ပလို့ ငိုင်းကိုကြည့်၏။

မျက်ဝန်းချင်းအဆုံမှာ အရင်ဆုံးရှောင်လွှဲသူက ငိုင်း

"မင်းကို ငါတောင်းပန်ပါတယ် အင်ကြင်း ဇုန်ကိုမင်း မပွဲခေါ်ပါနဲ့"

"မုန်းဇုန်ကို ကျွန်မဘာစွဲခေါင်ခဲ့လို့လဲ ကိုဒီငိုင်း သူကလေး တစ်ယောက်မဟုတ်ပါဘူး"

"သူရင့်ကျက်တယ်ထင်နေပေမယ့် ဘာမှမသိပါဘူး ပြီးတော့ သူလက်ထပ်မယ့်သူရှိတယ် အဲ့ဒါ မင်းရဲ့ ညီမ ပြောရရင် မင်းရဲ့ကျေးဇူးရှင် ဒေါ်(လ်)လေ မင်းကြောင့် မုန်းဇုန်က ဒေါ်(လ်)ကို လက်ထပ်ဖို့ငြင်းဆိုနေတယ်"

"အဲ့ဒါ မုန်းဇုန်ရဲ့အပိုင်းပဲ ပြီးတော့ မုန်းဇုန်နဲ့ဒေါ်(လ်)ကိစ္စမှာ ရှင်နဲ့သိပ်မသက်ဆိုင်ပါဘူး ဒီငိုင်းရယ် အဟင်း ဟင်း"

ရေတွေစိုနေသော ဆံပင်တွေကို လက်ဖြင့်သပ်ချရင်း



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်း ကြည်ကြည်နူးနူးကလေးရယ်သည်။

"ဇနီကင်္ဂါရဲ့ ညီ ဒေါ်(လ်)ကင်္ဂါရဲ့ ညီမလေးတစ်ယောက်လို စောင့်ရှောက်ခဲ့ရတဲ့သူ"

"ထားပါတော့ ဇနီက ဒေါ်(လ်)ကိုလက်မထပ်ချင်တဲ့ကိစ္စမှာ ကျွန်မနဲ့ဘာဆိုင်လို့လဲ"

"မင်းမရှိရင် ဇနီဒေါ်(လ်)ကိုငြင်းစရာအကြောင်းမရှိဘူး"

"မှန်းဇနီက ဒေါ်(လ်)ကိုမချစ်ဘူးတဲ့ ဒေါ်(လ်)ရဲ့ ပိုင်ဆိုင်မှုတွေနဲ့ ယဉ်သံယောဇဉ်ကြောင့် လက်ထပ်သင့်သူလို့သတ်မှတ်ခဲ့တာတဲ့"

"လုံးဝ အဓိပ္ပာယ်မရှိဘူး ဒေါ်(လ်)ကို သူကိုယ်တိုင်တောင်းဆိုခဲ့တယ် ကိုယ့်ကိုလည်း ဖွင့်ပြောတယ် အခုမှ ဒီကောင်ပြောင်းလဲသွားခဲ့တာ ဒေါ်(လ်)က ရိုးသားစွာနဲ့ဘာမှမသိရာဘူး"

"မချစ်မနှစ်သက်တဲ့လူတစ်ယောက်လက်ထဲကို ငွတ်အတင်း ဒေါ်(လ်)ကိုရှင်ထည့်ပေးတော့မှာလား ဒီဇိုင်း ဇနီက ဒေါ်(လ်)ကို မချစ်ဘူးဝန်ခံထားတယ်နော်"

"အဲ့ဒါ မင်းကြောင့်ဖြစ်ကုန်တာ ဒီမှာ နိုင်အင်ကြင်း မင်းဘာလိုချင်တာလဲ ဘာကိုမျှော်လင့်တာလဲ ပြောစမ်းပါ မင်းတောင်းဆိုတာ ငါအကုန်ပေးမယ်"

"ကျွန်မတောင်းဆိုတာ ဇနီဖြစ်နေရင်"

"မင်း ထပ်မပြောနဲ့တော့ နိုင်အင်ကြင်း မင်းအားလုံးကို





ခနှောက်ဆန်တာပဲ ဒေါ်(လ်)အရိပ်မှာနေပြီး ကိုယ့်ညီမကိုစိတ်ဒုက္ခပေးတယ် နှလုံးသားကိုလုတယ် ဇနီကို မင်းလက်ထပ်ချင်တာ ဘာကြောင့်လဲ ငါသိတယ် ဒီမှာ ဖေဖေရှိစဉ်ကတည်းက ဇနီကို အမွေဖြတ်ခဲ့တာနော် မင်းနဲ့ဇနီလက်ထပ်ခဲ့ရင် ဇနီဘာမှရမယ်မထင်နဲ့ ငါဘာမှမပေးနိုင်ဘူး"

နိုင်အင်ကြင်း နှုတ်ခမ်းတွေတင်းတင်းစေ့လျက် သူ့ကိုကြည့်နေသည်။ ဒေါသလား၊ နာကျည်းမှုတွေလားမသိ၊ အရောင်လက်လာသော မျက်ဝန်းတွေထဲကို ဇိုင်းပြန်စူးစိုက်ကြည့်နေလိုက်သည်။

"ရှင့်စကားတွေက သိပ်စော်ကားလွန်းနေပြီ ဒီဇိုင်း ဒေါ်(လ်)ကိုတကယ်တမ်းကျ ရှင်က အရူးအမူးချစ်နေတာပဲ"

"ဘာ ဘာကွ"

"ရှင့်မျက်ဝန်းတွေကို ရှင်ညာလို့မရပါဘူး ဒါပေမဲ့ ရှင်သိပ်အတ္တကြီးလွန်းတယ် ရှင့်အချစ်ကလွဲရင် အားလုံးကိုဥပက္ခာပြုချင်တဲ့သူပဲ"

"မင်း ဘာတွေပြောနေတာလဲ ငါဖြစ်ချင်တာက ဇနီနဲ့ဒေါ်(လ်)တို့ဘဝလေး အေးချမ်းစွာပေါင်းကြဖို့ပါ"

"ဒေါ်(လ်)စိတ်ချမ်းသာစေချင်တာ ရှင်ဆန္ဒလို့ပြောလိုက်စမ်းပါ၊ ကောင်းပြီ ရှင်ဖြစ်ချင်တာကို ကျွန်မဆောင်ရွက်ပေးမယ် ရှင်ကျွန်မကိုဘာဖြစ်စေချင်တာလဲ ဒီဇိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"အကောင်းဆုံးက မင်းဒီမှာ မနေသင့်တော့ဘူး ခိုင်အင်ကြင်း ဇုန်နဲ့ဒေါ်(လ်)လက်ထပ်ပြီးရင် မင်းရှိမနေသင့်ဘူး အဲ့ဒီအချိန်ကိုယ်လည်း အဝေးဆုံးကို ထွက်သွားမှာပဲ"

"ကျွန်မကိုလည်း ဒီကထွက်သွားစေချင်တာလား ဒီဇိုင်း"

"အဲ့ဒီအတွက် မင်းလိုသလောက်ငါပေးပါ့မယ် ခိုင်အင်ကြင်း"

"ကျွန်မ လိုအပ်သလောက် ဟုတ်လား ကောင်းပြီလေ ရှင်ပိုင်ဆိုင်သမျှကျွန်မလိုချင်တယ်"

"ဘယ်လို ခိုင်အင်ကြင်း"

"ဇုန်နဲ့ဒေါ်(လ်)လက်ထပ်ပြီးတာနဲ့ ရှင်ဇုန်ကိုအမွေခွဲဝေပေးရမှာပေါ့ ရှင်ပိုင်ဆိုင်သမျှ တစ်ဝက်စီရကြမှာဆိုတော့ ဇုန်ကိုပေးပြီး ကျန်သမျှ ရှင်ပိုင်ဆိုင်မှု ကျွန်မကိုပေးလေ ဒါဆို ကျွန်မဒီကထွက်သွားပေးမယ်"

"မင်း လောဘကြီးလှချည်လား ခိုင်အင်ကြင်း"

"ကျွန်မ အထိုက်တန်ဆုံးတောင်းဆိုလိုက်တာလေ"

အပြုံးရိပ်ဖြာနေသော ခိုင်အင်ကြင်း နှုတ်ခမ်းတွေကို သူရှုံ့ရှာစွာစိုက်ကြည့်မိ၏။ သူပိုင်ဆိုင်သမျှ လိုချင်သတဲ့။

"တကယ်ဆို ငါပိုင်ဆိုင်မှု ဇုန်ကိုပေးမယ်လို့ ဆုံးဖြတ်ထားတာ အခု မင်းကပြဿနာဖြစ်နေတော့ ရတယ်ခိုင်အင်ကြင်း မင်းကိုငါရသင့်တဲ့ အမွေအားလုံးပေးတယ်"





"ရက်ရောလှချည်လား ဒီဇိုင်း အဲ့ဒါ ဒေါ်(လ်)အတွက်ရှင်ပေးဆပ်တာပါ ရှင်ဒေါ်(လ်)ကို သိပ်ချစ်သလား"

"ခိုင်အင်ကြင်း မင်းငါ့ကိုမစော်ကားနဲ့ ငါဒေါ်(လ်)ကိုစိတ်ချမ်းသာစေချင်တယ် အဲ့ဒီအတွက် အရာအားလုံးကို ငါစွန့်ရဲတယ်"

"အဟင်း ဟင်း ကောင်းပြီလေ ရှင့်ဘက်က ခိုင်ခိုင်မာမာလွှဲပေးပြီးရင် ကျွန်မရွှေအိမ်စည်က ခွာပေးတာပေါ့"

"မပူနဲ့ ခိုင်အင်ကြင်း မနက်ဖြန်ကျ မင်းကို ငါစာချုပ်စာတမ်းနဲ့ အားလုံးလွှဲပြောင်းပေးမယ် ငါရသမျှ အားလုံး မင်းနာမည်နဲ့ အကုန်ရစေရမယ်"

"ရှင့်ခါက ရသင့်တာတွေယူပြီး ကျွန်မဘက်က ကတိမတည်ခဲ့ရင် ရှင်ဘာလုပ်မလဲ ဒီဇိုင်း"

ဇိုင်းအံကိုကြိတ်ကာ စူးစူးရဲရဲကြည့်၏။ ပြီးမှ တည်ငြိမ်စွာပြော၏။

"မင်းကိုငါသတ်ဖို့ ဝန်မလေးဘူး ခိုင်အင်ကြင်း"

"အဟင်း ဟင်း ဒေါ်(လ်)ကိုချစ်တဲ့ ရှင့်အချစ်က အဲ့ဒီလောက်အထိ ကြောက်စရာကောင်းမှန်း အခုမှကျွန်မသိတယ် ဒီဇိုင်း"

"မနက်ဖြန် ငါ မင်းလိုချင်တာလာပေးမယ် အင်ကြင်း မင်းအသင့်ပြင်ဆင်ထားပါ"

စကားအဆုံးမှာ ဒီဇိုင်းလှည့်ထွက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်း အံ့ကာလေးတင်းကာ ငေးကြည့်ရင်း ပါးပြင်ပေါ်ကို စီးကျလာသော မျက်ရည်တွေကို မသုတ်မိခဲ့။

ရင်ထဲက ခံစားချက်ဆိုတာ ဘယ်သူမြင်နိုင်မှာတဲ့လဲ။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၂၈)

ဆင်ဝင်အောက်က သူ့ကားထိုးရပ်တော့ ဧည့်ခန်းထဲမှာ ဘယ်သူမှမရှိ။ ရေကူးကန်ဘက်မှာ ခိုင်အင်ကြင်းရှိနေမည်လား။

သူပြန်လာသည့်ထွက်ဖို့အပြင်မှာ ဒေါ်လေးကွန့် ဧည့်ခန်းထဲက ထွက်လာ၏။

"မောင်ဇိုင်း ကားသံကြားလို့ထွက်လာတာ"

"ဒေါ်လေး ဟို ဟို"

"ခိုင်အင်ကြင်းကိုမေးမလို့လား မောင်ဇိုင်း သူမရှိဘူး မနက်ကတဲ အိမ်ကထွက်သွားပြီ ဒီမှာ မောင်ဇိုင်းလာရင်ပေးခဲ့ဖို့ ဒေါ်လေးကွန့် ကို ပေးထားခဲ့တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကွန့်ပေးသော စာအိတ်လေးကို သူလှမ်းယူလိုက်သည်။ အသေအချာပိတ်ထားသော စာအိတ်လေးကိုသူဟန်မဆောင်နိုင်ဘဲ ဒေါ်လေးကွန့်ရှေ့မှာပဲ ဖွင့်ဖောက်ဖတ်လိုက်သည်။

"ကိုဒီဖိုင်း"

ရှင်ဖြစ်စေချင်တဲ့ဆန္ဒအတိုင်း အင်ကြင်းထွက်သွားခဲ့ပါပြီ။

ရှင့်ရဲ့ စွပ်စွဲချက်တွေက ပြင်းထန်လွန်းတယ် ဒီဖိုင်း ။ လူတစ်ယောက်ရဲ့ နှလုံးသားက အချစ်ကို တစ်ကြိမ်တစ်ခါတော့ ခံစားပိုင်ခွင့်ရှိကြပါတယ်။ ရှင်ဒေါ်(လ်)ကို မြတ်နိုးချစ်သလိုပေါ့။

အင်ကြင်းဘဝမှာလည်း အဲ့ဒီလို အချစ်မျိုး တစ်ကြိမ်ခံစားဖူးခဲ့တယ်။ အဲ့ဒါ ဇုန်နဲ့ကျမှဆိုရင် ရှင်ယုံပါ့မလား။

ဇုန်ကို ကျွန်မသိပ်ချစ်တယ်။ ဒေါ်(လ်)ကို အနိုင်ယူချင်လို့ပြီးတော့ ရှင့်ကိုစိတ်ဒုက္ခပေးချင်လို့ ဇုန်ကိုဆက်နွယ်ဖို့ ကြိုးစားရင်း မြတ်နိုးစွာချစ်တတ်သွားခဲ့တာပါ။ အဲ့ဒါ အင်ကြင်းဘဝမှာ ပထမဆုံး ခံစားခဲ့ဖူးတဲ့အချစ် နှလုံးသားက စူးနစ်ခဲ့တဲ့ အချစ်ပါပဲ။

ဒေါ်(လ်)စိတ်ချမ်းသာစေဖို့ ရှင်ပိုင်ဆိုင်သမျှ ကျွန်မကိုပေးပြီး အဝေးကိုထွက်ခိုင်းခဲ့တယ်နော်။ ဒေါ်(လ်)ကိုရှင်အဲ့သလောက်အထိ ချစ်ခဲ့သတဲ့လား။

ဒေါ်(လ်)ကိုစွန့်ခွာပြီး အင်ကြင်းကိုလက်ထပ်ဖို့ ဇုန်က ရှင့်ဆီက ဘာတစ်ခုမှ ပိုင်ဆိုင်ခွင့်မရလည်း အင်ကြင်းကိုပိုင်ဆိုင်ပါရစေတဲ့။





ငွေကြေးမပြည့်စုံရင်တောင် ချစ်ခြင်းတွေပြည့်စုံတဲ့ ဘဝတစ်ခုမှာ အင်ကြင်းကို သူတာဝန်ယူစောင့်ရှောက်ပါရစေတဲ့။

ဇုန်တောင်းဆိုခဲ့တဲ့စကားက အင်ကြင်းနှလုံးသားကို နာကျင်စေခဲ့တယ် ဒီဖိုင်း။

အခု အားလုံးအဆင်ပြေစေဖို့ အင်ကြင်း ထွက်သွားခဲ့ပါပြီ။ ရှင့်ဆီကတောင်းဆိုခဲ့တာတွေကို ရှင်တကယ်ပေးမှာ အင်ကြင်းသိပါတယ်။ အဲ့ဒီစာချုပ်တွေကို ဆုတ်ဖြဲပစ်လိုက်ပါ ဒီဖိုင်း။

ဇုန်ကို အင်ကြင်းချစ်ခဲ့တာ ဘာမက်မောမှုမှမပါဘူးဆိုတဲ့ အသိလေးတစ်ခုကိုပဲ ရှင်လက်ခံလိုက်ပါ။

အင်ကြင်း အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။

အင်ကြင်း ။

စာလေးဆုံးတော့ သူမင်သက်သွားခဲ့ရသည်။ အင်ကြင်း တောင်းဆိုသည့် အတိုင်းပေးဖို့ ယူလာခဲ့သော စာချုပ်စာတမ်းတွေကို သောင်းဘီအိတ်ထဲက စမ်းကြည့်မိ၏။

"ဘာတွေဖြစ်နေတာလဲ မောင်ဖိုင်း ခိုင်အင်ကြင်း ဒီလိုထွက်သွားမယ်လို့ ဒေါ်လေးလုံးဝမထင်ခဲ့ဘူး စောစောကပဲ မောင်ဇုန်ရောက်လာပြီး အင်ကြင်းထွက်သွားတယ်ဆိုလို့ တုန်တုန်လှုပ်လှုပ်ဖြစ်သွားတယ် ဒေါ်(လ်)လေးနဲ့လည်း ပန်းခြံထဲမှာ စကားတွေပြောကြတယ် ဘာတွေဖြစ်နေတာလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ ဒေါ်(လ်) အခုဘယ်မှာလဲ ဒေါ်လေး"

"မြင်းဇောင်းဘက် ထွက်သွားတယ်"

"ကျွန်တော်လိုက်သွားမယ် ဒီစာကို ဒေါ်လေးဖတ်ကြည့်ပါ ပြီးမှ အားလုံးကိုရှင်းပြတော့မယ်"

ဒေါ်လေးကွန့် လက်ထဲကို အင်ကြင်း၏စာလေးထည့်ပေးပြီး သူထွက်ခဲ့မိသည်။

မြင်းဇောင်းထဲရောက်တော့ ဦးစံမောင်ကို အသင့်တွေ့၏။

"မောင်ဇိုင်း မြင်းစီးမလို့လား"

"ဒေါ်(လ်) လာသေးလား ဦးစံ"

"အခုပဲ တိမ်လွှာနဲ့ထွက်သွားတယ်လေကွာ မင်းနောက်ကျ နေလို့ထင်တယ် ဒေါ်(လ်)လေး မျက်နှာမကောင်းဘူး"

"ဒါဆို ကျွန်တော် လိုက်သွားဦးမယ် ဦးစံ"

"အေး အေး ဒီမှာ ရွှေညိုကြီးက မင်းကိုမြင်တာနဲ့ ခွာတကြွကြွဖြစ်နေပြီကွ"

ရွှေညိုကြီးပေါ်ကို သူလွှားခနဲခုန်တက်လိုက်၏။ ပြီးတော့ ဒုန်းစိုင်းနှင်ခဲ့သည်။

ခြံကြီးရဲ့ မြောက်ဘက်တောတန်းလေးဆီ သူလှမ်းကြည့်တော့ တိမ်လွှာအနီးမှာ ရပ်နေသော ဒေါ်(လ်)ကိုမြင်ရသည်။

သူ ရွှေညိုကြီးကို ဒုန်းစိုင်းလာတာကို ဒေါ်(လ်)ငေးငေးလေး ကြည့်နေသည်။





ဒေါ်(လ်)အနီးရောက်တော့ သူလွှားခနဲ ရွှေညိုကြီးပေါ်မှ ခုန်ဆင်းလိုက်ရင်း

"ဒေါ်(လ်) ဇုန်ကော"

"မမအင်ကြင်းနောက် သူလိုက်သွားတယ် ကိုကိုဇိုင်း စောစောကပဲ ဖုန်းဆက်တယ် အဝေးပြေးကားဂိတ်မှာ မမအင်ကြင်းကိုတွေ့တယ်တဲ့"

"ဟင်"

"မမအင်ကြင်းနဲ့ ဇုန်တို့အကြောင်းကို ဒေါ်(လ်)သိပြီ ကိုကိုဇိုင်း ဒေါ်(လ်)ခွင့်လွှတ်နားလည်ပါတယ် မမအင်ကြင်းကို ဒီအရောက်ပြန်ခေါ်ခဲ့ဖို့ ဒေါ်(လ်)မှာလိုက်တယ်"

"ကိုယ် ကိုယ်လည်း အင်ကြင်းကို တောင်းပန်ချင်တယ် ဒေါ်(လ်)လေး ကိုယ်မှားသွားတယ် သိပ်ကိုမှားသွားတယ် အင်ကြင်းရဲ့ ခံစားချက်တွေကို ဥပက္ခာပြုစော်ကားသလို ဖြစ်ခဲ့တယ်"

"မမအင်ကြင်းက ကိုကိုဇိုင်းကို နားလည်ပါတယ်တဲ့"

"ဒေါ ဒေါ်(လ်)လေးကကော ကိုယ့်ကိုနားလည်နိုင်ရဲ့လား ဟင်"

ဒေါ်(လ်)မျက်ဝန်းလေးတွေ ငြိမ်းရိပ်သမ်းကာ သူ့ကိုကြည့်၏။ သူ့ရင်တွေ တလှပ်လှပ်ခုန်နေခဲ့တာ လှုပ်ဇိုင်းလေးအတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်(လ်) ကိုကိုဇိုင်းရဲ့ ရင်ထဲကို မြင်ခဲ့တာကြာပါပြီရှင် ဇုန် ကို သစ္စာမဖျက်ချင်လို့ လက်ထပ်ဖို့ခေါင်းညိတ်ခဲ့ပေမယ့် ဒေါ်(လ်) အပေါ် ကိုကိုဇိုင်းယုယကြင်နာခဲ့တာတွေကို ဒေါ်(လ်)သိနေတယ် ခံစား ရတယ် အခု ဒီနေရာလေးမှာရပ်ပြီး ကိုကိုဇိုင်း ကြင်နာယုယ အလို လိုက်ခဲ့တာတွေကို ဒေါ်(လ်) ပြန်တွေးနေတာပါ"

BURMESE CLASSIC .com

"ဒေါ် ဒေါ်(လ်)လေးရယ်"

"မိုး ရွာတော့မယ် ထင်တယ် ကိုကိုဇိုင်း"

ဒေါ်(လ်)စကားကြောင့် သူကောင်းကင်ကို မော့ကြည့်မိသည်။ မိုးနှောင်း၏ တိမ်လိပ်တွေက မာန်ချီနေခဲ့ပြီ။

"ပြန်တော့မလား ဒေါ်(လ်)လေး မိုးမိပြီးဖျားနေဦးမယ်"

"ဟင့်အင်း ဖျားရင်လည်း ဒေါ်(လ်)ဆေးသောက်ဖို့ မကြောက် တော့ဘူး ကိုကိုဇိုင်း ချော့တိုက်မှာပဲလေ"

"ဒေါ်(လ်)လေးရယ်"

ရင်ထဲက မြတ်နိုးခြင်းတွေကို မသိုဝှက်နိုင်တော့ဘဲ သူဒေါ်(လ်) ခန္ဓာကိုယ်လေးကို ထွေးပွေ့လိုက်မိသည်။

ဒေါ်(လ်)က အလိုက်သင့် သူ့ရင်ခွင်ထဲမှီနွဲ့၏။

တဖြောက်ဖြောက်ကြွေဆင်းလာသော မိုးစက်ပွင့်လေးတွေ က သူတို့နှစ်ဦးခန္ဓာကိုယ်ပေါ် ကြွေလွင့်လာကြသည်။

ရင်ခွင်ထဲက ဒေါ်(လ်)ကို သူတင်းတင်းလေးဖက်ထားရင်း





မြတ်နိုးစွာငုံ့ကြည့်သည်။ ဒေါ်(လ်)ပြုံးရိပ်သမ်းသော မျက်နှာလေးနှင့် မော့ကြည့်သည်။

"ဒေါ်(လ်)လေးကို အမြတ်တမ်း မြတ်နိုးချစ်ခဲ့ရတာပါ"

ရင်ထဲက စကားလုံးလေးတွေ ပေါက်ကွဲထွက်သွားခဲ့သည်။ အနမ်းပွင့်လေးတွေက မိုးစက်ပွင့်တွေနှင့်အပြိုင် ဒေါ်(လ်)မျက်နှာအနှံ့ ကြွေကျကုန်သည်။

ဒေါ်(လ်) မျက်လွှာလေးချလျက်။

နှစ်ဦးစလုံးရဲ့ ရင်ခုန်သံတွေက မိုးစက်ပွင့်တွေကို အံတုလို့ နွေးထွေးရှိန်းမြစွာ ။

■ ■ ■

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး



www.burmeseclassic.com